# the trade times

IT'S TIME TO TRADE UP | FEBRUARY 7-13, 2015, VOLUME 3, NUMBER 146 | 600 KYATS




အနုပညာရှင်တစ်ယောက်ပါလို့ပြောလာတဲ့ မေမြတ်နိုး

သတင်းအပြည့်အစုံ စာမျက်နှာ ၂၇

# နိုင်ငံရေး အကြပ်အတည်းနှင့် ထွက်ပေါက်

အမျိုးသားပညာရေးကို မြှင့်တင်ဖို့ဆိုတာကတော့ တိုင်းပြည်ရဲ့ တကယ်လိုအပ်ချက်ဖြစ် ...




ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်သည့် အမျိုးသားပညာရေးဥပဒေကြမ်းကို ပြန်လည်ပြုပြင်ပေးရန် တောင်းဆိုနေကြသော ကျောင်းသားများ။ လက်ရှိအစိုးရ၏ လေးနှစ်တာ သက်တမ်းကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပြည်သူများသိရှိမှု နည်းပါးနေပြီး ပြည်သူများအတွက် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပိုမိုအကောင်အထည်ဖော်လုပ်ဆောင်နိုင်မှသာ နိုင်ငံရေးအကြပ်အတည်းများကြားမှ ရုန်းထွက်နိုင်မည်ဖြစ်သည်။ ဓာတ်ပုံ-ဒွဳ

သတင်းအပြည့်အစုံ စာမျက်နှာ ၂-၃




International Branded အစစ်ကိုသာ ရောင်းပါသည်။ အတုအပ လုံးဝမရောင်းပါ။ ဈေးနှုန်း အထူးအာမခံသည်။ Hot Line: 09 250550280, 01- 401208 , 401209.

the big story



# ဒေါက်တာသိန်းလွင် NLD ပါတီ၏ဆုံးဖြတ်ချက် ခံယူမည်

စုမွန် (UFL)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy-NLD) ဗဟိုအလုပ်အမှုဆောင် တစ်ဦးဖြစ်သူ ဒေါက်တာသိန်းလွင် အနေဖြင့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (National Network for Education Reform-NNER) တွင် ပါဝင်သည့်အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ပါတီစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဆိုပါက ပါတီဆုံးဖြတ်ချက်ကို ခံယူမည်ဖြစ်ကြောင်း ယခုလ ၃ ရက်တွင် ပြောသည်။

NLD ပါတီဝင်များအနေဖြင့် အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အပ်နှင်းသည့် တာဝန်အရသာ ဆောင်ရွက်ခွင့် ရှိခြင်းကြောင့် ဒေါက်တာသိန်းလွင်အနေဖြင့် NNER တွင် ပါဝင်ဆောင်ရွက်ခြင်းအပေါ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း NLD ၏ ကြေညာချက်နှင့် ပတ်သက်၍ဒေါက်တာသိန်းလွင်က ယင်းကဲ့သို့ ပြောခြင်းဖြစ်သည်။

''NLD နဲ့ ကျွန်တော်က ဖြစ်တဲ့ ကိစ္စဟာ ကျွန်တော်ဟာ ပါတီဝင် တစ်ဦးဖြစ်တဲ့အတွက် ကျွန်တော်နဲ့ NLD ကြားက ကိစ္စသာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆုံးဖြတ်ချက်ကလည်း ကျောင်းသားတွေ လှုပ်ရှားမှုဟာ နည်းလမ်းကျတယ်လို့ မြင်တယ်။ ဘာကြောင့်လည်းဆိုတော့ ကျောင်းသားလှုပ်ရှားမှုက ပညာရေး ပြုပြင်ပြောင်းလဲဖို့ တောင်းဆိုတာ ဖြစ်တယ်။ သူတို့ တောင်းဆိုတာတွေကလည်း တရားမျှတတယ်လို့ ကျွန်တော်မြင်တယ်။ တင်ပြတာတွေကလည်း ဒီမိုကရေစီ နည်းလမ်းကျတယ်။ တွေ့ဆုံဆွေးနွေးပြီးတော့ အဖြေရှာတဲ့ လမ်းကြောင်းကို သွားတဲ့အတွက် ထောက်ခံတယ်။ အဲဒီအတွက် ကျွန်တော်ပါဝင်တာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ တွေ့ဆုံဆွေးနွေးပွဲမှာပါဝင်တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီစည်းကမ်းနဲ့ မကိုက်ညီဘူးဆိုရင် ကျွန်တော် ပါတီဝင်တစ်ဦးအနေနဲ့ ပါတီရဲ့ ဆုံးဖြတ်ချက်ကို ခံယူမှာ ဖြစ်ပါတယ်''ဟု ဒေါက်တာသိန်းလွင်က ပြောသည်။

လက်ရှိတွင် ဒေါက်တာသိန်းလွင်အနေဖြင့် NNER တွင် ဆက်လက်ပါဝင် ဆောင်ရွက်နေဆဲ ဖြစ်ပြီး NNER ရှိ လုပ်ဖော်ကိုင်ဖက်အားလုံးကလည်း ယင်းသို့ ပါဝင်မှုကို အသိအမှတ်ပြုနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒေါက်တာသိန်းလွင်အနေဖြင့် NNER တွင် ဆက်လက် ပါဝင်ဆောင်ရွက်မည်ဆိုပါက NLD ဗဟိုအလုပ်အမှုဆောင်အဖြစ်မှ နုတ်ထွက်ရမည်ဖြစ်ပြီး သာမန်အဖွဲ့ဝင်အဖြစ်သာ ရှိနေနိုင်မည်ဖြစ်ကြောင်း NLDဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ယင်းနေ့တွင်ပင် ပြောကြားသည်။

# ကျောင်းသားအရေးလှုပ်ရှားမှုများသည် ပညာရေးထက် နိုင်ငံရေးကိုဦးတည်နေဟု ဝေဖန်

ဇေယျာလင်း၊ မြစံပယ်ခိုင်

၂၀၁၅ အထွေထွေရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ ရခိုင်အရေးအခင်းကဲ့သို့သော လူမျိုးစုပြဿနာများကို ပြန်လည်အသက်သွင်းလာခြင်း၊ လက်ပံတောင်းတောင် အရေးအခင်းကဲ့သို့သော ဒေသခံများနှင့် အာဏာပိုင်များအကြား သွေးမြေကျခဲ့ရသည့် ပြဿနာများ ဖြစ်ပွားခဲ့ခြင်း၊ ယခုနောက်ဆုံး ဖြစ်ပွားနေဆဲဖြစ်သည့် ကျောင်းသားလှုပ်ရှားမှု အခင်းအကျင်းများ ဖြစ်စဉ်ဖြစ်ရပ်များသည် နိုင်ငံရေးအရ အကွက်ရွှေ့မှု တစ်ရပ်ဖြစ်နိုင်သည်ဟု နိုင်ငံရေးကျွမ်းကျင်သူများနှင့် နိုင်ငံရေးပါတီများက ဝေဖန်နေကြသည်။

''ကျွန်တော်တို့တောင်းဆိုထားတဲ့အချက် ၁၁ ချက်ကိုမရရင် ရန်ကုန်အထိ ဆင်းပြီး သပိတ်စခန်းဖွင့်မယ်။ အနယ်နယ်အရပ်ရပ်က တက်လာတဲ့ အဖွဲ့တွေနဲ့ ဆုံပြီး အစည်းအဝေးထိုင်မယ်။ အဲဒီအချိန်အထိကိုမှ အစိုးရဘက်က မလိုက်လျောရင်တော့ နောက်တစ်ခေါက် သပိတ်လမ်းကြောင်းပုံစံပြောင်းပြီး လုပ်သွားဖို့ ရှိတယ်''ဟု မန္တလေးမြို့မှ ရန်ကုန်မြို့အထိ ချီတက်လာနေသည့် သပိတ်စစ်ကြောင်းတွင် ပါဝင်ချီတက်နေသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ) တွဲဖက်အတွင်းရေးမှူး ကိုမင်းသွေးသစ်က The Trade Times ကို ပြောသည်။

ဇန်နဝါရီလ ၂၀ ရက်တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ကျောင်းသားများအား ဖေဖော်ဝါရီလ ၄ ရက် မွန်းလွဲ ၂ နာရီ ၃၀ မိနစ်အချိန်တွင် The Trade Times မှ ဆက်သွယ်မေးမြန်းမှုအရ မကွေးတိုင်းဒေသကြီး သစ်ရာကောက်လမ်းဆုံ မိုင်တိုင် အမှတ် ၃၁၈ သို့ ရောက်ရှိနေပြီး ယင်းနေ့ နံနက်ပိုင်းတွင်း မကွေးကွန်ပျူတာ တက္ကသိုလ်၌ အမျိုးသားပညာရေး ဥပဒေအကြောင်း ဟောခဲ့သည်။

''ကျောင်းသားခေါင်းဆောင်များနှင့် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ ရန်ကုန်မြို့ရှိ စိန်ရတုခန်းမတွင် တွေ့ဆုံဆွေးနွေးမှုမှာ ကျေနပ်မှုမရှိခဲ့သည့်အတွက် ရန်ကုန်မြို့တော်အရောက်ချီတက်ကာ သပိတ်စခန်းများ ဖွင့်လှစ်ရန် ကြိုးစားလာသည်။



အမျိုးသားပညာရေး ဥပဒေအပေါ် ကျေနပ်မှုမရှိသဖြင့် ကျောင်းသားများ စည်းရုံးဟောပြောနေစဉ်။ ဓာတ်ပုံ-ဒီဒီ

''ကျောင်းသားတွေရဲ့ ဦးတည်ချက်ကို မပြောင်းစေချင်ဘူး။ သူတို့ လုပ်စရာရှိတာလုပ်ပါ။ လမ်းကြောင်း မပြောင်းပါနဲ့။ အန်တီကတော့ အလုပ်ဖြစ်ဖို့ကို ဦးစားပေးတယ်။ ဒါပေမယ့် ကျောင်းသားတွေကို တစ်ခုတော့ သတိမလစ်စေချင်ဘူး။ သူတို့သွားနေတဲ့ လမ်းကြောင်းကို တစ်ခါတလေကျလို့ ရှိရင် နိုင်ငံရေးက သိတယ် မဟုတ်လား။ တစ်ခါတလေမှာ နိုင်ငံရေးက ရှောရှောရှူရှူသွားလို့ မဖြစ်ဘူး''ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်နန်းခင်ထွေးမြင့်က သူ၏ ကိုယ်ပိုင် ထင်မြင်ယူဆချက်ကို ဖေဖော်ဝါရီလ ၃ ရက် ညနေတွင် The Trade Times ကို ပြောသည်။

၁၉၈၈ ခုနှစ် အရေးအခင်းကြီးအပြီး ၂၇ နှစ်အကြာ ဒီမိုကရေစီ အစိုးရလက်ထက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေအပေါ် တက္ကသိုလ်ကျောင်းသားများက ကျေလည်ခြင်းမရှိသည့်အတွက် အချက် ၁၁ ချက်ကို ကိုင်စွဲကာ ဆန္ဒဖော်ထုတ်နေကြခြင်း ဖြစ်သည်။

ရန်ကုန်မြို့တွင် အနယ်နယ်အရပ်ရပ်မှ ကျောင်းသားများ သပိတ်စခန်းဖွင့်ကာ အမျိုးသားပညာရေး ဥပဒေအတွက် တောင်းဆိုမည့် သတင်းများကြောင့် The Trade Times က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းထံသို့ ဖေဖော်ဝါရီလ ၄ ရက် နေ့လယ်တွင် ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ အစည်းအဝေး ရှိသည်ဟု ဆိုပြီး ဖုန်းချသွားခဲ့သည်။

မြန်မာသမိုင်းတွင် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း အကြီးကျယ်ဆုံး ကျောင်းသား အရေးတော်ပုံကြီးများဖြစ်သည့် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တွင် ဖြစ်ပွားခဲ့သည့် အများအခေါ် "7 July" အရေးအခင်း၊ ၁၉၇၄-၁၉၇၅-၁၉၇၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဦးသန့်အရေးအခင်း၊ အလုပ်သမားအရေးအခင်း၊ နှစ်ပတ်လည်နှင့် မှိုင်းရာပြည့်အရေးတော်ပုံ၊ ၁၉၈၈ ခုနှစ် ကျောင်းသားများနှင့် ပြည်သူလူထုများ ပါဝင်ခဲ့သည့် ရှစ်လေးလုံး အရေးအခင်းကြီးများ ဖြစ်ပွားခဲ့ပြီး ခေတ်အဆက်ဆက် အစိုးရများကလည်း ယင်းအရေးတော်ပုံတွင် မြေအောက်လှုပ်ရှားမှုများ ပါဝင်ခဲ့ပြီး ကွန်မြူနစ်ဝါဒ အလုံးစုံပျက်သုဉ်းရေးကိုစွဲကိုင်လာသကဲ့သို့ လက်ယာဆိုရှယ်လစ်ဝါဒီ အစိုးရဘက်ကလည်း ပြင်းပြင်းထန်ထန်ဖြင့် ချေမှုန်းခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်အတွက် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု နိုင်ငံရေး လေ့လာသူများက သုံးသပ်ပြောဆိုကြသည်။

''ဆွေးနွေးနေကြပြီဆိုတော့ နှစ်ဦးနှစ်ဖက် ပြေလည်အောင် ဆွေးနွေးပြီး အကောင်းဆုံးလမ်းကို ရှာရလိမ့်မယ်။ ဒါပေမယ့် ဆွေးနွေးနေတဲ့အချိန်မှာ ပြည်တွင်းပြည်ပကနေ မြှောက်ပေးတာတွေ၊ ပယောဂတွေ ပါလာရင်တော့ ဆိုးတာပေါ့နော်။ ကျောင်းသားပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ဒီလိုဆန္ဒပြတယ်ဆိုတာ ဆူဆူပူပူဖြစ်တာပေါ့''ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေက ပြောသည်။

ကျောင်းသားလှုပ်ရှားမှု အရေးတွင် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများရှိနေကာ သွေးထိုးလှုံ့ဆော်သူများ ပါဝင်နေသည်ဟု လူမှုကွန်ရက်များတွင် စွပ်စွဲမှုများ အများအပြား ပေါ်ထွက်နေခဲ့သည်။ ယင်းလှုပ်ရှားမှု၏ နောက်ကွယ်တွင် အဖွဲ့အစည်းပေါင်း ၁၀ ဖွဲ့ခန့် ရှိသည်ဟု ye moe ၏ Facebook စာမျက်နှာတွင် အဖွဲ့အစည်းများ၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် အီးလ်မေးများကိုပါ ဖော်ပြလာသည့်အတွက် အများပြည်သူများအကြားတွင် ခေတ်အဆက်ဆက်တွင် လှုပ်ရှားခဲ့သည့် ကျောင်းသား လှုပ်ရှားမှုများ၌ UG များ ပါဝင်ပတ်သက်နေသည့်အတွက် နိုင်ငံရေးအရ အကျပ်ကိုင်မှု တစ်ခုဟု ဝေဖန်ကြသည်။

ကျောင်းသားလှုပ်ရှားမှုများတွင် နောက်ကွယ်မှ ပါဝင်ပတ်သက်သည်ဟု လူမှုကွန်ရက်များတွင် စွပ်စွဲခံထားရသည့် အဖွဲ့တစ်ခုဖြစ်သည့် လူ့ဘောင်သစ်ပါတီမှ ကိုကျော်ဇေယျက ''ကျောင်းသားလှုပ်ရှားမှု နောက်ကွယ်မှာ UG တွေ ရှိနိုင်တယ်ဆိုတာ ကျွန်တော်တော့ မတွေ့မိသေးဘူး။ ဒီမိုကရေစီကို စစ်တပ်ကျောရိုးပြုပါတီတွေရဲ့ပညာရေးစနစ်ဆိုတာထက် ကမ္ဘာကြီးရဲ့ အခြေအနေတွေနဲ့ ကိုက်ညီမယ့် ပညာရေး စနစ်တစ်ခုကိုတော့ ပြင်ဆင် ပြောင်းလဲဖို့ လိုတယ်လို့ ထင်တယ်''ဟု ၎င်းက ပြောသည်။

ရွှေပြည်စိုး
အထည်အလိပ်၊ ဖော်စီထားနှင့် ဝါဂွမ်းရောင်းဝယ်ရေး
အမှတ် ၀၀၃၊ တိုက် (B2)၊ ယုဇနအိမ်ရာ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်။
Ph:- ၀၁ ၂၉၅၄၀၀၊ ၂၉၀၆၄၇၊ ၀၉ ၅၀၈ ၀၅၉၁

DTDC Delivering Value
အမြန်ချောပို့ဝန်ဆောင်မှု
နိုင်ငံပေါင်း ၂၂၀ သို့ Parcel & Documents ပို့/မှာလိုရပြီ။ ပစ္စည်းများကို Tracking System ဖြင့်ကြည့်နိုင်ပါသည်။ ၁၀၀% အာမခံစနစ်ဖြစ်သည်။
နိုင်ငံခြားတွင် အလုပ်လျှောက်တင်စာများ၊ ကျောင်းသားများအတွက် form များကို အမြန်ဆုံး နှင့် အသက်သာဆုံး ပို့ပေးသည်။
အထူးလျှော့ဈေး → စင်ကာပူ၊ ယိုးဒယား၊ မလေးရှား
DTDC Courier & Cargo
25 Years of Excellence
Send Valentine's gift with affordable price anywhere domestic & International
SEA SKY COURIER & CARGO
Reliable Commitment Delivery
Address: 65 A, Ground floor, 17th Street, Lower Block, Latha Township, 0943134095.www.dtdc.com
Like us on FACEBOOK https://www.facebook/dtdcinternationalcourierandcargomyanmar
Happy Valentine's Day!

# အနာဂတ်ရင်းနှီးမြှုပ်နှံမှုမှာ အစိုးရ၏ ကိုင်တွယ်မှုအပေါ် မူတည်

ဇေယျာလင်း

အမျိုးသားပညာရေးဥပဒေကို မကျေနပ်ဟုဆိုကာ ဆန္ဒဖော်ထုတ်နေကြသည့် ကျောင်းသားများနှင့် အစိုးရကြား ညှိနှိုင်းမှုများမှာ အောင်မြင်မှု မရရှိသေးသည့်အတွက် ကျောင်းသားများက လမ်းလျှောက်ချီတက်ဆန္ဒပြမှုများ ဆက်လက်လုပ်ဆောင်ကြမည်ဖြစ်ရာ လက်ရှိအစိုးရအနေဖြင့် တည်တည်ငြိမ်ငြိမ်နှင့် ပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် လိုသည်ဟု စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောဆိုကြသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများကို လုပ်ကိုင်နေသည့် Parami Energy Group of Companies မှ အကြီးတန်း အကြံပေးအရာရှိ စီးပွားရေးပညာရှင် ဦးတင်ချိုက ''ဒီမိုကရေစီကျကျ ကိုင်တွယ်နိုင်ရင်တော့ ပြင်ပက လူတွေက တည်ငြိမ်ပြီး လုပ်နိုင်တဲ့ အင်အားရှိတယ်ဆိုတာ ယုံကြည်ပြီး ဝင်လာကြလိမ့်မယ်။ ဒါမှမဟုတ် အရင်ခေတ်အဆက်ဆက်က ပုံစံအတိုင်း ရှင်းရင်တော့ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို တွန့်သွားစေလိမ့်မယ်။ ဒီလိုပြဿနာတွေကို အစိုးရက ဘယ်လိုပုံစံနဲ့ ဖြေရှင်းမလဲဆိုတာ ရင်းနှီးမြှုပ်နှံဖို့ ငွေပိုက်ထားတဲ့ လူတွေက စောင့်ကြည့်နေကြတယ်'' ဟု ပြောသည်။

အစိုးရသစ်လက်ထက်တွင် အမျိုးသားပညာရေးဥပဒေကြမ်းကို အတည်ပြုခဲ့ပြီးနောက် ကျောင်းသားသမဂ္ဂများ၊ ကျောင်းသား၊ ကျောင်းသူများက ဥပဒေကြမ်းကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြခဲ့ကြသည်။ တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားများ ရန်ကုန်သို့ ခြေလျင်ချီတက် ဆန္ဒပြလာမှုများကြောင့် လက်ရှိအစိုးရဘက်မှ ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သော်လည်း ကျောင်းသားများဘက်မှ တောင်းဆိုမှု ပိုမိုများလာသည့်အတွက် ဆွေးနွေးပွဲများကို ဖေဖော်ဝါရီလ ၁၂ ရက်နောက်ပိုင်းအထိ ရွှေ့ဆိုင်းရန် အစိုးရကဆုံးဖြတ်သည်။

''ဒီကိစ္စကို အစိုးရက ဘယ်လို ကိုင်တွယ်မလဲဆိုတာ ပြည်သူတွေက ရင်တမမနဲ့ ကြည့်နေရသလို အပြင်က လူတွေကလည်း စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတယ်'' ဟု ဦးတင်ချိုက ပြောသည်။

ကိုလိုနီခေတ်မှ စတင်ကာ ကျောင်းသားအရေးအခင်း နောက်ဆုံးဖြစ်ပွားခဲ့သည့် ၁၉၉၇ ခုနှစ်အထိ ခေတ်အဆက်ဆက်တွင် တာဝန်ယူခဲ့သည့် အစိုးရများက ဆန္ဒဖော်ထုတ်ခဲ့သည့် ကျောင်းသားများကို ပစ်ခတ်နှိမ်နင်းခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း၊ စစ်ကြောရေးစခန်းများတွင် နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အပြင် ကူညီအားပေးခဲ့သည့် မိဘပြည်သူများကိုပါ ကြီးလေးသော ပြစ်ဒဏ်များ ပေးသည့်ပုံစံဖြင့် အကြမ်းဖက်ဖြေရှင်းခဲ့သည့်အတွက် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်များ ထိခိုက်ခဲ့ရသည့်အပြင် စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်မှုများကြောင့် စီးပွားရေးလုပ်ငန်းများတွင် အကျပ်အတည်းများ ဖြစ်ခဲ့သည်။

''အမျိုးသားပညာရေးကို မြှင့်တင်ဖို့ဆိုတာကတော့ တိုင်းပြည်ရဲ့ တကယ်လိုအပ်ချက်ဖြစ်တယ်။ သူတို့ပဲ သိ၊ သူတို့ပဲ တတ်တယ်ဆိုပြီး လုပ်ခဲ့လို့ တိုင်းပြည်က နစ်နာခဲ့တယ်။ တစ်ယူသန်စွဲနေတဲ့ လူကြီးများလာတာဟာ တိုင်းပြည်အတွက် အန္တရာယ်ရှိတယ်။ အခုအချိန်အထိ တချို့ဥပဒေတွေက clearမဖြစ်သေးတာရယ်၊ နိုင်ငံရေးနဲ့ပါ ဆက်စပ်ပြီး ထိခိုက်လာနိုင်တဲ့ အခြေအနေတွေကိုတော့ ရင်းနှီးမြှုပ်နှံမှု အကြီးကြီးတွေလုပ်မယ့် လုပ်ငန်းကြီးတွေက စောင့်ကြည့်မှာ အမှန်ပဲ။ ပေါ်လစီတွေ၊ ဘယ်အစိုးရတက်မလဲဆိုတာလည်း စောင့်ကြည့်တဲ့လူတွေ အများကြီး ရှိတယ်'' ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က အထွေထွေ အတွင်းရေးမှူး စီးပွားရေးလုပ်ငန်းရှင် ဦးမိုးမြင့်ကျော်က ပြောသည်။




**မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်မှ မြန်မာအလုပ်သမများ။** ဓာတ်ပုံ-မျိုးမင်း

လက်ရှိအစိုးရသစ်လက်ထက်တွင် ရခိုင်ရေးရာ ပြဿနာ၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပြဿနာများ ဖြစ်ပွားခဲ့ပြီး ဖြေရှင်းမှုများမှာလည်း ယခုအချိန်အထိ ပြီးပြတ်မှု မရှိသေးသည့်အချိန်တွင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်သည့် ကျောင်းသားများ၏ ဆန္ဒပြမှုများ ထပ်မံဖြစ်လာပြန်ရာ ယင်းပြဿနာများအား မည်သို့ကိုင်တွယ်ဖြေရှင်းမည်ဆိုသည်ကို စောင့်ကြည့်နေကြသည်။

ဇန်နဝါရီလ ၂၀ ရက်မှ စတင်၍ မန္တလေးမြို့မှ ရန်ကုန်မြို့တော်သို့ အရောက်ချီတက်လာသည့် ကျောင်းသားလူငယ်များမှာ ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ မြို့ကြီးများ၊ တက္ကသိုလ်များတွင် အမျိုးသားပညာရေး ဥပဒေနှင့် ပတ်သက်သည့် ဟောပြောပွဲများကို ပြုလုပ်နေခဲ့ရာ ဒေသခံပြည်သူများကလည်း ကြိုဆိုအားပေးမှုများ ရှိခဲ့သည်။ အောက်မြန်မာနိုင်ငံ ထားဝယ်မြို့မှ ကျောင်းသားများ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ကျောင်းသားများကလည်း ရန်ကုန်မြို့အရောက် ချီတက်လာပြီး သပိတ်စခန်းများ ဖွင့်ပြီး ဆန္ဒပြကြမည်ဖြစ်သည်။



# B2B BUSINESS TO BUSINESS

ဆက်သွယ်ရန် - ကြော်ငြာဌာန ဖုန်း ၀၉၀၁၀၃၃၆~၇၉




HITACHI
Inspire the Next

INSPIRE BEAUTIFUL LIFE

**YANGON** : Tel: 01-400771, 400772 (Ext: 213) , 09 6800930 | **MANDALAY** : 02-72580, 72581

စက္ကူပေါ်မှာ ပုံနှိပ်ရမယ့် ကိစ္စတိုင်းအတွက် ...

PYI AYE family PRESS

YMCA International House
(Ground Floor)
45th Street (Lower Block)
Yangon, Myanmar.
Telephone: 09-73237788
09-516 9728, 09-730 22823
Fax: 01-860 4079
Email: april.khun@gmail.com

မကြွေသောပန်း

အဆင့်မြင့်အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊ ဌာနဆိုင်ရာ ရုံးခန်းများ ပြောင်းရွှေ့လိုပါက ကားကြီး၊ ကားငယ် ဆိုဒ်စုံနှင့် အလုပ်သမားများအပါ တပါတည်း ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး) ပစ္စည်းပျောက်ဆုံးခြင်း မရှိစေရ။

09 2580 22220, 09 250 499979
09 732 09992, 09 25444 9533

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးစိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ

ဖျံ-၅-ကောင် (အမှတ်တံဆိပ်) သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စနယ်ဇင်း) ၀၂၂/၀၃၁၃

သမားတော်စာရေးဆရာ
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ Ph.D. (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၀၉ ၄၂၁၀၀၇၈၆၉။

STRAITS Trading Company Ltd. မှ တင်သွင်းသော

VEGETABLE COOKING OIL

Product of Malaysia

Cholestrol Free
Rich in Vitamin E



စားအုန်းဆီ

18 Litres ပုံးများကို လက်လီ/လက်ကား ရောင်းချပေးနေပါပြီ။

ဖြန့်ချိရေး - အမှတ်-၁၄၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၈၆၁၉၂၇၈၊ ၀၁-၈၆၁၉၂၇၉၊ ၀၁-၈၆၁၉၄၅၁
၀၉-၂၅၄၉၇၂၉၅၁၊ ၀၉-၂၅၄၉၀၄၇၇၈

(Since 1998)

စံရိပ်ငြိမ်
ပညာရိပ်သာ

အမှတ် (၇၈)၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁ ၇၀၆၁၆၄၊ ၀၉၅၀၀၆၄၃၀

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်လက်ခံပြီ

ကမ္ဘာ့ ထိပ်တန်း ကနေဒါနိုင်ငံတွင် မိသားစုလိုက် အပြီးအခြေချနေထိုင်လိုပါသလား ?
သင်နှင့် သင့်မိသားစု အနာဂါတ်ဘဝတစ်ခုလုံး ကမ္ဘာ့အကောင်းဆုံး ကျန်းမာရေး၊ ပညာရေး၊ နောင်ရေး အစစ တည်ငြိမ်နိုင်မာအေးချမ်းစွာ အာမခံချက် ရှိရှိ ဖြင့် တရားဝင် အခြေချနေထိုင်နိုင်ပါပြီ။

Great Bamar Travels & Services Co. Ltd
(104/112), 2nd flr, Anawrahta Rd, Kyauktada Tsp, Ygn

Tel: 389-628 / 09-4500 29517

www.greatbamar.com , www.goldtop21.com

အေးရိပ်စံ

အိမ်ခြံမြေအကျိုးဆောင်

ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) ရှိ မြေကွက်များ ရောင်းလို၊ ဝယ်လိုပါက **အေးရိပ်စံ** နဲ့ ဆက်သွယ်လိုက်ပါ။

ဆက်သွယ်ရန် -
09-423726945, 09- 43089203

## business

# ရန်ကုန်မြို့တော်အတွင်း လေထုညစ်ညမ်းမှု တိုင်းတာခြင်းလုပ်ငန်း စတင်ရန် ရှိ

ဌေးဌေး

ရန်ကုန်မြို့တော်အတွင်းရှိ လေထုညစ်ညမ်းမှုများအား တိုင်းတာနိုင်ရန်အတွက် မြို့တော်စည်ပင်သာယာမှ လေထုညစ်ညမ်းမှု တိုင်းတာနိုင်မည့် စက်လေးလုံးကို အမေရိကန်နိုင်ငံမှ မှာယူတင်သွင်းပြီး ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း၌ လုပ်ငန်းများ စတင် အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးအောင်မြင့်မော်က ပြောသည်။




ဓာတ်ပုံ - ဒွီဒွီ

လေထုညစ်ညမ်းမှု တိုင်းတာရေးစက် ထားရှိမည့် လှည်းတန်းလမ်းဆုံအား တွေ့ရစဉ်။

၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ်မှ ရန်ကုန်မြို့တွင်း လေထုထဲရှိ အမှုန်ပါဝင်မှုနှုန်း တိုင်းတာချက်များအရ 110 PPM ရှိပြီး ပုံမှန်စံနှုန်းထက် ၁၀ ရာခိုင်နှုန်း ပိုများနေကြောင်း ထုတ်ပြန်ထားသည်။

''ဒီ WHO ရဲ့ တိုင်းတာချက်ကတော့ ၁၀ ရာခိုင်နှုန်း ပိုများနေတာတွေ့ရတယ်။ ပုံမှန်တိုင်းတာဖို့ ကျတော့ စက်ကိရိယာ မပိုင်တဲ့အတွက် အမြဲတမ်း မလုပ်နိုင်ခဲ့ဘူး။ အခု စက်ဝယ်လိုက်ပြီဆိုတော့ နှစ်စဉ် တိုင်းတာနိုင်တော့မှာပါ''ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့အတွင်း တိုးပွားလာသည့် လူဦးရေ ၂၀၁၄ ခုနှစ်အတွင်းတွင် တိုးပွားလာသော ကားများနှင့် စက်မှုဇုန်များကြောင့် လေထုညစ်ညမ်းမှုများကို မဖြစ်မနေ တိုင်းတာရမည့်နေရာ ၄၀ ကျော်ထဲမှ ၁၅ နေရာကို ဦးစားပေးအနေဖြင့် တိုင်းတာသွားမည်ဖြစ်ကြောင်း သိရသည်။

''ရောက်ရှိမယ့်စက်လေးလုံးမှာ သုံးလုံးကတော့ အထိုင်အနေနဲ့ ထားမယ်။ ကျန်တစ်လုံးကို ရွှေ့လျားစနစ်နဲ့ ၁၅ နေရာကို နှစ်လအချိန်ယူ တိုင်းတာပြီးတော့ ပြီးလနောက်ပိုင်း ကာလမှသာ လေထုထဲမှာ အမှုန်ပါဝင်မှုနှုန်း ပိုများနေလည်းဆိုတာ ကြည့်ပြီး စစ်ဆေးဆောင်ရွက်သွားမယ်''ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးဌာနမှ ပညာရှင်တစ်ဦးက ပြောသည်။

အထိုင်ထားရှိမည့် စက်သုံးလုံးအတွက် နေရာလျာထားချက်များမှာ မြို့တော်ခန်းမရှေ့ ဗန္ဓုလပန်းခြံ၊ လှည်းတန်းခုံးကျော် တံတားအနီးနှင့် ထောက်ကြန့်လမ်းဆုံနေရာများအား လျာထားကြောင်း သိရသည်။

''အခု မှာထားတဲ့ စက်တွေက HAZ Scanner Epass အမျိုးအစားဖြစ်တယ်။ TSPN (Total Suspendent Particulate Matter) မများအောင် စိမ်းလန်းတဲ့ ဇရိယာတွေ ထားပေးရမယ်။ ရန်ကုန်မြို့အတွင်းမှာရှိတဲ့ လေထုထဲမှာ အမှုန်ပါဝင်မှုက များတဲ့အတွက် ဥပမာ Volatine Organic Compound (VOC) များနေတယ်ဆိုရင် ကားကထွက်တာလို့ ပြောလို့ရသလို $SO_2$ များတယ်ဆိုရင်တော့ ကားရော စက်ရုံတွေကပါ ထွက်တာဆိုတော့ နှစ်ခုစလုံးဖြစ်နိုင်တယ်။ အဲဒီလိုပဲ $CO_2$၊ CO၊ NO၊ $O_3$ စတာတွေနဲ့ တခြားအရေးကြီးတဲ့ အပိုင်းတွေကိုပါ စစ်ဆေးသွားမယ်''ဟု လက်ထောက်ဌာနမှူး ဦးအောင်မြင့်မော်ကပြောသည်။

လေထုထဲရှိအမှုန်ပါဝင်မှုနှုန်းကို တိုင်းတာရာတွင် အမှုန်၏ ထုထည်မှာ PM-10 ဖြစ်ပါက အသက်ရှူသည့် နှာခေါင်းတွင်သာ ကပ်ကျန်ပြီး PM-5 ဖြစ်ပါက အသက်ရှူလမ်းကြောင်းဖြစ်သည့် လည်ချောင်းအထိ ရောက်ရှိနိုင်ကာ PM 1 to 5 ကြားဖြစ်ပါက အဆုတ်ထဲအထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

ထိုသို့လေထုထဲတွင် အမှုန်ပါဝင်မှု နှုန်းအား စစ်ဆေးတိုင်းတာပြီးပါက ရန်ကုန်မြို့တွင်းရှိ ညွှန်ကြားချက်ထုတ်ပြန်ရန် လိုအပ်သောနေရာများရှိစက်မှုဇုန်များနှင့် ကားများအား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ လေထုအရည်အသွေး တိုင်းတာမည့် စက်များကို အမေရိကန်နိုင်ငံမှ မှာယူထားပြီး စက်လေးလုံး၏တန်ဖိုးမှာ ကျပ်ငွေသိန်း ၁,၀၄၀ ဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာသာ၏ ဘတ်ဂျက်ဖြင့် ဝယ်ယူခြင်းဖြစ်ပြီး တိုင်းတာမည့်စက်နှင့် ပတ်သက်၍ တိုင်းတာ ဆောင်ရွက်မည့် အချက်များကို သင်ကြားပေးရန် တင်ဒါ အောမြင်ထားသော NAN-OVA ကုမ္ပဏီမှ သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

Mobile Station ရွှေ့လျားစနစ်ဖြင့် တိုင်းတာရန် နေရာများမှာ မြောက်ဥက္ကလာပအဝိုင်း၊ သဃ်န်းကျွန်း၊ စံပြဈေး၊ မင်းရဲတနာလမ်းနှင့် ဇဂ်မလလမ်းထောင့်၊ သဒ္ဒါရုံလမ်း (ဘောလုံးကွင်းအနီး)၊ မင်္ဂလာဈေးလမ်းဆုံ၊ ရန်ကုန်ဘူတာကြီး၊ ရွှေတိဂုံလမ်းဆုံ၊ တက္ကသိုလ်ရိပ်သာလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ မြေနီကုန်းလမ်းဆုံ၊ သခင်မြပန်းခြံ၊ ပိုလ်ချုပ်လမ်း (သူနာပြုတက္ကသိုလ်အနီး)၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်း (ခုံးကျော်တံတား)၊ မင်္ဂလာဒုံမြို့နယ် (စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး) တို့ ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏စာရင်းများအရ သိရသည်။

# ကျောက်စိမ်းမှောင်ခိုထွက်ရှိမှု မရှိစေရန် ဝန်ကြီးဌာန ပူးပေါင်းပါဝင်ရန် လို

ချမ်းမြေ့ထွေး

မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာတွင် ကျောက်စိမ်းပြပွဲများ၊ ရတနာပြပွဲများမှ ရောင်းရသည့် ငွေပမာဏကိုသာ ယူမည်ဖြစ်ရာ တွင်းထွက်သယံဇာတများမှ ရရှိငွေများ ၁၀၀ ရာခိုင်နှုန်း ချပြနိုင်ရန်အတွက် မှောင်ခိုထွက်ရှိမှုမရှိစေရန် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း မြန်မာ EITI ၏ အကြံပေးပုဂ္ဂိုလ် Mr. David Allan က ပြောသည်။

မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာတွင် ကျောက်စိမ်းပြပွဲများ၊ ရတနာပြပွဲများမှ ရောင်းရသည့် ငွေပမာဏကိုသာ ယူမည်ဖြစ်ရာ မှောင်ခိုထွက်ရှိမှုများပိုများလာနိုင်သည့် အခြေအနေရှိမရှိနှင့် ပတ်သက်၍ The Trade Times ၏ မေးမြန်းမှုအပေါ် ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကျောက်မျက်ရတနာရောင်းချပွဲများ ပြုလုပ်နေသော်လည်း မှောင်ခိုထွက်ရှိမှုများ ရှိနေဆဲ ဖြစ်သည်။ တွင်းထွက်သယံဇာတများမှ ရရှိငွေ ၁၀၀ ရာခိုင်နှုန်းချပြနိုင်ရန် မှောင်ခိုထွက်ရှိမှုများ တားဆီးနိုင်ရမည်ဖြစ်သည်။

''ဖြစ်လည်း ဖြစ်နိုင်တယ်။ မဖြစ်လည်း မဖြစ်နိုင်ဘူး။ ဘာကြောင့်လည်းတော့ ဝင်ငွေတွေကို ပွင့်လင်းမြင်သာမှုထဲ ထည့်လိုက်မယ်ဆိုရင် နိုင်ငံတော် ဝင်ငွေစီးကြောင်းအနေနဲ့ ဝင်လာပြီ။ Emporium ကရောင်းလာတဲ့ ဟာတွေ အကုန်လုံးဟာ နိုင်ငံတော်ဝင်ငွေဆိုရင် ဒါတွေ အကုန်လုံးကို ဘဏ္ဍာရေးဝန်ကြီးဌာနကိုပေးရလိမ့်မယ်။ ဘဏ္ဍာရေးဝန်ကြီး ဌာနက ဆက်ပြီး နိုင်ငံတော်ဘတ်ဂျက်အတိုင်း ခွဲဝေသွားမှာဖြစ်တယ်'' ဟု Mr. David Allan က ပြောသည်။

ဝန်ကြီးဌာနများသည် ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်ဝင်ငွေပိုပြီး စီးဝင်လာကာ ပိုသုံးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

''ဝန်ကြီးဌာနအနေနဲ့ ဒါကိုလုပ်ဖို့ သူတို့အတွက်ကလည်း အကျိုးရှိတယ်လို့မြင်ပါတယ်။ သူတို့ပိုအကျိုးရှိတယ်လို့မြင်လာလို့ရှိရင် မှောင်ခိုပဲ ပြောပြော၊ ခိုးထုတ်တာပဲ ပြောပြော၊ တရားမဝင်ရောင်းချတာပဲပြောပြော၊ အလွတ်ဈေးကွက်လို့ ပြောပြော ဒီလို လုပ်နေတဲ့ အပိုင်းတွေဟာ ဝန်ကြီးဌာနရဲ့ ပါဝင်မှုနဲ့ဆို လျှော့ချနိုင်လာလိမ့်မယ်''ဟု Mr. David Allan က ပြောသည်။

ပထမဆုံးဖြစ်သော်လည်းမြန်မာနိုင်ငံအနေဖြင့် လုပ်ကိုင်နိုင်ရာ အလားအလာကောင်းပြီး အချက်အလက်များလည်း ရနိုင်သည့် အပိုင်းပိုများကြောင်း ၎င်းက ပြောသည်။

တွင်းထွက်သယံဇာတ အရင်းအမြစ်များတွင် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရန် သဘာဝအရင်းအမြစ်များမှ ရရှိသည့် ဝင်ငွေများနှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာစံနှုန်းတစ်ရပ် ချမှတ်ထားသော 'တွင်းထွက် သယံဇာတ အရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေး ဆောင်ရွက်မှု' EITI (Extractive Industry Transparency Initiative) တွင် မြန်မာနိုင်ငံအနေဖြင့် သယံဇာတများ ပေါကြွယ်ဝသော်လည်း တိုင်းသူပြည်သားများ အပြည့်အဝမခံစားရဘဲ ဆင်းရဲနေသောကြောင့် သယံဇာတကျိန်စာမှ ရှောင်လွှဲလိုသည့် ရည်ရွယ်ချက်ဖြင့် EITI အဖွဲ့ဝင်ဖြစ်ရေးကို ကြိုးစားလုပ်ဆောင်ခြင်းကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်တွင် အပြည်ပြည်ဆိုင်ရာ EITI အဖွဲ့က မြန်မာနိုင်ငံအား အဖွဲ့ဝင်လောင်းအဖြစ် သတ်မှတ်လိုက်၍ ၁၈ လအတွင်း တင်ရမည့် တွင်းထွက်သယံဇာတ လုပ်ငန်းများမှ ဝင်ငွေမည်မျှရသည့် အစီရင်ခံစာ တင်ပို့ရန် ၁၁ လသာ ကျန်ရှိသည်။



# ၂၀၁၄ ခုနှစ်အတွင်း ဆိုင်ကယ်ဖမ်းဆီးမှုပေါင်း ၅,၀၀၀ ကျော်သာ ရှိသော်လည်း ယခုနှစ်အတွင်း တိုးမြှင့်ဆောင်ရွက်

ဌေးဌေး




ဓာတ်ပုံ-ဒီဒီ

**စည်ကမ်းမဲ့မောင်းနှင်နေသော ဆိုင်ကယ်များအား မြို့တွင်းလမ်းမပေါ်၌ တွေ့ရစဉ်။**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ ၂၀၁၄ ခုနှစ် တစ်နှစ်တာ ကာလအတွင်း ဆိုင်ကယ်ဖမ်းဆီးမှုပေါင်း ၅,၀၀၀ ကျော်သာ ရှိသော်လည်း ယခုနှစ် နှစ်စပိုင်း တစ်ပတ်အတွင်း ၃၄၃ မှု ရှိကာ ယခင်ထက်ပိုမိုဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ ရဲမှူးကြီးလင်းထွဋ်က ပြောသည်။

''ပုံမှန်ဆိုရင်တော့ တစ်ပတ်ကို ဆိုင်ကယ်ဖမ်းဆီးမှုက ၁၀၀ ဝန်းကျင်လောက်သာ ဖမ်းတယ်။ ယာဉ်တိုက်မှုတွေ၊ စည်းကမ်းဖောက်မှုတွေ ပိုများလာတဲ့အတွက် တိုးမြှင့်ပြီး ဖမ်းဆီးအရေးယူနေတယ်။ အခု ဖမ်းဆီးရမိတဲ့ ဆိုင်ကယ်တွေက လိုင်စင်ရှိတဲ့ ဆိုင်ကယ်ဖြစ်တာကြောင့် ဒဏ်ငွေနဲ့အရေးယူနေတယ်''ဟုရင်းကပြောသည်။

လက်ရှိ ဖမ်းဆီးရမိသော ဆိုင်ကယ်များအား ၁၉၆၄ ခုနှစ်မော်တော်ယာဉ် အက်ဥပဒေနှင့် စည်ပင်သာယာ၏ တည်ဆဲဥပဒေများအရ ဒဏ်ငွေ ကျပ် ၅၀,၀၀၀ ဖြင့် အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

''အဓိကအရေးယူတဲ့အကြောင်းက လိုင်စင်တော့ရှိတယ်။ နယ်ကျော်စီးတာ၊ ဦးထုပ်မဆောင်းတာနဲ့ သုံးယောက်စီးတဲ့အတွက် ဖမ်းဆီးရတာပါ''ဟု အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ ရဲအုပ်ဇော်မျိုးထွန်းက ပြောသည်။

လက်ရှိတွင် လိုင်စင်မဲ့ဆိုင်ကယ် စီးနင်းမှု တစ်နေ့တခြား ပိုမိုများပြားလာပြီး အဓိက ဆိုင်ကယ်စီးနင်းမှုအများဆုံးမှာ ရန်ကုန်မြောက်ပိုင်း ခရိုင်ရှိမြို့နယ်များဖြစ်သည့် မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မြောက်ဥက္ကလာ၊ ရွှေပေါက်ကံ၊ တောင်ဒဂုံနှင့် မြောက်ဒဂုံစသည့် မြို့နယ်များဖြစ်ကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီရုံးမှ သိရသည်။

နိုင်ငံအတွင်းသို့ နယ်စပ်ဒေသ စစ်ဆေးရေး ဂိတ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ရှောင်လွှဲပြီး တရားမဝင် ဝင်ရောက်နေသော မော်တော်ဆိုင်ကယ်များ၏ စာရင်းကောက်ခံရရှိမှုအရ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလအထိ ၁၉၅,၈၁၂ စီးရှိကြောင်း သိရှိရပြီး အမှန်တကယ်ပြင်ပတွင် ရှိသည့် အရေအတွက်မှာ ကောက်ခံရရှိစာရင်းထက် ပိုမိုများပြားနေကြောင်း သိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ် လိုင်စင်ပြုလုပ်ရာ၌ ကောက်ခံမည့် အခွန်နှုန်းထားများမှာ အကောက်ခွန် သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်းနှင့် ပရိမီယံကြေး ကျပ် ၂,၅၅၀ နှင့် ယာဉ်မှတ်ပုံတင်ကြေး ကျပ် ၂၂,၀၀၀ တို့ကို ပေးသွင်းရမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ ဖမ်းဆီးရမိသော ဆိုင်ကယ်များအား လိုင်စင်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စည်ပင်သာယာ နယ်နိမိတ်အတွင်းတွင် ကန့်သတ်နယ်မြေ၌ တရားမဝင် ဆိုင်ကယ် စီးနင်းမှုများ တစ်နေ့တခြား ပိုမိုများပြားလာသဖြင့် အများစုမှာ လိုင်စင်မဲ့များဖြစ်ပြီး နိုင်ငံတော်မှ လိုင်စင်မဲ့များ လျော့နည်းပပျောက်စေရန် တရားဝင်လိုင်စင်များ ချထားပေးသော်လည်း နယ်မြေကန့်သတ်ချက်ကြောင့် လျှောက်ထားမှုနည်းပါးခဲ့ကြောင်း မင်္ဂလာဒုံမြို့နယ်ရှိ ဆိုင်ကယ် ကယ်ရီသမားအများစုထံမှ သိရသည်။

''အခု အစိုးရက ဆိုင်ကယ် လိုင်စင်တွေချပေးပေမယ့် ဒီရန်ကုန်မြို့အတွင်းမှာ စီးနင်းခွင့်ပေးတာ မဟုတ်တဲ့အတွက် လိုင်စင်မလုပ်တာ။ လိုင်စင်လုပ်ပြီး ဒီနယ်နိမိတ်မှာ ပြန်စီးရင် ရဲကပြန်ဖမ်းမှာပဲ။ အဲဒီလို အဖမ်းခံရမယ့်အတူတူ လိုင်စင်မလုပ်တော့ဘူး။ ဆိုင်ကယ်စီးနင်းခွင့်ပေးထားတဲ့ သန်လျင်၊ ဒလ၊ တွံတေး၊ ကော့မှူးတို့လို နေရာဆိုရင်တော့ လိုင်စင်လုပ်ပြီး လိုင်းဆွဲလို့လည်းရတာကြောင့် လိုင်စင်လုပ်တာပေ့ါ။ ကျွန်တော်တို့ကို မြို့ထဲအထိ စီးနင်းခွင့်မပြုရင်တောင် မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မြောက်ဥက္ကလာတို့ဘက်ကို မောင်းခွင့်ပေးရင် လိုင်စင်လုပ်ကြမှာပါ''ဟု မင်္ဂလာဒုံ ခရေပင်လမ်းခွဲမှ သုံးလမ်းဆုံသို့ ကယ်ရီပြေးဆွဲနေသော ဦးထွန်းလင်းက ပြောကြားသည်။

''စက်တပ်ယာဉ်မှန်ရင်တော့ မှတ်ပုံတင်လိုင်စင်ရှိဖို့ လိုပါတယ်။ လက်ရှိ ရန်ကုန်မှာက ဆိုင်ကယ် စီးနင်းခွင့်ကို မပေးထားတာတောင် ဆိုင်ကယ် အရေအတွက်က ပိုပိုများလာတယ်။ ဘယ်လောက်ပဲ ဖမ်းဖမ်း လျော့သွားတယ်ဆိုတာ မရှိဘူး။ ဖမ်းတုန်းခဏ၊ ပြီးရင် ပြန်မောင်းတာဆိုတော့ အချိန်ပြည့် သူတို့ကို စောင့်ဖမ်းရမလိုဖြစ်နေပြီ။ သတ်မှတ်ချက်ထားပြီးတော့ စီးနင်းခွင့်ပြုရင်တော့ အဆင်ပြေနိုင်ပါတယ်။ ဒါမှ ဆိုင်ကယ်ပျောက်ဆုံးတာတို့၊ လုယက်ခံရတာမျိုးဆိုရင် ပိုင်ဆိုင်မှုအထောက်အထားနဲ့ဖြေရှင်းနိုင်တယ်'' ဟု မင်္ဂလာဒုံမြို့နယ်မှ နယ်ခံရဲအရာရှိတစ်ဦးက ပြောသည်။

မော်တော်ဆိုင်ကယ်များ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်တင်သွင်းမှု ပပျောက်စေရေးအတွက် တစ်ဖက်နိုင်ငံ မော်တော်ဆိုင်ကယ် ကုမ္ပဏီများကို မြန်မာနိုင်ငံအရောင်းကိုယ်စားလှယ်ရုံးများတွင် ဖွင့်လှစ်ခွင့်ပြုခဲ့ရာ မန္တလေးဈေးကွက်၌ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီများ ဝင်ရောက်လာပြီး အရောင်းဆိုင်ကြီးများဖွင့်လှစ်လာကြကြောင်း နိုင်ငံပိုင် သတင်းစာများမှ သိရသည်။

ပထမအကြိမ်ဆိုင်ကယ်ဖမ်းဆီးရမိသောသူများအား ငွေဒဏ်ဖြင့်သာ သတ်မှတ်သော်လည်း ဒုတိယအကြိမ် ထပ်မံကျူးလွန်ပါက ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်ဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ ရဲမှူးကြီးလင်းထွဋ်က ပြောသည်။

# မိုဘိုင်းလ်အဖွဲ့များဖြင့် SME လုပ်ငန်းများကို အိမ်တိုင်ရာရောက်မှတ်ပုံတင်ပေးသည့်စနစ် စတင်

ဇေယျာလင်း



ဓာတ်ပုံ-ဒီဒီ

**အသေးစားစက်မှုလုပ်ငန်းတစ်ခုအား တွေ့ရစဉ်။**

အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရက ကူညီထောက်ပံ့ပေးနေပြီးတိကျသည့်သတင်းအချက်အလက်များ ရရှိစေရန်နှင့် ထိထိရောက်ရောက် ကူညီထောက်ပံ့နိုင်ရန်အတွက် မိုဘိုင်းလ်အဖွဲ့များဖွဲ့စည်းကာ နိုင်ငံအနှံ့ပြန့်ကျဲနေသည့် လုပ်ငန်းများကို မှတ်ပုံတင်သည့် စနစ်သို့ ရောက်ရှိအောင် ပြုလုပ်ပေးနေကြောင်း စက်မှုဝန်ကြီးဌာနမှသတင်းရရှိသည်။

''အစိုးရဘက်ကလည်း အများကြီး ပံ့ပိုးပေးပါတယ်။ ကျွန်မတို့စက်မှုဝန်ကြီးဌာနအနေနဲ့လည်း Mobile Team တွေ ဖွဲ့ပြီး မှတ်ပုံတင်တာတွေကို နယ်တွေမှာ လုပ်နေပါတယ်။ မြို့သေးသေးလေးတွေက လုပ်ငန်းငယ်တွေကိုလည်း အိမ်တိုင်ရာ ရောက်လိုက်ပြီး အခမဲ့ မှတ်ပုံတင်ပေးနေပါတယ်''ဟု စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းမှာ အသေးစားနှင့် အလတ်စား လုပ်ငန်းများဖြစ်ပြီး ယခင်က မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် ခရိုင်အဆင့်ရှိ မြို့ကြီးများတွင်သာ ရုံးများဖွင့်လှစ်ထားနိုင်ခဲ့ကြပြီး မြို့ငယ်များနှင့် ကျေးလက်ဒေသရှိ လုပ်ငန်းငယ်များကို ကူညီထောက်ပံ့နိုင်ရန်နှင့် စာရင်းဇယားအချက်အလက်များ တိကျခိုင်မာစေရန်အတွက် Mobile Team အဖွဲ့များဖွဲ့စည်းပြီး လုပ်ငန်းများကို မှတ်ပုံတင်ပြုလုပ်ပေးလျက် ရှိသည်။

ထို့ပြင် Mobile Team များဖြင့် ကျေးရွာများ၊ မြို့ငယ်များသို့ ကွင်းဆင်းကာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လိုအပ်လျက်ရှိသည့် နည်းပညာများအား ဖြန့်ဖြူးပေးခြင်း၊ လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန် သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး စက်မှုဝန်ကြီးဌာနမှ ကောက်ခံထားသည့် စာရင်းများအရ မြန်မာနိုင်ငံအနှံ့တွင် မှတ်ပုံတင်ပြုလုပ်ထားပြီး ဖြစ်သည့် SME လုပ်ငန်းများ ၄၀,၀၀၀ ကျော် ရှိနေပြီး မှတ်ပုံတင်ခြင်းမပြုသေးသော်လည်းကောက်ယူရရှိထားသည့်စာရင်းများအရ လုပ်ငန်းပေါင်း ၆၀,၀၀၀ ကျော်ခန့် ကျန်ရှိနေကြောင်း သိရသည်။

ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံတော်ထံမှ နည်းပညာနှင့်ငွေကြေးဆိုင်ရာ ထောက်ပံ့ကူညီမှုများကို လိုအပ်ပါက ကူညီပေးနေသည့်အပြင် ကုမ္ပဏီတစ်ခုချင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် အကူအညီတောင်းခံလာပါက အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ကူညီပေးနေသည့် နိုင်ငံတကာရှိ အစိုးရမဟုတ်သည့် NGO အဖွဲ့အစည်းများမှ နည်းပညာများကို ကူညီပေးနေသည့်အပြင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် စနစ်ဖြင့်လည်း လုပ်ကိုင်နေပြီး ကျွမ်းကျင်သူများ၏ နေထိုင်စရိတ်၊ စားစရိတ်များကို အစိုးရက ထက်ဝက်ကျခံပေးနေကြောင်း သိရသည်။

''SME Law တွေ ထွက်လာရင်တော့ ဒီက လုပ်ငန်းတွေ အလုပ်လုပ်ရ ပိုပြီး အဆင်ပြေသွားမယ်'' ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်ကျော်က ပြောသည်။

မြန်မာနိုင်ငံတွင် ဝန်ထမ်းအင်အား ၅၀ အထိနှင့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ကျပ်သန်း ၁၀၀ အောက်ကို အသေးစားလုပ်ငန်းအဖြစ် သတ်မှတ်ထားပြီး ဝန်ထမ်းအင်အား ၃၀၀ နှင့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ကျပ်သန်း ၁,၀၀၀ အထိကို အလတ်စားလုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။


UNVEILING IN FEBRUARY 2015
WORTH
the
WAIT
PYAY
RESIDENCES
FOR ENQUIRIES:
09254508082 / 09254508089
www.pyaytowerresidences.com
NTD
NOBLE TWIN DRAGONS
A DEVELOPEMENT BY NOBLE TWIN DRAGONS

established 2012

the tradetimes

## ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အရှိန် မရပ်တန့်စေလို

၂၀၁၅ခုနှစ်သည် မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အလွန်အရေးကြီးသော နှစ်တစ်နှစ်ဖြစ်သည်ကို ပြောစရာလိုမည် မထင်ပေ။ အဓိက အရေးကြီးသည်မှာ လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးပင်ဖြစ်ပေသည်။ သို့မှသာလျှင် ဒီမိုကရေစီ၏ အပြောင်းအလဲအနှစ်သာရကို ကောင်းမွန်စွာ ခံစားနိုင်မည် ဖြစ်ပေသည်။

ထိုရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်ပေလိမ့်မည်။ ပြီးခဲ့သည့် ရွေးကောက်ပွဲသင်ခန်းစာအရ တိုက်ပွဲများ ဖြစ်ပွားနေသောဒေသများတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ခြင်း မရှိဖြစ်ခဲ့ရပေသည်။ နိုင်ငံတော်အတွက် နစ်နာလှသလို အထူးသဖြင့် ထိုဒေသများတွင် နေထိုင်သော တိုင်းရင်းသားပြည်သူလူထုအတွက် ပိုမိုနစ်နာလှပေသည်။

ထို့အတွက်ကြောင့်ပင်လျှင် အပစ်အခတ်ရပ်စဲရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပေသည်။ ဤကိစ္စသည် အများဆန္ဒနှင့်ကိုက်ညီသော ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်စေရန် ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပေသည်။

ဤသို့ နစ်နာလျက်ရှိသည့် အခြေအနေမှာ နောက်ထပ်နစ်နာစေမည့် ကိစ္စများ၊ ဒီမိုကရေစီဖော်ဆောင်မှု နှောင့်နှေးရပ်တန့်စေမည့် အခြေအနေများ ထပ်မံ မရှိသင့်ပေ။ ထို့ပြင် နောက်ကြောင်းပြန်မည့် အခြေအနေမျိုးကို မဖန်တီးမိရန် ပို၍အရေးကြီးပေသည်။ ခုတ်ရာတခြား ရှရာတခြားမဖြစ်စေရန် အမြော်အမြင်ကြီးကြီး ထားရှိဆောင်ရွက်ရပေလိမ့်မည်။

ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော ကန့်ကွက်ခြင်း၊ ဆန္ဒပြခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများသည်လည်း ဒီမိုကရေစီ၏ ကောင်းမွန်သော အလေ့အထများဖြစ်ပေသည်။ သို့သော် စစ်တို့၏ သဘောသဘာဝကဲ့သို့ နိုင်ငံရေးလှုပ်ရှားမှုများသည်လည်း အဆုတ်အတက် အတိုးအလျှော့ရှိရပေလိမ့်မည်။ သို့မှသာလျှင် ဒီမိုကရေစီ၏ အနှစ်သာရလည်း မပျောက်သလို သူ့ဆန္ဒ ကိုယ့်ဆန္ဒများသည်လည်း ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ပြည့်ဝနိုင်ပေလိမ့်မည်။

အတိုးချည်းသက်သက်ကိုသာ ရေးရှုမည်ဆိုလျှင် ခွေးကိုချောင်ပိတ်ရိုက်သည်ထက် ဆိုးသည့် တုံ့ပြန်မှုများ ဖြစ်ပေါ်လာတတ်သည်မှာ သဘာဝပင်ဖြစ်ပေသည်။ ထိုသို့ဖြေရှင်းရမည့် အခြေအနေမျိုး ရောက်ပြီဆိုလျှင် ဗကပ လမ်းစဉ်အတိုင်း အပြုတ်တိုက်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိပြီး မုန်းတီးမှုများနှင့် အာဃာတများသာလျှင် အဖတ်တင်ကျန်ရှိနေပေလိမ့်မည်။ နိုင်ငံအတွက် မည်သို့မျှကောင်းမွန်မည် မဟုတ်ပါ။

ကျောင်းသား အရေးအခင်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် သမိုင်းရှိခဲ့ပေသည်။ ပုံစံမျိုးစုံ၊ အယူအဆမျိုးစုံဖြင့် ကိုယ်လိုရာအတိုင်း ပုံဖော်မှတ်တမ်းတင်ခဲ့ကြပေသည်။ ၁၉၆၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော "7 July" အရေးအခင်းနှင့် ၁၉၇၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဦးသန့်အရေးအခင်းများသည် ကျောင်းသားအရေးအခင်းများဟူ၍ ဆိုနိုင်ပေသည်။ ထိုခေတ်က အခြေအနေကို လေ့လာကြည့်လျှင် တစ်ဖက်က ကွန်မြူနစ်၊ တစ်ဖက်က ဆိုရှယ်လစ်များ ဖြစ်ကြပေသည်။ ချဉ်းကပ်ဖြေရှင်းမှုများကို ကြည့်လျှင် နောက်ဆုံး၌ အပြုတ်တိုက်ရေးလမ်းစဉ်ကိုသာ ရွေးရှုခဲ့ကြသည့်အတွက် ယခုအချိန်ထိပင် အမုန်းတရားများနှင့် အာဃာတတရားများ ကျန်ရှိနေသေးသည်မှာ စိတ်မကောင်းဖွယ်တွေ့နေရပေသည်။

ယခုကျောင်းသားလှုပ်ရှားမှုသည် ဒီမိုကရေစီ အစိုးရလက်ထက်တွင် ပထမဆုံးဖြစ်ပွားသော ကျောင်းသားလှုပ်ရှားမှုဟူ၍ ဆိုနိုင်ပေသည်။ ကျောင်းသားများသက်သက် မဟုတ်ဘဲ နောက်ကွယ်တွင် နိုင်ငံရေးသမားများ ပါဝင်နေသည်ဟု ပြောဆိုမှုများရှိသော်လည်း ပညာရေးကို အခြေခံဖြစ်ပွားသည့်အတွက် ကျောင်းသားအရေးအခင်းဟုပင် ဆိုရပေမည်။ ကျောင်းသားများ၏ တောင်းဆိုမှု၊ လှုပ်ရှားမှုများကိုကြည့်လျှင် လက်ရှိအစိုးရကို ဒီမိုကရေစီအစိုးရဟူ၍ သတ်မှတ်ထားပုံ မရပေ။

လက်ရှိ ဖြစ်ပေါ်နေသောလှုပ်ရှားမှုအပေါ် အစိုးရ၏ကိုင်တွယ်ဖြေရှင်းပုံသည် ယခုအချိန်အထိ ဒီမိုကရေစီဆန်ဆန် ဖြေရှင်းနေသေးသည် ဟူ၍ တွေ့ရပေသည်။ အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ အားလုံးပါဝင်နိုင်သော (All Inclusive) လမ်းကြောင်းကို ရွေးထားသည့်အတွက် ယခုဖြစ်ပေါ်နေသော ဆန္ဒပြမှုများကို ညှိနှိုင်းဖြေရှင်းမည့် နည်းလမ်းဖြင့် ချဉ်းကပ်နေပုံရပါသည်။

သို့သော် ထိုပြဿနာသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်လာနိုင်သည်အထိ ကြီးထွားလာမည်ဆိုလျှင် မြန်မာ့ဒီမိုကရေစီအရေးသည် အချိန်အတိုင်းအတာတစ်ခုအထိ တန့်သွားနိုင်သည်ဟူ၍ The Trade Times က ရှုမြင်ပါသည်။ သို့ဖြစ်ပါ၍ အလုံးစုံပျက်သုဉ်းရေးနှင့် အပြုတ်တိုက်ရေး လမ်းစဉ်ကို ရှောင်ရှားပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာ ကျင်းပနိုင်စေရေးအတွက် ဝိုင်းဝန်းစောင့်ထိန်းကြစေလိုပါကြောင်း။

# အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုအတွက် ရှေ့ကလျှာပြင်ဆင်ထားရန် လိုအပ်နေ

ချမ်းမြထွေး

၂၀၁၅ ခုနှစ် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ Asean Free Trade Area (AFTA) အတွက် ရှေ့ကလျှာတွင် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

"မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံများအတွင်း စီးပွားရေးမဟာဗျူဟာကျခြင်းကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီကြီးများ ဝင်လာပါက ဦးတို့က အမျိုခံလိုက်ရမှာ"ဟု ၎င်းက ပြောသည်။

ရွှေအရည်အသွေးကို ၉၉ ဒသမ ၉၉ ထုတ်လုပ်ခြင်း၊ ကျပ်၊ ပဲ၊ ရွေး စနစ်မှ ဂရမ်၊ အောင်စ စနစ်ကို ပြောင်းလဲကျင့်သုံးခြင်း၊ စတော့ရှယ်ယာ ဈေးကွက်စနစ်ကို ကျင့်သုံးခြင်းတို့သည် မလွဲမသွေ ဖြစ်လာမည့် အခြေအနေကောင်းများ ဖြစ်ရာ ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ နိုင်ငံတကာနှင့် ရောင်းဝယ်နိုင်စေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

ထို့ပြင် ရွှေဒင်္ဂါးပြားများနှင့် တရားဝင်ရွှေချောင်းများ နိုင်ငံတကာသို့ တင်ပို့ရောင်းချခြင်း၊ တင်သွင်းဝယ်ယူခြင်းတို့ကို သတ္တုတွင်း ဥပဒေပြဋ္ဌာန်းပြီး ခွင့်ပြုပေးတော့မည်ဖြစ်ရာ နိုင်ငံတကာနှင့် ချိတ်ဆက် ရောင်းဝယ်ခြင်းလုပ်ငန်းများကိုလည်း ဆက်သွယ်လေ့လာထားကြရန် လိုအပ်ကြောင်း ဦးမျိုးမြင့်က ပြောသည်။

> "အဲဒီပုံစံနဲ့ လုပ်ရင် ဦးတို့နိုင်ငံမှာ လုပ်လို့ မရဘူး. . .
>
> -ဦးကျော်ဝင်း

"ပြည်တွင်းမှာ ရောင်းတဲ့ ကျပ်၊ ပဲ၊ ရွေးနဲ့လည်း အရောင်းအဝယ်လုပ်နိုင်ရမယ်။ ကမ္ဘာ့ အခြင်အတွယ်နဲ့လည်း အရောင်းအဝယ်လုပ်နိုင်ရမယ်။ ဈေးကွက်က နှစ်ခုဖြစ်သွားမှာ။ စတော့ရှယ်ယာ ဈေးကွက်နဲ့လည်း အရောင်းအဝယ် လုပ်နိုင်ရမယ်" ဟု ၎င်းက ပြောသည်။

AFTA တွင် မြန်မာနိုင်ငံသည် ရွှေရောင်းရန် ကန့်သတ်၍ မရဘဲ မြန်မာနိုင်ငံတွင် ရွှေရောင်းသည့် ဥပဒေ စည်းမျဉ်းစည်းကမ်း အတိအကျမရှိဘဲ သီးသန့် အခွန်စနစ်၊ သို့မဟုတ် ရောင်းပုံ၊ဝယ်ပုံ စည်းမျဉ်းစည်းကမ်း ဥပဒေ၊ သယံဇာတ လေလွင့်မှုမရှိမည့် စည်းမျဉ်းစည်းကမ်းလေးများ လိုအပ်ကြောင်း၊ အဆိုပါ စည်းမျဉ်းစည်းကမ်းများ မြန်မာနိုင်ငံတွင် အချိန်မီ ရှိမှသာ နိုင်ငံနစ်နာမည်မဟုတ်ဘဲ သယံဇာတ နစ်နာမှု ထိန်းသိမ်းနိုင်မည်ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးကျော်ဝင်းက ပြောသည်။

ထွက်ရှိမည့် ပြင်ဆင်သည့် သတ္တုတွင်းဥပဒေတွင် ရွှေသီးသန့် မပါဘဲ ကုန်စည်ပစ္စည်းအဖြစ် ရော၍ ထည့်ထားကြောင်း သိရသည်။

"အဲဒီပုံစံနဲ့ လုပ်ရင် ဦးတို့နိုင်ငံမှာ လုပ်လို့မရဘူး။ သတ်မှတ်ထားတဲ့ အခွန်စနစ်၊ ရောင်းဝယ်မယ့် ပုံစံပါ ရှုပ်သွားနိုင်တယ်"ဟု ၎င်းက ပြောသည်။

ပြည်ပတွင် ရွှေနှင့် ပတ်သက်သည့် အိတ်ချိန်းစင်တာ သီးသန့်လုပ်ကာ အခွန်စနစ်နှင့် ဥပဒေစည်းမျဉ်းစည်းကမ်း ဘောင်များကို သီးသန့် သတ်မှတ်၍ လုပ်ရာ မြန်မာနိုင်ငံတွင် ထိုသို့ လုပ်ရန်လိုအပ်ကြောင်း သိရသည်။

"ယှဉ်လို့မရဘူး ဖြစ်သွားမယ်။ Asean Free Trade မှာ ကုန်စည် လွတ်လပ်စွာ စီးဆင်းခွင့်ဆိုတာပါတယ်။ ဦးတို့နိုင်ငံမှာ ရွှေကိုသယံဇာတဆိုတော့ လွတ်လပ်စွာ သွားလာလို့ မဖြစ်သင့်ဘူး။ သို့သော်လည်းပဲ တခြား အာဆီယံနိုင်ငံမှာ ရွှေကို လွတ်လပ်စွာ သွားလာလို့ မရအောင် စည်းမျဉ်းစည်းကမ်းဘောင်တွေ သတ်မှတ်ပြီးသား ရှိတယ်။ ဦးတို့နိုင်ငံမှာ ဒီလိုသတ်မှတ်ချက်မရှိတော့ ထုတ်ချင်သလိုထုတ် သွင်းချင်သလို သွင်းဆိုရင် ရှုပ်ယှက်ခတ်ကုန်မယ်။ နည်းဥပဒေမှာ ထည့်သွင်း သတ်မှတ်ပေးသင့်တယ်"ဟု ဦးကျော်ဝင်းက ပြောသည်။

လက်ရှိတွင် ပြင်ဆင်သည့် သတ္တုတွင်း ဥပဒေသည် လွှတ်တော်၌ပင် ရှိသေးပြီး ထွက်မလာသေးပေ။

"ဥပဒေက ထွက်ကို ထွက်ပေးရမှာ။ အာဆီယံမှာ မြန်မာပြည်က မပါဝင်နိုင်ဘူးဆိုရင် ပိုရှုပ်သွားမှာ" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ပြောသည်။

လက်ရှိတွင် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် AFTA အတွက် လေ့လာသည့် အနေအထားပင် ရှိနေသေးကြောင်း ဦးမျိုးမြင့်က ပြောသည်။

ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြည်ပမှ ရွှေသွင်းလာပြီး နည်းပညာဖြင့် ပြန်လုပ်ကာ ပြည်ပပြန်ပို့မည်ဆိုပါက ပြည်တွင်း၌ အလုပ်အကိုင် ရရှိမည်ဖြစ်သည်။ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် တရားဝင် နိုင်ငံတကာတွင် တင်သွင်းနိုင်သည့် အခြေခံကောင်းတစ်ခု ရရှိမည်ဟု ၎င်းက သုံးသပ်သည်။

# Grand Wynn အင်္ဂလန်နိုင်ငံမှ ISO လက်မှတ် ရရှိ

ဇေယျာလင်း

အင်္ဂလန်နိုင်ငံ UKAS မှ ချီးမြှင့်သည့် food safety management ဆိုင်ရာ ISO လက်မှတ်နှင့် GMP လက်မှတ်များကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် Grand Wynn Group of Companies မှ ရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုပွဲ အခမ်းအနားကို ဆူးလေရှန်ဂရီလာ ဟိုတယ်တွင် ဇန်နဝါရီလ ၂၄ ရက် ညနေ၌ ကျင်းပပြုလုပ်ခဲ့သည်။

ISO 22000:2005 လက်မှတ်နှင့် GMP HACCP လက်မှတ်များ ရရှိခြင်းအတွက် ဂုဏ်ပြုခြင်း၊ ဈေးကွက်အတွင်း တင်သွင်းခဲ့သည့် ကုန်ပစ္စည်းများကို အများဆုံးဝယ်ယူသုံးစွဲ ဖြန့်ဖြူးပေးခဲ့သည့် The best customer ကြီးများနှင့် ကုန်ပစ္စည်းသစ်များဖြစ်သည့် ZADE နေကြာဆီကိုမိတ်ဆက်သည့် အခမ်းအနားအား တစ်ပါတည်း ကျင်းပပြုလုပ်ခဲ့သည်။

တူရကီနိုင်ငံမှ ထုတ်လုပ်သည့် ZADE နေကြာဆီနှင့် သံလွင်ဆီများကို မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Grand Wynn Enterprises ကို ခန့်အပ်ခဲ့ပြီး သဘောတူညီချက်များကို လည်း HELVACIZADE နှင့် လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့ပြင် GWE မှ Hair Technician များမှ ၂၀၁၅ ခုနှစ် နောက်ဆုံးပေါ် ဆံပင်ပုံစံ ဒီဇိုင်းဆန်းများနှင့် ဆံကေသာ ပြုပြင်ထိန်းသိမ်းခြင်းများကို သရုပ်ပြခဲ့ပြီး GWE-Iolane အလှကုန်ပစ္စည်းသစ်များကိုလည်း မကြာမီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး အခမ်းအနားသို့ လာရောက်လာသူများကို ကံစမ်းမဲများ ပေးအပ်ခဲ့သည်။

# Valentine's Day ဈေးရောင်းပွဲနှင့် စုံတွဲသီချင်းဆိုပြိုင်ပွဲ ပြုလုပ်မည်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပန်းဆိုးလမ်းထောင့်ရှိ Ruby Mart တွင် Happy Valentine's Day အစီအစဉ်ဖြင့် Day Bazaar Sale အထူးဈေးရောင်းပွဲ၊ စုံတွဲသီချင်းဆို ပြိုင်ပွဲများကို ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

Valentine လက်ဆောင်ပေးခြင်းများအား ချစ်ခင်နှစ်သက်သူများကို အမှတ်တရ လက်ဆောင်အဖြစ် ပေးနိုင်သလို ချစ်စရာ အရုပ်ကလေးများ၊ စုံတွဲဝတ်ဆင်နိုင်သည့် နာရီများ၊ ဆင်တူ အကျႌများကိုပါ အထူးနှုန်းထားများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ထို့ပြင် Angel Bakey တွင်လည်း ကျပ် ၁၀,၀၀၀ ဖိုး ဝယ်ယူသူများအတွက် ၁၀ ရာခိုင်နှုန်း Discount ဖြင့် ရောင်းချပေးမည့်အပြင် Deli Ruby အတွက်လည်း ကျပ် ၈,၀၀၀ အထက် ဝယ်ယူသူများကို Jefi Fruit Juice တစ်ဘူးအား လက်ဆောင်အဖြစ် ပြန်လည် ပေးအပ်သွားမည့် အစီအစဉ်များရှိသည့် အပြင် ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တာ စုံတွဲ သီချင်းဆိုပြိုင်ပွဲ ကျင်းပပြီး ဆုများကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစုံတွဲ သီချင်းဆိုပြိုင်ပွဲအတွက် ပထမဆု ကျပ် ၃၀၀,၀၀၀၊ ဒုတိယဆု ကျပ် ၂၀၀,၀၀၀၊ တတိယဆုကျပ် ၁၀၀,၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်သည့်အပြင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဖေဖော်ဝါရီလ ၉ ရက်နောက်ဆုံးထားပြီး Information Counter တွင် စာရင်းပေးသွင်းနိုင်သည်။

သီချင်းဆိုပြိုင်ပွဲဝင်ရောက်ရန် စာရင်းပေးသွင်းထားသူများအတွက် အသံစစ်ဆေးမှုကို Level I တွင် ပြုလုပ်သွားမည် ဖြစ်ပြီး အောင်မြင်သူတိုင်းကိုလည်း အနည်းဆုံး ကျပ် ၅,၀၀၀ တန်ဖိုးရှိသည့် Ruby Mart ၏ Gift Voucher များကိုလည်း လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဟု သိရသည်။

ယင်းပြိုင်ပွဲအတွက် Sozoll မုန့်၊ Nutri latt နို့မှုန့်၊ Redbull အချိုရည်၊ ရှုပါလင်းလက် ပိုးထည်ဆိုင်တို့မှ Co-Sponsor များ အဖြစ် ကူညီ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဇေယျာလင်း

## small business

### expert opinion

# အခွင့်အလမ်းတွေကို အပြည့်အဝ အသုံးချနိုင်ရမယ်



ဒေါက်တာ မောင်မောင်အောင်

ဇော်ဦး

အရင်တုန်းက မရဖူးတဲ့ အခွင့်အလမ်းတချို့ကို အခုရနေပါပြီ။ မြန်မာနိုင်ငံကို မတိုးတက်ဖူးလို့ပြောနိုင်တာက စီးပွားရေးလုပ်ငန်းတွေအတွက် ဈေးကွက်မရှိခဲ့ကြလို့ပါ။

ကမ္ဘာပေါ်မှာ လွတ်လပ်သော ကုန်သွယ်မှု အခွင့်အရေး (Generalized System of Preferences-GSP) ပေးနိုင်တာ ၃၆ နိုင်ငံရှိပါတယ်။ အဲဒီအခွင့်အရေးကို နိုင်ငံပေါင်း ၃၄ နိုင်ငံကနေ ရနေပါပြီ။

လွတ်လပ်သော ကုန်သွယ်မှု အခွင့်အရေးမှာ Duty free, Quota free တင်ပို့ ရောင်းချနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိ ကုန်သွယ်မှု ပမာဏမှာ ပို့ကုန်နည်းပြီး သွင်းကုန်များနေတာ တချို့စီးပွားရေးလုပ်ငန်းတွေက GSP အခွင့်အလမ်းတွေကို အပြည့်အဝ နားမလည်သေးတာလည်းပါတယ်။ အရင်းအနှီးတွေအပြည့်အဝ မရှိကြသေးတာလည်း ပါမယ်။

တချို့ကျတော့လည်း GSP အခွင့်အလမ်းကို နားတော့လည်တယ်။ အပြည့်အဝအသုံးမချနိုင်သေးဘူး ဖြစ်နေတယ်။ အခွင့်အရေးပေးနေတဲ့ ဈေးကွက်ထဲကို တင်ပို့ရောင်းချနိုင်တဲ့ အရည်အသွေးမီ ကုန်စည်တွေ အများအပြား မထုတ်လုပ်နိုင်ကြသေးဘူး ဖြစ်နေတယ်။

အဲဒါကို ဖြေရှင်းဖို့က အရေးအတွက် အများဆုံးရှိနေတဲ့ စီးပွားရေးလုပ်ငန်းတွေ စုပေါင်းဖွဲ့တည်ပြီး အများပိုင်လုပ်ငန်းတွေအဖြစ် တည်ထောင်နိုင်ရမယ်။ ဓနအင်အားတွေ တောင့်တင်းလာရမယ်။ နည်းပညာတွေ အသုံးချနိုင်ပြီး နိုင်ငံတကာ အရည်အသွေးမီ ကုန်စည်တွေ ထုတ်လုပ်နိုင်ရမယ်။ ပို့ကုန်များများ ပို့နိုင်ရပါမယ်။

လက်ရှိမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန်နဲ့ ရေထွက်ကုန်တွေကို အများအပြား တင်ပို့နိုင်ကြပါတယ်။ ဒါပေမယ့် ပို့ကုန်တွေဟာ GSP ကို အပြည့်အဝ အသုံးချနိုင်ပြီး နိုင်ငံတကာဈေးကွက်ဝင်ရမယ်။

# ဘူးချိုးလုပ်ငန်းကလည်း တစ်လကို ၁၅ သိန်းဝန်းကျင်ခန့် အမြတ်ကျန်

ကြူကြူးကို



ဓာတ်ပုံ – သက်ဦးမောင်

ထုတ်လုပ်မည့်ပုံစံအတိုင်း ပြင်ဆင်၍ ဘူးချိုးစက်ဖြင့် ပုံစံဖော်ထုတ်နေသည့် လုပ်ငန်းခွင်အား တွေ့ရစဉ်။

အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းတစ်ခု စတော့မယ်ဆိုရင် ဘယ်လုပ်ငန်းမဆို စေတနာ အပြည့်နဲ့ လုပ်ဆောင်ရင် အောင်မြင်တဲ့ လုပ်ငန်းတစ်ခု ဖြစ်လာနိုင်တယ်လို့ 'ချစ်မေတ္တာ' ဘူးချိုးလုပ်ငန်းမှ မငယ်လေးက ပြောပါတယ်။

ဒီဘူးချိုးလုပ်ငန်းကို ၂၀၀၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အခုအချိန်မှာတော့ အောင်မြင်တဲ့ လုပ်ငန်းတစ်ခုအသွင်ကို ကူးပြောင်းလာနိုင်ပြီ ဖြစ်တယ်လို့ မငယ်လေးက ပြောပါတယ်။

"ဒီလုပ်ငန်းက အခုနောက်ပိုင်း အရမ်း တွင်ကျယ်လာပြီ။ လုပ်ငန်းတွင်ကျယ်လာတာနဲ့အမျှ ချစ်မေတ္တာက မငယ်လေးကိုလည်း ဒီလုပ်ငန်းလောကမှာ မသိတဲ့သူ မရှိဘူးဆိုတဲ့ အနေအထား တစ်ခုတော့ ရလာပြီ" လို့ သူက ပြောပါတယ်။

ဘူးချိုးလုပ်ငန်းဆိုတာ ဓားဘောင် (မိုလောင်း) လုပ်ငန်းမှ ဆင်းသက်လာတဲ့ လုပ်ငန်းတစ်ခုဖြစ်ပြီး လက်ဆောင်ပစ္စည်းအိတ်၊ ဖုန်းဆိုင်များမှ ဝယ်သူများအား ပေးတဲ့အိတ်၊ မုန့်ဘူးများ၊ သွားတိုက်ဆေးဘူးများ အစရှိတဲ့ ပစ္စည်းတွေကို ဘူးချိုးပြီး လှပသေသပ်တဲ့ အိတ်လေးတွေ ဖြစ်အောင် ပြုလုပ်တဲ့ လုပ်ငန်းမျိုး ဖြစ်ပါတယ်။

ဒီလုပ်ငန်းအတွက် ကုန်ကြမ်း သီးသန့်ရယ်လို့ ရှာစရာမလိုဘဲ ပုံနှိပ်လုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်ရတဲ့ လုပ်ငန်းမျိုးလည်း ဖြစ်တယ်။ ပုံနှိပ်ပြီးသား စက္ကူကို ပစ္စည်းအပ်သူတွေက လိုချင်တဲ့ အရွယ်အစား ပမာဏအတိုင်း ပုံနှိပ်ပြီး ဘူးချိုးလုပ်ငန်းကို ပေးပို့ရတယ်။ အဲဒီတော့မှ ဘူးချိုးလုပ်ငန်းက ဘူးချိုးမယ့် အရွယ်အစားကိုလည်း ဓားဘောင် (မိုလောင်း) လုပ်ငန်းကို ပို့ပြီး အရာပေးရတယ်။ ပြီးတဲ့အခါမှာ ဘူးချိုးစက်နဲ့ ချိုးပြီး နောက်ဆုံးအဆင့် ကော်ကပ်၊ ကြိုးတပ်လုပ်ငန်းကို လုပ်ကိုင်ရတာဖြစ်တယ်။

အဲဒီလုပ်ငန်းအတွက် ဘူးချိုးဖို့ ရောက်လာတဲ့ ပုံနှိပ်ပြီးသား စက္ကူ အမျိုးအစား နှစ်မျိုးရှိတယ်။ တစ်မျိုးက စက္ကူသားအတိုင်း ပုံနှိပ်ခြင်းနဲ့ နောက် တစ်မျိုးက စက္ကူသားပေါ်မှ ပလတ်စတစ်အပါး လောင်းထားတဲ့ စက္ကူဆိုပြီး နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးအတွက် ကော်အသုံးပြုရမှာလည်း အမျိုးအစား နှစ်မျိုးရှိတယ်။ ရိုးရိုးစက္ကူသားအတွက် ATN ကော်ကို အသုံးပြုပြီး ပလတ်စတစ် အပါး လောင်းထားတဲ့ စက္ကူသားအတွက် စက်ကော်ဆိုတာမျိုးကို အသုံးပြုရတယ်လို့ သိရပါတယ်။

"ဘူးချိုးတဲ့ အလုပ်ကတော့ အဆင့်ဆင့်လုပ်ရတဲ့ လုပ်ငန်းပါပဲ။ ဒါပေမယ့် ဘူးချိုးတဲ့နေရာ ရောက်လာရင်တော့ ကျွန်မတို့က တစ်လုံးကို ကျပ် ၅၀ စားနဲ့ လုပ်တယ်။ ကျွန်မတို့ စိုက်ရတာက အလုပ်သမားနဲ့ ကော်ဖိုးပဲ။ အဲဒီလောက်တော့ ရှိတယ်" လို့

> ❝ ဒီလုပ်ငန်းက ကုန်ကြမ်း သီးသန့် ရှာစရာ မလိုဘဲ ပုံနှိပ်လုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်ရတဲ့ လုပ်ငန်း...
>
> – မငယ်လေး

မငယ်လေးက ပြောပါတယ်။

ဒီလုပ်ငန်းအတွက် တစ်လကို အလုပ်သမားခ ၁၀ သိန်းဝန်းကျင်ခန့် ရှင်းပေးရပြီး တိုက်အိပ်၊ တိုက်စား အလုပ်သမား ရှစ်ဦးရှိပြီး ကော်ကပ်ကြိုးတပ် အလုပ်သမား ၃၀ ဦးခန့် ရှိတယ်လို့ သိရပါတယ်။ အဲဒီအလုပ်သမားတွေကို အနည်းဆုံး လစာကျပ် ၅၀,၀၀၀ မှ အများဆုံး လစာကျပ် နှစ်သိန်းကျော်အထိ ပေးပြီး ခန့်ထားတယ်လို့လည်းသိရပါတယ်။ ဒီလုပ်ငန်းမှာ မရှိမဖြစ် အသုံးပြုရတဲ့ လျှပ်စစ်မီးအတွက် မီတာအသုံးပြုခက တစ်လကို ကျပ် ၈၀,၀၀၀ ခန့် ပေးဆောင်ရတယ်လို့လည်း သိရပါတယ်။

ဒီဘူးချိုးလုပ်ငန်းကို စတင်ခဲ့စဉ်က သိန်း ၅၀ ဝန်းကျင်ခန့် ရင်းနှီးလုပ်ကိုင်ခဲ့ပြီး အဲဒီနောက်ပိုင်း ပိုက်ဆံစုကာ ကိုယ်ပိုင် ဘူးချိုးစက်လေးကို ဝယ်ယူပြီး လုပ်ငန်းချဲ့ထွင်လာခဲ့တယ်။ အဲဒီလို ချဲ့ထွင်ခဲ့ရင်းက အခုအချိန်မှာတော့ လက်ခံရရှိတဲ့ အော်ဒါလည်း များလာသလို စက်အလုံးရေ သုံးလုံးအထိ လုပ်ငန်းချဲ့ထွင်လာနိုင်တယ်လို့လည်း သူက ပြောပါတယ်။

တကယ်တော့ ဒီလုပ်ငန်းက အရင်းအနှီးများသလို ဝင်ငွေလည်း များပါတယ်။ ဒါကြောင့် တစ်လကိုဝင်ငွေ ကျပ်သိန်း ၅၀ ခန့်ရှိပေမယ့်လည်း မီတာခ၊ အလုပ်သမားခ အစရှိတာတွေ တွက်ချက်ဖြေရှင်းလိုက်ပါက အလုပ်ရှင်အတွက် ၁၅ သိန်း ဝန်းကျင်ခန့်သာ အမြတ်ကျန်တဲ့ လုပ်ငန်းမျိုး ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့စဉ်က တစ်နေ့ကို ပျမ်းမျှ အော်ဒါအလုံးရေ ၁၀၀ ခန့်သာ ရရှိခဲ့ပေမယ့်လည်း အခုအချိန်မှာတော့ တွင်ကျယ်လာတဲ့ ဈေးကွက်အနေအထားအရ တစ်နေ့ကို အိတ်အလုံးရေ ၁၀,၀၀၀ ခန့် ထုတ်လုပ်နိုင်နေပြီဖြစ်တယ်လို့ သိရပါတယ်။

"ကျွန်မကတော့ ဒီအလုပ်ကို လုပ်နိုင်သရွေ့ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် လုပ်သွားမှာပါ။ အော်ဒါလာအပ်တဲ့ သူတွေ စိတ်တိုင်းကျ စိတ်ကျေနပ်မှု အများဆုံး ရအောင်လည်း လုပ်ပေးသွားမှာပါ" လို့ မငယ်လေးက ပြောပါတယ်။

ဒီဘူးချိုးတဲ့ လုပ်ငန်းဟာ ၁၂ ရာသီလုံးမှာမှ နှစ်ရဲ့အစပိုင်းမှာသာ အော်ဒါလက်ခံရရှိမှု နည်းပါးပြီး ကျန်တဲ့အချိန်တွေမှာတော့ ပုံမှန် အော်ဒါတွေ ရရှိနေဆဲ ဖြစ်တယ်။ အော်ဒါ အများဆုံး ရရှိချိန်ကတော့ သီတင်းကျွတ်ကာလဖြစ်ပြီး အဲဒီအချိန်မှာ မုန့်ဘူးအော်ဒါ အများဆုံး ရရှိတယ်လို့လည်း သိရပါတယ်။ 'ချစ်မေတ္တာ' ဘူးချိုးလုပ်ငန်းမှာတော့ ပုံမှန်ဆိုင် အော်ဒါတွေအပြင် ကန်တော့ပွဲများ၊ ကုမ္ပဏီမိတ်ဆက်ပွဲများအတွက် အော်ဒါအသေးများကိုလည်း လုပ်ဆောင်ပေးလျက် ရှိတယ်လို့ သိရပါတယ်။

ဒီလုပ်ငန်းဟာ မိသားစုတစ်ခုအတွက် အခြေခံလုပ်ငန်းအဖြစ် လုပ်ဆောင်နိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်တာကြောင့် ဒီလုပ်ငန်းကို အခုအချိန်မှာ လုပ်ဆောင်မယ်ဆိုရင် နေရာ ထိုင်ခင်းအပါအဝင် ငွေကြေး ပမာဏ ကျပ်သိန်း ၁၅၀ ဝန်းကျင်နဲ့ လုပ်ငန်းစတင်နိုင်တယ်လို့လည်း မငယ်လေးက ပြောပါတယ်။



ဓာတ်ပုံ – သက်ဦးမောင်

အသင့်ပြုလုပ်ပြီးသား ဘူးများအား စနစ်တကျထုပ်ပိုးနေစဉ်။



ဓာတ်ပုံ – သက်ဦးမောင်

ဦးစီးလုပ်ကိုင်သူ မငယ်လေးအား တွေ့ရစဉ်။

# ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းထက်ပိုတောင်းသည့် စားသောက်ဆိုင်များ အရေးယူရန် စီစဉ်

ဖြိုးလွင်အောင်

စားသုံးသူများထံမှ တရားဝင်ကောက်ခံခွင့်ပေးထားသည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းထက် ပိုမိုကောက်ခံနေသော စားသောက်ဆိုင်များကို အရေးယူရန် စီစဉ်နေကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်းထွဋ်မှုန်က ပြောသည်။



ဓာတ်ပုံ- www.laithairestaurant

**စားသောက်ဆိုင်တို့မှ တည်ခင်းရောင်းချသည့် အစားအသောက်များအား တွေ့ရစဉ်။**

လက်ရှိ စားသောက်ဆိုင်ကြီးအများစုက အခွန်ဦးစီးဌာနက ကောက်ခံခိုင်းသည်ဟု အကြောင်းပြကာ စားသုံးသူများထံမှ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းအပြင် ဝန်ဆောင်ခ (Customs Services) အခွန် ၅ ရာခိုင်နှုန်း စုစုပေါင်း ၁၀ ရာခိုင်နှုန်းကို ပိုမိုကောက်ခံနေကြောင်း စားသုံးသူများထံမှ သိရသည်။

''နိုင်ငံတော်က အခွန်ရရှိဖို့အတွက် စားသုံးသူတွေဆီကနေ အခွန် ၅ ရာခိုင်နှုန်းပဲ တရားဝင်ကောက်ခံခွင့် ပေးထားတာပါ။ ကျပ် ၁၀,၀၀၀ ဖိုးစားရင် ၁၀,၅၀၀ ပဲ ပေးရမှာ။ ဒါကို တချို့စားသောက်ဆိုင်တွေက သူတို့ငှားထားတဲ့ဝန်ထမ်းစရိတ်တွေကိုပါ ကျွန်တော်တို့စားသုံးသူတွေကို ကျခံခိုင်းနေတယ်။ အခု စားသောက်ဆိုင်တွေမှာ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းထက် ပိုပြီးတော့ ဝန်ဆောင်ခ (Customs Services) တွေ၊ အခန်းခတွေ ပိုတောင်းနေတာ တရားမဝင်ပါဘူး။ ဒါတွေကို အရေးယူဖို့ အစီအစဉ်တွေ လုပ်နေတယ်''ဟု ဦးသင်းထွဋ်မှုန်က ပြောသည်။

ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ကောက်ယူရာတွင် စားသောက်ဆိုင်အသေးနှင့် အကြီးဟူ၍ ခွဲခြားမကောက်ခံသည့်အတွက် စားသုံးသူနည်းပါးသည့် ဆိုင်အသေးများမှာ နစ်နာမှုများရှိနေပြီး စားသုံးသူများသည့် စားသောက်ဆိုင်ကြီးများ၊ ရုပ်ရှင်ရုံကြီးများကို ယခုထက် အခွန်ပိုမိုကောက်ခံသင့်ကြောင်း အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးမျိုးမြင့်က ပြောသည်။

''ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူများတဲ့ စားသောက်ဆိုင်ကြီးတွေ၊ ရုပ်ရှင်ရုံကြီးတွေကို ပိုကောက်သင့်တယ်''ဟု ဦးမျိုးမြင့်က ပြောသည်။

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် ပြင်ဆင်ပြဋ္ဌာန်းသည့် အခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်မှ ရရှိသင့်သည့် အခွန်များ ရရှိရန်အတွက် စားသောက်ဆိုင်၊ ဈေးဆိုင်များနှင့် ဈေးဝယ်စင်တာကြီးများ၏ ဝင်ငွေစာရင်းများအား စစ်တမ်းကောက်ယူ၍ ဝယ်ယူစားသုံးသူများထံမှ အခွန် ၅ ရာခိုင်နှုန်းကောက်ယူနိုင်ရန် ငွေရှင်းပြေစာများတွင် တံဆိပ်ခေါင်းများကို ကပ်နှိပ်ပေးထားပြီး ပြေစာပေါ်တွင် တံဆိပ်ခေါင်းမပါရှိခြင်း ပိုမိုအခွန်ကောက်ခံခြင်းများရှိပါက အခွန်ဦးစီးဌာနသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

''ရောင်းချတဲ့သူတွေကို ဝယ်ယူတဲ့ ပစ္စည်းအပေါ်မှာ အခွန်ထည့်ကောက်ခွင့်ပေးထားပါတယ်။ ဒါကို သွယ်ဝိုက်ခွန်လို့ ခေါ်ပါတယ်။ နိုင်ငံတော်အတွက် ဝယ်ယူတဲ့သူတွေအပေါ်ကနေ ရောင်းချသူကတစ်ဆင့်ကောက်ခံပေးတာပါ။ ဆိုင်အကြီး၊ အသေးဆိုပြီး ခွဲကောက်လို့မရပါဘူး။ ဒါက စားသုံးသူတွေဆီက ကောက်တာပါ။ ဒါပေမယ့် ရောင်းချသူတွေရဲ့ ပြေစာမှာ အခွန်ဌာနက တံဆိပ်ခေါင်းခွန်မပါရင် တိုင်ကြားနိုင်ပါတယ်''ဟု ဦးသင်းထွဋ်မှုန်က ပြောသည်။

ရောင်းချသူများထံမှ ပြေစာတွင် တံဆိပ်ခေါင်းအထောက်အထားမထားရှိပါက ဒဏ်ငွေ ၁၀ ရာခိုင်နှုန်းကို လကုန်ရက်မှ ဒဏ်ရိုက်မည်ဖြစ်သော်လည်း ဝယ်ယူစားသုံးသူများမှ ပြေစာမရရှိကြောင်း တိုင်ကြားလာပါက ယင်းပြေစာ အထောက်အထားတန်ဖိုးအပေါ် ကျသင့်သည့် အခွန်၏ အဆ ၁၀၀ ကို ဒဏ်ငွေအဖြစ်ချက်ချင်း ရိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

''အခု တချို့စားသောက်ဆိုင်တွေက Customs Services ဆိုပြီး စားသုံးတဲ့ငွေပမာဏရဲ့ ၁၀ ရာခိုင်နှုန်းကို အခွန်ထပ်ကောက်နေတာဟာ တော်တော် အဓိပ္ပာယ်မရှိတာဘဲ။ ကျွန်တော်တို့က သူ့ဆိုင်မှာ လာလည်း စားရသေးတယ်။ အခွန်လည်း ထပ်ပေးရသေးတယ်၊ ၁၀,၀၀၀ ဖိုးစားရင် ၁,၀၀၀ ဗျာ။ တစ်သိန်းဖိုးဆို ၁၀,၀၀၀ အပိုပေးရသလို ကြီးဖြစ်နေတယ်'' ဟု ယင်းကဲ့သို့ စားသောက်ဆိုင်များမှ လာရောက်စားသုံးသူဧည့်သည်များထံမှ အခွန်ကောက်ခြင်းနှင့်ပတ်သက်၍ တာမွေမြို့နယ်မှ ဦးရန်နိုင်က ပြောသည်။

POLO ဆေးခန်းသို့လာရောက်ကုသသူတိုင်း စမ်းသပ်စစ်ဆေးခ 50% Discount

အမှတ်(၁၂၉/၁၃၁) ဗားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ Hot Line - 09 421168222 , 09 421168000

ရန်ကုန်ပိုလိုဆေးခန်းသည်ခေတ်မှီတိုးတတ်သောစနစ်ဖြင့်မိတ်ဆွေတို့အားနိုင်ငံခြားသို့ရောဂါသွားကုရန်မလိုပေ။

အမျိုးသမီး မီးယပ်ရောဂါဆိုင်ရာရောဂါများ

အဖြူတိုးပွားခြင်း၊အနံ့အသက်စိမ်းရှင်ပုပ်သိုးခြင်း၊ဆီးရှင်ခြင်း၊ဆီးအောင့်ခြင်း၊ဆီးသွားလျှင်နာကျင်ခြင်း၊ရာသီသွေးအနည်း/အများ မမှန်ခြင်း၊ကျား/မ ဆက်ဆံရာတွင်သွေးထွက်ခြင်း၊မိန်းမကိုယ်လမ်းကြောင်းပုံမမှန်၍သွေးထွက်ခြင်း၊အဖြူပျစ်ချွဲခြင်း (သို့) သွေးမျှင်များပါခြင်း၊ကလေးပျက်ကျပြီးနောက်ဆက်တွဲရောဂါဖြစ်ခြင်း၊သားအိမ်လည်တံရောင်ယမ်းခြင်း၊ဆီးခုံရောင်ယမ်းခြင်း၊နောက်ဆက်တွဲသားဥအိမ်ရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းအပြင်ဘက်ရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းတွင်အသားပိုထွက်ခြင်း၊ရာသီသွေးအချိန်မမှန်ကန်ခြင်း၊သားဆက်မြုံခြင်း၊သားအိမ်လည်တံပုပ်သိုးဆွေးမြေ့ခြင်း၊သားအိမ်လည်တံအသားဖုထွက်ခြင်း စသည့်ရောဂါအခြေအနေတစ်မျိုးမျိုးရှိပါကဝေဒနာရှင်များအတွက်စိတ်ချယုံကြည်ရဆုံးဖြစ်ရန်ကျွန်ုပ်တို့၏ဆေးခန်းသို့ကုသရန်အမြန်ဆုံးကြွရောက်ခဲ့ပါ။

နောက်ဆုံးပေါ် နား/နှာခေါင်း/လည်ချောင်း ရောဂါများကုသခြင်း

နှာခေါင်းရောင်ရမ်းခြင်း၊နှာခေါင်းပိတ်ဆို့နေခြင်း၊နှာခေါင်းတွင်အသားပိုထွက်ခြင်း၊ပသီရောင်ခြင်း၊ပကျိတ်ရောင်ခြင်း၊နှာသံပါခြင်း၊အလယ်နားရောင်ရမ်းခြင်း၊နားပင်းခြင်း၊နားအူခြင်း၊နှာချေခြင်း၊ခေါင်းကိုက်ခြင်း၊အိပ်ရေးပျက်ခြင်း၊အာခေါင်ရောင်၍နာခြင်း၊နှာခေါင်းသွေးယိုခြင်း စသည့်နား/နှာခေါင်း/လည်ချောင်းဆိုင်ရာရောဂါများ....

အမျိုးသားများဆိုင်ရာနောက်ဆုံးပေါ် ကုထုံးနည်းပညာများ

ပိုလိုဆေးခန်းသည်အမျိုးသားများအတွက်နောက်ဆုံးပေါ်ကုထုံးနည်းစနစ်မှာစိတ်ဓါတ်ရေးရာပိုင်းဆိုင်ရာနှင့်ဆေးဝါးပစ္စည်းဖြင့်ကုသနည်းများ၊ကျားအင်္ဂါပုံစံပြုပြင်ခြင်း၊သတ္တုဇီဝကုထုံးနည်းစသည့်ပြည်ပမှကုထုံးနည်းစနစ်များဖြင့်အကြောင်းမျိုးစုံတို့မှဖြစ်ပေါ်သောအမျိုးသားရောဂါဆိုင်ရာဝေဒနာများကိုအာမခံချက်ရလာဒ်များဖြစ်ပေါ်စေမည်။

အောက်ပါရောဂါလက္ခဏာများသည်အမျိုးသားဆိုင်ရာဘာသာရပ်များ အနေဖြင့်အချိန်မီဆရာဝန်ထံပြသသင့်ပါသနည်း။

ဆီးရှင်ဆီးအောင့်ခြင်း၊ဆီးကောင်းမွန်စွာသွားမရခြင်း၊ဆီးကျန်ခြင်း၊အဖြူဆင်းခြင်း (သို့) ဆီးလမ်းကြောင်းနီရဲရောင်ကိုင်း၍ပြည်ယိုခြင်း၊ဆီးခုံအောက်ပိုင်း၊ပေါင်ခြံနှင့်ခါးတို့တွင်နာကျင်ခြင်း၊ကပ္ပာယ်အိတ်ရောင်ကိုင်း၍နာကျင်ကိုက်ခဲခြင်း၊စအိုနှင့်အင်္ဂါကြားကပ္ပာယ်အိတ်စိုထိုင်းယားယံခြင်း၊အင်္ဂါကိုယ်တွင်ဂေါ်ဖီပန်းကဲ့သို့အပိုပွားပစ္စည်းဖြစ်ပေါ်ခြင်း၊အရည်ကြည်ဖုများ၊အင်ပြင်ကဲ့သို့အနီရောင်အဖုများ၊အရေပြားဖုံးအုပ်ရှည်လွန်းခြင်း၊ထိပ်ငုံခြင်း၊ကျားအင်အားယုတ်လျော့ခြင်း၊ပင်ပန်းအားကုန်ခြင်း၊ခါးနှင့်ဒူးဆစ်တို့ပျော့ခွေညောင်းညာခြင်း၊ကျား/မ ကိစ္စမြန်လွန်းခြင်း၊ပန်းညှိုးခြင်း၊ပန်းသေခြင်း စသည်များ။

ကျား/မ ဆိုင်ရာရောဂါမျိုးစုံကုသခြင်း

ဆစ်ဖလစ်ရောဂါ၊အရေပြားစွတ်စိုရောဂါ၊လိင်အင်္ဂါမှုမမှန်တိုးပွားခြင်းနှင့်ဗိုင်းရပ်စ်ပိုးကြောင့်ကြွက်နို့များဖြစ်ခြင်း၊လိင်အင်္ဂါအနံ့ဆိုးများထွက်ခြင်း၊ပြည်ရည်ယိုစီးခြင်းစသည့်ကာမဆိုင်ရာရောဂါမျိုးစုံဖြစ်သောဝေဒနာရှင်များအတွက်ကျရောက်လာမည့်အန္တရာယ်ဆိုးမျိုးစုံတို့မှကင်းဝေးစေနိုင်မည်။

အူစအိုရောဂါမျိုးစုံကုသခြင်း။

အူစအိုရောဂါများကုသရာတွင်ကိုရီးယားနိုင်ငံမှနောက်ဆုံးပေါ်လျှပ်စစ်အူစအိုကြည့်မှန်ပြောင်းနှင့် U.S.A , PPH နည်းစနစ်တို့ပူးပေါင်း၍တစ်ကြိမ်တည်းကုသနည်းဖြင့်အူစအိုရောဂါများကိုမခွဲစိတ်၊မနာကျင်ဘဲ၊ဆေးရုံဆေးခန်းတတ်ရန်မလို။

အောက်ပါရောဂါဝေဒနာရှင်များသည်အချိန်မီမှန်ကန်တိကျစွာကုသရန် ... ဝမ်းချုပ်ခြင်း၊သွေးဝမ်းသွားခြင်း၊စအိုဝယားယံခြင်း၊ဝမ်းလျှောခြင်း၊ဗိုက်အောင့်ခြင်း၊စအိုပတ်လည်ကိုက်ခဲခြင်း၊စအိုထူးခြားချက်ရှိခြင်း၊ဝမ်းသွားလျှင်နာကျင်ခြင်း၊စအိုဝရောင်ရမ်းခြင်း၊ဝမ်းကုန်အောင်သွားမရခြင်း၊အတွင်းလိပ်၊အပြင်လိပ်၊ရောနှောလိပ်၊ဂရင်ဂျီနာ၊စအိုအက်ကွဲခြင်း၊စအိုဝယားယံခြင်း၊အူအဆုံးပိုင်းဆွေးမြေ့ခြင်း၊စအိုပတ်လည်ရောင်ကိုင်းပြည်တည်ခြင်း၊သွေးဝမ်းသွားခြင်း စသည့်ရောဂါများ....

ကိုယ်ဝန်မဆောင်နိုင်သောမျိုးစုံသော အကြောင်းအရာများကုသခြင်း။

ဂျာမနီနိုင်ငံမှ Wolf သားအိမ်ဝမ်းခေါင်းကြည့်မှန်ပြောင်းဖြင့်သားသမီးမြုံကုသရေးစနစ်မျိုးစုံ၊သုပ်ရည်ခွဲခြားစစ်ဆေးရေးကိရိယာဖြင့်အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သောသားဆက်မြုံရောဂါကိုအထူးကုသပေးသည်။



“ ပိုလို ”ဆေးခန်းသည်ကုထုံးစနစ်တိုးတတ်ခြင်း၊ဝန်ဆောင်ခ မျှတခြင်း စသည်တို့ကြောင့်မိတ်ဆွေများအတွက်ရောဂါကုသရန် “ပထမ” ရွေးချယ်ရန်ဖြစ်သည်။

# the tradetimes

| | |
|---|---|
| အမှုဆောင်အရာရှိချုပ် | ဇော်ဝင်းနိုင် |
| အထွေထွေမန်နေဂျာ | Balaji V |
| အယ်ဒီတာချုပ် | ခင်မောင်အေး |
| မန်နေဂျင်းအယ်ဒီတာ | Curt Brandao |
| ဒု-မန်နေဂျင်းအယ်ဒီတာ | Mark Angeles |
| အကြံပေး | သက်ထွန်းဦး |
| တာဝန်ခံအယ်ဒီတာ(သတင်း) | မင်းဇော် |
| တာဝန်ခံအယ်ဒီတာ(သုံးသပ်/အချုပ်ပို) | ထိပ်တင်အောင် |
| အယ်ဒီတာ(သတင်း/ဆောင်းပါး) | Ian Romboletti |
| အယ်ဒီတာ | ဖုန်းမြင့်၊ ဝင်းတင် (ဒဲဒီ) |
| ကမ္ဘာ့သတင်းအယ်ဒီတာ | ထွန်းထွန်းဦး |
| အာရှသတင်းအယ်ဒီတာ | အိအိမာ |
| လူမှုဘဝအယ်ဒီတာ | အေးချမ်းနိုင် |
| အားကစားသတင်းအယ်ဒီတာ | အောင်မျိုးသန့် |
| ခရီးသွားသတင်းအယ်ဒီတာ | သက်နှင်းထွေး |
| မန္တလေးရုံးခွဲအယ်ဒီတာ | ဘဦး(မန်း) |
| နေပြည်တော်ရုံးခွဲအယ်ဒီတာ | စုနေမွန်ဦး |
| အကြီးတန်းသတင်းထောက်များ | ရဲလင်းထွန်း၊ ဇေယျာလင်း၊ ဇင်မိုမိုအေး၊ ဇင်မာဝင်းစံ၊ ချမ်းမြထွေး၊ ဌေးဌေးဝင်း၊ ဘိုဘိုမင်း |
| သတင်းထောက် | ထက်မြတ်အောင်၊ ဇော်ဦး၊ ဟန်နီ၊ သန္တာဖြိုး၊ ဖြိုးလွင်အောင်၊ ကြူကြူးကို၊ အောင်ဇေကြည်စိုး၊ မြစံပယ်နိုင် |
| ဓာတ်ပုံသတင်းထောက် | သက်ဦးမောင် |

**ထုတ်လုပ်ရေးဌာန**

| | |
|---|---|
| မန်နေဂျာ | ကျော်မျိုးအောင် |
| လက်ထောက်မန်နေဂျာ | အောင်ကျော်ဦး |

**ကြော်ငြာအရောင်းဌာန**

| | |
|---|---|
| မန်နေဂျာ | သပြေဖင်ဖင်ရှို |
| လက်ထောက်မန်နေဂျာ | နှင်းလဲ့စိုးဝေ |
| အကြီးတန်းအမှုဆောင် | မေသက်မွန်၊ နီလာဆွေ၊ |
| အမှုဆောင် | နေဇာဇာလှိုင်၊ အိရွှေစင် |

**ဖြန့်ချိရေးဌာန**

| | |
|---|---|
| လက်ထောက်မန်နေဂျာ | သူရဇော် |

| | |
|---|---|
| **အယ်ဒီတာဌာန** | editorial@thetrade-times.com |
| **ထုတ်လုပ်ရေးဌာန** | production@thetrade-times.com |
| **ကြော်ငြာအရောင်းဌာန** | marketing@thetrade-times.com |
| **ဖြန့်ချိရေးဌာန** | distribution@thetrade-times.com |

**ရုံးချုပ်**

အမှတ် ၁၈၆၊ အခန်း ၉၀၁၊ မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၉၅) ၂၉၃ ၂၂၆၊ ၉၀၁၀၃၃၆ - ၃၉။ ဖက်စ် - (၀၉၅) ၉၀၁၀၃၄၀

**မန္တလေးရုံးခွဲ**

အမှတ် ၄၆/၂၊ ရန်ကင်းလမ်း၊ ၁၄ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြား၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉၄၂၁၇၅၅၆၂၅။

**နေပြည်တော်ရုံးခွဲ**

အမှတ် ၁၇၆၊ သီရိရတနာ Shopping Complex ၊
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၆၇-၄၂၀၈၁၅

**Vol. 3, No. 146**


THE TRADE TIMES ဂျာနယ်ကို THE TRADE TIMES Media Group Co., Ltd က ပိုင်ဆိုင်၍ ကိုငြိမ်းချမ်းကျော် (ခွင့်ပြုချက်အမှတ် ၀၄၇၇၄) က ထုတ်ဝေပြီး ကိုခွန်ပြည်အေး၊ ပြည်အေးမိသားစု ပုံနှိပ်တိုက် (၀၃၇၁) အမှတ် ၂၆၃၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်က တာဝန်ယူပုံနှိပ်သည်။ ခေါင်းစီးစာသားမှာ thetradetimes ဖြစ်ပြီး အမှတ်တံဆိပ် (Logo) အပါအဝင် သင်္ကေတ အမှတ်အသားများ အားလုံးကိုလည်းကောင်း၊ စာစောင်တွင် ပါရှိသောသတင်း၊ ဓာတ်ပုံအစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း THE TRADE TIMES ၏ ခွင့်ပြုချက်မပါဘဲ ကူးယူခြင်း မပြုလုပ်ကြပါရန်။

analysis

# လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှ နိုင်ငံတိုးတက်မည်

**သန်းဇော (စီပီအေ)**




**ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပပေးခဲ့သည့် ဆေးတက္ကသိုလ် ၂ ကို တွေ့ရစဉ်။**

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြောင့် လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ အလုပ်အကိုင်များ ပေါ်ထွန်းလာသည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေပါသည်။ အဆင့်မြင့် နည်းပညာများ တိုးတက်ရရှိသည့်အပြင် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါသည်။ ခေတ်မီ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးများကိုလည်း ဖြစ်ပေါ်စေပါသည်။

လူမှုစီးပွားဖွံ့ဖြိုးရေးကို ကြိုးပမ်းရာတွင် လူ့စွမ်းအားသည် ပဓာနကျသောကဏ္ဍမှ ပါဝင်နေသကဲ့သို့ လူ့စွမ်းအားပုံသဏ္ဌာန်နှင့် အနေအထားသည် တစ်သမတ်တည်း ရပ်မနေဘဲ အချိန်နှင့်အမျှ ရွေ့လျား ပြောင်းလဲနေသော သဘောရှိသည့်အတွက် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို လျစ်လျူရှု၍ မရပေ။

လူ့စွမ်းအား ဖွံ့ဖြိုးဆောင်ရွက်ခြင်းဆိုသည်မှာ လူသားများ၏ကောင်းမြတ်သောအစဉ်အလာကို အများဆုံး ဖွံ့ဖြိုးစေရန် ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုအတွက် အစွမ်းကုန် အသုံးချနိုင်စေရန် အခြေအနေကောင်းများ မြှင့်တင်သည့် ကိစ္စအဝဝကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

လူ့စွမ်းအားဖွံ့ဖြိုးမှု ဆောင်ရွက်ရာတွင်လည်း သမားရိုးကျ ဆောင်ရွက်နေသည်မှ လူမှုဘဝအရည်အသွေး မြင့်မားလာရေး (Quality of life) ရောက်အောင် ဆောင်ရွက်ရေးဖြစ်ပါသည်။ နိုင်ငံတော်၏ အခန်းကဏ္ဍတွင်သာမက ပုဂ္ဂလိက ကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ဖို့ လိုအပ်ပါသည်။

မည်သည့်ကဏ္ဍတွင်မဆို၊ မည်သည့်ဌာနလုပ်ငန်းမဆို မူလရည်မှန်းချက်များပေးထားသည်ကို အောင်မြင်မှုရစေရန် ဆောင်ရွက်ရာတွင် တစ်ဦးချင်းအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အခြေခံ ကျွမ်းကျင်မှုအား တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်လျှင် လုပ်ငန်းအောင်မြင်ရေးအတွက် လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးရာ ရောက်ပေသည်။

အဖွဲ့အစည်းများတွင် စီမံအုပ်ချုပ်သူများသည် လူ့စွမ်းအားအရင်းအမြစ် တစ်ဦးချင်းအပေါ် မည်သို့ဖွံ့ဖြိုးစေရန် ဆောင်ရွက်မည်ကို စီမံခန့်ခွဲရပေမည်။ မိမိဌာန၏ လုပ်ငန်းကိစ္စအဝဝအပေါ် ဦးစီးဦးဆောင်ပြုမည့် မန်နေဂျာနှင့် ခေါင်းဆောင်များက နားလည်ထားပြီးဖြစ်သည့်အတွက် နည်းပြဆရာ လုပ်ရပေမည်။ ပြင်ပအဖွဲ့အစည်းမှ နည်းပြများငှားရမ်း၍ မိမိလုပ်ငန်းအကြောင်း ပို့ချ၍ မဖြစ်ပေ။ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးအတွက် မိမိကိုယ်တိုင်ပင် အကြံပေး အတိုင်ပင်ခံလုပ်၍ ပင်ကိုပါရမီကို ဖွံ့ဖြိုးစေခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အထောက်အပံ့ပေးခြင်း၊ ယှဉ်ပြိုင်စိန်ခေါ်မှုများကိုလည်း အစွမ်းကုန်အားထုတ်စေခြင်း၊ လုပ်ငန်းများကို လက်တွေ့ကျကျ လုပ်ကိုင်စေခြင်းတို့ဖြင့် ဆောင်ရွက်ကြရန် ဖြစ်ပေသည်။

လူ့စွမ်းအားအရင်းအမြစ်များ၏ ဘဝလမ်းကြောင်းကို ကူညီပေးခြင်းဖြင့် ယင်းတို့၏ ဘဝအကျိုးကျေးဇူးရှိသကဲ့သို့ ဦးစီးဦးဆောင်သူတို့လည်း အကျိုးခံစားခွင့်များ၊ ဗဟုသုတလေ့လာခွင့်၊ လေ့ကျင့်ခွင့်များ ခေတ်နှင့်အညီ ဆောင်ရွက်သွားနိုင်သည့် အခွင့်အရေးများ ရရှိကြမည်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များက လေ့ကျင့်ပညာပေးခြင်းဖြင့် ပုံမှန်အတွေးအမြင် သုံးသပ်မှုများမှသည် အတွေးသစ်၊ အမြင်သစ် စဉ်းစားပုံအသစ်နှင့် အစားထိုး ဦးစီးဦးဆောင်ပြုနိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်း စသည့် ရလဒ်များ ရရှိနိုင်ပေသည်။ လေ့ကျင့်ပညာများရရှိ၍ အတတ်ပညာ မည်မျှပင်ရှိစေ အသုံးမချလျှင် စွမ်းအားထွက်မလာနိုင်ပေ။ ပညာအသိစွမ်းအားဖြစ်အောင် ကြိုးစားလုပ်ကိုင်မှ စွမ်းဆောင်ရည် ပြည့်ဝသည့် ပုဂ္ဂိုလ်များ ဖြစ်ပေါ်လာပေမည်။ တစ်နည်းအားဖြင့် မိမိအသိစွမ်းအပြင်မိမိကိုယ်ကို အသွင်ကူးပြောင်းနိုင်ရပေမည်။ (Transform yourself byknowledge) အသိပညာအားဖြင့်ဆိုသည်မှာ တတ်သိပညာ (Education) နှင့် အတွေ့အကြုံ (Experience)တို့ကို ပေါင်းစပ်ထားခြင်းပင်ဖြစ်သည်။

စွမ်းဆောင်ရည်ပြည့်ဝသူသည် အသိပညာစွမ်းရှိလာလျှင် လုပ်ငန်းအောင်မြင်မှုကို အမြင့်ဆုံးအထိ ရောက်နိုင်စေရန် ဆောင်ရွက်လာနိုင်ပေသည်။ ဆုံးရှုံးလျှင်လည်း အနည်းဆုံး ဆုံးရှုံးမှုဖြစ်စေရန် တားဆီးပေးနိုင်သည့် အရည်အချင်းများရှိလာပေသည်။ ပညာအသိ စွမ်းအားကောင်းမှသာ လုပ်ငန်း၏ အနာဂတ်တိုးတက်ရေးကို တည်ဆောက်နိုင်ပေသည်။ လိုသလို ပုံဖော်နိုင်သည်။ နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်ပြည့်ဝလျှင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်ပေမည်။ လုပ်ငန်းအဖွဲ့အစည်းကုမ္ပဏီများတွင် နေ့စဉ် တွေ့ကြုံရမည့် ပြဿနာများ အကျပ်အတည်းများကိုပင် ကောင်းစွာ ဖြေရှင်းနိုင်ပေမည်။

အစိုးရဌာနများ၏ ဝန်ထမ်းများသည်ပင် နိုင်ငံတော်၏ စွမ်းအားအရင်းအမြစ်များဖြစ်သဖြင့် ကျွမ်းကျင်မှုများကို အဆင့်မြှင့်ပေးနေကြသည်။ ဌာနလုပ်ငန်းတစ်ခု၏ ကြံ့ခိုင်မှုကို အားပေးရန် အားနည်းချက်များကိုလည်း ဖယ်ရှားရန် လိုအပ်သည့် ကျွမ်းကျင်မှုများအား ဖွံ့ဖြိုးတိုးတက်စေရန် အနာဂတ်အခွင့်အလမ်းကောင်းများကို ရယူနိုင်ရန် ရည်ရွယ်ချက်များထားရှိ၍ သင်တန်းပေးနေကြသည်။ သင်တန်းများပေးသဖြင့် နည်းပညာများ တိုးတက်ကောင်းမွန်စေခြင်း၊ ပြည်သူနှင့် ဆက်သွယ်ဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အနာဂတ် စိန်ခေါ်မှုများကို အောင်မြင်စွာ ရင်ဆိုင်နိုင်ရန် ကျွမ်းကျင်မှု သင်တန်းပေးခြင်း ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကိုပင် ပြန်လည်သုံးသပ်ခြင်းနှင့် အဆင့်မြှင့်ပေးခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက် ရှိပေသည်။

ကျွမ်းကျင်မှု ဖွံ့ဖြိုးမှုသင်တန်းများပေးလျှင် ငွေကြေး အကုန်အကျရှိမည်ဖြစ်ပါသည်။ သင်တန်းမပေးဘဲ လုပ်ငန်းကိုပင် အတင်းအကျပ် ဆက်လုပ်လျှင် ပို၍ ဆိုးနိုင်ပါသည်။ (တစ်နည်း) ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုလည်း ပျက်စီးသွားနိုင်သည်။ သင်တန်းဆရာ၊ သင်တန်းအထောက်အကူပစ္စည်းများ၊ အသုံးစရိတ် သင်တန်းကြေး၊ ကျွေးမွေးစရိတ်၊ ခရီးစရိတ်များ ကုန်ကျနိုင်ပါသည်။ သင်တန်းတက်သဖြင့် အလုပ်ခွင်တွင် အလုပ်ချိန် ဆုံးရှုံးမှုများကိုလည်း စရိတ်အဖြစ်တွက်ချက်နိုင်ပါသည်။ သင်တန်းပေးပြီးမှ လုပ်ငန်းတွင် ဆက်လက်လုပ်ကိုင် ဆောင်ရွက်သည့် ဝန်ထမ်းများ၏ စွမ်းဆောင်မှုသည် ပိုမိုကောင်းမွန်လာပေမည်။ သင်တန်းမပေးသဖြင့် နစ်နာမှုနှင့် သင်တန်းပေးခြင်းကြောင့် ရရှိလာနိုင်သည့် အကျိုးအမြတ်ကို လေ့လာတွက်ချက်နိုင်သည်။ ဤသဘောတရားသည် အစိုးရအဖွဲ့အစည်းသာမက အရပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများတွင်လည်း လူ့စွမ်းအားများ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ကို ခံယူတတ်ကြရပေမည်။

သာဓကတစ်ခုတင်ပြရလျှင် အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသင်တန်းတစ်ခု တက်ရောက်၍ တတ်မြောက်စေလျှင်ပင် ဌာနအဖွဲ့အစည်း၏ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် လုပ်ငန်းအချင်းချင်းကြား ဆက်သွယ်မှုအခန်းကဏ္ဍတစ်ခု မြှင့်တင်လိုက်သည့် နည်းပညာအခြေခံကောင်း ရပေမည်။ အနည်းဆုံး မိမိလုပ်ငန်းနှင့် ဆက်သွယ်နိုင်သည့် ပြည်တွင်းပြည်ပ စီးပွားရေးနှင့် ဆက်စပ်လုပ်ကိုင်ရာတွင် သတင်းအချက်အလက်များ ရယူဆက်သွယ်နိုင်ခြင်း၊ စုဆောင်းနိုင်ခြင်း၊ နည်းပညာဆိုင်ရာ ဗဟုသုတ အမြဲမပြတ် တိုးတက်ရရှိစေခြင်းဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်ရာရောက်ပေသည်။

လူ့စွမ်းအားများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုလျှင်လည်း နိုင်ငံတော်မှ အသုံးစရိတ်များလည်း ကျခံသုံးစွဲရပေမည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အသုံးစရိတ်များ ပိုမိုသုံးစွဲရပေမည်။ လူငယ်များအတွက် ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များ ပိုမိုလိုအပ်သည်။ သက်ကြီးရွယ်အိုများအတွက်မူ စောင့်ရှောက်ရေးစရိတ်များ၊ လူမှုဖူလုံရေးစရိတ်များ လိုအပ်သည်။ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးခြင်းဖြင့်လည်း လက်ဆင့်ကမ်းနိုင်သည်။(တစ်နည်း) ဘဝအတွေ့အကြုံ၊ လုပ်ငန်းအတွေ့အကြုံ၊ သမိုင်းအတွေ့အကြုံများကို ပေးနိုင်သည်။ လူငယ်များကလည်း သက်ကြီးများ စောင့်ရှောက်ရင်းနှင့်ပင် အမွေကောင်းများကို ရရှိနိုင်သဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် များစွာအသုံးချနိုင်သည့် အခွင့်အရေးများပင်ဖြစ်ပါသည်။ (၆၇) နှစ်မြောက် ဗိုလ်ရှုသဘင်အခမ်းအနားမှ ယင်းမြင်ကွင်းများကို တွေ့ရသည်။ လူငယ်၊ နိုင်ငံ့ဝန်ထမ်း၊ ကာကွယ်စောင့်ရှောက်သူများ၊ အသင်းအဖွဲ့များ၊ သက်ကြီးရွယ်အို၊ အုပ်ချုပ်သည့် အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ် တိုင်းရင်းသားစုံ ညီအစ်ကိုမောင်နှမများ ပါဝင်ခင်းကျင်းပြသည့် အခမ်းအနားကို အဝိပ္ပာယ်ရှိစွာ ဖော်ထုတ်ကြည့်နိုင်ပါသည်။

# ကျောင်းသားတွေ ဖြေပါ

ကျော်ခန့်



**အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြနေသော ကျောင်းသားခေါင်းဆောင်များအား စုံစုံညီညီတွေ့ရစဉ်။**

ဓာတ်ပုံ-ဒီဇီ

ကျောင်းသားလူငယ်တွေကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ဘယ်လိုရှုမြင်ကြသလဲ။ ဒီနေရာမှာ လူ့အဖွဲ့အစည်းဆိုတဲ့နေရာမှာ ဘာပဲ လုပ်လုပ် အများတကာ မေးငေါ့ခံရလေ့ရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေလည်း ပါဝင်ပါတယ်။

ကျောင်းသားလူငယ်တွေအပေါ်ကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ရှုမြင်ပုံက မိဘက သားသမီးကို ရှုမြင်ပုံမျိုး၊ အစဉ်အလာအရ ဆရာတွေ၊ ဆရာမတွေက သူတို့ရဲ့စာသင်ခန်းမှာ ကျိုးကျိုးနွံနွံ ပညာသင်နေတဲ့ ကျောင်းသားတွေကို ရှုမြင်ပုံမျိုးထက် မပိုလောက်ဘူးလို့ ယေဘုယျ သတ်မှတ်နိုင်တယ်။

ဒီလို ရှုမြင်ပုံမျိုးကလည်း အစဉ်အလာအရ ဖြတ်သန်းလာခဲ့ရတဲ့ ပညာရေးအဆောက်အဦရဲ့ လည်ပတ်မှု၊ လူမှုရေးအဆောက်အဦရဲ့ လည်ပတ်မှု၊ နိုင်ငံရေးအဆောက်အဦ လည်ပတ်မှုတွေရဲ့ပုံသွင်းမှုတွေကြောင့်ပဲ ဆိုတာကလည်း မငြင်းနိုင်ဘူး။

မနှစ်က (၂၀၁၄ ခုနှစ်) နိုဝင်ဘာလ ၁၇ ရက်မှာ ကျောင်းသားအဖွဲ့အစည်းတွေက လက်ရှိမှာ အလွှတ်တရာအငြင်းပွားဖွယ်ဖြစ်နေတဲ့အမျိုးသား ပညာရေးဥပဒေနဲ့ပတ်သက်လို့ အာဏာပိုင်တွေကို ရက်ပေါင်း ၆၀ အတွင်း အကြောင်းပြန်ဖို့ ရာဇသံ ပေးခဲ့ပါတယ်။ ထုံးစံအတိုင်း ထူးမခြားနားဆိုသလို ရက်ပေါင်း ၆၀ အတွင်း အာဏာပိုင်တွေဘက်က ဘာမှ တုံ့ပြန်မှု မလာပါဘူး။

ရက်ပေါင်း ၆၀ အလွန်မှာတော့ ကျောင်းသားအဖွဲ့အစည်းတွေကလည်း ပြောထားတဲ့ ကတိအတိုင်း စတင် လုပ်ဆောင်ပါတော့တယ်။ အဲဒီတော့မှ အာဏာပိုင်တွေလည်း တရေးနိုးလာတဲ့ပုံပါပဲ။

ကြည့်ရတာ အာဏာပိုင်တွေရဲ့ အမြင်မှာ ဒီလိုပညာရေးအတွက် သီးသန့်တောင်းဆိုလှုပ်ရှားလို့ ရှုမြင်ရင် အဲဒီလောက်အထိ ဂရုဓမ္မပြုချင်မှ ပြုပါလိမ့်မယ်။ ဒါပေမယ့် ကျောင်းသားတွေရဲ့ သပိတ်လှုပ်ရှားမှုက နိုင်ငံရေးအရှိန် ခပ်ကြမ်းကြမ်းပါလာတယ်လို့ ရှုမြင်တဲ့အခါကျမှ စတင်ပြီး အရေးတယူလုပ်လာတာကို တွေ့ရပါတယ်။

ဒီနိုင်ငံရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ကျောင်းသားလူငယ်တွေ ပါလာရင် ဒါမှမဟုတ် ကျောင်းသားလူငယ်တွေက စတင်လှုံ့ဆော်ရင် အတော်လေးကို သတိထားရတဲ့ အစဉ်အလာက ရှိလေတော့ ကျောင်းသားလူငယ်တွေ ဘာပဲလုပ်လုပ် အာဏာပိုင်တွေအနေနဲ့ Stand by ဖြစ်နေရတာ၊ Alert ဖြစ်နေရတာက ခပ်များများပါပဲ။

အရင်တုန်းက ကျောင်းသားတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေတိုင်းမှာ ဖြစ်ပေါ်စေတဲ့ တွန်းအားအရင်းခံ၊ ရည်ရွယ်ချက်တွေရှိခဲ့တယ်။ ကိုလိုနီခေတ်မှာ ကျောင်းသားသပိတ်တွေ ထတော့ အဓိကလက်သည်က ကျွန်ပညာရေး အလိုမရှိဆိုတဲ့ ဦးတည်ချက်။ လွတ်လပ်ပြီးခေတ် ဦးနေဝင်းတို့ အုပ်စိုးစဉ်ကလည်း ၇၄၊ ၇၅၊ ၇၆ ကျောင်းသားအရေးတွေဆိုရင် ဦးသန့်ရုပ်ကလာပ်၊ သခင်ကိုယ်တော်မှိုင်းရာပြည့်၊ သူတို့ လေးစားကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေကို ထိုက်ထိုက်တန်တန် လေးစားဂုဏ်ပြုလိုတဲ့ အရင်းကို ခံလို့ စတင်ဖြစ်ပွားရခြင်း ဖြစ်ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံဟာလည်း ကျောင်းသားလူငယ်တွေက နေစခဲ့တယ်လို့ ဆိုရမှာပါ။

ကျွန်တော်တို့ ကျောင်းသားလူငယ်တွေရဲ့ သပိတ်လှုပ်ရှားမှုကို ဘယ်လို သဘောထားကြသလဲ။

စတန့်ထွင်တယ်လို့မြင်ကြတဲ့သူတွေရှိတယ်။ မြှောက်ထိုးပင့်ကော်တဲ့ သူတွေကြောင့် ဒီလိုဖြစ်လာတယ်လို့ ထင်မြင်တဲ့သူတွေ ရှိတယ်။ သွေးကြွတဲ့အရွယ်မို့ လုပ်မိလုပ်ရာ လုပ်တယ်လို့ သတ်မှတ်တဲ့ သူတွေလည်း ရှိတယ်။ ဘယ်လိုပဲ ထင်ထင် နိုင်ငံရဲ့ မျိုးဆက်သစ်တွေအတွက် အရေးပါဆုံးဖြစ်တဲ့ ပညာရေးရဲ့အရေးမို့လို့၊ အမျိုးသားပညာရေးဥပဒေကို ကျိုးကြောင်းကျကျ ဆွေးနွေးခွင့်မရခဲ့လို့၊ ဆွေးနွေးခွင့်ရခဲ့သည့်တိုင်အောင် အပြည့်အဝ စိတ်ကျေနပ်အောင် ဆွေးနွေးခွင့်မရခဲ့တဲ့အတွက်ကြောင့်၊ ဒါ့အပြင် ရေးဆွဲပြဋ္ဌာန်းလိုက်တဲ့ ပညာရေးဥပဒေကလည်း နိုင်ငံရေးအသိနိုးကြားမှုရှိတဲ့ ကျောင်းသားလူငယ်တွေအချို့ ဦးဆောင်ပြီး လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်ပြရတာပဲ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် ကျောင်းသားလူငယ်တွေ ဦးဆောင်လှုပ်ရှားခဲ့တဲ့ လှုပ်ရှားမှုတိုင်းမှာ တိကျပြတ်သားတဲ့ ဦးတည်ချက်၊ တောင်းဆိုချက်တွေ ရှိခဲ့သလို၊ ကျွဲကူးရေပါဆိုသလို ဒီလိုလှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြတဲ့ ကျောင်းသားလူငယ်တွေအပေါ်မှာလည်း လက်ဝဲ အိုင်ဒီယိုလော်ဂျီဩဇာက အတော်ကို လွှမ်းခဲ့တယ်ဆိုတာကလည်း ငြင်းမရနိုင်သလို၊ ဝေလေလေ ကျောင်းသားအချို့လည်း ပါဝင်တတ်တယ်ဆိုတာကို ငြင်းမရနိုင်ပါဘူး။

အမျိုးသားပညာရေးဥပဒေမှာ ဘယ်လိုပြစ်ချက်၊ အားနည်းချက်တွေ ရှိနေသလဲ။ ဗဟိုချုပ်ကိုင်မှုကများနေတယ်။ ပညာရေး လွတ်လပ်ခွင့်မရှိဘူးဆိုတဲ့ အချက်တွေက ထင်သာမြင်သာအရှိဆုံး အကြောင်းပြချက်တွေပဲဖြစ်ပါတယ်။ လွတ်လပ်တဲ့ အကယ်ဒမီပညာရေးဆိုတာကလည်း ခြောက်ပြစ်ကင်း သဲလဲစင်တဲ့ ပညာရေးဥပဒေကို ဘက်ပေါင်းစုံက သဘောသွားညီညီ ပြဋ္ဌာန်းနိုင်ဦးတော့ ချက်ချင်းလက်ငင်း အကယ်ဒမီလွတ်လပ်ခွင့်ဆိုတဲ့ ယဉ်ကျေးမှုက ဘွားခနဲ ပေါ်ထွန်းလာမှာ မဟုတ်နိုင်သေးဘူး။

ကျောင်းသားတွေရဲ့ အမျိုးသားပညာရေးဥပဒေလှုပ်ရှားမှု သပိတ်မှာ လက်ဝဲဩဇာမကင်းနိုင်ဘူးလို့ မှတ်ယူတဲ့သူတွေလည်း ရှိတယ်။ တစ်ဖက်ကလည်း အုပ်စိုးသူဘက်က ပယောဂဝင်ပူးလာနိုင်တာ မရှိဘူးလို့လည်း ပြောလို့ မရပြန်ဘူး။

ကိုလိုနီခေတ်မှာ ကျောင်းသားသပိတ် ပေါ်ပေါက်လာရခြင်းက အဓိက ကျွန်ပညာရေးစနစ်ကို တိုက်ဖျက်ချင်လို့ပဲလို့ တစ်ကြောင်းတည်း ကောက်ချက်ဆွဲနိုင်တယ်။ ဒီလို သမိုင်းပေးသင်ခန်းစာအရ လက်ရှိလည်ပတ်နေတဲ့ ပညာရေးအဆောက်အအုံတွေကို နိုင်ငံရေးတက်ကြွတဲ့ အမြင်ရှိတဲ့ ကျောင်းသားလူငယ် အများစုက စစ်ကျွန်ပညာရေးစနစ် တစ်ခုလို့ မြင်ပုံရတယ်။ ၉၉ ကြိမ်လောက်ကို အကျေအလည်ဆွေးနွေးငြင်းခုံပြီးမှ ရေးဆွဲပြဋ္ဌာန်းတဲ့ ဒီအမျိုးသားပညာရေးဥပဒေဟာ ဘာကြောင့်များ ပြဿနာတွေ အုံလိုက် ကျင်းလိုက် ဖြစ်ပွားစေတာလဲ။

မြန်မာပြည်ရဲ့ ပညာရေးစနစ်မှာ အဓိကပြုပြင်ပြောင်းလဲရမှာ၊ တည်ဆောက်ယူရမှာက လစ်ဘရယ်ပညာရေးစခန်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ဖို့ပဲ။ တစ်ဖက်ကလည်း ပညာရေးကို နိုင်ငံရေးအသွင် ပုံဖော်မိတာမျိုးမဖြစ်အောင် ရှောင်ကြဉ်နိုင်ဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ လက်ရှိ ပညာရေးစနစ်မှာ လိုအပ်ချက်များစွာ ရှိတယ်၊ နိမ့်ကျတယ်ဆိုတဲ့ အချက်တွေက ထပ်မံအငြင်းပွားစရာ မလိုတော့အောင် လက်ခံရမယ့်ကိစ္စဖြစ်သလို ပညာရေးကို အကြောင်းခံပြီး နိုင်ငံရေးတိုက်ကွက်တွေ ပုံဖော်လာတာကိုလည်း လူထုက လက်ခံဖို့ ဝန်လေးလိမ့်မယ်လို့ ထင်ပါတယ်။ ဒါ့ပြင် အတော် ဝန်လေးစရာကောင်းတာက ကြီးကျယ်ခမ်းနားသလောက်၊ ပေးဆပ်မှု မတန်မဆ စတေးခဲ့ရတဲ့ လူထုလှုပ်ရှားမှုတိုင်းဟာ ကျောင်းသားလူငယ်တွေရဲ့အရေးနဲ့ စတင်လေ့ရှိတယ်ဆိုတာပဲ။ သူတို့လေးတွေရဲ့အရေးဟာ ခလုတ်မောင်းတံတွေ ဖြစ်လေ့ရှိပါတယ်။

ဖေဖော်ဝါရီ လဆန်းပိုင်းမှာ အစိုးရ၊ လွှတ်တော်၊ NNER နဲ့ ဒီမိုကရက်တစ် ပညာရေးလှုပ်ရှားမှုကော်မတီတို့ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ မင်းလောင်းပါတီလို့ တစ်ပြေးနေတဲ့ ဒီချုပ်ပါတီက သူတို့ရဲ့ဗဟိုကော်မတီဝင် ဒေါက်တာသိန်းလွင်အနေနဲ့ NNER ပိုင်းမှာ ပါဝင်လှုပ်ရှားနေတဲ့အချက်နဲ့ စပ်လျဉ်းလို့ ထုတ်ပြန်ကြေညာချက် ထုတ်ခဲ့ပါတယ်။ ဒီထုတ်ပြန်ချက်က လူတော်တော်များများကို နားလည်မှုလွဲစေတယ်။ ဖြစ်နိုင်ခြေရှိတာက ဒီအမျိုးသားပညာရေး ဥပဒေဆိုင်ရာ လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲမှာ ပါတီအရောင်တွေ ကင်းပတယ်လို့ ပြယုဂ်တစ်ခုကို ပြသချင်လို့လား။

၁။ မြန်မာ့ ပညာရေးစနစ်ဟာ နိမ့်ကျတယ်။ ဗဟိုချုပ်ကိုင်မှုများတယ်။ ဒါကို မငြင်းဘူး။ ဒီတော့ ကျွန်တော်တို့ဆီမှာ လိုအပ်နေတာ လစ်ဘရယ်ပညာရေး။ ဒီပညာရေးက ကိုယ်လိုချင်တဲ့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းနိုင်ရုံမရဘူး။ ပညာရေးစနစ်ကောင်းတစ်ခု ထူထောင်ဖို့ဆိုတာက ယဉ်ကျေးမှုတစ်ခုကို ထူထောင်ရသလို နှစ်ကာလများစွာ တည်ထောင်ရတဲ့အရေးပါ။

၂။ ပညာရေးကို နိုင်ငံရေးနဲ့ ရောယှက်ပုံဖော်တာမျိုးဟာ သိပ်ကို မျက်စိနောက်ဖို့ ကောင်းပါတယ်။

၃။ ဒိုင်ယာလော့ခ် ဆွေးနွေးပွဲ ကျောခိုင်းတာ၊ လိုချင်တာကို မတန်မဆတောင်းတာ၊ အတိုးအလျှော့မလုပ်ဘဲ တိုး၊ တိုးပြီး တောင်းဆိုတာတွေဟာ အရင်းပါ ပြုတ်သွားနိုင်မယ့် ကစားကွက်နဲ့ တူပါတယ်။

၄။ ကာလုံ အစည်းအဝေးမှာ သူရဦးရွှေမန်းက ဒီကျောင်းသားသပိတ်အရေးကို ဆွေးနွေးကြတယ်လို့ မီဒီယာတွေ ရှေ့မှာ ပြန်လည်ဖောက်သည်ချတယ်။ ဒီကျောင်းသားသပိတ်က ၂၀၁၅ ရွေးကောက်ပွဲ ဘယ်လောက်အထိ သက်ရောက်သွားနိုင်သလဲ။ ဒီကျောင်းသားသပိတ်အရေးမှာ ဘယ်နိုင်ငံရေးပါတီကရော နိုင်ငံရေး အကျိုးအမြတ်ရအောင် အမြတ်ထုတ်မလဲ။

၅။ နောက်ဆုံးမေးရမှာ ဒီအမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ကြတဲ့ သပိတ်စစ်ကြောင်းက ဒီမိုကရေစီရဲဘော် ကျောင်းသားတွေကို မေးလိုတာက ဘာဆက်လုပ်ကြမှာလဲ။


## ယောကျ်ားများအတွက် သတင်းကောင်း

- ဆီးကျိတ်ရောင်၊ ဆီးကျိတ်ကြီး (အဘိုးကြီးရောဂါ) နှင့် ကျောက်တည်ခြင်း (ဆီးပိုးရောဂါ) ဆီးလမ်းကြောင်း စနစ်ချို့ယွင်းမှု ရောဂါများကို အချိန်တိုအတွင်း သက်သာပျောက်ကင်းလိုသူများ။
- ယောကျ်ားတို့တွင် ရှိအပ်သော တန်ဖိုးမဖြတ်နိုင်သည့် ဒင်ပြည့်ကျပ်ပြည့်ရှိခြင်း၊ ထိန်းအားကောင်းခြင်းနှင့် ပြည့်ဝသည့် စွမ်းအား အရည်အချင်းများကို အချိန်တိုအတွင်း ရရှိပိုင်ဆိုင်လိုသူများကို အစွမ်းထက် သောက်ဆေး၊ လိမ်းဆေးများဖြင့် ကုသပေးပါသည်။

**ယောကျ်ားစွမ်းအားကျရောဂါ အာမခံဖြင့် ကုသပေးသည်။**

**အာယုဗ္ဗေဒဆရာ ဦးထွန်းမြင့်** ဖုန်း – ၀၉ ၇၃၀၀၄၇၉၇၊ ၀၁–၃၇၄၀၀၆
နံနက်(၁၀)နာရီမှ(၁၂)နာရီထိ၊ နေ့လည်(၂)နာရီမှ(၆)နာရီထိ (တနင်္ဂနွေပိတ်သည်)
ပီတိသမဝါယမ အထူးကုဆေးခန်း၊ ၁၄၉/၁၅၁၊ သိမ်ဖြူလမ်းမကြီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ကန်တော်လေးစာတိုက်အနီး။



"ဖုန်းတစ်လုံးရဲ့ တန်ဖိုးထက်ပိုမပေးချင်ဘူးဆိုရင်"
"ပိုနေရင်လာရောင်းပါ" "လိုနေရင် ဖုန်းအသစ်စစ်စစ်နဲ့ လာလဲယူပါ"

## ဦးရွှေအောင်

ဖုန်းနှင့် SIM Card အမျိုးမျိုးရောင်းဝယ်ရေး

- Samsung, Sony, Huawei, HTC, Nokia ဖုန်းများ၏ LCD နှင့် Touch မှန်များ ချက်ချင်းလဲပေးခြင်း
- I Phone 5/5s ဘော်ဒီရွှေရောင်ကာဗာလဲပေးခြင်း
- SIM Card ရောင်းသည် ဝယ်သည် အလိုက်ပေးလဲပေးခြင်း
- WCDMA / CDMA / GSM လိုင်းကဒ်ပျောက်၊ ကဒ်ပျက် ပြန်လျှောက်ပေးခြင်း၊ အင်တာနက်လိုင်းအမြန်လျှောက်ပေးခြင်း၊ Lock ကျနေသော Sim Card များ ပြန်လျှောက်ပေးခြင်း
- နိုင်ငံခြားမှယူလာသော ဖုန်းများအား Network Lock ဖြည်ပေးခြင်း
- Andriod ဖုန်းများ Firmware Version မြှင့်ပေးခြင်း ၊ နိမ့်ပေးခြင်း ၊ iOS ဖုန်းများ Version မြှင့်ပေးခြင်း Jail-Break လုပ်ပေးခြင်း ၊ မြန်မာဖောင့်သွင်းပေးခြင်း
- Huawei / Samsung / Sony / LG အစရှိသောဖုန်းများအား Custom Firmware တင်ပေးခြင်း
- Korea / Docomo ဖုန်းများအား မြန်မာဖောင့်မှန်အောင်သွင်းပေးခြင်း ဖုန်းများ Root ဖောက်ပေးခြင်း၊ MSG ပို့ရအောင်ပြုလုပ်ပေးခြင်း
- Logo ရပ်နေခြင်း ၊ Softbrick ၊ Hardbrick ဖြစ်ခြင်း ၊ Touch မရခြင်း အသံမကြားရခြင်း ၊ ပါဝါမနိုးချင်းတို့ ကို အမြန်ဆုံး ပြုပြင်ပေးခြင်း
- လူကြီးတို့ ထံတွင်ပိုနေသော Andriod / iOS Device များကို ဈေးကောင်းပေးဝယ်ခြင်း ၊ အလိုက်ပေး လဲပေးခြင်း
- ဖုန်းများပြင်ရာတွင် တန်ရာတန်ကြေးယူပါသည်။ သို့သော် အကြံအဖန်လုပ်ခြင်း၊ ပစ္စည်းများလဲယူခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်းများ မလုပ်ပါ။

အမှတ် (၅၀) ဗိုလ်ဆွန်ပက်အောက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
09-73114727, 09-5090739, 09-73223316, 09-49571722

# နေ့တိုင်း သောင်းကျော်ဝင်ပေမယ့် ထောင်ဂဏန်းတောင် ပုံမှန် မစုနိုင်ဘူး

ဟန်နီ



ဓာတ်ပုံ-ဟန်နီ

နေ့စဉ် ဝင်ငွေ သောင်းဂဏန်းကျော် ဝင်နေသော်လည်း ထောင်ဂဏန်းခန့်ပင် ပုံမှန်မစုနိုင်ကြောင်း မဟာဗန္ဓုလလမ်းနဲ့ ၃၉ လမ်းထောင့်မှာ တစ်ပိုင်တစ်နိုင် အလှမွေးငါး ရောင်းချနေသူ ကိုမျိုးခိုင်က ပြောပါတယ်။

''အရောင်းအဝယ်က နေ့တိုင်း ပုံမှန်တော့ ရှိပါတယ်။ ရောင်းကောင်းတဲ့ နေ့တွေလည်း ရှိပါတယ်။ တစ်နေ့ကို ပုံမှန်တော့ ၁၀,၀၀၀ ဝန်းကျင်လောက် မြတ်ပါတယ်။ မြတ်ပေမယ့် ကျွန်တော့ အမျိုးသမီးက လခစားဝန်ထမ်းပါ။ ကျွန်တော်တို့နှစ်ယောက် ရှာတာတောင် တစ်နေ့ကို ထောင်ဂဏန်းလောက် နေ့တိုင်း မစုနိုင်ဘူး ဖြစ်နေတယ်''လို့ သူက ပြောပါတယ်။

မိသားစုဝင် ငါးဦးမှာ နှစ်ဦးက ဝင်ငွေရှိသော်လည်း ငွေပိုစုနိုင်တဲ့ အဆင့်ကို မရောက်သေးကြောင်း ညည်းတွားနေတဲ့ သူ့ရဲ့ အသံမှာ နေ့စဉ်ငွေရှာနေရသူများရဲ့ သောကကို ပုံဖော်နေပါတယ်။

''ကလေးသုံးဦးစလုံးက ကျောင်းသားတွေချည်းပဲ။ တစ်နေ့ကို အိမ်စရိတ်က အနည်းဆုံး ကျပ် ၅,၀၀၀ လောက်ပေးမှ အဆင်ပြေတယ်။ ဒါက ကလေးမုန့်ဖိုးတို့၊ တခြားလူမှုရေး အသုံးပြုတဲ့ စရိတ်တွေ မပါသေးဘူး။ ကလေးမုန့်ဖိုးက သပ်သပ်ထပ်ပေးရတယ်။ ဒီလိုသုံးတာတောင် ကျပ်တဲ့လတွေ ရှိသေးတယ်'' လို့ ကိုမျိုးခိုင်က ပြောပါတယ်။

မိဘအိမ်မှာ စုစည်းနေထိုင်ရတဲ့အတွက် အိမ်ငှားခ ကုန်ကျစရိတ် မရှိပေမယ့်လည်း ကျောင်းသားများအတွက် နေ့စဉ်ကုန်ကျစရိတ်မှာ ခေါင်းခဲရသော ပြဿနာတစ်ရပ်ဖြစ်နေတဲ့အကြောင်း အခြေခံလူတန်းစားတို့ရဲ့ ပညာတတ်မြောက်ရေးလမ်းစဉ်မှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို သူက ဆိုညည်းပြောဆိုပါတယ်။

''တစ်နေ့ ကျပ် ၂,၀၀၀ လောက်တော့ အတတ်နိုင်ဆုံး စုဖြစ်အောင် လုပ်ပေမယ့် ပုံမှန်မစုနိုင်ဘူး။ တစ်ခါတလေတော့ ကျပ် ၅၀,၀၀၀ လောက် စုမိတဲ့ အချိန်တွေတော့ ရှိတာပေါ့။ ဒါပေမယ့် အဲဒီပိုငွေကလည်း ခေါင်းစဉ် အမျိုးမျိုးနဲ့ ပြန်ကုန်တာပါပဲ''လို့ ဝင်ငွေနဲ့ ထွက်ငွေ မမျှတတဲ့ သောကပုံရိပ်တချို့ကို သူက ထုတ်ဖော်ပြောပါတယ်။

**တစ်နေ့ ကျပ် ၂,၀၀၀ လောက်တော့ အတတ်နိုင်ဆုံး စုဖြစ်အောင် လုပ်ပေမယ့် ပုံမှန် မစုနိုင်ဘူး။ တစ်ခါတလေတော့ ကျပ် ၅၀,၀၀၀ လောက် စုမိတဲ့ အချိန်တွေတော့ ရှိတာပေါ့။ ဒါပေမယ့် အဲဒီပိုငွေကလည်း...**




အလှမွေးငါးဆိုင် ဖွင့်လှစ်ဖို့ ကျပ် ၁၅၀,၀၀၀ ခန့် ရင်းနှီးမြှုပ်နှံထားပြီး ဝါသနာရှင်တိုင်း ဝယ်ယူနိုင်ဖို့ ကျပ် ၁၀၀ မှ စ၍ သောင်းဂဏန်းအထိ တန်ဖိုးရှိတဲ့ အလှမွေးငါးများ ရောင်းချနေပြီး အဲဒီလုပ်ငန်းနဲ့ ဆက်စပ်ပစ္စည်းများဖြစ်တဲ့ ငါးစာ၊ ရေကြည်ဆေး၊ အလှကျောက် စသည်တို့ကိုပါ ရောင်းချနေကြောင်း တွေ့ရပါတယ်။

''ကျွန်တော်တို့ဖောက်သည်တွေက နေရာတိုင်းမှာ အရွယ်စုံရှိတယ်။ ဈေးက အနည်းဆုံး ကျပ် ၁၀၀ အထိ အစားစားရှိတာပေါ့။ ကျပ် ၁,၀၀၀ ကျော်လေးတွေ အဝယ်များတယ်။ တချို့က လာမှာရင်တော့ ၃၅,၀၀၀ တန်အထိ တင်ဖြစ်ပါတယ်။ ငါးက ရွှေပြည်သာတို့၊ လှိုင်သာယာတို့၊ ဒဂုံတို့ဘက်မှာ သွားဝယ်ရတာပေါ့'' လို့ သူ့ရဲ့ လုပ်ငန်းလည်ပတ်မှုပုံစံကို ပြောပါတယ်။

လုပ်ငန်းခွင်တွင်း ကုန်ကျစရိတ် သက်သာစေဖို့ နေ့စဉ် ထမင်းချိုင့်ထည့်တဲ့စနစ်ကို ကျင့်သုံးပေမယ့် အပိုကုန်ကျစရိတ်မှာ ထောင်ဂဏန်းခန့် ရှိနေပြီး အသွားအလာစရိတ်များ၊ ပစ္စည်းအပ်နှံခများပါ ပေါင်းပါက ကျပ် ၃,၀၀၀ ခန့် နေ့စဉ်ကုန်ကျကြောင်း၊ နေ့စဉ် မနက် ၁၁ နာရီမှ ည ၇ နာရီအထိ ကုန်ဆုံးနေရတဲ့ လုပ်ငန်းခွင်တွင်း ရေရှည်လုပ်ကိုင်ဖို့ အခက်အခဲများ ရှိနိုင်ကြောင်းလည်း သူက ပြောပါတယ်။

''နေ့တိုင်း လိုင်းကားနဲ့ ငါးတွေကို ပြန်သယ်ရတယ်။ ဒါတောင် တခြားပစ္စည်းတွေကို နီးစပ်ရာမှာ ပိုက်ဆံပေးပြီး အပ်ထားသေးတယ်။ ဒီအလုပ်က ရေရှည်လုပ်ဖို့တော့ မရည်ရွယ်ထားဘူး။ အသက်ကြီးရင်တော့ ဆိုင်လေးဖွင့်ပြီး ရောင်းချင်တယ်။ လမ်းဘေးမှာ နေပူပူ၊ မိုးရွာရွာ အမြဲထိုင်ရောင်းဖို့ဆိုတာ မလွယ်လောက်ဘူး'' လို့ ကိုယ်ပိုင်ဆိုင်ခန်း ဖွင့်လှစ်နိုင်ခြင်း မရှိသူတို့ရဲ့ အခက်အခဲကို ကိုမျိုးခိုင်က ပြောပါတယ်။

ယခင်က ဆိုင်ခန်းငှားပြီး ဈေးရောင်းဖူးသော်လည်း မြင့်တက်လာတဲ့ ငှားရမ်းခနှုန်းထားများနဲ့ အရောင်းအဝယ်မှာ မျှတခြင်းမရှိတဲ့အတွက် ဆိုင်ခန်းနဲ့ ဈေးရောင်းခြင်းကို စွန့်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောင်းလဲခဲ့တဲ့ လုပ်ငန်းခွင်တစ်ခုအကြောင်း သူက ပြောပါတယ်။

''အရင်က ဆေးရောင်းတယ်။ ဆိုင်ခန်းငှားပြီး အင်္ဂလိပ်ဆေးရောင်းတာပေါ့။ နောက်တော့ ဆိုင်တွေက အများကြီးဖြစ်လာတာကြောင့် အရင်ကလောက် မရောင်းရတော့ဘူး။ ဆိုင်ခန်းခက မြင့်လာတော့ ဆက်မရောင်းဖြစ်တော့ဘူး'' လို့ ကိုမျိုးခိုင်က ပြောပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် ဆိုင်ခန်းနဲ့ ဈေးရောင်းတဲ့ဘဝကို စွန့်လွှတ်ခဲ့ရပေမယ့်လည်း အသက်ကြီးလာပါက ဆိုင်ခန်းလေးတစ်နေရာနဲ့ အရောင်းအဝယ် ပြန်လည်လုပ်ကိုင်လိုကြောင်း ပြန်လည်အသက်သွင်းလိုတဲ့ အိပ်မက်တစ်ခုအကြောင်းကို သူက ပြောပါတယ်။

''ဖြစ်နိုင်ရင်တော့ဗျာ လမ်းဘေးဈေးသည်ဆိုတာထက် ကိုယ်ပိုင်ဆိုင်ခန်းလေးနဲ့ပဲ ရောင်းချင်တာပေါ့''လို့ လမ်းမကြီးထက် လှုပ်ရှားနေတဲ့ ကာလာစုံလူအုပ်ကြီးကို ငေးမောရင်း သူက ရေရွတ်လိုက်ပါတော့တယ်။

My Car

# အခင်းအကျင်းကို ကြိုတင်ပြင်ဆင် စီးတော်ယာဉ်နဲ့ တိုက်ပွဲဝင်




## နေးတာ မြန်တာထက် ဒီကားလေးမောင်းနေရတာကိုပဲ စိတ်က အလိုလိုပျော်နေမိတဲ့အပြင် ...

ဇေယျာလင်း

ကားတွေကို မြန်မြန်မောင်းတတ်တဲ့အပြင် လက်ထဲရောက်လာတဲ့ ကားကိုလည်း ငွေကုန်ကြေးကျ အကုန်ခံပြီး ကားကို စိတ်ကြိုက်ပြင်ဆင်ပြီးမှ စီးတဲ့အကျင့်ရှိတယ်လို့ ပြောလာတဲ့ ညီလေးကတော့ ကောင်းစည်သူ ဖြစ်ပါတယ်။

ပုဂ္ဂလိကကျောင်းတစ်ခုမှာ ပညာရပ်ဆိုင်ရာ ဘာသာရပ်တစ်ခုကို သင်ကြားနေတဲ့အပြင် ပြည်ပနိုင်ငံတစ်ခုခုမှာလည်း ပညာဆက်လက်ဆည်းပူးဖို့ ကြိုးစားနေတဲ့ လူငယ်လေးကတော့ အချိန်ကို တန်ဖိုးရှိရှိ အသုံးချတဲ့အနေနဲ့ အားလပ်ချိန်တွေကို အလဟဿမဖြစ်စေဘဲ ခေတ်ပေါ်အကကိုလည်း သင်နေသူ အသက် ၁၉ နှစ်အရွယ် ဆယ်ကျော်သက်လေးပဲ ဖြစ်ပါတယ်။

ဒီလူငယ်လေးအကြိုက် ကားလေးကတော့ ဂျပန်နိုင်ငံထုတ် Toyota Alphard အဖြူရောင် ၂၀၀၉ မော်ဒယ် ကားလေးဖြစ်ပါတယ်။

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေတဲ့ မိခင်ကို ဒီကားလေးနဲ့ ပုံမှန် အကြိုအပို့ လုပ်ပေးနေသလို ကိုယ်တိုင် ကျောင်းတက်ရင်လည်း ဒီကားလေးကို သုံးရပေမယ့် လက်ဝယ်ရောက်လာတဲ့ ခြောက်လတာကာလအတွင်းမှာလည်း ကားမောင်းတဲ့သူရော စီးတဲ့သူကိုပါ ဒီကားလေးက ကြီးကြီးကျယ်ကျယ် အပျက်အစီး မရှိတဲ့အပြင် လိုရာခရီးကို စိတ်ချမ်းချမ်းသာသာနဲ့ အရောက်ပို့ပေးနိုင်လို့ ဉာဉ်ကောင်းတဲ့ ကားလေးအဖြစ် သူရော မိသားစုတစ်ခုလုံးကပါ ချစ်ကြတယ်လို့ ပြောပြပါတယ်။

လူငယ်တစ်ယောက် ပြည့်စုံတဲ့ မိသားစုတစ်ခုက ဆင်းသက်လာတဲ့ သူပီပီ မဟာရန်ကုန်ရဲ့ ကျပ်တည်းလှတဲ့ ယာဉ်ကြောစနစ်တွေအကြားမှာ လိုရာခရီးရောက်နိုင်ဖို့ မိဘတွေက ဒရိုင်ဘာကို ငှားပေးထားပေမယ့် သူကတော့ ကိုယ်တိုင်မောင်းရမှ ကျေနပ်တဲ့အပြင် ကားစတီယာတိုင်ကို လက်ထဲကိုင်ပြီးမောင်းရတဲ့ ခံစားမှုကို ကျေနပ်ပျော်ရွှင်တဲ့စိတ်ကြောင့် အများအားဖြင့် ဒရိုင်ဘာကို ဘေးမှာပဲ ထိုင်ခိုင်းတာများပြီး ကိုယ်တိုင်ကြိုတတ်တယ်လို့ ဆိုပါတယ်။

ခေတ်မီတဲ့ ABS (Antilock Brake System)၊ ညာဘက်မှာ တပ်ထားတဲ့ သပ်ရပ်လှပတဲ့ ပါဝါစတီယာတိုင်၊ ပါဝါဝင်းဒိုး၊ လေအေးပေးစနစ်၊ နေရောင်ခြည်ကိုကာကွယ်နိုင်တဲ့ UV Glass တွေအပြင် လူငယ်အကြိုက် Sound System တွေကလည်း လူငယ်တွေကို စွဲမက်စေတဲ့အပြင် ဆန်းပြားတဲ့ လေအိတ်စနစ်တွေကြောင့်လည်း မောင်းရတဲ့အခါ လုံခြုံစိတ်ချမှု ရှိစေပေမယ့် ကားချစ်သူတစ်ယောက်ဖြစ်တဲ့ ညီငယ်ကောင်းစည်သူအတွက်ကတော့ မကျေနပ်နိုင်သေးဘူးလို့ ဆိုပါတယ်။

ပုံမှန် ဘယ်ဘက်တံခါးတစ်ချပ်သာ အဖွင့်အပိတ်လျှောလမ်းနဲ့ နောက်ခန်းကို ဖွင့်လို့ရတဲ့ ၂၀၀၉ မော်ဒယ် Alphard ကားလေးကို လွတ်လွတ်လပ်လပ်နဲ့ ကျယ်ကျယ်ဝန်းဝန်းကြိုက်တဲ့ လူငယ်တစ်ယောက်ပီပီ ညာဘက်တစ်ခါးတစ်ချပ်ပါ ထပ်ဖွင့်နိုင်အောင် အဆင့်မြင့်ဝပ်ရှော့တွေမှာ ငွေကုန်၊ အချိန်ကုန် ပြင်ဆင်ခဲ့ရတယ်လို့ ပြောပြပါတယ်။

ကားတွေကို ထည်လဲစီးနိုင်ပြီး မောင်းခဲ့ဖူးသမျှ ကားတွေထဲမှာတော့ manual gear တပ်ထားတဲ့ ကားတွေကို Automatic Transmission တပ် ကားတွေလောက် မကြိုက်ဘူးလို့ ပြောပြပါတယ်။

''ကျွန်တော်က speed မြန်မြန်နဲ့ မောင်းတတ်တဲ့အပြင် လက်ထိုးဂီယာနဲ့ ကားဆိုရင် ဂီယာနံပါတ် ၃ ကနေ ၅ ဆီကို မကြာခဏ မှားမှားပြီး ထိုးတတ်တဲ့ အကျင့်ရှိသလို manual gear က နည်းနည်းအာရုံနောက်တယ်။ အော်တိုဂီယာကျတော့ D ကို ထိုးထားရင် ထွက်လို့ရပြီလို့ ပြောပြပါတယ်။

သူ့ဘဝမှာ ကားပေါင်းစုံကို မောင်းဖူးပေမယ့် သူ့အကြိုက်ဆုံး ကားလေးတွေကတော့ လူငယ်အကြိုက် Prado နဲ့ အခုစီးနေတဲ့ Alphard ကိုပဲ ကြိုက်ပါတယ်တဲ့။ ကြိုက်ရတဲ့အကြောင်းရင်းကလည်း ဒီကားနှစ်စီးက သက်သောင့်သက်သာရှိတဲ့အပြင် လီဗာကို ခပ်ပြင်းပြင်းနင်းတတ်တဲ့ သူ့အတွက်လည်း လိုသလောက် အရှိန်ကို မြှင့်တင်ပေးနိုင်တဲ့ အင်ဂျင်ပါဝါကို အားမြှင့်ပေးနိုင်တဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။

မြန်မာပြည်မှာ တစ်ချိန်က နာမည်ကြီးခဲ့ပြီး အခုအချိန်အထိ လမ်းမတွေပေါ်မှာ အသုံးဝင်နေဆဲဖြစ်တဲ့ ချယ်ရီ QQ3 ကားလေးနဲ့ ပတ်သက်ပြီး ကားမောင်းတတ်ခဲ့ရပေမယ့် ကားက ငယ်တဲ့အပြင် လက်ထိုးဂီယာနဲ့ ဖြစ်တဲ့အတွက် စိတ်သွားတိုင်း ကိုယ်ပါတဲ့ အခြေအနေနဲ့ ကျေနပ်မှုကို မရခဲ့တဲ့အပြင် ပင်ကိုစိတ်အခံအရလည်း ဂီယာငါးချက် 5 speed တွေကို တစ်ခုနဲ့တစ်ခု အချိန်းအပြောင်းလုပ်ရင် နည်းနည်းတော့ အာရုံများတယ်လို့ ပြောပြပါတယ်။

အင်ဂျင်ပါဝါ ၃၀၀၀ စီစီ ရှိတဲ့ အင်အားကောင်းတဲ့ ကားလေးကို ပိုင်ဆိုင်ထားတဲ့ ညီငယ်လေးကတော့ မိသားစုကိစ္စတွေနဲ့ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြင်ဦးလွင်ကို အမြန်လမ်းကနေ မကြာခဏ ခရီးထွက်တတ်သလို အနည်းဆုံး အမြန်လမ်းမပေါ်မှာ ကီလိုမီတာ ၁၅၀ လောက်အထိ မောင်းတတ်ပေမယ့် ကားလေးမှာပါတဲ့ ရှော့ဘားစနစ်တွေကြောင့် ကားလူးတာ၊ ယိမ်းတာ၊ နွဲ့တာ မရှိပါဘူးလို့ ဆိုပါတယ်။

လူငယ်တစ်ယောက်ဖြစ်ပေမယ့် ကားပြိုင်မောင်းတာတို့၊ ပြိုင်ကားတွေမှာ စီးပြီး တစ်စီးနဲ့တစ်စီး ပြိုင်တတ်တဲ့စိတ် မရှိတဲ့အပြင် စည်းစနစ်ကျတဲ့ ဖခင်ဖြစ်သူရဲ့ သွန်သင်ဆုံးမမှုကြောင့်လည်း အေးအေးဆေးဆေး သီချင်းလေးနားထောင်၊ အဲကွန်းလေးဖွင့်ပြီး မောင်းတတ်တဲ့အကျင့်လေး လုပ်ထားတယ်လို့ ပြောပါတယ်။

''ကားနေးတာ မြန်တာထက် ဒီကားလေးကို မောင်းနေရတာကိုပဲ စိတ်က အလိုလိုပျော်နေမိတဲ့အပြင် ကားမောင်းနေရတာကိုပဲ Crazy ဖြစ်နေမိတယ်'' လို့ ဒီကားလေးအပေါ်မှာထားတဲ့ သူ့ရဲ့ စိတ်ခံစားချက်ကို ပြောပြပါတယ်။

သူဖြစ်ချင်တဲ့ အိပ်မက်ကလေးကတော့ ကားလေးပေါ်မှာ သူ့ချစ်သူကောင်မလေးနဲ့ မြန်မာနိုင်ငံအနှံ့ ကားလျှောက်မောင်းချင်တဲ့ စိတ်ကလေး ရင်ထဲမှာ အမြဲရှိပေမယ့် လက်တွေ့တော့ မဖြစ်သေးဘူးလို့ ပြောပြပါတယ်။

## မူဝါဒအပြောင်းအလဲများကြောင့် ကားဈေးနှုန်း ထပ်မံကျဆင်းရန် ဖြစ်နိုင်ခြေမရှိ

ဇေယျာလင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စတင်၍ ယာဉ်အိုယာဉ်ဟောင်းအဖြစ်အပ်နှံမည့် ကားဟောင်းများအပေါ်တွင် အခွန်သက်သာခွင့် မရှိခြင်း၊ တစ်ဦးချင်းပါမစ်ဖြင့် တင်သွင်းမည့်ယာဉ်များ (ရန်ကုန်တိုင်းဒေသကြီးအတွင်း အသုံးပြုမည့်ယာဉ်များ) အတွက် ကားပါကင် ထောက်ခံချက် လိုအပ်လာခြင်း စသည်တို့ကြောင့် လက်ရှိဈေးကွက်အတွင်းရှိ ကားများ၏ ဈေးနှုန်းများ ထပ်မံကျဆင်းရန် ဖြစ်နိုင်ခြေမရှိဟု မော်တော်ယာဉ်ဈေးကွက်မှ သတင်းရရှိသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလနောက်ဆုံးပတ်အထိ ယာဉ်အိုယာဉ်ဟောင်းအပ်နှံကားများအတွက် ကားပြန်လည်တင်သွင်းချိန်ကိုယခုနှစ်မတ်လကုန်အထိသာ ခွင့်ပြုခဲ့သည်။ ထိုသို့အပ်နှံရာတွင် အက္ခရာအလိုက်၊ နှစ်အလိုက် အခွန်သက်သာခွင့်များ ပြုထားခဲ့သော်လည်း ဇန်နဝါရီလ ၁ ရက် နောက်ပိုင်းတွင်မှ အသစ်အပ်နှံမည့်ယာဉ်အိုယာဉ်ဟောင်းကားများအတွက်ကိုမူ အခွန်သက်သာခွင့် မရှိတော့ခြင်း၊ ၂၀၁၀ မော်ဒယ်အထက် ယာဉ်များအတွက် ကားပါကင်ထောက်ခံချက်များ လိုအပ်ခြင်း စသည်တို့ကြောင့် ကုန်ကျစရိတ်များ ပိုမိုများပြားလာလျက်ရှိရာ ကားဈေးနှုန်းများ ထပ်မံကျဆင်းရန် ခက်ခဲစေသည်။

''၂၀၁၅ မတ်လကုန်ကျရင် စလစ်အဟောင်းတွေက ပြီးသွားပြီ။ စလစ်သစ်တွေကို အရင်က ရခဲ့တဲ့ ၄၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်း ခံစားခွင့်တွေက မရတော့တဲ့အတွက် အခွန်ဆောင်တာ ပိုများလာလို့ အသစ်သွင်းလာတဲ့ ကားဈေးက မြောက်လာတယ်။ စလစ်မကပ်တဲ့ ၂၀၁၀ အထက်ကားတွေက ပါကင်ထောက်ခံချက် လိုလာတဲ့အတွက် ကိုယ့်မှာ ပြစရာပါကင် ရှိရင်ရှိ မရှိရင် ငှားရမှာဖြစ်လို့ ကုန်ကျစရိတ်က ပိုများလာတယ်'' ဟု မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက The Trade Times နှင့် တွေ့ဆုံစဉ် ပြောသည်။

> “ကုန်ကျစရိတ်ပိုများလာလို့ ဈေးတက်ဦးမယ်ထင်ပြီး စွတ်ဝယ်ထားလို့ မဖြစ်သလို ကျမလားဆိုတော့လည်း ကျရိပ်က အခုထက်ထိ . . .
>
> - ဒေါက်တာစိုးထွန်း

အခွန်သက်သာခွင့်များ မရရှိတော့သဖြင့် တင်သွင်းလာသည့်ကားသစ်များအနေဖြင့် ကုန်ကျစရိတ်များ ပိုမိုများပြားသည့်အပြင် တစ်ဦးချင်းပါမစ်ဖြင့် တင်သွင်းလာသည့် ၂၀၁၀ မော်ဒယ်ကားများအတွက် ကားပါကင်ထောက်ခံချက် လိုအပ်သဖြင့် ဈေးကွက်အတွင်း ကားပါကင် ရရှိရန် ဝန်ဆောင်မှုပေးသူများမှတစ်ဆင့် မှတ်ပုံတင်အငှား၊ သန်းခေါင်စာရင်းအငှားဖြင့် ကားပါကင်ရှိကြောင်း ပြသရသည့်အတွက် သီးသန့်ဈေးကွက်တစ်ခု ဖြစ်ပေါ်နေလျက်ရှိကြောင်း၊ ကားပါကင်တစ်ခုပြသနိုင်ရန် (စာရွက်စာတမ်း အပြီးအစီးအထိ) အနည်းဆုံး ကျပ် ၃၀၀,၀၀၀ မှ ကျပ် ၄၀၀,၀၀၀ အထိ ကုန်ကျစရိတ်ရှိကြောင်း ကားဝယ်ရောင်းများထံမှ သိရသည်။

''ကားပါကင် လက်မှတ်တစ်ခုကို အပြီးအစီး ၄၅၀,၀၀၀ တောင်းတယ်။ လက်မှတ်ထိုးတာတွေ၊ မြေရှင်ပေးရတာတွေနဲ့ဆို ကိုယ့်အတွက် သိပ်မကျန်တဲ့အပြင် စာရွက်စာတမ်းအဆင့်ဆင့်၊ ဟိုရုံးပြေးရ၊ ဒီရုံးပြေးရနဲ့ဆိုတော့ ကားတင်သွင်းတဲ့သူတွေက အပ်တာများတယ်။ သူတို့ကလည်း သွင်းလာတဲ့ကား ဈေးတင်လိုက်ရုံပဲရှိတယ်'' ဟု ကားပါကင်လက်မှတ် အကျိုးဆောင်ပေးနေသူ ကားဝယ်ရောင်း ကိုသာထွန်းက ပြောသည်။

ကားပါကင် လက်မှတ်တစ်ခု ရရှိရန်အတွက်လည်း မြေပိုင်ရှင်ထံမှ မှတ်ပုံတင်၊ သန်းခေါင်စာရင်း ငှားရမ်းခ၊ နေထိုင်သည့် ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့လိုအပ်သည့်အပြင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့များထံမှ ထောက်ခံချက်အဆင့်ဆင့် ရရှိရန် ဆောင်ရွက်ရသည့်အတွက် ယင်းကိစ္စရပ်များအတွက် ဝန်ဆောင်မှုပေးသည့် ဈေးကွက်သစ်တစ်ရပ် ဖြစ်ပေါ်လာကာ ကားတင်သွင်းမှုတွင်လည်း ယခင်ကထက် ကုန်ကျစရိတ် ပိုမိုများပြားလာသည်။

''ကားဈေးက သတိထားရမယ်။ ကုန်ကျစရိတ် ပိုများလာလို့ ဈေးတက်ဦးမယ်ထင်ပြီး စွတ်ဝယ်ထားလို့ မဖြစ်သလို ကျမလားဆိုတော့လည်း ကျရိပ်က အခုထက်ထိ မမြင်ဘူး။ ၂၀၁၅ က ကားလုပ်မယ့်သူတွေ သတိထားရမယ့်နှစ် ဖြစ်တယ်'' ဟု ဒေါက်တာစိုးထွန်းက ပြောသည်။




ဓာတ်ပုံ - ဘဦး(မန်း)

ဧရာဝတီမြစ်အတွင်း တရားမဝင်ကုန်ပစ္စည်းများအား ဖမ်းဆီးအရေးယူရန် တာဝန်ထမ်းဆောင်နေသော Mobile Team အဖွဲ့အား တွေ့ရစဉ်။

# မန်းဆိပ်ကမ်းတွင် သုံးလအတွင်း တရားမဝင်ကုန်စည် ကျပ်သိန်းပေါင်း ၁,၃၈၀ ကျော်ဖိုး ဖမ်းဆီးရမိ

ဘဦး (မန်း)

တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးအဖွဲ့ Mobile Team မှ ဧရာဝတီမြစ် မန္တလေးဆိပ်ကမ်းများတွင် စစ်ဆေး အရေးယူလျက်ရှိရာ သုံးလအတွင်း ကျပ်သိန်း ၁,၈၀၀ ကျော်ဖိုးရှိ တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ကာ ဧရာဝတီမြစ်ကြောင်း တစ်လျှောက် မန္တလေးဆိပ်ကမ်းများတွင် ဖမ်းဆီးအရေးယူမှုများကိုစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်အထိ ခန့်မှန်းတန်ဖိုး ကျပ် ၁,၃၈၁ သိန်းကျော်ဖိုး ဖမ်းဆီးရရှိခြင်းဖြစ်သည်။

''ရေကြောင်းနဲ့ လေကြောင်းကနေ တရားမဝင် သယ်ဆောင်လာတဲ့ကုန်စည်တွေကိုဖမ်းဆီး အရေးယူခြင်းကို နိုဝင်ဘာလ ၁ ရက်က စတင်ပါတယ်။ ပထမ တစ်လကို ပညာပေးကာလအနေနဲ့ သတ်မှတ်ပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပြီး ဒီဇင်ဘာလ ၁ ရက်က စပြီး အရေးယူမှုတွေ စတင်တာဖြစ်ပါတယ်။ သုံးလအတွင်းမှာ ခန့်မှန်း သိန်း ၁,၈၀၀ ကျော်ဖိုးရှိတဲ့ တရားမဝင်ကုန်စည်တွေကို ဖမ်းဆီးရရှိတာပါ''ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးအဖွဲ့သည် မန္တလေးဆိပ်ကမ်းများဖြစ်သောဂေါဝိန်၊ မရမ်းခြံ၊ ရွှေကြက်ယက် ဆိပ်ကမ်းတို့တွင် တရားမဝင် ကုန်စည်များကို စစ်ဆေး အရေးယူခြင်းဖြစ်ပြီး စတင် စစ်ဆေးသည့်ပညာပေးကာလမှာပင်ခြောက်ရက်အတွင်း တရားမဝင် ကျွန်းသစ်အပါအဝင် သစ်တောနှင့် သစ်တောထွက်ပစ္စည်း၊ သစ်မျိုးစုံ သယ်ဆောင်သော အမှု ငါးမှုကို ဆက်တိုက်ဖမ်းဆီးရရှိသည်။

ထို့အတူ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်လည်း တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှ စတင်ကာ စစ်ဆေးခဲ့ရာ ကျောက်စိမ်းတုံးများ တစ်မှု ဖမ်းဆီးရရှိခဲ့သော်လည်း လေကြောင်းလမ်းမှ ကုန်စည်စီးဆင်းမှု နည်းပါးခြင်းကြောင့် ဖမ်းဆီးရရှိမှုမှာ နည်းပါးကြောင်း သိရသည်။

''ကုန်စည်ပို့ဆောင်ရာမှာ ရေကြောင်းက ပို့တာများတယ်။ အခုနောက်ပိုင်း Mobile Team က အဖမ်းအဆီးတွေ ရှိလာတော့ ကုန်သဘော်အဝင်နည်းသွားတယ်။ စဖမ်းခါစမှာ သိသာတယ်။ သဘော်အဝင်အထွက် ရှိမှ ကျွန်တော်တို့က အလုပ်ဖြစ်တာလေ။ သဘော်အဝင်နည်းရင် ဝင်ငွေနည်းတာပေါ့။ အခုတော့ ပုံမှန်လောက် ပြန်ဖြစ်နေပါပြီ''ဟု ကုန်တင် ကုန်ချလုပ်သားတစ်ဦးက ပြောသည်။

တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးအဖွဲ့တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူ ရေးရာ ဦးစီးဌာန၊ မြန်မာနိုင်ငံ ရေကြောင်း ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြန်/ဆက်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများမှ ပါဝင် ဖွဲ့စည်းထားကာ မန္တလေးရှိ ရွှေကြက်ယက်၊ ဂေါဝိန်၊ မရမ်းခြံဆိပ်ကမ်းများသို့ ဝင်ထွက်သွားလာနေသော ကုန်သဘော်များကို ၂၄ နာရီစောင့်ကြပ်စစ်ဆေးလျက်ရှိသည်။

# မန်းရေမီတာခွန်များ ဧပြီလ ၁ ရက်မှ စတင်ပြင်ဆင် ကောက်ခံမည်

ဘဦး (မန်း)

မန္တလေးမြို့တွင် ရေပေးဝေရေး ဆိုင်ရာ လုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ရေမီတာခွန်နှုန်းထားများကို ပြင်ဆင်ကောက်ခံသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပေးဝေလျက်ရှိသော ရေမီတာအတွက် အခွန်နှုန်းထားများကို အသုံးပြုမှုအလိုက် ယူနစ်ဖြင့် ပြောင်းလဲ ကောက်ခံရန် စီစဉ်ခြင်း ဖြစ်ပြီး ဧပြီလ ၁ ရက်တွင် စတင်၍ ပြောင်းလဲ ကောက်ခံသွားမည်ဖြစ်သည်။

အလားတူ ကျုံးရေအသုံးပြုခကိုလည်း ယခင်က သုံးလစာအတွက် ကျပ် ၁,၅၀၀ ကောက်ခံရာမှ တိုးမြှင့်ကောက်ခံသွားရန်လည်း စီစဉ်လျက်ရှိသည်။

မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီက ရေခွန်ကောက်ခံသော နှုန်းထားများသည် ရန်ကုန်၊ နေပြည်တော်နှင့် အခြားမြို့နယ်များထက် ပိုမိုသက်သာသော နှုန်းထားများဖြစ်နေပြီး ရေပေးဝေရေးစနစ်ကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုကဲ့သို့ ပြောင်းလဲကောက်ခံရန် စီစဉ်ခြင်းဖြစ်သည်ဟု ဆိုသည်။

လက်ရှိရေခွန်ကောက်ခံရာတွင် သုံးလလျှင် တစ်ကြိမ် ကျပ် ၃,၀၀၀ ခန့်နှုန်းသာ ကောက်ခံနေခြင်းဖြစ်ပြီး ပြောင်းလဲကောက်ခံမည့် နှုန်းထားများကို မတ်လအတွင်း အတည်ပြုသတ်မှတ်ကြေညာသွားမည် ဖြစ်သည်။

''ရေမီတာက အခွန်တိုးမယ်ဆိုတာထက် ပုံမှန်ရေလာဖို့ကလည်း ပိုအရေးကြီးပါတယ်။ အခွန်တွေတော့ ကောက်ပြီး ရေက လိုချင်တဲ့အချိန်မှာ မရနိုင်ဘူးဆိုရင်လည်း အထာမကျသေးဘူး။ ကျွန်တော်တို့ မဟာမြိုင်ဘက်မှာဆိုရင် ရေပေးရေးပိုက်က လာတဲ့ရေတွေ၊ သုံးလို့ မရအောင် ညစ်ပတ်နေတာမျိုးတွေ ကြုံရတယ်။ မီတာရေကိုရေလာတဲ့အချိန် ထိုင်စောင့်ပြီး ဖြည့်ရတယ်။ နေ့ခင်းမှာထက် ညပိုင်းမှာပဲ ရေရတယ်။ ထိုင်စောင့်ပြီး ရေဖြည့်ရတော့ အချိန်လည်းကုန်တယ်။ အခုလို အခွန်တိုးတယ်ဆိုတော့ အခွန်တိုးပြီး ဝန်ဆောင်မှုပိုင်းမှာ မတိုးလာရင်လည်း ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးပဲဖြစ်မှာ''ဟု မဟာမြိုင်ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

မန္တလေးမြို့၌ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် ရေအများဆုံး အသုံးပြုလျက်ရှိပြီး မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်များ အပါအဝင် အိမ်ထောင်စုပေါင်း ၈၃,၀၀၀ က ရေမီတာ သုံးစွဲနေကာ ကျုံးဘေးပတ်လည်ရှိ အိမ်ထောင်စုပေါင်း ၃,၃၀၀ က ကျုံးရေ သုံးစွဲလျက်ရှိသည်။

အခွန်တိုးမြှင့် ပြောင်းလဲကာကောက်ခံပြီး နောက်ပိုင်း၌ ရေမီတာ သုံးသူများထံသို့ အချိန်တိုးမြှင့်၍ ရေဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပြီး မန္တလေးမြို့ရှိ မြို့နယ် ခြောက်မြို့နယ်တွင် လာမည့် ၂၀၂၀ ပြည့်နှစ်၌ ရေပေးဝေစနစ် ၉၅ ရာခိုင်နှုန်း အသုံးပြုနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

# ဘတ်ဂျက်ပေါ်လစီနှင့် ပြည်သူများ၏ ဝယ်ယူ စုဆောင်းနိုင်စွမ်း ချိန်ညှိရန်လို

ထက်မြတ်အောင်

ရသုံးမှန်းခြေ ငွေစာရင်း (ဘတ်ဂျက်)များကို အသုံးပြုမှုခြင်း၊ ချထားခြင်းဆိုင်ရာ မူဝါဒများသည် ပြည်သူလူထု၏ ဝယ်ယူ စုဆောင်းနိုင်စွမ်းနှင့် ချိတ်ဆက်ပြီးမှ ရေးဆွဲသင့်ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေး ကော်မတီဝင် အမျိုးသားစီမံကိန်း ရေးဆွဲရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမျိုးမြင့်က ပြောသည်။

တိုင်းပြည်တွင်ဘတ်ဂျက် သုံးစွဲခြင်းမှာ ပြည်သူလူထု၏ ဝင်ငွေနှင့် စုဆောင်းနိုင်စွမ်းအားများ တက်လာနိုင်သည့် ကဏ္ဍများတွင် သုံးစွဲပေးလျှင်ပြည်သူများထံမှပြန်လည်ရမည့် အခွန်အကောက်များ ရရှိကာ ဘတ်ဂျက်ပိုမိုလာခြင်းကြောင့် ပြည်သူများနှင့် တိုင်းပြည်၏ စီးပွားရေး တိုးတက်လာနိုင်သည့်အတွက် ဘတ်ဂျက်မူဝါဒများသည်ပြည်သူများ၏စုဆောင်းနိုင်စွမ်းနှင့် ချိတ်ဆက်လုပ်ကိုင်မှသာလျှင် မှန်ကန်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခြင်းဖြစ်သည်။

''အခုက အခွန်က ရရှိမှုနည်းနေတော့ ဘတ်ဂျက်လိုငွေတွေပဲဖြစ်နေတယ်။ ဘတ်ဂျက် ပိုပြီးရရှိဖို့ အခွန် ပြုပြင်ပြောင်းလဲရေး လုပ်မယ်ဆိုရင် အရင်ဆုံးလုပ်ရမှာက ပြည်သူတွေရဲ့ ဝင်ငွေတွေ တိုးတက်လာအောင်လုပ်ရမယ်။ ဒါမှ အခွန်တွေ ပိုရလာမယ်။ လက်ရှိအခွန်က မျှတမှုက မျှတမှုမရှိတာကိုလည်း ပြင်ရမယ်''ဟု ဦးမျိုးမြင့်က ပြောသည်။

အစိုးရအနေဖြင့် နှစ်စဉ်ဘတ်ဂျက်လိုငွေပြသည်အထိ ဘတ်ဂျက်များကို များစွာသုံးစွဲသော်လည်းပြည်သူများအတွက်ထူးခြားစွာ ပြောင်းလဲလာခြင်း မရှိမှုကို ဆန်းစစ်သင့်ကြောင်း Emergent Services ကုမ္ပဏီ CEO ဦးမြင့်သောင်းက ပြောသည်။

''ပြည်သူတွေက ဘာတွေလိုချင်တာလဲဆိုတာထက် ဘာတွေ လိုအပ်နေတာလဲ ဆိုတာကို ပိုပြီးတော့ လုပ်ပေးသင့်တယ်''ဟု ဦးမျိုးမြင့်က ပြောသည်။

အစိုးရအနေဖြင့် နှစ်စဉ်လိုအပ်နေသည့် ဘတ်ဂျက်လိုငွေများကို ငွေတိုက်စာချုပ်များအား မည်မျှပမာဏ ရောင်းချပြီး ဖြည့်စည်းနေရသည်ဆိုသည့် အချက်နှင့် ပြည်ပမှ ချေးငွေများ မည်မျှအထိ ယူနေရသည်ဆိုသည်ကို ထုတ်ပြန်ပေးရန် လိုအပ်ကြောင်း စီးပွားရေး ပေါ်လစီ ပညာရှင် ဒေါက်တာအောင်ကိုကိုက ပြောသည်။

## connectivity

# ရွေးမယ် ဝယ်မယ် သုံးစွဲမယ်







ဇင်မာဝင်းစံ

စမတ်ဖုန်းတစ်လုံးဟာ အရည်အသွေးကောင်းမွန်ဖို့ အရေးကြီးသလို လူတန်းစားမရွေး ဝယ်ယူအသုံးပြုနိုင်မယ့် ဈေးနှုန်းမျိုး ရှိဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံလို မိုဘိုင်းလ်ဖုန်းအသုံးပြုမှု ဖွံ့ဖြိုးစနိုင်ငံတစ်ခုမှာ ဖုန်းစတင်အသုံးပြုမယ့် အခြေခံလူတန်းစားအများစုအတွက် သူတို့ရဲ့ ဝင်ငွေနဲ့ သင့်လျော်မယ့် စမတ်ဖုန်း အများအပြား လိုအပ်ပါတယ်။

ယနေ့ခေတ်မှာ စမတ်ဖုန်းထုတ်လုပ်သူတွေက တစ်မျိုးထက်တစ်မျိုး ပိုမိုကောင်းမွန်တဲ့ အရည်အသွေးရရှိအောင် ကြိုးစားလာကြတာကြောင့် ဈေးနှုန်းကလည်း ပိုမိုများပြားလာရပါတယ်။ ဒါပေမယ့်လည်း တချို့သော အမှတ်တံဆိပ်တွေကတော့ ငွေကြေးတတ်နိုင်သူတွေအတွက် အရည်အသွေးနဲ့ ဈေးနှုန်းမြင့်မားတဲ့ စမတ်ဖုန်းတွေ ထုတ်လုပ်သလိုပဲ အခြေခံလူတန်းစားတွေအတွက် အဆင်ပြေစေမယ့် စမတ်ဖုန်းတွေကိုလည်း မကြာခဏဆိုသလို ထုတ်လုပ်နေကြဆဲဖြစ်ပါတယ်။ ဒီလိုအမှတ်တံဆိပ်တွေထဲမှာ Huawei, Samsung နဲ့ HTC တို့လည်း ပါဝင်ပါတယ်။

ပြည်တွင်း မိုဘိုင်းလ်ဖုန်း ဈေးကွက်အတွင်းကို ပစ္စည်းသစ်တွေ ဘယ်လောက်ပဲ ဝင်ရောက်လာသည်ဖြစ်စေ ရွေးချယ်စရာ အမျိုးအစားများပြားခြင်း၊ ဈေးနှုန်းနဲ့ အရည်အသွေး သင့်တင့်ခြင်းတို့ကြောင့် လူကြိုက် အများဆုံးနေရာမှာ ရပ်တည်နေဆဲဖြစ်တဲ့ Huawei, Samsung နဲ့ HTC တို့ဟာ လက်ရှိအနေအထားအရ ဈေးနှုန်းနဲ့ အရည်အသွေးသင့်တင့်တဲ့ စမတ်ဖုန်းတွေကို နောက်ဆုံးထုတ်ကုန်တွေအဖြစ် ထုတ်လုပ်ထားပါတယ်။

ဈေးနှုန်းကို သင့်တင့်အောင် လုပ်ဆောင်ပေးထားတာကြောင့် အရည်အသွေးကိုတော့ အများကြီး မျှော်လင့်ထားလို့ မရပါဘူး။ သို့ပေမယ့်လည်း လူတိုင်းမဟုတ်တောင် အများစုနဲ့ အဆင်ပြေစေဖို့ မျှော်လင့်ရင်း ဖော်ပြပေးလိုက်ပါတယ်။

**Huawei Ascend Y520**

ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက စတင်ဖြန့်ချိခဲ့တာပါ။ အသိသာဆုံး အားနည်းချက်ကတော့ မှတ်ဉာဏ်ပိုင်းဆိုင်ရာပဲဖြစ်ပါတယ်။ RAM က 512MB သာပါဝင်တာမို့ လုပ်ဆောင်မှုပိုင်းမှာ အဆင်မပြေမှု ကြုံတွေ့နိုင်တာကလွဲရင် ကြီးကြီးမားမားပြဿနာ မရှိပါဘူး။ အဖြူ၊ အမည်း၊ အပြာနဲ့ ပန်းရောင်ဆိုပြီး အရောင်လေးမျိုး ထုတ်လုပ်ထားတာကြောင့် ဈေးနှုန်းသင့်တင့်ပြီး၊ အရောင်ရွေးချယ်လိုတဲ့ လူတိုင်းအတွက် အဆင်ပြေမှာပါ။

**Samsung Galaxy J1**

ကုမ္ပဏီက ယခုလအတွင်းမှာပဲ ဈေးကွက် မိတ်ဆက်ခဲ့တာဖြစ်ပြီး ယခုနှစ်ရဲ့ပထမလေးလပတ်အတွင်းမှာ ရောင်းချဖို့ ခန့်မှန်းရပါတယ်။ ဆင်းမ်ကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မယ့် J1 မှာလည်း RAM က 512 MB သာ ပါဝင်ပါတယ်။ သူ့ကိုတော့ အဖြူ၊ အမည်းနဲ့ အပြာဆိုပြီး ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

**HTC Desire 526+**

ဆင်းမ်ကတ်နှစ်ကတ် ထည့်သုံးနိုင်တဲ့ ဒီစမတ်ဖုန်းကိုတော့ ကုမ္ပဏီက ယခုလအတွင်းမှာပဲ စတင်ရောင်းချခဲ့တာဖြစ်ပါတယ်။ အထက်က နှစ်မျိုးနဲ့ နှိုင်းယှဉ်ရင်တော့ လုပ်ဆောင်ချက်ပိုင်းမှာ ပိုမိုမြန်ဆန်စေမှာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ RAM 1GB ပါဝင်ပြီး၊ CPU ကိုလည်း Octa-core ကိုအသုံးပြုပေးထားတာကြောင့် ဖြစ်ပါတယ်။

တစ်ခုချင်းရဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ အလွယ်တကူ နှိုင်းယှဉ်ကြည့်နိုင်ဖို့ သီးသန့်ဖော်ပြပေးထားပါတယ်။

| | Huawei Ascend Y520 | Samsung Galaxy J1 | HTC Desire 526+ |
|---|---|---|---|
| Thickness | 10.2 mm | 8.9 mm | 9.9 mm |
| Weight | 150 g | 122 g | 154 g |
| Size | 4.5 inches | 4.3 inches | 4.7 inches |
| Card Slot | micro SD, up to 32 GB | micro SD, up to 128 GB | micro SD, up to 32 GB |
| Memory | 4 GB, 512 MB RAM | 4 GB, 512 MB RAM | 8/16 GB, 1 GB RAM |
| CPU | Dual-core 1.3 GHz | Dual-core 1.2 GHz | Octa-core 1.7 GHz |
| Camera | Primary - 5 MP<br>Secondary - VGA | Primary - 5 MP<br>Secondary - 2 MP | Primary - 8 MP<br>Secondary - 2 MP |
| OS | Android OS, v4.4 (KitKat) | Android OS, v4.4 (KitKat) | Android OS, v4.4.2 (KitKat) |
| Battery | Li-Po 1750 mAh | Li-Ion 1850 mAh | Li-Ion 2000 mAh |




## Application of the Week

# အာရှ၏ စောင့်ကြည့်ရမည့် ဂိမ်း ၁၂ ခုထဲတွင် ပါဝင်လာသည့် Age of Bayintnaung

ပြည်တွင်းမှ ဂိမ်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Total Game Play Studio က ယခုနှစ်အတွင်းဖြန့်ချိတော့မည့် Age of Bayintnaung ဂိမ်းသည် အာရှ၏ စောင့်ကြည့်ရမည့် ဂိမ်း ၁၂ ခုထဲတွင် ပါဝင်သည်ဟု စင်ကာပူနိုင်ငံ အခြေစိုက် ဂျာနယ်တစ်ခုဖြစ်သော Tech in Asia က ယခုလအတွင်း ထုတ်ပြန်လိုက်သည်။

အာရှဒေသတွင်း နည်းပညာဆိုင်ရာ အကြောင်းအရာများကို အစဉ်တစိုက် ရေးသားဖော်ပြလျက်ရှိသည့် အဆိုပါ ဂျာနယ်သည် အာရှနိုင်ငံများအကြား မည်သည့်ဂိမ်းများက စိတ်ဝင်စားဖွယ်ကောင်းသည်၊ စောင့်ကြည့်သင့်သည်ကို အမြဲတစေ ဖော်ပြလေ့ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ယခုအကြိမ်သည် ပထမဆုံး ဖော်ပြခံရခြင်းဖြစ်သည်။

အဆိုပါဂိမ်းသည် မြန်မာ့သမိုင်းတွင် အရေးပါသော အချိန်ကာလတစ်ခုဖြစ်သည့် တောင်ငူခေတ်ကို အခြေခံရေးဆွဲထားခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ပြုလုပ်ခဲ့သည့် Tokyo Game Show တွင် သွားရောက် ပြသခဲ့စဉ်ကတည်းက လူကြိုက်များခဲ့သည်။

Total Game Play Studio အနေဖြင့် ယခင် ထုတ်လုပ်ခဲ့သည့် ဂိမ်းများမှာ ပြည်တွင်းဈေးကွက်ကို အဓိက ရည်ရွယ်ခဲ့ပြီး ယခုဂိမ်းကိုမူ ဒီဇိုင်းပိုင်းမှစ၍ သေချာပြင်ဆင်ထားကာ မြန်မာ့သမိုင်းကြောင်းကို အခြေခံထားသည့် ဂိမ်းဖြစ်သောကြောင့် အခြားဂိမ်းများနှင့် နှိုင်းယှဉ်ပါက အမြင်ဆန်းသစ်နေစေမည်ဖြစ်သည်ဟု ကုမ္ပဏီမှ ဒါရိုက်တာ ကိုမြင့်ကျော်သူက ပြောသည်။

ဂိမ်းကို PC, Android နှင့် iOS သုံးမျိုးစလုံး ထုတ်လုပ်သွားမည်ဖြစ်သော်လည်း လာမည့် မတ်လ Beta Version ဖြန့်ချိချိန်တွင်မူ Android Version သာ ရရှိဦးမည်ဖြစ်ပြီး Official Version ဖြန့်ချိမည့် ဇူလိုင်လမှသာ ဗားရှင်းအားလုံး ရရှိနိုင်မည်ဖြစ်သည်။

ကနဦးတွင် ပြည်တွင်း၌သာ ဖြန့်ချိသွားမည်ဖြစ်ပြီး တရားဝင်ထွက်ရှိချိန်မှသာ နိုင်ငံတကာသို့ ဖြန့်ချိသွားမည်ဖြစ်သည်။ ယင်းသို့ ဖြန့်ချိရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက် ဒေသအတွင်း Publisher များနှင့် ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်၍ မြန်မာနိုင်ငံပြီးနောက် ထိုင်းနိုင်ငံတွင် ဖြန့်ချိသွားမည်ဖြစ်သည်။

Total Game Play Studio အနေဖြင့် ယခင်ကလည်း မိုဘိုင်းလ်ဖုန်းများပေါ်တွင် အပျော်တမ်း ဆော့ကစားနိုင်သည့် casual game သုံးမျိုးကို နိုင်ငံတကာသို့ ဖြန့်ချိထားပြီး ယခု Age of Bayintnaung မှာမူ အွန်လိုင်းဂိမ်းတစ်ခုဖြစ်ကာ ဂိမ်းကို အခမဲ့ ဒေါင်းလုတ်ဆွဲယူနိုင်မည်ဖြစ်သော်လည်း ဂိမ်းအတွင်းပါဝင်သည့် item များ ရယူလိုပါက ဝယ်ယူရမည်ဖြစ်သည်ဟု သိရသည်။

## briefs

### ရန်ကုန်မြို့တွင်း စကြံလမ်းများ ပြုပြင်မည်

ရန်ကုန်မြို့၏ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လူသွားစကြံလမ်းများပြုပြင်ရန်အတွက် ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျပ်ငွေ ငါးသန်းအသုံးပြုသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးကော်မတီ၊ လမ်းနှင့်တံတားအင်ဂျင်နီယာဌာနရှိ မြို့ပြစီမံကိန်းအဖွဲ့ခေါင်းဆောင် ဦးတိုးအောင်က ပြောသည်။ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်ရှိ လွစ္စလမ်းမှစတင်၍ ကမ္ဘာအေးဘုရားလမ်းထိပ်အထိ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိတွင် အနောက်ရွှေဂုံတိုင်ရပ်ကွက်မှ စတင်လုပ်ကိုင်လာနေပြီဖြစ်ပြီး စကြံလမ်းများပြုပြင်နိုင်ရန်အတွက် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများအား ဦးစွာဆောင်ရွက်နေရသည်ဟု သိရသည်။ ပြည်ထောင်စုရန်ပုံငွေမှ အသုံးပြုခွင့်ရရှိခြင်းဖြစ်ပြီး ပြုပြင်သွားမည့် စကြံလမ်းများအား နိုင်ငံတကာအဆင့်မီဖြစ်သည်အထိ ရည်ရွယ်လုပ်ဆောင်သွားမည်ဟု သိရသည်။ ''အရှေ့ရွှေဂုံတိုင်ဘက်က လမ်းတွေက တော်တော်များများ ပြင်စရာမလိုတဲ့အတွက် စကြံကိစ္စကို တစ်ခါတည်း ဆောင်ရွက်နိုင်မှာဖြစ်သလို ၂၀၁၅ ခုနှစ်အတွင်း အပြီးလုပ်သွားပါမယ်''ဟု ၎င်းက ပြောသည်။ ဇော်ဦး

### အူရီဒူးက Viber Package သတ်မှတ်

အူရီဒူးက Viber သုံးစွဲရာတွင် ပိုမိုသက်သာစေရန် Viber Chat Packs များကို အပတ်စဉ်သုံးနှင့် လစဉ်သုံးဟူ၍ သတ်မှတ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ အဆိုပါ Chat Packs တွင် တစ်ပတ်စာအတွက် 35MB ပမာဏကို ကျပ် ၃၀၀ ဖြင့်လည်းကောင်း၊ တစ်လစာအတွက် 150MB ပမာဏကို ကျပ် ၁,၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူနိုင်မည်ဖြစ်ပြီး ယင်း Package များဖြင့် message ၊ ဓာတ်ပုံ၊ စတေကာများ ပို့နိုင်မည်ဖြစ်ကာ ဖုန်းခေါ်ဆိုမှုအတွက် ကျသင့်ငွေကိုမူ ဖုန်းဘီလ် သို့မဟုတ် အင်တာနက် Package များမှ ကောက်ယူသွားမည်ဖြစ်သည်။ အသုံးပြုလိုပါက မိမိဖုန်းအတွင်း My Ooredoo Application ကို ထည့်သွင်းထားရမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် *133# နှိပ်ကာ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်၍ဖြစ်စေ၊ နံပါတ် 2238 သို့ တစ်ပတ်စာအတွက် ViberW နှင့် တစ်လစာအတွက် ViberM ဟူ၍ စာတိုပေး ပို့၍ဖြစ်စေ ရယူနိုင်မည်ဖြစ်သည်။ ဇင်မာဝင်းစံ

### Dagon City 2 အိမ်ရာအကြောင်း မိတ်ဆက်

သုခရတနာကုမ္ပဏီမှ ဆောက်လုပ်နေသည့် ဒဂုံမြို့နယ်၊ ဦးထောင်ဘိုအဝိုင်းအနီးတွင် ရှိသော Dagon City 2 အိမ်ရာကို မိတ်ဆက်ပွဲပြုလုပ်ခဲ့ပြီးဖြစ်ရာ ၎င်းအိမ်ရာတွင် Grade A office နှစ်လုံးနှင့် Residential ၁၀ လုံး ပါဝင်သည်။ Five Star level club house နှင့် International branded retail shopping mall များ ပါရှိသည်။ ကားပါကင်ကို မြေအောက်သုံးထပ်အထိ ထားရှိမည်ဖြစ်သည်။ အခန်းအကျယ်သည် ၁၁၂၇ ဒသမ ၁၆ စတုရန်းပေမှ ၁၇၇၂ ဒသမ ၃၈ စတုရန်းပေအထိ ရှိသည်။ ယခင် Dagon City 1 ကိုလည်း အရောင်းဖွင့်လှစ်၍ ရောင်းချထားပြီးဖြစ်ရာ မြေကေ ၂၂ ကေပေါ်တွင် ဆောက်လုပ်သွားမည်ဟုလည်း သိရသည်။ အဆိုပါ Dagon City အိမ်ရာသည် တပ်မတော်ပိုင်မြေပေါ်တွင် နှစ်ရှည်ငှားရမ်းသည့်စနစ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်သည်။ Dagon City 1 ဆောက်လုပ်ရာတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ အသုံးပြုသွားမည်ဟုလည်း ၂၀၁၄ ခုနှစ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။ ဇင်မို့မို့အေး

### ကျန်းမာရေးပြပွဲ ပြုလုပ်မည်

အများပြည်သူများ ကျန်းမာရေး ဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ကျန်းမာရေးဆိုင်ရာဟောပြောပွဲများ ပါဝင်သည့် ဒုတိယအကြိမ်မြောက် မြန်မာ့ကျန်းမာရေးဆိုင်ရာပြပွဲကို ယခုလ ၅ ရက်မှ ၇ ရက်အထိ တပ်မတော်ခန်းမ၌ ပြုလုပ်သွားမည် ဖြစ်သည်။ ပြပွဲကာလအတွင်း ဟောပြောပွဲများကို ဖေဖော်ဝါရီလ ၆ ရက်နှင့် ၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပါမောက္ခ ဦးသံစစ်မှ 'အသည်း B ပိုး၊ C ပိုး ပပျောက်ရေး' ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ဒေါက်တာခင်မောင်လွင် (Fame) က "Natural Medicines For CKD (Chronic Kidney Disease)" (နာတာရှည်ကျောက်ကပ်ရောဂါ) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် ဆေးပြခန်း ၄၆ ခန်း၊ ဆေးပစ္စည်း ပြခန်း ၃၈ ခန်း၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကဆေးရုံဝန်ဆောင်မှုလုပ်ငန်းများပြခန်း နှစ်ခန်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းပြခန်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံ လုပ်ငန်းရှင်များအသင်း ပြခန်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ပြခန်း စသည်ဖြင့် ပြခန်း ၁၀၈ ခန်း ပါဝင်မည်ဖြစ်သည်။ ဟန်နီ

# မြန်မာနိုင်ငံရှိ လေယာဉ်ကွင်းသုံးကွင်းအား ၂၄ နာရီ ဆင်းသက်နိုင်ရန် စီစဉ်ပေးထား

အောင်ဖေကြည်စိုး



ပုဂံလေဆိပ်တွင် စောင့်ဆိုင်းနေကြသော ခရီးသွားဧည့်သည်များကို တွေ့ရစဉ်။ ဓာတ်ပုံ-သက်နိုင်

မြန်မာနိုင်ငံရှိနိုင်ငံတကာအဆင့်မီ လေဆိပ်များဖြစ်သော ရန်ကုန်၊ နေပြည်တော်၊ မန္တလေး လေဆိပ်များအပြင် ပုဂံ-ညောင်ဦး၊ ဟဲဟိုးနှင့် သံတွဲလေဆိပ်များအား ပြည်တွင်းပြည်ပလေယာဉ်များ ၂၄ နာရီ ဆင်းသက်နိုင်ရန် စီစဉ်ထားကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်ကွင်း စံချိန်စံညွှန်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြောသည်။

လွန်ခဲ့သည့် ၁၀ နှစ်ခန့်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်တွင်းရှိ လေဆိပ်များတွင် မြန်မာ့လေကြောင်းလိုင်းမှ လေယာဉ်များအား နေမဝင်မီအတတ်နိုင်ဆုံး ဆင်းသက်ခိုင်းပြီး ရန်ကုန်လေဆိပ်တစ်ခုသာလျှင် ည ၁၀ နာရီ နောက်ဆုံးအထိပေးသော်လည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသော အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် ၂၄ နာရီ အလုပ်လုပ်လာကြသဖြင့် ခရီးသည်လေယာဉ်များပါ အချိန်မရွေး ဆင်းသက်လာနိုင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လက်ရှိပြည်ပမှ လေယာဉ်များ နေ့စဉ် ၂၄ နာရီအချိန်အတွင်း ဆင်းသက်လျက် ရှိသည်။

''ဒီနှစ်မှာ တိုးချဲ့ပြီး ၂၄ နာရီ ဆင်းခွင့်ပေးမယ့် ပုဂံ-ညောင်ဦး၊ ဟဲဟိုးနဲ့ သံတွဲလေဆိပ်တို့မှာ Night Landing Facilities နဲ့ လေယာဉ်ပြေးလမ်းမပျောက်အောင် ထိန်းချုပ်ပေးတဲ့စနစ် (VOR)ပါ တပ်ပေးထားပါတယ်''ဟု ဦးကျော်စိုးက ပြောသည်။

ပြည်ပနိုင်ငံများမှ ကိုယ်ပိုင်လေယာဉ်များဖြင့် အဆိုပါလေယာဉ်ကွင်းခြောက်ခုသို့ လာရောက်ပါက လေယာဉ်အမျိုးအစားပေါ် မူတည်၍ ဆင်းသက်ခွင့်ပြုခြင်း၊ ဆိုက်ရောက်ဗီဇာများထုတ်ပေးခြင်းသာမက တစ်ခါတစ်ရံ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် စစ်တွေလေဆိပ်များပါ လေယာဉ် ဆင်းသက်ခွင့်ပေးကြောင်း သိရသည်။

ပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများသည့် ပုဂံ-ညောင်ဦး လေဆိပ်တွင် အဆင်ပြေစွာ အနားယူနိုင်ရန် လေအေးပေးစက် ရှစ်လုံးတပ်ဆင်ကာ လေယာဉ်အဆောက်အအုံအား တိုးချဲ့ပေးခြင်း၊ ခေတ်မီအိမ်သာများနှင့် ထိုင်ခုံများအား သန့်ရှင်းရေး အထူးအလေးထားပြုလုပ်နေခြင်းကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ခရီးသွားလုပ်ငန်းက လေကြောင်းလိုင်းပေါ်မှာ တည်မှီနေလို့ လေဆိပ်တစ်ခုရဲ့ရှိသင့်တဲ့ Facilities တွေ ပြည့်စုံဖို့ လိုပါတယ်။ အခုလို အဆင့်မြှင့်ပေးတယ်ဆိုတော့ ကြိုဆိုရမှာပါ''ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က ပြောသည်။

လက်ရှိမြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုနှင့် လေယာဉ်ဆင်းသက်နိုင်သော လေဆိပ် ၃၀ ခုရှိကြောင်း လေယာဉ်ကွင်းစံချိန်စံညွှန်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

# လုံခြုံရေးကြောင့် ငွေစက္ကူထုတ်လုပ်သည့် စက်ရုံကို ဗဟိုဘဏ်ထံ မအပ်ခြင်းဖြစ်ဟုဆို

ထက်မြတ်အောင်



ဓာတ်ပုံ-myanmartravelgroup.com

မြန်မာနိုင်ငံ၏ ကျပ်ငွေများကို တွေ့ရစဉ်။

လုံခြုံရေးအခြေအနေကြောင့် ငွေစက္ကူများ ထုတ်လုပ်သည့် လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ စက်ရုံကို ဗဟိုဘဏ်လက်သို့ မအပ်သေးခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဝင် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီလ ၃၁ ရက်၌ ဘတ်ဂျက်ဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောသည်။

ဗဟိုဘဏ်ဥပဒေတွင် ဖော်ပြထားသော ဗဟိုဘဏ်သည် လွတ်လပ်ပြီး ငွေကြေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို တာဝန်ယူလုပ်ဆောင်ရမည်ဟူသောအချက်အရ ငွေကြေးရိုက်နှိပ်သည့် စက်ရုံကို ဗဟိုဘဏ်သို့ လွှဲပြောင်းပေးသင့်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောဆိုခဲ့မှုကို ဦးဖြိုးမင်းသိန်းက တုံ့ပြန်ပြောဆိုခဲ့သည်။

''ဗဟိုဘဏ်က ငွေကြေးရိုက်နှိပ်ထုတ်ဝေတာနဲ့ပတ်သက်ပြီး လွတ်လွတ်လပ်လပ် တာဝန်ယူလုပ်ဆောင်နိုင်တယ်ဆိုရင် ငွေစက္ကူရိုက်နှိပ်မှုကိုလည်း ဗဟိုဘဏ်ကိုယ်တိုင်ကပဲ လုပ်ဆောင်သင့်တယ်။ အခုက ကာကွယ်ရေးဝန်ကြီးဌာန အောက်မှာဆိုတော့ သူတို့က ငွေကြေးရိုက်နှိပ်နေရင် ဘယ်လိုလုပ်မလဲ''ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်သိန်းက ပြောဆိုခဲ့ခြင်းဖြစ်သည်။

ယင်းနှင့်ပတ်သက်ပြီး ဦးဖြိုးမင်းသိန်းက ''စက်ရုံကို ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်မှာ ထားတယ်ဆိုပေမယ့် ငွေစက္ကူတွေ ရိုက်နှိပ်တာက ဗဟိုဘဏ်ကပုံနှိပ်ဖို့အကြောင်းကြားမှပဲ ပုံနှိပ်ရတာ ဖြစ်ပါတယ်။ ငွေစက္ကူ ၅,၀၀၀ တန် ဘယ်နှရွက်၊ ၁၀,၀၀၀ တန် ဘယ်နှရွက် စသဖြင့် ဗဟိုဘဏ်ကပဲ သတ်မှတ်ပြီး ရိုက်နှိပ်စေတာပါ။ စက်ရုံက ငွေရိုက်တာပဲ လုပ်ပြီး ဗဟိုဘဏ်က ငွေကြေးဆိုင်ရာကိစ္စတွေကို ထိန်းချုပ်ထားပါတယ်''ဟု ပြောသည်။

အဆိုပါစက်ရုံမှာ လုံခြုံရေးအရ အထူးတင်းကျပ်စွာထားရှိရန် လိုအပ်သည့်အတွက် ကာကွယ်ရေးဝန်ကြီးဌာနကသာ တာဝန်ယူထားသင့်ကြောင်း ဆွေးနွေးပွဲတွင် ဟောပြောသည့် Emergent Services ကုမ္ပဏီ CEO ဦးမြင့်သောင်းက ပြောကြားသည်။

စက်ရုံမှ ငွေစက္ကူများကိုသာမက အခြားသောလုံခြုံမှုရှိရန် လိုအပ်သည့် ထီလက်မှတ်များ၊ တံဆိပ်ခေါင်းများကိုပါ ထုတ်လုပ်နေရသည့်အတွက် ဗဟိုဘဏ်သို့ မလွှဲအပ်ဘဲ ထားရှိခြင်းမှာ မှန်ကန်ကြောင်း ၎င်းက ပြောသည်။

# အချို့စည်းကမ်းချက်များ ဖြေလျှော့နိုင်ပါက ပြည်ပသို့ လုပ်သားစေလွှတ်မှု တိုးလာနိုင်မည်

ကြူကြူးကို

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ အလုပ်ခေါ်စာချထားပေးမှုများအား အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ပါက ၂၀၁၅ခုနှစ်အတွင်းပြည်ပလုပ်သား စေလွှတ်မှုများစွာ ကောင်းမွန်လာနိုင်ကြောင်း မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ သိရသည်။

''အလုပ်ခေါ်စာအများစုက အရင်ဆုံးဝန်ကြီးဌာန ခွင့်ပြုချက်ယူရတယ်။ အဲဒီမှာ အနည်းဆုံး တစ်လ နီးပါးလောက်ကြာတယ်။ တစ်ခါတလေ အရမ်းကြာသွားတာတွေလည်း ရှိတယ်။ ဒါပေမယ့် အခုကတော့ တချို့စည်းကမ်းချက်တွေကိုဝန်ကြီးဌာနကဖြေလျှော့ပေးမယ်ဆိုရင်တော့ တစ်ဖက်ကနေ အလုပ်ခေါ်စာတွေ ပိုတိုးလာနိုင်ပါတယ်'' ဟုမြန်မာနိုင်ငံပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဦးကိုလေးက ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူ နှစ်သန်းကျော်ရှိနေပြီး အများအားဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသူများပြားသည်။ လက်ရှိမြန်မာနိုင်ငံမှ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်ရန် တရားဝင်ခွင့်ပြုထားပြီး စေလွှတ်နေသည့် နိုင်ငံ ငါးနိုင်ငံရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ် နှစ်ကုန်အထိ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့ လုပ်သားများ စေလွှတ်လျက်ရှိပြီး မလေးရှားနှင့် ထိုင်းနိုင်ငံသို့ လစဉ် လုပ်သား ၃၀၀ ခန့်စေလွှတ်လျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သိရသည်။

''ဝန်ကြီးဌာနအနေနဲ့ကလည်း အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံးဖြစ်အောင် လုပ်ပေးနေပါတယ်။ တချို့ပြဿနာလေးတွေ ပေါ်လာတဲ့ နိုင်ငံတွေကြတော့ အသေးစိတ် စိစစ်ရတာတွေရှိနေလို့ အချိန်ကြာတာတွေရှိတယ်။ အခုနောက်ပိုင်းမှာ ဖြေလျှော့ပေးသွားမှာပါ'' ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံမှ ပြည်ပသို့ တရားဝင်လုပ်သား စေလွှတ်ရန် နိုင်ငံအသစ် နှစ်နိုင်ငံနှင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ရာ ၂၀၁၄ ခုနှစ်အတွင်း၌ စေလွှတ်နိုင်ခြင်း မရှိခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်အတွင်း၌ မကာအိုနှင့် ဒူဘိုင်းနိုင်ငံများသို့ တရားဝင် လုပ်သားများစေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံအနက် မကာအိုနိုင်ငံသည် ယခင်က တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ရင်း လူကုန်ကူးခံရမှု၊ ရောင်းစားခံရမှုများဖြင့် ပြဿနာမျိုးစုံ ရှိခဲ့သော်လည်း ယခုအခါ တရားဝင်အဖြစ် စေလွှတ်ပါက အဆိုပါကိစ္စရပ်များ ဖြေလျှော့လာနိုင်သည်။ ထို့ကြောင့် ဟိုတယ် လုပ်ငန်းများ၊ waiter & waitress လုပ်သားများအတွက် ဝန်ထမ်းများကို စေလွှတ်ပေးရန် ဆွေးနွေးနေပြီး ဒူဘိုင်းနိုင်ငံသို့ လုပ်သားများအား စေလွှတ်နိုင်ရန် လုပ်ခလစာများ ညှိနှိုင်းနေသည်။

ထို့ပြင် ၂၀၁၅ ခုနှစ်အတွင်း၌ အလုပ်သမားကတ်ပြားတစ်ခုဖြစ်သည့် သူနာပြုအကူ သင်တန်းဆင်း လက်မှတ်ရရှိထားသူများအား လစာကောင်းကောင်းနှင့် အကာအကွယ်ပေးနိုင်မည့် နိုင်ငံများသို့ စေလွှတ်ပေးသွားရန်ရှိပြီး လက်ရှိ၌စင်ကာပူ၊ မလေးရှားနှင့် ဂျပန်နိုင်ငံတို့က ခေါ်ယူရန် ကမ်းလှမ်းနေကြောင်း မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ သိရသည်။



ဓာတ်ပုံ–သက်ဦးမောင်

ပြည်တွင်းအလုပ်အကိုင်ရှားပါးမှုများကြောင့် မိသားစုနှင့်ဝေးသည့် အလုပ်ရှိရာ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေကြရာ လက်ရှိအစိုးရသစ်အနေဖြင့် ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးရန် လိုအပ်သည်။

# ရန်ကုန်တက္ကသိုလ်တွင် ဂျပန်စာ သင်ကြားပေးမည်

ကိုအောင်မြင်

တိုကျို နိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်မှ အမှုဆောင် ပါမောက္ခတစ်ဦးနှင့် ဆရာမတစ်ဦးတို့က ရန်ကုန်တက္ကသိုလ်တွင် ဂျပန်ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို သင်ကြားပေးမည်ဟု မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာအောင်မြင့်ဦးက ပြောသည်။

''အမှုဆောင် ပါမောက္ခတစ်ဦးနဲ့ ဂျပန်ဆရာမတစ်ဦးက ဖေဖော်ဝါရီလကုန်မှာ ရောက်မယ်။ လောလောဆယ် မြန်မာစာဌာန၊ မြန်မာမှုဌာနနဲ့ မနုဿဗေဒဌာနတို့က ကျောင်းသား၊ ကျောင်းသူတွေကို စတင်သင်ကြားပေးမှာပါ'' ဟု ၎င်းက ပြောသည်။

မြန်မာ–ဂျပန် နှစ်နိုင်ငံ ဘာသာစကား၊ ယဉ်ကျေးမှုချင်း ဖလှယ်နိုင်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်၏ ပထမဦးဆုံး ရုံးခန်းအဖြစ် GLOBAL JAPAN Office ကို ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၌ ဖွင့်လှစ်ခဲ့သည်။

အစီအစဉ်တွင် တိုကျိုနိုင်ငံခြားပညာရပ်များလေ့လာရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများသည် တစ်နှစ်လျှင် နှစ်ကြိမ် ကာလတို တစ်လ၊ ကာလရှည် တစ်နှစ် မြန်မာစာပေနှင့်ယဉ်ကျေးမှု၊ ဘာသာစကားတို့ကို လာရောက်သင်ကြားကြမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှကျောင်းသား၊ကျောင်းသူများထဲမှ တစ်နှစ်လျှင် သုံးဦးသည် တိုကျို နိုင်ငံခြားပညာရပ်များ လေ့လာရေး တက္ကသိုလ်သို့ ဂျပန်စာပေနှင့် ယဉ်ကျေးမှုများကို သွားရောက် သင်ကြားကြမည်ဖြစ်သည်။

ကျောင်းသားများ အပြန်အလှန် သွားရောက် ပညာသင်ကြားရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်များ၏ ပညာသင် ထောက်ပံ့ကြေးများဖြင့် ပေးသွားမည်ဖြစ်သည်။

လက်ရှိတွင် ဂျပန်နိုင်ငံ တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်မှ မြန်မာစာ၊ မြန်မာမှုပညာများသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ လေးဦး ပညာသင်ကြားလျက်ရှိပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်းကလည်း ကျောင်း

> ဂျပန်နိုင်ငံမှ ကျောင်းသားများ မြန်မာစာကို ကာလတို၊ ကာလရှည် လာရောက်ကာ ပညာသင်ယူ . . .

သား၊ ကျောင်းသူ ၁၄ ဦးက တစ်လတာ မြန်မာစာပေနှင့် ယဉ်ကျေးမှု ဘာသာစကားများကို လာရောက်သင်ကြားခဲ့သည်။

''မြန်မာ့ယဉ်ကျေးမှု၊ မြန်မာဘာသာ၊ စာပေကို လေ့လာချင်လို့ ရန်ကုန်တက္ကသိုလ်ကို လာရောက်သင်ကြားခဲ့တာပါ။ မိသားစုထဲမှာတော့ မြန်မာစကားပြောတတ်တဲ့သူ မရှိပါဘူး။ မြန်မာစာပေကို လေ့လာပြီး မြန်မာတွေရဲ့ အကြောင်းကို လေ့လာခွင့်ရတော့ ဂျပန်ကိုတောင် လွမ်းတဲ့စိတ် မဖြစ်တော့ဘူး'' ဟု တိုကျိုနိုင်ငံခြားပညာရပ်များလေ့လာရေးတက္ကသိုလ်မှ မြန်မာစာကို လာရောက်သင်ကြားနေသည့် Mr. Takeuchi Aika (မကြည်သာမိုး)က ပြောသည်။

ရန်ကုန်တက္ကသိုလ်နှင့် တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်တို့သည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၌ စာပေယဉ်ကျေးမှု၊ ကျောင်းသား၊ ဆရာ ဖလှယ်သင်ကြားရေး သုတေသန ပူးပေါင်းဆောင်ရွက်ခြင်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်နှင့် ပြည်ပတက္ကသိုလ် အဖွဲ့အစည်း ၂၁ ခုတို့ နားလည်မှုစာချွန်လွှာများ ရေးထိုးထားပြီး ဂျပန်နိုင်ငံမှ Nagoya University, Japan (29 June 2013)၊ Tokyo University Foreign Studies, Japan (6 August 2014)၊ Akita University, Japan (19 September2014)တို့ဖြစ်ပြီး ဒုတိယအများဆုံးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာရေးထိုးပြီးသည့် နိုင်ငံခြားတက္ကသိုလ် ၂၁ ခုရှိပြီး နိုင်ငံခြားတက္ကသိုလ် ၁၆ ခုကလည်း ကမ်းလှမ်းထားသည်။

# အာဆီယံ Internship Program လျှောက်ထားနိုင်

စုမွန် (UFL)

အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) အတွက် ကိုယ်တိုင်ပါဝင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ထိုင်းနိုင်ငံ၌ တစ်လတာ ပြုလုပ်မည့် Internship Program (အလုပ်သင် အစီအစဉ်) အတွက် မြန်မာနိုင်ငံမှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် တစ်လကြာ ပြုလုပ်ပေးမည် သင်တန်း၌ လုပ်ငန်းခွင် ကျွမ်းကျင်သူများ၊ အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အတွေ့ကြုံများ ရရှိစေမည်ဖြစ်သည်။

ဒေသတွင်း စည်ပင်သာယာမှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အာဆီယံနှင့် မြန်မာလူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်သည့် ယင်းအစီအစဉ်အား ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုတစ်ကြိမ်သည် Internship Program Year (3) အတွက် ခေါ်ယူခြင်းဖြစ်သည်။

> ဒီ Internship Program က ကျွန်မရဲ့ဘဝအတွက် အကောင်းဆုံး အတွေ့အကြုံတစ်ခု ဖြစ်ပါတယ် . . .

ယင်းအစီအစဉ်တွင် အာဆီယံဒေသတွင်း ငါးနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူ ၄၁ ဦး ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကိုလည်း ရွေးချယ်မည်ဖြစ်သည်။

''အာဆီယံနိုင်ငံများမှာ အနာဂတ်လုပ်ငန်း တိုးချဲ့နိုင်ဖို့၊ ပါရမီရှင်များအတွက် နေရာဖန်တီးဖို့ ရည်ရွယ်ကာ လာမယ့် အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) အတွက် ပြင်ဆင်ဖို့ Siam Cement Group (SCG)ရဲ့ လူ့စွမ်းအားအရင်းအမြစ် မဟာဗျူဟာ (Human Resources Strategy) တွေထဲက တစ်ခုဖြစ်ပါတယ်''ဟု SCG Corporate Human Resources Director Mr. Kiti Madiloggovit က ပြောသည်။

ယင်းအစီအစဉ်သို့ တက္ကသိုလ်နောက်ဆုံးနှစ်နှင့် မဟာဝိဇ္ဇာတန်းတွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်မည်ဖြစ်ပြီး အင်္ဂလိပ်စာကျွမ်းကျင်ရန်လည်း လိုအပ်သည်။

လျှောက်ထားလိုသူများသည် ယခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နောက်ဆုံးထားကာ လျှောက်ထားရမည်ဖြစ်ပြီး ရွေးချယ်ခံရပါက ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၄ ရက်အထိ ထိုင်းနိုင်ငံတွင် သင်တန်းတက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

''ဒီ Internship Program က ကျွန်မရဲ့ ကျောင်းသားဘဝအတွက် အကောင်းဆုံး အတွေ့အကြုံတစ်ခုဖြစ်ပါတယ်။ ဒီအတွေ့အကြုံက သင်ယူခြင်းနဲ့ ကျွမ်းကျင်မှုအတတ်ပညာကို တိုးတက်စေဖို့အတွက်အခွင့်အရေးတစ်ခုလည်း ဖြစ်ပါတယ်'' ဟု ယခင်နှစ် Internship Program တွင် ပါဝင်တက်ရောက်ခဲ့သူ မအိအိသူက ပြောသည်။

ထို့ပြင် ၎င်းအစီအစဉ်ကို အဓိကတာဝန်ယူ ဆောင်ရွက်ပေးသည့် ထိုင်းနိုင်ငံ အခြေစိုက် Siam Cement Group ၏ စက်ရုံများကိုလည်း လေ့လာခွင့် ရရှိမည်ဖြစ်သည်။

SCG သည် မြန်မာနိုင်ငံတွင် အကြီးဆုံး ဘိလပ်မြေစက်ရုံအား ဘတ်ငွေ ၁၂ ဘီလျံဖြင့် ရင်းနှီးမြှုပ်နှံထားသည့်ကုမ္ပဏီဖြစ်သည်။

'BAND SCORE'- 7.5/8 များကိုမွေးထုတ်ပေးလျက်ရှိသော -
The IELTS Specialists'
English ကို ဖက်ရှင်အဖြစ် သင်ယူခြင်းမဟုတ်ဘဲ
အမှန်တကယ်ထူးချွန်လိုသူများအတွက် Quality ၁၅ ဦး သီးသန့်
Exam-preparation
Pre-IELTS
[ short-long term / 1 yr.]
09-426 222 222
09-515 2065
Communicative ENGLISH
4-lg. Skills
[Elementary - Advanced]
{ ၁၁၉/တ-ထပ်၊ဘုန်းကြီးလမ်း( စံပြရုပ်ရှင်ရုံအေး)၊ ရန်ကုန် }

# လေလွင့်ခွေးများအား အဆိပ်ကျွေးသတ်ခြင်းထက် မျိုးပွားမှုထိန်းချုပ်ခြင်းကို ပြုလုပ်ပေးလာ

အောင်ဖေကြည်စိုး

ရန်ကုန်မြို့တော်အတွင်းရှိ လေလွင့်ခွေးများမြန်ဆန်စွာတိုးပွားလာမှုမှ ခွေးရူးရောဂါ မဖြစ်ပွားစေရန်အတွက် လေလွင့်ခွေးများအား အဆိပ်ပေးသတ်ခြင်းထက်မျိုးပွားမှုထိန်းချုပ်ပေးသည့် နည်းလမ်းများကို ဆောင်ရွက်လာကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

''မှုတ်ပြောင်းထဲမှာ မေ့ဆေးပါတဲ့အပ်ကို ဂက်စ်နဲ့ပြောင်းကနေခွေးကို ပစ်လိုက်တယ်။ ခဏနေ ခွေးလဲကျသွားတော့ ခေါ်လာပြီး မျိုးဆက်ပွားတာ ထိန်းချုပ်တဲ့အနေနဲ့ သားအိမ်ထုတ် ခွဲစိတ်ပေးပါတယ်''ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန လက်ထောက်ဌာနမှူး ဒေါက်တာလှမေဦးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခရိုင်တစ်ခုစီမှ တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးစီမှ ကြီးကြပ်၍ သက်ဆိုင်ရာမြို့နယ်များအလိုက် လေလွင့်ခွေးများအား မျိုးပွားမှုထိန်းချုပ်ခြင်းနှင့် နှစ်ပေါင်းများစွာ ဆောင်ရွက်လာသော လမ်းဘေးခွေး ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း လပြည့်၊ လကွယ်ရက်များနှင့် တနင်္ဂနွေ ရက်များမှအပ ကျန်ရက်များတွင်အပတ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်ကြီးအား ခွေးရူးရောဂါ ကင်းစင်သည့်နေရာ ဖြစ်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နည်းလမ်း လေးသွယ်ဖြစ်သည့် အိမ်မွေးခွေးများအား စနစ်တကျ မှတ်ပုံတင်ပေးခြင်းနှင့် ပြည်သူများ ခွေးရူးရောဂါ ကာကွယ်နိုင်ရေးအတွက် ခွေးရူးရောဂါနှင့်ပတ်သက်၍ လက်ကမ်းစာစောင်များ ဝေငှပေးလျက်ရှိသည်။



ဓာတ်ပုံ-YCDC

**ရန်ကုန်မြို့တွင်းရှိ မြို့နယ်တစ်ခုမှ ခွေးတစ်ကောင်အား သားအိမ်ထုတ်ခွဲစိတ်မှု ပြုလုပ်ပေးနေစဉ်။**

လက်ရှိတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ မြို့နယ်၃၃မြို့နယ်အနက်မြို့လယ်ရှိ ၁၉မြို့နယ်အားမြို့ပြလူနေမှုအဆင့်အရ တိရစ္ဆာန်မွေးမြူသည့်ခြံလိုင်စင်လျှောက်ထားခြင်းကို ခွင့်မပြုထားကြောင်း သိရသည်။

''အဓိကက လေလွင့်ခွေးတွေရဲ့ မျိုးပွားမှုကို ထိန်းချုပ်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ခွေးတွေက တစ်နှစ်ထက်တစ်နှစ် ပေါက်တာများနေတော့ ခွေးကို ကာကွယ်ဆေးထိုးတာနဲ့သတ်နေတာက ဘယ်လိုမှ မထိန်းချုပ်နိုင်ပါဘူး''ဟု မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းမှ ပြန်ကြားရေးတာဝန်ခံ ဒေါက်တာကြည်လွင်က ပြောသည်။

ရန်ကုန်မြို့နယ်ရှိ ခရိုင်လေးမြို့နယ်ဖြစ်သော အရှေ့ပိုင်းခရိုင်အတွင်းရှိ ၂၁၉ ရပ်ကွက်တွင် လေလွင့်ခွေးကောင်ရေ ၂၀,၀၀၀ ကျော်၊ အနောက်ပိုင်းခရိုင်အတွင်းရှိ ၁၂၀ ရပ်ကွက်တွင် လေလွင့် ခွေးကောင်ရေ ၁၀,၀၀၀ ဝန်းကျင်၊ တောင်ပိုင်းခရိုင်အတွင်းရှိ ၁၄၀ ရပ်ကွက်တွင် ခွေးကောင်ရေ ၁၂,၀၀၀ ကျော်နှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ ၁၃၃ ရပ်ကွက်၌ ခွေးကောင်ရေ ၂၅,၀၀၀ ကျော်ရှိကြောင်း ၂၀၁၄ ခုနှစ်၌ လေ့လာ၍ စစ်တမ်းပြုလုပ်ထားသည်။

# ခွေးရူးရောဂါကာကွယ်ဆေး အာနိသင်ရှိရန် အအေးခန်းစနစ်ဖြင့် ထားသိုရန် လိုအပ်

အောင်ဖေကြည်စိုး

ခွေးရူးရောဂါ ကာကွယ်ဆေးကို လူ၌ ထိုးရာတွင် ဆေး၏ အာနိသင် မလျော့နည်းစေရန်အတွက် အအေးခန်းစနစ် (Cold Chain) ဖြင့် သတ်မှတ်ထားသည့် ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ၌သာ ထိုးသင့်ကြောင်း အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး(ဆေးပညာ) ဒေါက်တာ ဒေါ်တင့်တင့်ကြည်က ပြောသည်။

''ကာကွယ်ဆေး ဓာတ်မပြယ်ရအောင် အအေးခန်းစနစ်နဲ့ သေသေချာချာ ထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်။ ထိုးခါနီးကျမှ ရေခဲသေတ္တာထဲက ယူလာတာမျိုးဆိုရင် ဆေးရဲ့ အစွမ်းက လျော့ကျနိုင်ပါတယ်''ဟု ၎င်းက ပြောသည်။

ခွေးရူးရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် ခွေးကိုက်မခံရမီ အချိန်မှ စတင်၍ ကာကွယ်ဆေး ထိုးနိုင်ပြီး အရေပြားလျှပ်ထိုး ကာကွယ်ဆေးထိုးခြင်းနှင့် အသားဆေးထိုးခြင်း နှစ်မျိုးတို့အား အအေးခန်းထဲတွင် မထိုးမီ ခြောက်နာရီမှ ရှစ်နာရီအတွင်း အပူချိန် ၂ ဒီဂရီ စင်တီဂရိတ်နှင့် ၈ ဒီဂရီစင်တီဂရိတ်တို့တွင် အသင့်ထားရှိရမည်ဖြစ်သည်။

ခွေးကိုက်မခံရမီ ကြိုတင်ကာကွယ်ဆေးကို စတင်ထိုးသည့်ရက် Day (0)၊ Day (7) Day (21) (သို့) Day (28) ရက်တို့တွင် ထိုးနိုင်ပြီး လူတိုင်းဆေးထိုးရန် မလိုအပ်ဘဲ အန္တရာယ်များနိုင်သူကသာ ကြိုတင်ထိုးနိုင်သည်။

ခွေးကိုက်ခံရပါက မည်သူမဆို ဆေးထိုးရမည်ဖြစ်ပြီး ကြိုတင်ကာကွယ်ဆေး မထိုးထားသူများ အနေဖြင့် စတင်ထိုးသည့်ရက် Day (0)၊ Day (3)၊ Day (7)၊ Day (21) (သို့) Day (28)ထိုးရမည်ဖြစ်ကာ အကိုက်ခံရသောဒဏ်ရာသည် အရေပြားပေါက်ပြဲပြီး သွေးထွက်ပါက အရေးပေါ်ဆေး (Immunoglobulin) ထိုးရမည်ဖြစ်ကာ ယခင်ကာကွယ်ဆေး ထိုးထားသူများအနေဖြင့် စတင်ထိုးသည့်ရက် Day (0) နှင့် Day (3)တို့တွင်သာ ထိုးရမည် ဖြစ်သည်။

လူတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားပါက အဖျားငုပ်နေတတ်ပြီး ခွေးကိုက်မိသောနေရာမှ ပြန်၍ ယားယံလာခြင်း၊ နာကျင်လာခြင်း၊ ရေမျိုရန်ခက်ခဲ၍ ရေကို ကြောက်လာခြင်း (Hydrophobia)၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ လေသင်တုန်းဖြတ်ခြင်းကဲ့သို့ အာရုံကြောဆိုင်ရာရောဂါများ ပေါ်ပေါက်လာပြီး တစ်ပတ်အတွင်း သေဆုံးနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးယူနိုင်သည့် ဆေးရုံများဖြစ်သည့် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးအပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၊ သဃ်န်းကျွန်း စံပြဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ဆေးရုံတို့ဖြစ်ပြီး အင်းစိန်ဆေးရုံကြီးတွင် တစ်လလျှင် ကာကွယ်ဆေးထိုးသည့် လူဦးရေမှာ ၃၀၀ ကျော် ရှိကြောင်း သိရသည်။

''ရန်ကုန်မြို့အတွင်းမှာ ခွေးရူးရောဂါမပျံ့နှံ့ဘဲ တခြားသောနိုင်ငံတွေလို ခွေးရူးရောဂါကင်းစင်တဲ့နေရာဖြစ်အောင်နဲ့ ပြည်သူတွေ အသက်ရှည် ကျန်းမာစွာနေနိုင်အောင် ကျွန်မတို့ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်''ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာလှမေဦးက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ဆေးရုံများတွင်ခွေးရူးရောဂါကာကွယ်ဆေး အလုံးရေ တစ်သိန်းခွဲနှင့် ခွေးကိုက်ခံရပါက အရေးပေါ်ထိုးသည့် ဆေးအလုံး ၅,၀၀၀ ကျော် ဝယ်ယူပေးသော်လည်း မြန်မာနိုင်ငံတွင် ခွေးကိုက်ခံရသည့် လူဦးရေမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ခြောက်သိန်းကျော်ဖြစ်သဖြင့် ထိုးဆေးလိုအပ်လျက်ရှိသည်။

# ပိန်ဆေးနှင့် အဆီကျကော်ဖီအချို့ကြောင့် ကိုယ်ခန္ဓာအလှ ပိုပျက်စီးစေနိုင်

ကြူကြူးကို

အမျိုးသမီးအများစု သောက်သုံးနေသည့် အဆီကျကော်ဖီနှင့် ပိန်ဆေးအချို့ကြောင့် ခန္ဓာကိုယ် အသားအရေကို လျော့တွဲစေပြီး နောက်ဆက်တွဲအဖြစ် အစာအိမ်ဝေဒနာပါ ခံစားရနိုင်ကြောင်း အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာလှမြင့်က ပြောသည်။

''အဆီကျ ကော်ဖီတွေ သောက်တဲ့သူက ပိုများလာတယ်။ ဆေးက ဆိုးကျိုးရှိတယ် ဆိုပြီး ကော်ဖီကို ပိုသောက်ကြတယ်။ ဒါက အာမခံချက် မရှိပါဘူး။ သူက ကြီးမားတဲ့ ဆိုးကျိုး မဟုတ်ပေမယ့် တချို့ ဆေးတွေက ခန္ဓာကိုယ်ကို မပိန်စေဘဲ အသားအရေပျော့ပြီး လျော့တွဲသွားတာမျိုးတွေဖြစ်စေတယ်''ဟု ၎င်းက ပြောသည်။

ယခုနောက်ပိုင်းတွင် အဆိုပါ ပိန်ဆေးများနှင့် အဆီကျကော်ဖီများကို အွန်လိုင်းဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချလာကြပြီး ဝယ်ယူသုံးစွဲသူ ဦးရေလည်း များပြားလျက်ရှိကြောင်း သိရသည်။

အဆီကျကော်ဖီအချို့အား သောက်သုံးသဖြင့် အစာစားချင်စိတ်ပျောက်ပြီး အစားအသောက်ပျက်ကာ အစာအိမ်ဝေဒနာများ ခံစားလာရကြောင်း သိရသည်။

အဆိုပါ ဆေးများမှာ ရောင်းချနေသည့် အမှတ်တံဆိပ် အချို့ကြောင့် ဆိုးကျိုးများ ရှိနေကြောင်း ဝယ်ယူ သောက်သုံးသူ အချို့ထံမှ သိရသည်။

ကမာရွတ်မြို့နယ်တွင် နေထိုင်သူ အသက် ၂၈ နှစ်အရွယ် ကိုဖြိုးက ''ဆေးတွေလည်း အရင်ကတော့ သောက်ဖူးတယ်။ သိပ်မထူးခြားပါဘူး။ အွန်လိုင်းမှာ ရောင်းလို့ ဝယ်သောက်နေတဲ့ ကော်ဖီကတော့ ရှစ်လကျော်ပြီ။ အစပိုင်းကတော့ သောက်ရင်း ပိန်လာတယ်လို့ ထင်တယ်။ လေးလလောက်ဖြစ်လာတော့ ပေါင်ချိန်ကျလာတယ်။ ခန္ဓာကိုယ်ကတော့ မသိသာဘူး။ အသားအရေတွေက ပျော့လာတယ်။ အဲဒါ ကော်ဖီကြောင့်ဆိုတာကို ဆရာဝန်နဲ့ ပြတော့မှပဲ အဖြေသိရတာ။ အဲဒီလိုမှ မသိရင် ကျွန်တော် ဆက်သောက်မိနေဦးမှာ။ ပိန်ချင်တာကိုး'' ဟု ပြောသည်။

အင်တာနက်မှတစ်ဆင့်ရောင်းချနေသည့် အဆီကျကော်ဖီနှင့် အဆီကျဆေး (ဖျော်ရည်) များမှာ အများအပြား ထွက်ပေါ်နေသော်လည်း အချို့သော ခွင့်ပြုချက် မရှိသည့် အမှတ်တံဆိပ်များနှင့် တရားမဝင် တင်သွင်းရောင်းချနေသည့် အမှတ်တံဆိပ်များမှာ အဆိုပါ ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း လူသုံးကုန်ဆေးဝါးထုတ်လုပ်ရောင်းချသူများ အသင်းမှ သိရသည်။

''အခုကိစ္စက ပြောရတာ ခက်တယ်။ တစ်ဖက်တည်းကို အပြစ်ပြောလို့မရဘူး။ အွန်လိုင်းဆိုတာက အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာန (FDA) ရဲ့ လက်မှတ်ပါလားဆိုပြီး သွားစစ်လို့ မရဘူးလေ။ တချို့ပစ္စည်းတွေကတော့ လက်မှတ်ပါတွဲတင်ပြီး ရောင်းတာတွေရှိတယ်။ အကောင်းဆုံး အကြံပေးချင်တာက ထောက်ခံချက်ပါတဲ့ ပစ္စည်းတွေကို ရှာပြီး သုံးသင့်တယ်။ မသောက်သုံးမီ ဆရာဝန်တစ်ယောက်နဲ့တော့ တိုင်ပင်ဆွေးနွေးသင့်ပါတယ်''ဟု အသင်းရုံးအဖွဲ့မှူး ဦးအောင်ကျော်စိုးက ပြောသည်။

အဆိုပါ အွန်လိုင်းဈေးကွက်အတွင်း ရောင်းချနေသည့် အဆီကျ ပိန်ဆေးနှင့် ကော်ဖီများမှာ ဈေးအနိမ့်ဆုံး ကျပ် ၄၅,၀၀၀ မှ ကျပ် ၂၀၀,၀၀၀ ကျော်အထိရှိကြောင်း သိရသည်။

regional



ဓာတ်ပုံ-သက်ဦးမောင်

နေပြည်တော်ကောင်စီနယ်မြေအတွင်း သာမန်ဆိုင်ကယ်များသာမက သုံးဘီးဆိုင်ကယ်များသည်လည်း ခရီးသည်ပို့ဆောင်သည့် ဆိုင်ကယ်ကယ်ရီအလုပ်ကို လုပ်ကိုင်ကြသည်။

# နေပြည်တော်တွင် ဆိုင်ကယ် ကယ်ရီများကြောင့် ခရီးသည်တို့ စိတ်အနှောင့်အယှက်များစွာဖြစ်ရ

စုမွန် (UFL)

ရန်ကုန်မြို့မှထွက်ခွာ၍နေပြည်တော်သို့ ဆိုက်ရောက်လာသော အဝေးပြေး ခရီးသည်တင်ယာဉ်များတွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များကို နေပြည်တော်အခြေစိုက် ဆိုင်ကယ် ကယ်ရီများက ခရီးသည်ရရှိရေးအတွက် အလုအယက်ခေါ်ငင်မှုများကြောင့် ခရီးသည်အချို့ စိတ်အနှောင့်အယှက် ဖြစ်လေ့ရှိကြောင်း အဝေးပြေးယာဉ်ဖြင့် လိုက်ပါလာသူ ခရီးသည်တို့ထံမှ သိရသည်။

''မြို့မဈေးကို ကားဆိုက်တာနဲ့ ကယ်ရီသမားတွေက ကားနားမှာ ပိတ်ပြီး အလုအယက် ခေါ်ကြတယ်။ တချို့ဆိုရင် ပါလာတဲ့ အထုပ်တွေကို လိုက်ဆွဲတာတွေတောင် ရှိတယ်။ ရန်ကုန်မှာဆိုရင် အောင်မင်္ဂလာအဝေးပြေး၊ နေပြည်တော်မှာဆိုရင် မြို့မဈေးက ကယ်ရီတွေနဲ့ လူခေါ်ပွဲစားတွေ အရမ်းဆိုးပါတယ်။ သူတို့ကြောင့်စိတ်အနှောင့်အယှက် မကြာခန ကြုံနေရတယ်'' ဟု ရန်ကုန်-နေပြည်တော် အဝေးပြေးယာဉ် စီးနင်း၍ ခရီးသွားနေကျ ခရီးသည်တစ်ဦးက ပြောသည်။

ရန်ကုန်မှ နေပြည်တော်သို့ ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်များသည် နေပြည်တော်သို့ ဆိုက်ရောက်ရာတွင် ဟိုတယ်ဇုန်၊ သပြေကုန်းဈေး၊ မြို့မဈေး၊ စည်ပင်အစရှိသည့် နေရာတို့တွင် ရပ်နားလေ့ရှိပြီးအဝေးပြေးမော်တော်ယာဉ်အများစုမှာ မြို့မဈေးတွင် ဂိတ်ဆုံးလေ့ ရှိကြသည်။ သို့သော် ယခုအခါတွင် လိုက်ပါလာသောခရီးသည်များက ဆိုင်ကယ် ကယ်ရီသမားများ၏ အနှောင့်အယှက်ပေးမှုကို ရင်မဆိုင်လိုကြသဖြင့် ယခင်ကကဲ့သို့ အဝေးပြေးကားများ ဂိတ်ဆုံးသည့် မြို့မဈေးအထိ မလိုက်ကြတော့ဘဲ ဟိုတယ်ဇုန်နှင့် သပြေကုန်းဈေးတို့တွင်သာ ဆင်းကြလေ့ရှိကြောင်း အဝေးပြေးယာဉ် လုပ်သားများထံမှ သိရသည်။

''ခရီးသည်တွေက ဟိုတယ်ဇုန်နဲ့ သပြေကုန်းမှာ အဆင်းများတယ်။ ကယ်ရီသမားတွေကို စိတ်ညစ်လို့ မြို့မဈေးကို သိပ်မလိုက်ကြတော့ဘူး'' ဟု Eliteအဝေးပြေးယာဉ်လိုင်းမှ ယာဉ်အကူတစ်ဦးက ပြောသည်။

နေပြည်တော်ရှိ သပြေကုန်းဈေး၊ မြို့မဈေး အစရှိသောနေရာများသည် သွားလာရေး အချက်အချာ ကျသောနေရာများ ဖြစ်သောကြောင့် တက္ကစီများနှင့် ဆိုင်ကယ်ကယ်ရီများ ၂၄ နာရီ ဂိတ်ထိုး၍ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ခရီးသည်တစ်ဦးအတွက် ဆိုင်ကယ် ကယ်ရီစီးနင်းခမှာ ခရီးအကွာအဝေးပေါ်မူတည်၍ အနိမ့်ဆုံး ကျပ် ၁,၀၀၀ မှ ကျပ် ၃,၀၀၀ အထိရှိပြီး တက္ကစီစီးနင်းခမှာ ခရီးအကွာအဝေးပေါ်မူတည်၍ အနိမ့်ဆုံး ကျပ် ၃,၀၀၀ မှ ကျပ် ၇,၀၀၀ အထိပေးရကြောင်း ခရီးသည်များထံမှ သိရသည်။

''ကားစီးရလို့ ခရီးပန်းလာချိန်မှာ နေပြည်တော်ရောက်တဲ့အခါ ကယ်ရီသမားတွေကြောင့် စိတ်ညစ်ရတာလည်း တစ်ဒုက္ခပါ။ မြို့မဈေးရောက်လို့ ကားပေါ်က ဆင်းတာနဲ့ သူတို့ကို အရင်လွတ်အောင် ရှောင်ရတယ်။ ခရီးသည်တွေကို သူပိုင်တယ်၊ ငါပိုင်တယ်ဆိုပြီး ဝိုင်းလု၊ အတင်းခေါ်တာတွေက အတော်စိတ်ပျက်ဖို့ကောင်းတယ်။ သူတို့တွေရှိတာ ကောင်းလည်းကောင်းတယ်၊ မကောင်းလည်း မကောင်းဘူး။ စည်းကမ်းလေးနဲ့လုပ်ရင် သင့်တော်မယ်လို့ထင်တယ်'' ဟု နေပြည်တော်အခြေစိုက် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

# အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ အလျင်အမြန်ပြဋ္ဌာန်းပေးရန် လိုအပ်

စုမွန် (UFL)

အမျိုးသမီးများ အကြမ်းဖက်ခံရမှုများ လျော့ကျလာစေရေးအတွက် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေကို ပြည်ထောင်စုအစိုးရမှ အလျင်အမြန် ရေးဆွဲသွားရန် လိုအပ်နေကြောင်း ကရင်ပြည်နယ် ဘားအံမြို့နယ်မှပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစေအွာက ပြောကြားသည်။

ကျင်းပဆဲ ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ဒေါ်နန်းစေအွာက မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရန် ဥပဒေတစ်ရပ်ကို အလျင်အမြန်ရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းသည့်အဆိုအား တင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ယင်းအဆိုကို အတည်ပြုခဲ့သည်။

''ဒီဥပဒေကို ရေးဆွဲနေတာဟာ တစ်နှစ်ကျော်လောက် ကြာနေပြီဖြစ်ပါတယ်။ ဒါကြောင့် အမြန်ဆုံးပြဋ္ဌာန်းဖို့ လိုကို လိုအပ်နေပါတယ်။ အမျိုးသမီးတွေ ကာကွယ်စောင့်ရှောက်ဖို့အတွက် ကျွန်မတို့ လွှတ်တော်က အမြန်ဆုံး ပြဋ္ဌာန်းပေးဖို့ လိုအပ်ပါတယ်''ဟု အဆိုတင်သွင်းသူ ဒေါ်နန်းစေအွာက ပြောသည်။



ဓာတ်ပုံ-စုမွန် (UFL)

**ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေပုံ မြင်ကွင်းတစ်ရပ်ကို တွေ့ရစဉ်။**

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးရေးရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ ဦးဆောင်ကော်မတီ၊ ဥပဒေကြမ်း ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် နည်းပညာဆိုင်ရာ အကြံပေးကော်မတီဟူသည့် ကော်မတီ သုံးရပ်ဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို ရေးဆွဲနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

''အကြမ်းဖက်မှုများစွာထဲမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနဲ့ လူကုန်ကူးမှုကြောင့် အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေဟာ မလိုလားအပ်တဲ့ ကိုယ်ဝန်ရရှိခြင်း၊ မလိုလားအပ်တဲ့ ကူးစက်ရောဂါ ခံစားရခြင်း၊ စိတ်ရောဂါဝေဒနာ ခံစားရခြင်းနဲ့ လူမှုအသိုင်းအဝိုင်းက သူတို့ကို ရှောင်ကြဉ်ခြင်းတွေကို ခံနေရတာတွေရှိလို့ ဒီဥပဒေကို အမြန်ဆုံး ပြဋ္ဌာန်းသင့်ပါတယ်''ဟု ဒေါ်နန်းစေအွာက ဆက်လက်ပြောကြားသည်။

အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်အထိ ဌာနတွင်းအစည်းအဝေး ခုနစ်ကြိမ် ကျင်းပပြုလုပ်၍ ရေးဆွဲဆောင်ရွက်နေပြီး ယခုအခါ အခန်း (၁၁) အထိ ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အဆိုနှင့်ပတ်သက်၍ ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်အတွင်း အဓမ္မပြုကျင့်မှု ၆၅၄ မှု၊ ၂၀၁၃ ခုနှစ်တွင် ၇၃၄ မှု၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်အထိ အမှုပေါင်း ၄၀၈ မှု ဖြစ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

# လယ်ယာသုံး ကိုရီးယားစက်များ မတ်လ၌ ရောက်ရှိမည်

ကိုရီးယားနိုင်ငံမှ မှာယူထားသည့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာပေါင်း ၆,၀၀၀ ကျော်သည် မြန်မာနိုင်ငံသို့ ယခုနှစ် မတ်လထက် မကျော်လွန်ဘဲ ရောက်ရှိမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာနမှ သိရသည်။

ကိုရီးယားနိုင်ငံ Daedong Co., Ltd. ထုတ် ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် အစရှိသည့် လယ်ယာသုံး စက်ကိရိယာ အမျိုးအစား ၁၀ မျိုး၊ အရေအတွက်အားဖြင့် ၆,၇၂၃ စီးကို သမဝါယမဝန်ကြီးဌာနအနေဖြင့် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၄,၄၇၃ စီး ရောက်ရှိပြီး ကျန်ရှိသည့် ၂,၂၅၀ စီးမှာ မတ်လအတွင်း အပြီးသတ် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

''First Shipment မှာ သင်္ဘောလေးစင်းဖြစ်ပါတယ်။ ဒီဇင်ဘာလမှာ ရောက်ပါတယ်။ Second Shipment မှာ သင်္ဘော ၁၀ စင်းက ဇန်နဝါရီလအတွင်း ရောက်ပါတယ်။ အခုနောက်ဆုံး Third Shipment အတွက်တော့ Import Licence လျှောက်နေပါတယ်။ ဒီဘဏ္ဍာနှစ်မကုန်မီ ရောက်မှာပါ။ ဖေဖော်ဝါရီလကုန် သို့မဟုတ် မတ်လ ပထမပတ်လောက်မှာ အစီးရေ ၆,၇၂၃ စီး အကုန်ရောက်ပြီးဖြစ်မှာပါ။ မတ်လကုန် နောက်ဆုံးထားပြီး ရောက်မှာပါ'' ဟု သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်က ပြောသည်။ ရောက်ရှိလာသည့် လယ်ယာသုံး စက်ကိရိယာများအား တောင်သူလယ်သမားများထံ ခုနစ်နှစ် အရစ်ကျ ငွေချေ၊ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။ အရစ်ကျ ငွေချေရာတွင် ၁၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေရမည်ဖြစ်ကာ ဆိုင်းငံ့ကာလ တစ်နှစ်အပြီးတွင် ၅ ရာခိုင်နှုန်း ထပ်မံပေးသွင်းပြီး ကျန်ငွေများအား ခြောက်နှစ်အတွင်း အရစ်ကျ ပေးချေရမည်ဖြစ်ကြောင်း ဦးမျိုးအောင်က ပြောသည်။ ဝယ်ယူလိုသော တောင်သူလယ်သမားများအနေဖြင့် မြို့နယ်အသီးသီးရှိ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်များသို့ ဆက်သွယ်ကာ အဆိုပြုလွှာများ ပေးပို့ရခြင်းဖြစ်ရာ လက်ရှိတွင် အဆိုပြုလွှာပေါင်း ၃,၀၀၀ နီးပါး ရရှိထားပြီးဖြစ်သည်ဟု သိရသည်။

''တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးပေးနိုင်မယ် ဆိုရင်တော့ ကောင်းပါတယ်။ လယ်ယာလုပ်သားကလည်း ရှားပါးလာပြီဆိုတော့ ဒီစက်ကိရိယာတွေကို သုံးခြင်းအားဖြင့် လူနည်းနည်း၊ စရိတ်နည်းနည်းနဲ့ အချိန်အခါမီ စိုက်ပျိုးရိတ်သိမ်းနိုင်မယ်လို့ ထင်ပါတယ်'' ဟု နေပြည်တော် ဇေယျာသီရိမြို့နယ်၊ စိမ်းစားပင်ကျေးရွာမှ စပါးစိုက်တောင်သူ ဦးမြင့်ရွှေက ပြောသည်။ စုမွန် (UFL)

# ဒီလိုသာ အခွင့်အလမ်းတွေနဲ့ လွဲနေဦးမယ်ဆိုရင်

## အရည်အသွေးကောင်းသော ထုတ်ကုန်များဖြင့် နိုင်ငံတကာဈေးကွက်၌ ရောင်းချနိုင်ရန်အတွက် ငါးလုပ်ငန်းများ ဖွံ့ဖြိုးရန် အားပေးဖို့ လိုနေသည်။



ဇော်ဦး

ငါးမွေးမြူရေး လုပ်ငန်းများဖြင့် ဝင်ငွေဖြောင့်နေကြသည့် အိမ်နီးချင်းနိုင်ငံများကြားတွင် မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းသည် ပြည်တွင်းလိုအပ်ချက်ကိုပင် ဖြည့်ဆည်းပေးနိုင်ရန် ခက်ခဲနေဆဲဖြစ်သည်။

နေပြည်တော် ကောင်စီနယ်မြေသို့ ဝန်ကြီးဌာနများ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း အပတ်စဉ် ကျင်းပလေ့ရှိသော ငါးလုပ်ငန်းအဖွဲ့ချုပ်အစည်းအဝေးသည် ငါးလုပ်ငန်းအကြောင်း အကျဉ်းချုံးဆွေးနွေးမှုဖြင့်သာ အဆုံးသတ်ကြသည်။

''ဒီနေရာဟာ အရင်တုန်းကဆိုရင်တော့ မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီး ထိုင်ပြီးဆွေးနွေးခဲ့တာ ဖြစ်ပါတယ်''ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ (၂) ဦးနှင်းဦးက ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ခန်းမဆောင်ရှိ ထိပ်ဆုံးထိုင်ခုံကို ညွှန်ပြရင်း ယခင်က ငါးလုပ်ငန်းနှင့် ဆက်စပ်နေသော အစည်းအဝေးများတွင် ဝန်ကြီး ကိုယ်တိုင်ကိုယ်ကျတက်ရောက်ခဲ့သည်ကိုပြန်လည်ပြောသည်။

''ဝန်ကြီးဌာနကို တင်ပြချင်တာကို စာတစ်တန်၊ ပေတစ်တန်နဲ့ အဆင့်ဆင့်တင်ပြနေတာ လုပ်ငန်းတွင်ကျယ်မှုမရှိပါဘူး။ တင်ပြပါဦး၊ ဆွေးနွေးပါဦး၊ စီမံချက်ချပါဦးနဲ့ ကိစ္စတစ်ခုဖြစ်မြောက်ပြီးပြတ်ရဖို့အတွက် အချိန်တအားယူရပါတယ်။ အဲဒါက အလုပ်မတွင်ပါဘူး''ဟု မြန်မာနိုင်ငံ ရေထွက်ကုန်နှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအေးက ကြုံရပုံအခက်အခဲများအား ရှင်းပြသည်။

မြန်မာ့ ရေလုပ်ငန်းကလည်း အကောင်းဘက်တွင် မရှိ။ တိုးတက်မှုအရိပ်က မပြနိုင်သေး။ နိုင်ငံတကာ လွတ်လပ်သော ကုန်သွယ်မှုအခွင့်အရေး (GSP) များ၊ ဈေးကွက် အမှာစာများရရှိနေပြီး နည်းပညာဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ မကြာခဏ ပြုလုပ်နေသော်လည်း ငွေအရင်းအနှီး နည်းပါးနေခြင်းကြောင့် နည်းပညာကို ထိထိမိမိ အသုံးမချနိုင်သေးပေ။

ထွက်ကုန်ထုတ်လုပ်မှုများ ကျဆင်းလာနေပြီး ပြည်တွင်းစားသုံးသူဈေးကွက်တွင် ပြည့်မီအောင် မဖြည့်တင်းနိုင်၊ ပြည်ပပို့ကုန် တင်ပို့ရောင်းချနိုင်မှုက အားနည်းလာနေသည့် အခြေအနေ နှစ်ရပ်တို့သည် မြန်မာ့ရေလုပ်ငန်း၏ စီးပွားရေးဖွံ့ဖြိုးမှုနှောင့်နှေးနေပါသည်ဟု ခေါင်းစဉ်ကို အပြိုင်အဆိုင် ပုံဖော်ပေးနေသကဲ့သို့ ဖြစ်နေသည်။

နိုင်ငံတကာမှ အင်န်ဂျီအိုအဖွဲ့အစည်းများမှ အသိပညာပေး အစီအစဉ်များ လာရောက် ထောက်ပံ့ပေးကြသည့်တိုင် လုပ်ငန်းအကောင်အထည်ဖော်မှုပိုင်းတွင်တော့ မည်သည့် အဖွဲ့အစည်းကမျှ နှစ်နှစ်ကျော်ကြာမြင့်သည့်တိုင် မဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အဏ္ဏဝါဒေဝီ ရေထွက်ပို့ကုန်လုပ်ငန်းရှင် ဒေါ်တိုးနန္ဒတင်က ပြောသည်။ တစ်ဖန် နိုင်ငံတကာ အဖွဲ့အစည်းများ နည်းပညာအကူအညီများ မျှဝေပေးသည့်တိုင် ''အဲဒီနည်းပညာတွေကို လက်တွေ့ အသုံးချနိုင်ကြဖို့ မွေးမြူရေးလုပ်ငန်းရှင်တွေမှာ အခြေခံစွမ်းအားစု အရင်းအနှီးတွေက အားနည်းနေခဲ့ပါတယ်''ဟု ၎င်းက ပြောသည်။

အစိုးရ၏ နာမည်ကျော် ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း၏ လုပ်ငန်းစဉ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ဆက်စပ်၍ ကျေးလက်ဖွံ့ဖြိုးရေး စီမံချက်ကို ထည့်သွင်းရေးဆွဲထားသည်။ အမည်ပေးပုံက လူထုဗဟိုပြု



ဓာတ်ပုံ-ဇော်ဦး

ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးအတွင်း ပြည်တွင်းစားသုံးသူများ လက်လီဝယ်ယူရန် ကြည့်ရှုနေကြစဉ်။



ဝန်ကြီးဌာနများ နေပြည်တော်သို့ ပြောင်းရွှေ့သွားပြီးနောက်ပိုင်း ငါးလုပ်ငန်းရှင်များနှင့် အစိုးရထိ
အကျဉ်းချုံးလောက်သာ ဆွေးနွေးနိုင်တော့သည်ဟု ငါးလုပ်ငန်းရှင်များက ပြောသည်။



ဓာတ်ပုံ-ဇော်ဦး

မအူပင်မြို့နယ်အတွင်း လုပ်ငန်းရှင်တစ်ဦး၏ တစ်ပိုင်တစ်နိုင် ငါးရှဉ့်မွေးမြူရေးလုပ်ကွက်။

# light

နိုင်ငံတော်၏ အဓိက စီးပွားရေးလုပ်ငန်းများဟူ၍ ဖြစ်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍအတွက် ကျပ် ၃၄ ဒသမ ၅၀ သန်းကို ဝန်ကြီးဌာနမှ ထောက်ပံ့ပေးခဲ့သော်လည်း ထိုထောက်ပံ့ငွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မွေးမြူရေးလုပ်ငန်းရှင် ထက်ဝက်ခန့်မှာ မခံစားရရှာပေ။

ဧရာဝတီတိုင်းဒေသကြီး(လပွတ္တာနယ်မြေ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မြန်မာနိုင်ငံ တောင်သူလယ်သမားများအသင်း နာယက မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ဦးက ''တိရစ္ဆာန်မွေးမြူရေးဘက်မှာဆိုရင် ချမှတ်ရန်ပုံငွေအရ ဆိတ်တစ်ကောင်၊ နွားတစ်ကောင်ကို ၅၀,၀၀၀၊ ၆၀,၀၀၀ လောက်ပဲ ရတာ။ ၁၀,၀၀၀ ကျော်လောက် အဖြတ်ခံနေရတယ်။ ရေလုပ်ငန်းတွေမှာကျတော့ မွေးမြူရေးကန်တစ်ကေကို ကျပ် ၇၅၀,၀၀၀ လောက်ပဲ ရတာ ၂၀,၀၀၀ လောက်က အကြောင်းအမျိုးမျိုးပြပြီး အဖြတ်ခံကြရတယ်'' ဟု ပြောသည်။

ငါးမွေးမြူရေး လုပ်ငန်းတစ်ခု၌ မြေနေရာ ဝယ်ယူငှားရမ်းခြင်း၊ ကန်တူးမြေညှိခြင်း၊ သားပေါက်များ ဝယ်ယူထိန်းသိမ်းခြင်း၊ အစာ ဝယ်ယူသုံးစွဲခြင်း၊ ဆေးဝါးကုသခြင်းနှင့် အလုပ်သမားခ၊ ပို့ဆောင်စရိတ် စသည်ဖြင့် အထွေထွေကုန်ကျစရိတ် အားလုံးမှာ မွေးမြူရေးကန် တစ်ကေလျှင် ကျပ်သိန်း ၃၀၀ ဝန်းကျင် ဖြစ်သည်။

ရေလုပ်ငန်းကဏ္ဍတွင် ပို့ကုန်မြှင့်တင် တင်ပို့နိုင်ရန်မှာလည်း မျိုးရိုးဗီဇမြှင့် မျိုးကောင်းမျိုးသန့်သားပေါက်များ တင်သွင်းပြီး အဆင့်မြင့်နည်းပညာဖြင့် တိုးချဲ့မွေးမြူနိုင်မှသာ ဖြစ်ထွန်းလာနိုင်မည့် အချက်ကို လုပ်ငန်းရှင်များက သဘောပေါက်လက်ခံကြသည့်တိုင်အောင် အဆိုပါနားလည် သဘောပေါက်ချက်ကို အပြည့်အဝ ရုပ်လုံးပေါ်နိုင်စေရန် ဖော်နိုင်စွမ်းကလည်း 'အရင်းအနှီး' ဟူသော စကားလုံးပေါ်တွင် မူတည်နေပြန်ပါသည်။

မျိုးရိုးဗီဇမြှင့်တင်ထားသည့် ငါးသားပေါက်များကို ယခင်က ရေသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ G to G (Government to Government) သာ တင်သွင်းခွင့်ပြုခဲ့သော်လည်း၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လပိုင်းမှစတင်၍ သက်ဆိုင်ရာ ခရိုင်အဆင့် ငါးလုပ်ငန်းဦးစီးဌာနများ၏ စစ်ဆေးခွင့်ပြုချက်များဖြင့် လုပ်ကိုင်ခွင့်ပေးခဲ့သည်။ သို့သော် ဓာတ်ခွဲခန်း အရေအတွက်နှင့် စစ်ဆေးမှု အားနည်းချက်များကြောင့် မျိုးရိုးဗီဇအရည်အသွေးမှန် ရရှိနိုင်မှု အားနည်းချက်များကလည်း ရှိနေသေးသည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည့် ဒေါက်တာမြင့်ဆွေက ''နည်းပညာတွေကို အသုံးချပြီး ပြန်လည်ရပ်တည်ဖို့ကလည်း နာဂစ်မုန်တိုင်းမှာ ရေထွက်လုပ်ငန်းရှင်တွေ အားလုံးနည်းပါး အရင်းအနှီးတန်ဖိုး ၇၀ ရာခိုင်နှုန်းစီလောက် ဆုံးရှုံးသွားခဲ့ကြတာ။ နိုင်ငံတော်ရဲ့ ထောက်ပံ့မှုတွေကို အခုထက် ပိုမျှော်လင့်နိုင်မှပဲ အဆင်ပြေတော့မယ်''ဟု ပြောသည်။

ရေလုပ်ငန်းရှင်များ အများဆုံး မွေးမြူနေသည့် ငါးမြစ်ချင်းမှာ မွေးမြူသည့် သက်တမ်း အနည်းဆုံး တစ်နှစ်ခွဲမှ နှစ်နှစ်အတွင်းသာ ကန်ဖော်ထုတ်ရောင်းနိုင်ပြီး တီလားပီးယားငါးမှာမူ သက်တမ်းခြောက်လလျှင် တစ်ကြိမ် ကန်ဖော်ကာ ထုတ်လုပ်ရောင်းချနိုင်သည်။

ငါးအမျိုးအစားအလိုက် ဈေးနှုန်းပေါက်ဈေးမှာ သိသိသာသာ ကွာခြားခြင်းမရှိသော်လည်း ကာလတိုအတွင်း ကန်ဖော်ထုတ်လုပ်နိုင်သောကြောင့် အကျိုးအမြတ်မှာ လေးပုံတစ်ပုံခန့် ကွာခြားသွားလေ့ ရှိသည်။ ဈေးကွက်သဘောတရားအရ မွေးမြူရေးကာလတိုသည့် ငါးအမျိုးအစားက ပိုမိုစီးပွားဖြစ်ထွန်းစေခဲ့သည်။

ရေထွက်ကုန်လုပ်ငန်းများကို မွေးမြူထုတ်လုပ်ခြင်း စနစ်ဘက်သို့ ကူးပြောင်းမည်ဆိုပါက ရေထွက်ကုန်အမျိုးအစား တစ်ခုချင်းစီအလိုက် အခြေခံအဆောက်အဦများကို ပါ ပြည့်စုံလုံလောက်သည်အထိ တည်ဆောက်ရန် လိုအပ်ချက်ကလည်း မြင့်မြင့်မားမား ရှိနေသည်။ မွေးမြူရေးငါး၊ ပုစွန်များအတွက် သက်တမ်းအလိုက် ကျွေးမွေးနိုင်မည့် အစာများကိုလည်း တီထွင်ဖန်တီး ထုတ်လုပ်ထားနိုင်ရမည် ဖြစ်သည်။

GSP ကို ရရှိထားသည့် နိုင်ငံအနေဖြင့် မိမိနိုင်ငံတွင်း ထုတ်လုပ်သော ကုန်စည်တင်ပို့ ရောင်းချရာတွင် အစွန်းထွက် (အမြတ်) တန်ဖိုး ထည့်မတွက်ထားသည့် ကုန်စည်တစ်ခုပင်လျှင် အကျိုးအမြတ်အဖြစ် ထုတ်ကုန်တန်ဖိုး ၁၃ ဒသမ ၇ ရာခိုင်နှုန်းကို ခံစားရနိုင်သည်။

နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံအနေဖြင့် ရရှိထားသည့် GSP အခွင့်အရေးကို အသုံးချကာ ပြည်တွင်းသို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လာရောက်တည်ထောင်နိုင်ရန်အတွက် အခွင့်ကောင်းတစ်ခုသဖွယ် ဖြစ်စေသည်။

ထိုင်းနိုင်ငံအခြေစိုက် CP စီးပွားရေးလုပ်ငန်းစုပင်လျှင် တီလားပီးယားနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် လာရောက် မွေးမြူလုပ်ကိုင်ရန် စီစဉ်နေပြီဖြစ်သည်။ GSP အခွင့်အရေးက နိုင်ငံတကာမှ အရင်းများကို ဆွဲဆောင်လာနိုင်သလို ထိုအရင်းများက အရင်းအနှီးများစွာ လိုအပ်နေသော မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းထဲသို့ စီးဝင်လာမည်ဆိုပါက ပျောက်ချက်သား ကောင်းနေသည့် အရင်းအနှီးပြတ်လပ်မှုကို ဖြေရှင်းနိုင်ကောင်း ဖြေရှင်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံသည် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဘီလျံခန့် ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး မြန်မာနိုင်ငံကမူ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်သာ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံသည် တစ်ဆင့်ပြုပြင်ထုတ်ကုန် (စည်သွတ်ဘူး) များ ထုတ်လုပ်ရောင်းချကြသည်။ ပြောင်းလဲလာသည့် ဈေးကွက်ဝင်ငါး (တူနာကဲ့သို့သော ငါး)များကိုလည်း ဆိပ်ကမ်းများ အခိုင်အမာတည်ဆောက်၍ပင် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ရောင်းချနေကြပြီ ဖြစ်သည်။

မွေးမြူရေးလုပ်ငန်း culture များအတွက် ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ''လက်ရှိ ရောင်းနေတာက ကြည့်မယ်၊ ကြိုက်ရင် ရော့ ယူသွား ဆိုပြီးရောင်းနေတော့ လျာထားချက်ပြည့်မီဖို့ အဆင်မပြေနိုင်သေးဘူး။ ရောင်းတတ်မယ်ဆိုရင် ထိုင်းနိုင်ငံနဲ့ ရောင်းဝယ်မှုမှာ ငွေကြေးယူနစ်နှစ်မျိုး တောင်ရနိုင်ပါတယ်''ဟု ပြောကြားသည်။

ရေထွက်ပို့ကုန်လုပ်ငန်းရှင် ဦးမျိုးညွန့်က ''နိုင်ငံတကာဈေးကွက်တွေရဲ့တုံ့ပြန်မှုက ခင်ဗျားတို့ ဘယ်လောက်ပို့နိုင်လဲဆိုတဲ့ အနေအထားပေါ်မှာ မူတည်နေပါတယ်''ဟု ပြောသည်။

မည်သို့ပင်ဆိုစေ မွေးမြူရေးဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၏ ပြောကြားချက်က ကျိုးကြောင်းညီဖွယ်ရာ ရှိသည်။

''နိုင်ငံတော်က စီမံကိန်းတစ်ခုကို ချမှတ်လိုက်ပြီဆိုရင် အမည်ခံမဟုတ်တဲ့ တကယ့် အင်အားကြီး စီးပွားရေးလုပ်ငန်းတွေကပဲ ဦးဆောင်အကောင်အထည်ဖော် လုပ်ကိုင်သွားနိုင်ရမှာ ဖြစ်ပါတယ်''ဟု ၎င်းက ပြောသည်။




ဓာတ်ပုံ–ဇော်ဦး

ပ်တန်းအရာရှိများ ထိတွေ့ဆက်ဆံမှုများမှာ နည်းပါးလာရာ ငါးလုပ်ငန်းဖွံ့ဖြိုးမှုကိစ္စရပ်များကို



ဓာတ်ပုံ–ဇော်ဦး

လှိုင်သာယာမြို့နယ်ရှိ လုပ်ငန်းရှင်တစ်ဦး၏ ငါးသားဖောက်လုပ်ငန်းတစ်ခု။



ဓာတ်ပုံ–ဇော်ဦး

လက်ကားဈေးကြီးတစ်ခုရှိ ဈေးကွက်အသီးသီးသို့ တင်ပို့ရောင်းချရန် သိုလှောင်ထိန်းသိမ်းထားသော ငါးများ။

# စိတ်အပန်းပြေစေမယ့် ဘူတိန်းစ်ကျွန်း

## သဘာဝအလှတရားတွေကို နှစ်သက်တဲ့သူတွေအတွက် လည်ပတ်စရာ နယ်မြေသစ်လေးတစ်ခု...



ကမ္ဘာ့အထင်ရှားဆုံး၊ အကျော်ကြားဆုံးနဲ့ အထူးဆန်းဆုံးနေရာတွေက အရင်ကတော့ ကမ္ဘာလှည့် ခရီးသည်တွေကို အဆွဲဆောင်နိုင်ဆုံးဖြစ်ခဲ့ပေမယ့် ယခုအခါ မြို့ပြ ယဉ်ကျေးမှုကို မွန်းကျပ်လာကြတဲ့ ကမ္ဘာလှည့် ခရီးသည်တွေရဲ့ စိတ်ဝင်စားဆုံး နေရာတွေက သဘာဝအတိုင်း လှပနေတဲ့ နယ်မြေသစ်တွေ ဖြစ်လာပါတယ်။ အဲဒီ နယ်မြေသစ်တွေထဲမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ ဘူတိန်းစ်ကျွန်းက အထင်ရှားဆုံးနေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ နောက်ဆုံး နယ်မြေသစ်လို့ ခေါ်ကြတဲ့ ဒီကျွန်းလေးက သူ့ကိုယ်ပိုင် ဘာသာစကား၊ အဝတ်အစားနဲ့ ဓလေ့ထုံးစံတွေ ရှိပါတယ်။ ပစိဖိတ်သမုဒ္ဒရာနဲ့ တောင်တရုတ်ပင်လယ် ဆုံတဲ့နေရာမှာ တည်ရှိတဲ့အတွက် ရေသံ တဝုန်းဝုန်းကို နေရာအနှံ့က ကြားနေရပါတယ်။ လှပတဲ့ ပင်လယ် ကမ်းရိုးတန်းနဲ့ မီးတောင် ကျောက်တုံးတွေကိုလည်း ကြည့်ရှုခံစားနိုင်ပါတယ်။

ဘူတိန်းစ်ကျွန်းစုက လူဦးရေနဲ့ မြေပြင်အကျယ်အဝန်းအရ ဖိလစ်ပိုင်နိုင်ငံမှာ အသေးငယ်ဆုံးဒေသဖြစ်ပြီး ကျွန်းငယ်ပေါင်း ၁၀ ခု ပါဝင်ကာ ဘူတန်၊ ဆက်ဘ်တန်နဲ့ အစ်ဘာရက်ဆိုတဲ့ ကျွန်း သုံးကျွန်းမှာပဲ လူတွေ နေထိုင်ကြပါတယ်။

အဲဒီကျွန်းတွေမှာ နေထိုင်တဲ့ လူမျိုးတွေကို အီဗာတန်လို့ ခေါ်ပါတယ်။ အီဗာတန်တွေက ဘူတိန်းစ်ကျွန်းမှာ လွန်ခဲ့တဲ့ နှစ် ၄,၀၀၀ က ပြောင်းရွှေ့နေထိုင်တဲ့အော်စတိုနီးရှားလူမျိုးကနေ ဆင်းသက်လာတာပါ။

မတ်စောက်လှတဲ့ တောင်နံရံကြီးတွေ၊ လှိုင်းထနေတဲ့တောင်တန်းတွေ၊ နက်ရှိုင်းလှတဲ့ ချောက်ကြီးတွေ၊ ကျောက်ဆောင်တွေနဲ့ အနားသတ်ထားတဲ့ ကမ်းရိုးတန်းတွေကြောင့် ဘူတိန်းစ်ရဲ့ ရှုမျှော်ခင်းက ဖိလစ်ပိုင်နိုင်ငံရဲ့ တခြားဒေသတွေနဲ့ လုံးဝကွဲပြားနေပါတယ်။ အဲဒီလို ထူးခြားလှတဲ့ သဘာဝ ပင်ကိုလက္ခဏာတွေကြောင့်ပဲ ဘူတိန်းစ်က သွားရောက်လည်ပတ်ချင်စရာနေရာတစ်ခု ဖြစ်နေတာပါ။

ရာသီဥတုဆိုရင်လည်း ဖိလစ်ပိုင်နိုင်ငံရဲ့ တခြားနေရာတွေနဲ့ ယှဉ်ကြည့်ရင် ဘူတိန်းစ်က သာယာပါတယ်။ ဥတုရာသီ လေးခုရှိပြီး လည်ပတ်ဖို့ အကောင်းဆုံး အချိန်ကတော့ မတ်လမှ ဇွန်လအထိ ကျရောက်တဲ့ နွေရာသီပါပဲ။

အဲဒီကျွန်းစုမှာ တိုက်ခတ်တဲ့ လေကလည်း နိုင်ငံရဲ့ တခြားနေရာတွေနဲ့ မတူဘဲ နှစ်သက်စရာ ဖြစ်မယ်ဆိုတာ သံသယဖြစ်စရာ မရှိပါဘူး။



Mt. Carmel ခရစ်ယာန်ဘုရားကျောင်း။

ကျွန်းရဲ့ မြေအနေအထားအရ ကျွဲ၊ နွားနဲ့ ဆိတ်တွေကို အဓိကထား မွေးမြူကြပါတယ်။ အဲဒီဒေသရဲ့ အဓိက အသက်မွေးဝမ်းကျောင်း နောက်တစ်ခုကတော့ တံငါလုပ်ငန်းပါပဲ။

ခေတ်နောက်ကျကျန်ခဲ့တဲ့ဒေသလေးတစ်ခု ဖြစ်ပေမယ့် အခုအခါမှာတော့ ဘူတိန်းစ်မှာ မိုဘိုင်းလ်ဖုန်းတွေ၊ လျှပ်စစ်နဲ့ ကြေးနန်းနဲ့ ဆက်သွယ်ရတဲ့ တီဗီတွေစတဲ့ ခေတ်မီအသုံးအဆောင်ပစ္စည်းတွေ ရှိနေပါပြီ။ ဒါပေမယ့်လည်း မော်တော်ယာဉ်နဲ့ သယ်ယူပို့ဆောင်ရေးကတော့ အတော်လေး အားနည်းနေပါသေးတယ်။

ဘူတိန်းစ်ကျွန်းစုကို လာလည်တဲ့သူတွေအတွက် လုပ်ဆောင်စရာတွေ အများကြီး စောင့်ကြိုနေပါတယ်။ ခံ့ညားလှပတဲ့ ကမ်းခြေတွေမှာ ရေကူးမလား၊ တံငါရွာလေးတွေကို သွားလည်မလား၊ သမိုင်းဝင် ဘုရားကျောင်းတွေနဲ့ မီးပြတိုက်တွေကို လေ့လာမလား၊ ကျွန်းတွေကို သွားလည်မလား။ အရေးကြီးဆုံးကတော့ အေးအေးဆေးဆေးနဲ့ စိတ်ကို ဖြေလျှော့ပြီး သဘာဝအလှတရားကို ခံစားကြည့်ဖို့ပါပဲ။

ဘူတိန်းစ်မှာ လူတွေ၊ နေရာတွေနဲ့ ပတ်ဝန်းကျင်က ဒုက္ခတွေ၊ စိတ်ဖိစီးမှုတွေနဲ့ ကင်းလွတ်ချင်သူတွေအတွက် အကောင်းဆုံး အပန်းဖြေရာပါ။

ဘူတိန်းစ်ကျွန်းစုကို ယူနက်စ်ကိုပဲရစ်က ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုအဖြစ် အဆိုပြုထားပါတယ်။ ဘူတိန်းစ်က ဓလေ့ထုံးတမ်းစဉ်လာကို ကောင်းစွာ ထိန်းသိမ်းထားတဲ့ နေရာတစ်ခုလည်း ဖြစ်နေပြန်ပါသေးတယ်။

ဘူတိန်းစ်ကျွန်းစုရဲ့ အာဏာပိုင်အဖွဲ့က ဘူတိန်းစ်ရဲ့ ယဉ်ကျေးမှုအမွေအနှစ်ကို မြှင့်တင်ဖို့ ရည်ရွယ်ထားပြီး ဖိလစ်ပိုင်နိုင်ငံရဲ့ အဓိက ခရီးသွားနေရာတစ်ခု ဖြစ်လာစေဖို့ ဌာနမျိုးစုံနဲ့ ပူးတွဲ လုပ်ဆောင်နေပါတယ်။

အဓိက အကျဆုံး အရာတစ်ခု ကျန်နေသေးတယ်။ အဲဒါကတော့ အစားအသောက်ပါပဲ။ ခရီးစဉ်က ဘယ်လောက်ပဲ သာယာနေပါစေ အစားအသောက် မကောင်းဘူးဆိုရင်တော့ ပြည့်စုံကောင်းမွန်တဲ့ ခရီးစဉ်တစ်ခု မဖြစ်နိုင်ပါဘူး။

ဘူတိန်းစ်က ပင်လယ်ကမ်းခြေဒေသဖြစ်တဲ့အတွက် ပင်လယ်စာနှစ်သက်သူတွေအတွက်ကတော့ စိုးရိမ်စရာ မလိုဘူးပေါ့။ ဘူတိန်းစ်မှာ နာမည်အကြီးဆုံး အစားအစာနှစ်မျိုးက အုန်းကဏန်းနဲ့ ငါးပျံပါပဲ။ အုန်းကဏန်းကတော့ ရာသီစာဖြစ်ပေမယ့် ငါးပျံကတော့ ရာသီမရွေး ရရှိပါတယ်။

Uvud balls လို့ခေါ်တဲ့ အသား၊ ငါးပျံနဲ့ ငှက်ပျောအူတို့ကို ရောနှောပြုလုပ်ထားတဲ့ဒေသဖြစ် အသားလုံး၊ ဘူကာအိုလို့ ခေါ်တဲ့ အုန်းယိုတို့ကလည်း မဖြစ်မနေ မြည်းစမ်းကြည့်သင့်တဲ့ အစားအစာတွေပါပဲ။

**အီအီမာ**

### ခရီးစဉ်ဈေးနှုန်း

**ဖိလစ်ပိုင်နိုင်ငံကိုတော့ ပြည်တွင်းက သွားတဲ့သူဦးရေ နည်းနေသေးတာကြောင့် ခရီးစဉ် စီစဉ်ထားတာ မရှိပေမယ့် ကိုယ်သွားချင်တဲ့နေရာကို အသေးစိတ် လာရောက်ဆွေးနွေးပြီး ခရီးစဉ်အပေါ် ဈေးနှုန်းကို တွက်ချက်ပေးပါတယ်။ အကြမ်းဖျင်းအားဖြင့်တော့ ၃ ညအိပ် ၄ ရက်ခရီးက တစ်ဦးကို စရိတ်ငြိမ်း ဒေါ်လာ ၆၅၀ မှ ၇၀၀ ကျော်အထိ ကျသင့်နိုင်ပါတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားမယ်ဆိုရင်တော့ လေယာဉ်ကို ဘန်ကောက်မှ တစ်ဆင့် စီးရမှာ ဖြစ်ပါတယ်။**



အီဗာတန်လူမျိုးများ နေထိုင်ကြသည့် ရိုးရာအိမ်လေးတစ်လုံး။



ဘူတိန်းစ်ကျွန်းပေါ်ရှိ မီးပြတိုက်တစ်ခု။



ဘူတိန်းစ်၊ ဗယ်လူဂန်ပင်လယ်အော်ရှိ ကျောက်တုံးကြီးများ။

# ဝင်ငွေနည်းမိသားစုများ အိမ်ရာပိုင်ဆိုင်မည့် အခွင့်အလမ်းရရှိရေးအတွက် Town plan များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်

ဇေယျာလင်း



ဓာတ်ပုံ - မျိုးမင်း

**ထူထပ်သိပ်သည်းလာသော ရန်ကုန်လူဦးရေနှင့် လိုက်ဖက်ညီမျှမှုရှိစေရန် တိုးချဲ့ဆောက်လုပ်လျက်ရှိသော အဆောက်အအုံအသစ်များ။**

ဝင်ငွေနည်း ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် Town plan များ ရေးဆွဲ၍ စနစ်တကျဖြင့် အဆင့်ဆင့် လုပ်ကိုင်ရန် လိုအပ်သည်ဟု မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိမြို့များကို မြို့ကွက်ပုံစံသစ်များ ပြန်လည်ရေးဆွဲနေသည့် ယခုအချိန်တွင် ဝင်ငွေနည်းမိသားစုများ အိမ်ရာ ပိုင်ဆိုင်နိုင်ရေးအတွက် Town plan များ၌ လက်ရှိ ရှိနှင့်ပြီးသား မြေနေရာပေါ်တွင် အထပ်မြင့် တည်ဆောက်ကာ အခန်းယူနစ်များကို များပြားအောင် လုပ်ဆောင်သည့် နည်းလမ်းများ၊ ဒုတိယအဆင့်အနေဖြင့် မြို့နေလူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ မြို့ပြင်နယ်နိမိတ်အပြင်ဘက်ရှိ မြေများကို မြို့မြေအဖြစ်ပြောင်းလဲသတ်မှတ်စေခြင်းအပြင် ရေခြားမြေခြား အရပ်ဒေသများတွင် သီးသန့်မြို့သစ်စီမံကိန်းများ ဖော်ထုတ်ရန် လိုအပ်သည်။

''ပထမဦးဆုံး လိုအပ်တာက မြေကြီးပါ။ ဒုတိယက အဆောက်အအုံဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ ငမိုးရိပ်ချောင်းခြားတဲ့ ဒဂုံမြို့သစ်လို၊ လှိုင်သာယာလို မြို့သစ်တွေ ဖော်ထုတ်ခဲ့တယ်။ အဲဒီအချိန်တုန်းက နေထိုင်ရေး အတော်အတန်အဆင်ပြေသွားပြီး ကျူးကျော်တော်တော်များများလည်း အဲဒီအထဲကို ဝင်သွားတယ်။ အခုအခြေအနေက တစ်ပတ်ပြန်လည်လာလို့ မျက်ခြည်မပြတ် စောင့်ကြည့်ပြီး လုပ်ဖို့လိုအပ်တယ်''ဟုမြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း နာယက ဦးအောင်မြင့်က ပြောသည်။

၁၉၀၁ ခုနှစ်တွင် ၅၅ ဒသမ ၇၂ စတုရန်း ကီလိုမီတာသာ ရှိခဲ့သည့် ရန်ကုန်မြို့ အကျယ်အဝန်းသည် ၂၀၀၈ ခုနှစ်တွင် ၅၉၈ ဒသမ ၇၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းလာသည့်အပြင် မြို့နယ်ပေါင်း၄၅မြို့နယ်နှင့် ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ နေထိုင်သူ ၅ ဒသမ ၅ သန်းအထိ ရှိလာခဲ့သည်။

အဆက်မပြတ် တိုးတက်များပြားလာသည့် လူဦးရေနှင့် ကိုက်ညီသည့် မြို့နေထိုင်မှု ပုံသဏ္ဌာန်များ ဖြစ်ပေါ်လာစေရန်အတွက် မြို့ပြစီမံကိန်းပညာရှင်များ၊ သက်ဆိုင်ရာ အိမ်ရာဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် ဝန်ကြီးဌာနများမှ Town plan များ ရေးဆွဲ၍ မြို့များကိုစနစ်တကျ တိုးချဲ့စေခြင်း၊ မြို့ကွက်သစ်များ တိုးချဲ့ခြင်းတို့ကို ရေတိုရေရှည်စနစ်များဖြင့် လုပ်ဆောင်နေလျက် ရှိသည်။

ရန်ကုန်မြို့တော်တွင် အနည်းဆုံး နှစ် ၃၀ တစ်ကြိမ် မြို့သစ်များ ဖော်ထုတ်ခြင်းပြုလျက်ရှိရာ ထိုနည်းလမ်းသည် ကျူးကျော်ပြဿနာများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်မည့်အပြင် ဝင်ငွေနည်းမိသားစုများလည်း အိမ်ရာပိုင်ဆိုင်နိုင်သည့် အခွင့်အရေးများ ရရှိလာမည်ဖြစ်သည်။

''နှစ် ၃၀ ကလည်း ပြည့်ဖို့နီးလာပြီ။ မြို့နဲ့ တစ်ဆက်တည်း လုပ်မလား၊ ရန်ကုန်နဲ့ ဟံသာဝတီကြားထဲမှာ လုပ်မလားဆိုတာ ရွေးရတော့မယ်။ မြို့သွားတည်တိုင်းလည်း အလုပ်အကိုင်မရှိရင် လူက နေမှာ မဟုတ်ဘူး။ အလုပ်အကိုင်လည်း ဖန်တီးပေးနိုင်တဲ့ မြို့သစ်တွေကတော့ လာမယ့် ၂၀၂၀ ပြည့်နှစ် မတိုင်ခင် လိုအပ်တာကတော့ အမှန်ပါပဲ''ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်မီမီတင်က ပြောသည်။

# အိမ်ရာလိုသူများအတွက် တန်ဖိုးမျှတအိမ်ရာများ ဈေးလျှော့ရောင်းရေး အခက်အခဲရှိ

ဇေယျာလင်း

မြန်မာနိုင်ငံ အနှံ့အပြားတွင် တည်ဆောက်နေသည့် တန်ဖိုးမျှတ အိမ်ရာစီမံကိန်းများမှ ထွက်ပေါ်လာသည့် တိုက်ခန်းများကို လက်ရှိ ရောင်းချနေသည့် ဈေးနှုန်းများထက် လျှော့ချနိုင်ရန် လုပ်ဆောင်နေသော်လည်း အခက်အခဲများ ရှိနေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

''အခုဈေးကွက်မှာ ဆောက်လုပ်ရေးပစ္စည်းတွေက ဈေးက မြင့်နေတော့ ပြည်သူတွေ လက်လှမ်းမီတဲ့ နှုန်းတစ်ခုဖြစ်အောင်တော့ စဉ်းစားပေးရမယ်''ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ဖေဖော်ဝါရီလ ၂ ရက်တွင် The Trade Times ကို ပြောသည်။

ဆောက်လုပ်ရေးပစ္စည်းအများအပြားမှာ ပြည်ပနိုင်ငံများမှ တင်သွင်းရသည့်အတွက် ဈေးနှုန်းများ ကြီးမြင့်နေသည့်အပြင် လုပ်အားခ ဈေးနှုန်းများပါ မြင့်တက်လာနေခြင်း၊ တန်ဖိုးမျှတအိမ်ရာ ဆောက်လုပ်သည့် နည်းပညာ လိုအပ်ချက်ကြောင့် ယခုရောင်းချသည့်နှုန်းထားများ လျှော့ချရောင်းချနိုင်ရန် အခက်အခဲများ ရှိနေသည်။

''ပွင့်ပွင့်လင်းလင်း ပြောရရင် ဌာနမှာမြေပိုင်မရှိပါဘူး။ စီမံကိန်းတစ်ခု လုပ်တော့မယ်ဆိုရင် လယ်သမားတွေကို သင့်တင့်မျှတတဲ့ အခကြေးငွေပေးပြီး လုပ်နေရပါတယ်။ မြေတွေကတော့ ကျွန်မတို့က ပြည်ထောင်စုအစိုးရဖြစ်တော့ တိုင်းဒေသကြီးအစိုးရတွေကို မြေတွေ လွှဲပေးလိုက်ရတယ်။ လန ၃၉ နဲ့ on going လုပ်နေတဲ့ မြေတွေပဲ ကျန်တော့တယ်''ဟုမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ဖေဖော်ဝါရီလ ၁ ရက်တွင် ပြောသည်။

ရန်ကုန်မြို့တော်တွင် အိမ်ရာလိုအပ်ချက် တစ်နှစ်လျှင် ၃၀,၀၀၀ ခန့် လိုအပ်နေသည့် အချိန်တွင် ဖြည့်ဆည်းပေးနိုင်သည့် အခန်းပမာဏမှာ ၇,၀၀၀ ဝန်းကျင်ခန့်သာ ရှိသည့်အပြင် ပုဂ္ဂလိက လုပ်ငန်းရှင်များ တစ်ဦးချင်းအစီအစဉ်ဖြင့် ဆောက်လုပ်နေသည့် တိုက်ခန်းများ၏ ဈေးနှုန်းမှာလည်း အများပြည်သူ လက်လှမ်းမီနိုင်သည့် ဈေးနှုန်းများ ဖြစ်ပေါ်ရန် ခက်ခဲနေသည်။

# မြို့လယ် အမွေအနှစ် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ လေ့လာမှု ပြုလုပ်မည်

ဇင်မို့မို့အေး

ရန်ကုန်မြို့လယ် အမွေအနှစ် ဦးစားပေး ဖွံ့ဖြိုးတိုးတက်ခြင်း ဆိုင်ရာ လေ့လာမှုတစ်ခုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်သည်။

၎င်းလေ့လာစီမံချက်အတွက် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် ငါးဦးနှင့် ပြည်တွင်း ကျွမ်းကျင်ပညာရှင် ငါးဦးတို့သည် ဖေဖော်ဝါရီလမှစတင်၍ခြောက်လကြာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

အဆိုပါ လေ့လာမှုအတွက် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် Cities Development Initiative for Asia(CDIA)အဖွဲ့က အမေရိကန်ဒေါ်လာ ၃၅၀,၀၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထိုသို့ ထောက်ပံ့ကူညီရခြင်းမှာ သမိုင်းဝင် မြို့ပြ အဆောက်အအုံ အစုအဝေးကို ပိုမိုအလေးထားပြီး အလားအလာရှိသည့် ဖွံ့ဖြိုးမှု ပုံစံကွဲတစ်ခုကို ဖော်ဆောင်ရန်နှင့် ယခုလက်ရှိ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှု ပုံစံနှင့် နှိုင်းယှဉ်ကာ မြို့နေလူထုအတွက် ပိုမိုလက်ခံသင့်သော၊ လက်လှမ်းမီနိုင်သော နည်းလမ်းသစ်များကို ဖော်ဆောင်ရန် ဖြစ်သည်ဟု သိရသည်။

လေ့လာမှုပြုလုပ်ရာတွင် ရှေ့ပြေးရီယာ သုံးခုအဖြစ် ရန်ကုန်မြို့လယ်ရှိ လမ်းသုံးလမ်းအား လေ့လာမှုပြုလုပ်သွားမည်ဖြစ်ပြီး မည်သည့်လမ်းများဖြစ်သည်ကို မသိရသေးကြောင်း ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) မှ သိရသည်။

''ဒီအစီအစဉ်က မြို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေကို ကာကွယ်ဖို့၊ သမိုင်းဝင်အဆောက်အအုံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်နိုင်ဖို့၊ အခြေခံအဆောက်အဦတွေ မြှင့်တင်နိုင်ဖို့နဲ့ မြို့လယ်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ဖို့စတဲ့ အချက်တွေအတွက် အစိုးရနဲ့ လူထုအခြေပြု အဖွဲ့အစည်းတွေကြားမှာ ထူးထူးခြားခြား ပူးပေါင်းဆောင်ရွက်တာပဲ ဖြစ်ပါတယ်''ဟု ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက ပြောသည်။

## real estate forecast

# ဈေးကွက်အေးနေတဲ့ ဒဂုံအရှေ့ပိုင်းမြို့နယ် အိမ်ခြံမြေဈေးကွက်



**ဦးစိုင်း**
**ဒဂုံရွှေပြည် အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း**

ဇေယျာလင်း

လမ်းမကြီးတွေပေါ်မှာပဲ အရောင်းအဝယ် နည်းနည်းဖြစ်တယ်။ မင်းရဲကျော်စွာ လမ်းမကြီးဆိုရင် ပေ ၄၀x၆၀ အကျယ်ဆိုရင် သိန်း ၁,၅၀၀ လောက် ခေါ်တယ်။ အဝယ်တော့ နှေးတယ်။ ၎င်းဖို့အကွက် ရှားသလို အငှားလည်း နည်းတယ်။ လူမနေတဲ့အကွက်တွေလည်း ရှိတယ်။

အနော်ရထာလမ်းမကြီးကလည်း ပေ ၄၀ x ၆၀ အကွက် (၁) ရပ်ကွက်ဘက်အခြမ်းဆို သိန်း ၁,၀၀၀ ကျော် စခေါ်ပြီး (၁၄) ဘက်ရောက်လာတဲ့ လမ်းဆုံးခါနီး အမှတ် (၂) လမ်းမကြီးနဲ့ ဆုံခါနီး အကွက်တွေဆို သိန်း ၁,၅၀၀ လောက် ဈေးဆိုကြတယ်။ မြေကွက်လွတ်တွေလည်း အများကြီး ရှိသေးတယ်။

(၁၄) ရပ်ကွက် အနော်ရထာလမ်းမကြီးနဲ့ သုံးကွက်ကျော် ပေ ၄၀ x ၆၀ ဆိုရင် သိန်း ၅၅၀ ခေါ်ဈေးရှိတယ်။ လူနေများတဲ့ (၇) ရပ်ကွက် (၈) ရပ်ကွက်တွေက ပေ ၂၀ x ၆၀ အကွက် အတွင်းကွက်ဆိုရင် သိန်း ၄၀၀ လောက် ခေါ်ဈေးရှိတယ်။ ၎င်းမယ်ဆိုရင်လည်း အတွင်းဘက်အကွက်တွေက အနည်းဆုံးတစ်လ ၎င်းခ တစ်သိန်း အနည်းဆုံးပေးရတယ်။ ဒဂုံအရှေ့ပိုင်းမှာက အစိုးရပိုင်မြေကွက်လွတ်တွေကများတယ်။

**အခြေအနေပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲ ရှိနိုင်ပါသည်။**

# ပြည်တွင်းအိမ်ခြံမြေဈေးကွက်အေးနေခြင်း ယာယီသာ ဖြစ်နိုင်

ဇေယျာလင်း



ဓာတ်ပုံ-မျိုးမင်း

**ငွေကြေးဖောင်းပွမှုများရှိနေသည့်ကြားမှ ပြည်တွင်းအိမ်ခြံမြေဈေးကွက် အတက်ဘက်တွင် မရှိဘဲ အေးနေသော်လည်း ထိုသို့ဖြစ်ခြင်းမှာ ယာယီအနေအထားသာ ဖြစ်သည်။**

အိမ်ခြံမြေဈေးကွက်အေးနေသည့်အပြင် အခြားသောဈေးကွက်များ၌ပါ အရောင်းအဝယ် အေးလာနေခြင်း၊ ဝယ်လိုအား လျော့ကျသွားခြင်းမှာ ယာယီအခိုက်အတန့်သာ ဖြစ်နိုင်သည်ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ အိမ်ခြံမြေ အကျိုးဆောင်များထံမှ သိရသည်။

''လစာတိုးမယ့်အပြင် ဘတ်ဂျက် လိုငွေကလည်း ဘီလျံ ၃,၀၀၀ နီးပါးရှိတယ်။ ငွေကြေးဖောင်းပွမှုကလည်း များလာမယ်။ အခုဝယ်လက်ပျောက်နေတာက ဈေးကွက်သဘောတရားအရ ပြောင်းပြန်ဖြစ်နေတယ်။ ပုံမှန်ဆိုရင် ငွေဖောင်းပွမှုရှိနေရင် အိမ်ခြံမြေက ပြန်ကို တက်ရမယ်။ ကျွန်တော့အမြင်ကတော့ ဒါက အခိုက်အတန့်ပဲ ဖြစ်နိုင်လိမ့်မယ်။ ပုံမှန်လူနေရပ်ကွက်တွေထက် ဈေးကစားတာကတော့ လူမနေတဲ့ မြို့ကွက်သစ်တွေမှာ ဖြစ်တာများတယ်''ဟု မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါက်တာစိုးထွန်းက ဇန်နဝါရီလ ၂၇ ရက် နေ့လယ် ၁၂ နာရီတွင် ပြောသည်။

မကြာမီစတင်တော့မည့် စတော့အိတ်ချိန်းဈေးကွက်သစ်နှင့် ၂၀၁၅ ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး အခင်းအကျင်းကို စောင့်ကြည့်နေကြခြင်းကြောင့် ပြည်တွင်း အိမ်ခြံမြေ ဈေးကွက်တွင် ဝယ်လိုအားနည်းပြီး ရောင်းချလိုသူများပြားလျက်ရှိသည်။ သို့ရာတွင် အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းမှု မရှိခြင်းမှာ ရောင်းသူနှင့် ဝယ်သူများအကြား ဖြစ်ပေါ်လာနိုင်သည့် ဈေးကွက် အခြေအနေကို စောင့်ဆိုင်းနေခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း ဈေးကွက် လေ့လာသူများက ခန့်မှန်းကြသည်။ ကားဈေးကွက်တွင်လည်း မူဝါဒပိုင်းဆိုင်ရာပြဿနာများ၊ ပါကင်ပြဿနာများကြောင့် ကားဝယ်ယူရန် ခက်ခဲသော အခြေအနေ ရှိနေသည့်အတွက် ကားအရောင်းပြခန်းများတွင် ကားများ စုပုံကာ ငွေကြေးလည်ပတ်မှု အားနည်းသွားသည်။ ပုံမှန်ငွေကြေး လည်ပတ်နေသည့် ပို့ကုန်သွင်းကုန် လုပ်ငန်းများတွင်လည်း အမှာစာ လျော့နည်းကာ အကြွေးစနစ်ဖြင့် ရောင်းချနေရသည့် အခြေအနေဖြစ်ပေါ်လျက် ရှိသည်။ ထိုသို့ အိမ်ခြံမြေဈေးကွက်၊ ကားဈေးကွက်နှင့် ပို့ကုန်သွင်းကုန် ဈေးကွက်တို့ အနေအထား အေးစက်နေသော်လည်း ယင်းပြဿနာများမှာ ဖြစ်ရိုးဖြစ်စဉ် ကုန်သွယ်မှု သဘောတရားများအတိုင်းသာဖြစ်သဖြင့် ဈေးကွက်တစ်ခုလုံး အရောင်းအဝယ် အေးနေသည်မှာ ယာယီအခိုက်အတန့်သာ ဖြစ်နိုင်သည်ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်သည်။

''ငွေက အိမ်ခြံမြေတင် မဟုတ်ဘူး။ လုပ်ငန်းတော်တော်များများပါ ငွေလည်ပတ်မှုခက်နေတယ်။ အဓိကကတော့ အသေးစားနဲ့ အလတ်စားတွေ များတယ်။ အားလုံးက ရှေ့ဘာဆက်ဖြစ်လာမလဲ ဆိုတာ စောင့်ကြည့်ပြီး မဝယ်ရဲ၊ မရောင်းရဲ အခြေအနေဖြစ်နေလို့လည်း ဈေးကွက်က အေးနေတာဖြစ်တယ်။ အိမ်ခြံမြေဈေးအေးတယ်ဆိုပေမယ့် ဗိုက်နာတဲ့ လူက လွဲလို့ ဘယ်သူမှ အောက်ဈေးနဲ့ထုတ်ရောင်းတာမကြားမိသေးဘူး။ မြေဝယ်မကျဆိုတဲ့ စကားက ခေတ်အဆက်ဆက်မှန်နေလို့ မကြာခင်တော့ ပုံမှန်ဈေးကွက်တစ်ခုပြန်ဖြစ်လာမှာပါ''ဟု Yangon & Mandalay ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင်စိန်က ပြောသည်။

ပြည်တွင်းရှိ ငွေကြေးတတ်နိုင်သူများက ယင်းတို့ပိုင် ပိုလျှံငွေကြေးများကို ဘဏ်များတွင် အပ်နှံခြင်းထက် အမြတ်အစွန်း ပိုမိုများပြားသည့် အခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖြစ်သော ရွှေ၊ ဒေါ်လာ၊ ကားနှင့် အိမ်ခြံမြေကဏ္ဍများသို့ ဝင်ရောက်ကာ ခေတ်အဆက်ဆက်တွင် ရင်းနှီးမြှုပ်နှံခဲ့သော်လည်း ကားဈေးကွက်တွင် ဝယ်လိုအားထက် ရောင်းလိုအား များပြားနေသည့်အပြင် တည်ငြိမ်မှုမရှိသည့် မူဝါဒများကြောင့် အရှုံးပေါ်နိုင်သည့် ရာခိုင်နှုန်း များပြားနေခြင်း၊ ရွှေနှင့် ဒေါ်လာ ဈေးနှုန်းများ အတက်အကျမြန်ဆန်ခြင်း စသည်တို့ကြောင့် ရင်းနှီးမြှုပ်နှံရန် ခက်ခဲလျက် ရှိသော်လည်း တိုးပွားလာသည့် မြို့ပြနေ လူဦးရေအချိုးအစားကြောင့် နေစရာလိုအပ်ချက် များစွာရှိနေသည့် အိမ်ခြံမြေကဏ္ဍကို ဈေးကစားနိုင်သည့် ကဏ္ဍသစ်အဖြစ် ငွေရှင်အများက ရှုမြင်လာကြသည်။

''ဈေးအေးသွားတယ်ဆိုပေမယ့်လည်း ဘယ်သူကမှ ဈေးကို အများကြီးလျှော့ပြီး ရောင်းတာမတွေ့သေးပါဘူး။ အကွက်ကြီးတွေ အရောင်းအဝယ် မဖြစ်ပေမယ့် အကွက်ငယ်တွေ၊ သိန်းရာဂဏန်းအကွက်တွေကတော့ အရောင်းအဝယ် နည်းနည်းပါးပါး ရှိပါသေးတယ်။ လူမနေတဲ့ မြို့ပြင်မြေကွက်တွေပဲ အဝယ်ပျောက်သွားတာ တွေ့ရပေမယ့် လုပ်စရာ အလုပ်မရှိရင်တော့ လူတွေက ဒီဘက်ကိုပဲပြန်လှည့်ပြီး လုပ်ကြမှာဆိုတော့ အခုဈေးအေးနေတာက ယာယီပဲဖြစ်နိုင်မှာပါ''ဟု အေးရိပ်စံ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ကိုဝင်းထိန်က ပြောသည်။

# မြေယာသိမ်းဆည်းခံရသူများ ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်

ဇေယျာလင်း

ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် အကြောင်းအမျိုးမျိုးဖြင့် မြေယာ သိမ်းဆည်းခံခဲ့ရသူများအနေဖြင့် ဌာနဆိုင်ရာများနှင့် မြေသိမ်းဆည်းခဲ့သည့် ကုမ္ပဏီများကို စာရွက်စာတမ်း အထောက်အထားများပြသ၍ ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်သည်ဟု မြေယာအရေး ဆောင်ရွက်ပေးနေသည့် ဥပဒေပညာရှင်များထံမှ သိရသည်။

''နို့တစ်စာကတော့ ဝန်ကြီးဌာနနဲ့ ပတ်သက်လာရင် နှစ်လကြိုပို့ရတယ်။ ကုမ္ပဏီတွေကိုတော့ ချက်ချင်းစွဲလို့ရတယ်။ လျော်ကြေးနစ်နာကြေးရလိုမှုအတွက်ကတော့ သိန်း ၁၀၀ အထိက မြို့နယ်၊ သိန်း ၁၀၀ မှ သိန်း ၅,၀၀၀ အထိက ခရိုင်နဲ့ သိန်း ၅,၀၀၀ အထက် ဆိုရင်တော့ တိုင်းဒေသကြီးမှာ စွဲလို့ရပါတယ်'' ဟု တရားလွှတ်တော်ရှေ့နေ ဦးအေးလွင်က ပြောသည်။

ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၀ မြေလွတ် မြေလပ် မြေရိုင်းဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၁၁ လယ်ယာမြေဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနဲ့ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် ကာလ စည်းကမ်းသတ် ဥပဒေများဖြင့် မြေယာသိမ်းဆည်းခံခဲ့ရသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများအတွက် လျော်ကြေး နစ်နာကြေးများကို တရားစွဲဆို တောင်းခံနိုင်ပြီး တန်ဖိုးသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် တရားရုံးများတွင် တရားစွဲဆိုနိုင်သည်။

သို့သော် နစ်နာသူများအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပြန်လည်တရားစွဲဆိုနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ အခက်အခဲများ၊ ရှိနေသည့်အပြင် သွားလာရေးစရိတ်များ၊ ရှေ့နေငှားရမ်းရသည့်စရိတ်စကများကြောင့် ပြန်လည်တရားစွဲဆိုရန် ခက်ခဲနေသည့်အပြင် အမှုတစ်ခု ပြီးမြောက်ရန်အတွက် အနည်းဆုံး အချိန်တစ်နှစ်ခွဲခန့်အထိ အချိန်ပေးရသည့် ပြဿနာများလည်း ရှိနေသည်။

မြေသိမ်းဆည်းခံရသူများဘက်မှ မြေရလိုမှု၊ ကျူးကျော်သူအားနှင်လိုမှု ခေါင်းစဉ်ဖြင့် တရားမကြောင်းအရ တရားစွဲဆိုနိုင်သည့်အပြင် ဝန်ကြီးဌာနများမှ မြေသိမ်းဆည်းစဉ်က နစ်နာကြေးမပေးလျော်ခဲ့သည့်ဖြစ်စဉ်များအတွက်မူ ဥပဒေမဲ့မြေသိမ်းဆည်းခံရမှု၊ မြွက်ဟကြေညာစေလိုမှု၊ မြေလက်ရောက်ရလိုမှုတို့ဖြင့် တရားစွဲဆိုနိုင်သည်။

''တရားရုံးရဲ့ ရုံးခေါ်စရိတ်တွေကြီးသလို နစ်နာသူတွေကလည်း စရိတ်စကတွေ တတ်နိုင်မှသာ လုပ်လို့ဖြစ်နိုင်မှာပါ။ ဥပဒေကြောင်းအရ ဖြေရှင်းဖို့ အလှမ်းဝေးနေဆဲပဲဖြစ်နိုင်လိမ့်မယ်။ ကျွန်တော်တို့ ကူညီလုပ်ပေးနေတဲ့ မြေသိမ်းအမှုရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကိုပဲ နစ်နာကြေးလျော်ကြေးရအောင် လုပ်ပေးနိုင်ခဲ့သေးတယ်။ ဥပဒေရဲ့ အကျိုးကျေးဇူးကို မြေသိမ်းခံခဲ့ရသူတွေအနေနဲ့ အနည်းအပါးပဲ ခံစားနိုင်သေးတယ်''ဟု တရားလွှတ်တော်ရှေ့နေဦးဖိုးဖြူက ဇန်နဝါရီလ ၂၇ရက် နေ့လယ်တွင် ပြောသည်။

# အိမ်ရာလိုအပ်သူများအတွက် ရွှေပြည်သာ၌ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်လျက်ရှိ

ရွှေပြည်သာမြို့နယ်၊ ဇီဇဝါလမ်းနှင့် ပိတောက်လမ်းကြား၊ စက်မှုလမ်းပေါ်တွင် တန်ဖိုးနည်းအိမ်ရာတစ်ခုကို ကျပ်သန်းပေါင်း ၂,၁၀၀ ဝန်းကျင် အကုန်အကျခံကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာတွင် ရှစ်ခန်းတွဲ ခြောက်ထပ်တိုက်၊ အဆောက်အအုံ လေးလုံးပါရှိမည်ဖြစ်ပြီး အခန်း ၁၉၂ ခန်းရှိမည်ဖြစ်ကာ တစ်ခန်းလျှင် ၄၉၀ စတုရန်းပေ အကျယ်အဝန်းရှိမည်ဖြစ်ကြောင်း ၎င်းကော်မတီမှ သိရသည်။

အခန်းရောင်းချမည့် တန်ဖိုးမှာ တစ်ခန်းလျှင် ကျပ်သိန်း ၁၁၀ နီးပါးဖြစ်၍ ရောင်းချလျှင် ဝယ်ယူခွင့်လျှောက်လွှာတင်ကာ မဲနှိုက်သည့်စနစ်ဖြင့် ရောင်းချသွားမည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

''အခန်းက ရောင်းမလား၊ ငှားမလား မသိသေးဘူး။ အခုတော့ ဆောက်နေတုန်း ရှိသေးတယ်'' ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် တန်ဖိုးနည်းအိမ်ရာများကို အခြားမြို့နယ်များတွင်လည်း ဆောက်လုပ်လျက် ရှိသကဲ့သို့ ပုဂ္ဂလိကဆောက်လုပ်ရေး ကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းဆောက်လုပ်နေသည့် အိမ်ရာများလည်း ရှိသည်။

**ဇင်မိုမိုအေး**

## life & style



# သီချင်းလည်း ဆို သရုပ်ဆောင်လည်း လုပ်နေတဲ့ မြင့်မြတ်သော်တာဖြူ

အဆိုတော် ရဲလေးနဲ့အတူ သီချင်းတွေ ဆိုခဲ့တဲ့ ပဲပဲဆိုတဲ့ ကောင်မလေးက မေမြတ်နိုးနဲ့အတူ သရုပ်ဆောင်ထားတယ်လို့ ဆိုလာပါတယ်။ 'မြင့်မြတ်သော်တာဖြူ' ဆိုတဲ့ အနုပညာနာမည်နဲ့ ကောင်မလေးက ပရိသတ်ကို အခုလို ပြောလာပါတယ်။

'ဂေးတို့၏ မာယာ'၊ နန်းခင်ဇေယျာ ပါဝင်တဲ့ ဇာတ်ကားမှာ နန်းခင်ရဲ့ ညီမ၊ 'မရှိမဖြစ် အဘ' ကားထဲမှာ ခင်ဝင့်ဝါရဲ့ ညီမအဖြစ် သရုပ်ဆောင်ထားပါသေးတယ်။

''အဲဒီတုန်းက ၁၄ နှစ်လောက်ပေါ့။ 'အချစ်ရှိနေသမျှ ချစ်သူသီချင်းများ'' အခွေထဲမှာ ကိုကြီးရဲလေးနဲ့ အတူတွဲပြီး Duet တစ်ပုဒ်ဆိုထားတယ်။ ၂၀၁၁ မှာ ကိုကြီးရဲလေး One Man Show လုပ်တော့ သမီးကို ခေါ်ဆိုတယ်။ ကိုကြီးရဲလေးက သမီးရဲ့ ဆရာအရင်းပါ။ လက်ဦးဆရာ ဆိုလည်း ဟုတ်ပါတယ်။ ၁၀ တန်းရောက်တော့ ပညာရေးဘက် လှည့်လိုက်တယ်။ နောက် ၁၀ တန်းပြီးတော့ ဗီဒီယိုတွေ ရိုက်တယ်။

''အခု Girl Band လေး လုပ်ထားတယ်။ အဲဒီကနေ သီချင်းအခွေလေးထွက်ဖို့ ရှိပါတယ်။ အခု ညီမတို့ သူငယ်ချင်းနှစ်ယောက်နဲ့ ဖွဲ့ထားတာ။ Miss Star လို့ နာမည်ပေးထားတယ်။

''အနုပညာကတော့ နှစ်ခုစလုံးကို ဝါသနာပါတာ။ ရှိုးပွဲရှိရင်လည်း ရှိုးပွဲဆိုမယ်။ ကားရိုက်ရှိရင်လည်း ကားရိုက်မယ်'' လို့ သူ့ရဲ့ အနုပညာအပေါ် ထားတဲ့စိတ်ကို ပြောလာပါတယ်။ တစ်ကိုယ်တော် သီချင်းခွေလည်း ထွက်ဖို့ အစီအစဉ် ရှိပါသေးတယ်လို့ ပြောလာခဲ့သူကတော့ မြင့်မြတ်သော်တာဖြူ ဆိုတဲ့ အနုပညာကိုချစ်တဲ့ ကောင်မလေးပါပဲ။

အေးချမ်းခိုင်

---

# အလှကုန် ရှေ့ဆက်ထူးရှင် ရွေးချယ်ပွဲ

အလှကုန်သုံးစွဲသူတွေအတွက် ထိုင်းနိုင်ငံထုတ် အလှကုန်ဖြစ်တဲ့ Le'Skin Care က ရှေ့ကံစမ်းမဲဖွင့်ပွဲ တစ်ရပ်ကို ဇန်နဝါရီလ ၂၃ ရက်က ချက်ထရီယမ်ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။

ဒီအလှကုန်တွေကို Beauty Link ကုမ္ပဏီက တင်သွင်းရောင်းချတာ ဖြစ်ပြီး အရောင်းကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ပါတယ်။ အသားဖြူလိမ်းဆေးခရင်မ်တွေ ဖြစ်တဲ့ Snail White နေ့လိမ်းနဲ့ ညလိမ်း ခရင်မ်တွေအတွက် အခုလို ကံထူးရှင်ရွေးချယ်ခဲ့တာ ဖြစ်ပြီး တက်ရောက်လာတဲ့ ညှော်သည် Customers တွေကိုပါ မဲဖောက်ပေးခဲ့ပါသေးတယ်။

# အနုပညာရှင်တစ်ယောက်ပါလို့ ပြောလာတဲ့ မေမြတ်နိုး

အေးချမ်းခိုင်

မေမြတ်နိုး ဇာတ်ကားရိုက်ကူးမှုတွေ စိပ်လာသလို သူ့ရဲ့သီချင်းတွေကိုလည်း အတွဲခွေတွေမှာ တွေ့လာရပါတယ်။ 'တဒင်္ဂနွေ' ဆိုတဲ့ သီချင်းခွေမှာ ပါဝင်သီဆိုထားတာ တွေ့ရသလို ဒါရိုက်တာဦးဒေါနနဲ့ ဇာတ်ကားရိုက်ကူးနေတယ်လို့ သိရပါတယ်။

မေမြတ်နိုးရဲ့ အနုပညာ ခံယူချက်နဲ့ သူလျှောက်လှမ်းနေတဲ့ အနုပညာခရီးအကြောင်း မေးမြန်းဖြစ်ခဲ့ပါတယ်။

**မေမြတ်နိုးရဲ့ ဒီနေ့ သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်စရိုက်ကို ပြောပြပေးပါဦး။**

ကာရိုက်တာကတော့ ဒီကားထဲမှာ ဟာသကားလေးပေါ့။ အဖေတူသမီးပေါ့။ ရွှေကြိုထဲမှာ ပါမယ်ဆိုပြီး အဖေနဲ့ ပြဿနာတက်တာတွေ၊ မင်းသားကလည်း မင်းသမီးအဖေက ဗိုလ်ချုပ်ဆိုပြီး အထင်ကြီးနားလည်မှုလွဲတာတွေနဲ့ ဟာသလေးပါပဲရှင့်။

**မေမြတ်နိုး ဇာတ်ကား ဘယ်နှကား ရိုက်ကူးပြီးသွားပြီလဲ။**

ဒီကားကတော့ ၂၀၁၅ ရဲ့ ဒုတိယကားပါ။ အားလုံးပေါင်းဆိုရင်တော့ ရှစ်ကားမြောက်ပါရှင့်။

**ရိုက်ခဲ့တဲ့ ဇာတ်ကားထဲမှာ ဇာတ်ကောင်စရိုက် ထူးခြားတာတွေရော ရှိလား။**

ဇာတ်ကား အားလုံးကိုတော့ အကုန်ကြိုးစားတယ်။ မြတ်နိုး လုံးဝမတူတဲ့ ပုံစံမျိုး သရုပ်ဆောင်ရတာက ကိုသားညီနဲ့ ရိုက်လိုက်ရတာပါ။ ဇာတ်ကားထဲမှာ ချူစားတဲ့ ကောင်မလေးပုံစံမျိုးပေါ့။ ဒရာမာကားဆိုတော့ ပိုပြီး သရုပ်ဆောင်လို့ ကောင်းတယ်။ အဲဒီကစပြီး ဒရာမာကို အရမ်းကြိုက်သွားတာပါ။ ဒရာမာကို ရိုက်ချင်တဲ့စိတ် အဲဒီမှာ ဖြစ်သွားတာပါ။

**သရုပ်ဆောင်ရာမှာ မေမြတ်နိုးရဲ့ ခံယူချက်နဲ့ ဖြတ်သန်းမှုကို ပြောပေးပါဦး။**

သရုပ်ဆောင်ကတော့ ရင်ထဲမှာ ရှိပြီးသားလို့ ယုံကြည်ပါတယ်။ အနုပညာရှင်တိုင်းမှာ သရုပ်ဆောင်နိုင်မှုက တစ်ထောင့်တစ်နေရာမှာ ရှိတယ်လို့ ယုံကြည်ပါတယ်။ မြတ်နိုးအနေနဲ့ ဒီလိုသရုပ်ဆောင်ပိုင်းကိုဝင်လိုက်တဲ့ အချိန်မှာ သရုပ်ဆောင်တဲ့ အနုပညာစိတ်အခံလေးက ပွင့်ထွက်လာတယ်လို့ ထင်ပါတယ်။ စပြီး သရုပ်ဆောင်တဲ့အချိန်မှာတော့ လိုအပ်ချက်တွေရှိပါတယ်။ ကျောက်စိမ်းတုံးတစ်ခုလိုပေါ့။ ပွတ်တိုက်ပေးပါများလာရင် သူ့ရဲ့ ကောင်းမွန်တဲ့အရောင်က ထွက်လာသလိုပေါ့။ မြတ်နိုးကို ဇာတ်ပို့၊ ဇာတ်ရန်၊ မင်းသား၊ ဒါရိုက်တာတွေ၊ ကင်မရာမန်းတွေက အများကြီး သင်ပေးပါတယ်။ ပွတ်တိုက်ပါများလို့ ကျောက်က ကောင်းတဲ့အသားထွက်လာသလိုပါပဲ။ မြတ်နိုးအနေနဲ့ ပညာတွေ အများကြီးရခဲ့တယ်။ ကင်မရာပိုင်းတွေရော၊ အသံထွက်တာ သရုပ်ဆောင်တဲ့အပိုင်းရော၊ မျက်နှာ ပို့စ်ပေးတာတွေရောအများကြီးသင်ပေးခဲ့တဲ့အတွက် သရုပ်ဆောင်တဲ့အခါမှာအထူး၊ အထူးအထောက်အကူပြုပါတယ်ရှင့်။

**မေမြတ်နိုးက မစ္စတစ်ယောက်လည်း ဖြစ်တယ်။ အခု သရုပ်ဆောင်လုပ်တယ်။ သီချင်းလည်း ဆိုတယ်ဆိုတော့ အဓိကအနေနဲ့ ဘာကို လုပ်သွားမှာလဲ။**

နိုင်ငံခြားက အနုပညာရှင်တွေကို ကြည့်ရင် ဘက်စုံတော်တယ်ပေါ့။ သရုပ်ဆောင်ဆိုရင်လည်း သီချင်းဆိုတတ်တယ်။ အဆိုတော်လည်း လုပ်လို့ရတယ်။ မြန်မာနိုင်ငံက အနုပညာကိုလည်း အမြင်ကျယ်သွားစေချင်တယ်။ မမေကဗျာဆိုရင် မင်းသမီးလည်း လုပ်တယ်။ ဓာတ်ပုံမော်ဒယ်လည်း လုပ်တယ်။ မထွန်းအိန္ဒြာဗိုဆိုရင်လည်း သီချင်းဆိုတာ တော်တယ်။ သရုပ်ဆောင်ပိုင်းလည်း ပါရမီရှိတယ်။ မြတ်နိုးအနေနဲ့ သုံးခုစလုံးကို ရတယ်ဆိုတာ ပြောချင်တာပါ။ သရုပ်ဆောင်ဆိုတာထက်၊ အဆိုတော် ဆိုတာထက် အနုပညာရှင်တစ်ယောက်ဖြစ်တယ်လို့ ပြောချင်တာပါ။

**မေမြတ်နိုးကို ရင့်ကျက်လာပြီလို့ ပြောလို့ရလား။**

မနှစ်ကထက် ဒီနှစ်က အများကြီး ပိုရင့်ကျက်လာတယ်လို့ ပြောလို့ ရပါတယ်။ ၂၀၁၄ မှာ အတွေ့အကြုံတွေ ရခဲ့တယ်။ လူပေါင်းစုံ၊ စိတ်ဓာတ်ပေါင်းစုံနဲ့လည်း တွေ့ခဲ့ရတယ်။ နိုင်ငံတကာကိုလည်း ရောက်ခဲ့ပြီး အများကြီး လေ့လာခဲ့ရတယ်။ ၂၀၁၄ ကတော့ အရမ်းကို Colourful ဖြစ်ခဲ့ပါတယ်။ အခု ၂၀၁၅ မှာတော့ ဘယ်လို အတွေ့အကြုံတွေ ရမလဲ၊ ဘယ်လိုမျိုး လေ့လာမှုတွေ ရမလဲ ဆိုတာ မျှော်နေမိပါတယ်။

**ဘာပဲဖြစ်ဖြစ် မေမြတ်နိုးကို အားပေးနေတယ်ဆိုတဲ့ ပရိသတ်ကိုရော ပြောချင်တာရှိမလား။**

ဘေးနားကနေပြီး အမြဲတမ်း အားပေးနေတဲ့ ပရိသတ်တွေကို အရမ်းကို ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေက မြတ်နိုးအတွက် အားဆေးတစ်ခုပါ။ မြတ်နိုး အခက်အခဲတွေကျော်လွှားနိုင်တာကလည်း သူတို့ကြောင့်ပါ။ အထင်မှားခဲ့ကြပြီး အခု အမှန်တွေပေါ်လာတော့ ပြန်ပြီး အားပေးတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ မြတ်နိုးဘက်ကို နားလည်ပြီး အခွင့်အရေးတစ်ခု ထပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။



မေမြတ်နိုး

ဓာတ်ပုံ - သက်ဦးအောင်

# နတ်မောက်မြို့ ဗိုလ်ချုပ် နှစ်တစ်ရာပြည့်ပွဲအတွက် သိန်း ၁၆၀ ကျော် လှူဒါန်းခဲ့

အေးချမ်းခိုင်

ဗိုလ်ချုပ်ရာပြည့်မွေးနေ့အတွက် ကောက်ခံရရှိတဲ့ အလှူငွေ သိန်း ၁၆၀ ကျော်ကို နတ်မောက်မြို့ ဗိုလ်ချုပ်ရာပြည့်ပွဲ ကျင်းပရေး ဦးဆောင်ကော်မတီသို့ ဇန်နဝါရီလ ၃၀ ရက်က ပေးအပ်လှူဒါန်းခဲ့ကြပါတယ်။

နတ်မောက်မြို့မှာ ပြုလုပ်မယ့် ဗိုလ်ချုပ်ရာပြည့် မွေးနေ့ပွဲအတွက် ၂၀၁၄ ခုနှစ်မှ စတင်ကာ ရွှေသံစဉ်တေးဂီတအဖွဲ့နဲ့အက်ရှင်တိုင်းမ်အဖွဲ့သားတွေ၊ အနုပညာရှင်တွေပူးပေါင်းပြီး ရန်ကုန်မြို့နဲ့ နယ်မြို့များသို့ လှည့်လည်ဖျော်ဖြေကာ အလှူငွေကောက်ခံခဲ့ခြင်း ဖြစ်ပါတယ်။ အလှူငွေ သိန်း ၂၀၀ နီးပါး ကောက်ခံရရှိခဲ့တာဖြစ်ပြီး ရန်ကုန်မြို့မှာ ကျပ် ၁၃၅ သိန်းကျော်နဲ့ နယ်မြို့များမှ ကျပ် ၉၆ သိန်းကျော် အလှူငွေ ကောက်ခံရရှိခဲ့ပါတယ်။

ဒီ အလှူငွေ ကောက်ခံခြင်းကို The Action Times ဖောင်ဒေးရှင်းက စီစဉ်ခြင်းဖြစ်ပြီး ဗိုလ်ချုပ်ရာပြည့်အတွက် အလှူငွေ ထပ်မံကောက်ခံမှု မပြုလုပ်တော့ဟု ယင်းမှ တာဝန်ရှိသူ မအိန္ဒြာနေနွယ်က ဇန်နဝါရီလ ၃၀ ရက်မှာ ပြောပါတယ်။

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးဟန်ဇော်က ''ရွှေသံစဉ်အဖွဲ့နဲ့ The Action Times ဖောင်ဒေးရှင်းတို့ကို ကျေးဇူးတင်ပါတယ်။ နတ်မောက်မြို့မှာ ပြုလုပ်မယ့် ဗိုလ်ချုပ် နှစ်တစ်ရာပြည့် မွေးနေ့ပွဲကိုလည်း လာရောက်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်''လို့ ပြောခဲ့ပါသေးတယ်။

လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ် အောင်ဆန်းရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ နတ်မောက်မြို့မှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်မှ ၁၃ ရက် အထိ ခုနှစ်ရက်တိုင်တိုင် 'ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်မွေးနေ့'ကို ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ အနုပညာရှင်တွေ ခုနစ်ရက်တိုင်တိုင် ပါဝင်ဖျော်ဖြေမှာဖြစ်ပြီး ယခုနှစ် ၂၀၁၅ ခုနှစ်မှာ နှစ် ၁၀၀ ပြည့်မှာ ဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် နတ်မောက်မြို့မှာ မွေးဖွားခဲ့တာ ဖြစ်ပြီး ၁၉၄၇ ခုနှစ်မှာ ကွယ်လွန်ခဲ့တာဖြစ်ပါတယ်။

အလှူငွေရရှိရေးအတွက် ရွှေသံစဉ်တီးဝိုင်းနဲ့အတူလိုက်ပါတီးခတ်ဖျော်ဖြေခဲ့တဲ့ ဦးဝင်းမော် (ရွှေသံစဉ်)က သူ့ရဲ့ခံစားချက်ကို အခုလိုပြောပါသေးတယ်။

''ဒီလိုမျိုးလှူရတာ ဝမ်းသာတယ်။ ဗိုလ်ချုပ်ရာပြည့်ဆိုတာ တစ်သက်မှာ တစ်ကြိမ်ပဲ ကြုံတာ။ ကိုယ့်မင်း ကိုယ့်ချင်းနဲ့ ကိုယ့်မြေပေါ်မှာ လွတ်လပ်ရေးရပြီး နေထိုင်လာရတဲ့ ကျေးဇူးကို ကိုယ်တတ်တဲ့ အနုပညာနဲ့ ဆပ်ခွင့်ရတာပါပဲ။ ဗိုလ်ချုပ်ဇာတိမြို့ နတ်မောက်မှာ ဆွေမျိုးတွေက ပြုလုပ်တဲ့ အလှူဒါနမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ သမိုင်းတွင်မယ့်ပွဲမှာ ကျေးဇူးဆပ်ခွင့်ရလို့ ဂုဏ်ယူပါတယ်''



ဓာတ်ပုံ-ထင်အောင်ကျော်

**ရွှေသံစဉ်အဖွဲ့နှင့်အတူ ဖျော်ဖြေနေစဉ်။**

# ကချင်ပြည်နယ်ရှိ လိုအပ်သောဒေသများသို့ ရက်ပေါင်း ၂ ဒသမ ၅ သန်းစာ ရှိသည့် သောက်ရေသန့် လှူဒါန်းမည့် အစီအစဉ် စတင်တော့မည်

ကိုအောင်မြင်

ကချင်ပြည်နယ်ရှိ သောက်သုံးရေ ရှားပါးသောနေရာများသို့ ရက်ပေါင်း ၂ ဒသမ ၅ သန်းစာ သောက်ရေသန့်လှူဒါန်းသွားမည်ဖြစ်ကြောင်း Procter and Gamble Trading ၏ ဖေဖော်ဝါရီလ ၂ ရက်တွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သည့် မိတ်ဆက်ရှင်းလင်းပွဲမှ သိရသည်။

P&G နှင့် မိတ်ဖက်အဖွဲ့အစည်းများက 'ရေအကျိုး ဆယ်ပါး' ဟု အမည်ရသည့် အစီအစဉ်ကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုမှုဖြင့် ဒုတိယအကြိမ် သန့်ရှင်းသည့် သောက်သုံးရေ လိုအပ်နေသော ဝေးလံခေါင်ဖျားဒေသများနှင့် ရန်ကုန်မြို့၏ အချို့နေရာများတွင် နေထိုင်သည့် လူများ၏ ကျန်းမာရေးနှင့် သန့်ရှင်းမှုပိုမိုတိုးတက်စေရန် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ အစီအစဉ်အတွက် လက်လီအရောင်းဆိုင်ကြီးများ ဖြစ်သည့် City Mart၊ Ocean၊ City Express၊ Union၊ Organge၊ Capital နှင့် Super One တို့တွင် ဧပြီလ ၁၀ ရက်အထိ P&G ၏ မည်သည့် ထုတ်ကုန်ကိုမဆို ဝယ်ယူလိုက်သည်နှင့် လူတစ်ဦးအတွက် တစ်ရက်စာ သောက်ရေသန့်ကို လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။





ဓာတ်ပုံ-အင်တာနက်

**P&G ၏ သောက်သုံးရေသန့်စင်မှုကို ကလေးငယ်တစ်ဦး ပြသနေစဉ်။**

မြန်မာနိုင်ငံအတွင်းရှိ မိုးခေါင်ရေရှားပါးသော ဒေသများနှင့် ရေကောင်းရေသန့် ရရှိမှုနည်းပါးသော ဒေသများသို့ ၂၀၂၀ ပြည့်နှစ်အထိ 'တစ်နာရီ အသက်တစ်ချောင်း' ကယ်ဆယ်ရေးအစီအစဉ်ကိုရေလီတာ ၁၀ သန်းလှူဒါန်းမှုဖြင့် လွန်ခဲ့သော ၂၀၁၃ ခုနှစ်၌ စတင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

''ငွေကြေးပမာဏက ဘယ်လောက်ရယ်လို့ မဟုတ်ပါဘူး။ ရက်ပေါင်း ၂ ဒသမ ၅ သန်းစာ သောက်ရေသန့် ရရှိဖို့အတွက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်း၊ ကချင်ပြည်နယ်မှာရှိတဲ့ လိုအပ်တဲ့ နေရာဒေသတွေကို အဓိကထား လှူဒါန်းသွားမှာပါ''ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

P&G Country Manager Mr. Lee Yeong Shen က ''နာဂစ်ပြီးကတည်းက လှူခဲ့တာအခုဆို ၃၁ သန်းလှူခဲ့ပြီး ဖြစ်ပါတယ်။ မဟာစင်မုန်တိုင်းလာတုန်းကလည်း World Vision နဲ့ တွဲပြီး လှူခဲ့ပါတယ်''ဟု ပြောသည်။

လွန်ခဲ့သော ၂၀၁၁ ခုနှစ်တွင်လည်း သောက်ရေသန့် လီတာ ၁၀ သန်း၊ ၂၀၁၃ ခုနှစ်တွင် မိတ်ဖက် အမေရိကန် သမ္မတဟောင်း သမီး Chelsea Clinton နှင့်အတူ ရေသန့် လီတာ ခြောက်သန်းကို ပေးဝေခဲ့ကြောင်း သိရသည်။

World Vision National Director Mr. Chris Herink က ၂၀၁၂ ခုနှစ်၊ ဇူလိုင်နှင့် ဩဂုတ်တွင် မြန်မာနိုင်ငံဒေသအချို့၌ ရေကြီးခဲ့ပြီး လူတစ်သန်းခန့် ရေအရင်းအမြစ်များ မသန့်မရှင်းဖြစ်ခဲ့ရသည်။ ထို့အတွက် World Vision နှင့် ပူးပေါင်း၍ ရေသန့်စင်ထုပ်ကလေးပေါင်း ၇၅၄,၀၀၀ ကို ဖြန့်ဝေပေးနိုင်ကြောင်း သိရသည်။

''တစ်ကမ္ဘာလုံးမှာဆို ခြောက်ဘီလျံလောက် ရှိပါမယ်။ နာဂစ်အပြီး မြန်မာပြည်မှာလည်း ရေသန့်ဆေးထုပ်ပေါင်း ရှစ်သိန်းကို ဝေငှနိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း ရေကြီးတဲ့ နေရာတွေ၊ လျှော်လှူပ်တဲ့ နေရာတွေ၊ အာဆင်းနစ် အဆိပ်ဖြစ်တဲ့ နေရာတွေပါ ဆိုရင် ၃ ဒသမ ၆ သန်း ဝေငှနိုင်ခဲ့ပြီး ရေနဲ့ ပတ်သက်တဲ့ ကျန်းမာရေးအသိ၊ ပညာပေး ပြောကြားတွေလည်း လုပ်၊ ရန်ကုန်၊ မန္တလေးမှာရှိတဲ့ သိုလှောင်ရုံတွေမှာ သိုလှောင်ထားပါတယ်'' ဟု World Vision မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် ရေသန့်ဆေးထုပ် ၅၃၀,၀၀၀ ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုနှင့် ပတ်သက်ပြီး ရုပ်ရှင်ဒါရိုက်တာ အောင်ကိုလတ်က ''လူမှုဘဝတွေကို ပြောင်းလဲစေနိုင်တဲ့ P&G ရဲ့ 'ရေအကျိုးဆယ်ပါး' အစီအစဉ်ကို ကျွန်တော့ အနုပညာနဲ့ ကူညီပေးလာခဲ့တာ နှစ်နှစ်ရှိခဲ့ပါပြီ။ အကျိုးရလဒ်အပေါ်ကိုလည်း တကယ်ပဲ ယုံကြည်မိပါတယ်။ ကလေးတွေနဲ့ သူတို့ရဲ့ မိသားစုကို သန့်ရှင်းတဲ့ သောက်ရေသန့်တွေ ထောက်ပံ့ပေးနိုင်ဖို့ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို ကူညီနိုင်ဖို့၊ ပါဝင်လှူဒါန်းနိုင်ဖို့ကိုလည်း လူတွေကို အသိပေးပါရစေ''ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းကြီး၏ စံနှုန်းနှင့် ကိုက်ညီသည့် ရေသန့်ဆေးအိတ်ငယ်များကိုအသုံးပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုကို ၉၀ ရာခိုင်နှုန်းအထက် လျှော့ချပေးနိုင်ပြီး ကမ္ဘာအနှံ့ အသက်ပေါင်း ၄၅,၀၀၀ ခန့်အထိ ကယ်တင်နိုင်ရန် အထောက်အပံ့ဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)မှရရှိသည့်တရားဝင် အချက်အလက်များအရ ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် မြန်မာနိုင်ငံရှိ အသက် ငါးနှစ်အောက် ကလေးများ သေဆုံးမှု ဒုတိယအဖြစ် အများဆုံးရောဂါဖြစ်ကြောင်း သိရသည်။ သေဆုံးမှုများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ မသန့်ရှင်းသော ရေ၊ ရေဆိုးနှင့် မိလ္လာစနစ် မလုံလောက်မှုနှင့် သန့်ရှင်းရေးစနစ် အားနည်းမှုတို့ကြောင့် ဖြစ်ကြောင်း အတည်ပြုထားသည်။

အဆိုပါ ရက်ပေါင်း ၂ ဒသမ ၅ သန်းစာ ရေပမာဏ အစီအစဉ်ကို Population Services International (PSI) သည် P&G နှင့် ပူးပေါင်းပြီး ညစ်ညမ်းနေသည့် ရေ ၁၀ လီတာကို နာရီဝက်အတွင်း သန့်ရှင်းပြီး သောက်သုံးနိုင်သည့် အခြေအနေကို ပြောင်းလဲပေးသည့် ရေသန့်ဆေးအိတ်ငယ်များ ဖြန့်ဖြူးထောက်ပံ့ပေးသွားမည် ဖြစ်သည်။

PSI နှင့် P&G တို့သည် အာရှနှင့် အာဖရိက၊ ဆာဟာရဒေသနိုင်ငံ ၁၀ နိုင်ငံကျော်တွင် ရေလှူဒါန်းမှုအစီအစဉ်ကို လုပ်ဆောင်လျက်ရှိကြောင်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအလွန်ကာလကတည်းက မြန်မာနိုင်ငံတွင် သဘာဝဘေးဒုက္ခသည်များအတွက် လိုအပ်နေသော ရေသန့် လီတာပေါင်း သန်း ၃၀ ကျော်အား အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လှူဒါန်းမှုများကို စတင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် P&G နှင့် USAID တို့ ပူးပေါင်းကာ ရေသန့်ထောက်ပံ့ရန်နှင့် ကျန်းမာသန့်ရှင်းရေးအဆင့်မြှင့်တင်ရန်တို့အတွက် အမေရိကန် ဒေါ်လာ နှစ်သန်း ပူးပေါင်းထည့်ဝင်ခဲ့ကြောင်း သိရသည်။

## the socially prominent

### United Amara Bank ရဲ့ မန္တလေးမြို့ ၃၅ လမ်း ဘဏ်ခွဲဖွင့်လှစ်ခြင်း အခမ်းအနား



ကိုကျော်စွာဝင်း



ဖဲကြိုးဖြတ် ဖွင့်လှစ်နေစဉ်



ဒေါ်မြတ်စန္ဒာမိုး၊ ဦးသန်းဝင်းဆွေ၊ ဦးသန့်ဇင်နဲ့ ဦးထက်သူရအောင်



ဘဏ်ခွဲမန်နေဂျာ ဒေါ်မေမေလွင်နဲ့ ဝန်ထမ်းများ



အေးချမ်းခိုင်

ဒီတစ်ပတ်မှာတော့ မြန်မာထုတ်ကုန်များ မိတ်ဆက်ပွဲ၊ အရောင်းမြှင့်တင်ပွဲတို့ကို တက်ရောက်ဖြစ်ခဲ့ပါတယ်။

မန္တလေးမြို့က United Amara Bank ၃၅ လမ်း ဘဏ်ခွဲ ဖွင့်လှစ်ခြင်းနဲ့ United Amara Bank မင်္ဂလာဈေးဘဏ်ခွဲ ဖွင့်လှစ်ခြင်းတို့ကို တက်ရောက်ဖြစ်ခဲ့ပါတယ်ရှင့်။

### United Amara Bank ရဲ့ မန္တလေးမြို့ မင်္ဂလာဈေးဘဏ်ခွဲဖွင့်လှစ်ခြင်း အခမ်းအနား



ဘဏ်ခွဲမန်နေဂျာ ဦးဉာဏ်လင်း



ဒေါက်တာ ဦးမောင်ထွေး



ဦးညွန့်မောင်နဲ့ ဦးအောင်ဆန်းဝင်း

### မြန်မာထုတ်ကုန်များ မိတ်ဆက်ပွဲ



မော်ဒယ်များက မြန်မာထုတ်ကုန်များ ပြသနေစဉ်



မြန်မာ့ရုပ်သေးဖြင့် ဖျော်ဖြေနေစဉ်

### အရောင်းမြှင့်တင်ပွဲ



Zin Sett နဲ့ Mr. Jong Hann Fan



မော်ဒယ်တစ်ဦး








# ကောင်မလေး နှစ်ယောက် အိမ်ထဲခိုးဝင်လို့ မောင်းထုတ် လိုက်ရတဲ့ ဂျပ်စတင်ဘီဘာ

ဆယ်ကျော်သက် မိန်းကလေး တော်တော်များများရဲ့ အသည်းကျော်ဖြစ်တဲ့ ဂျပ်စတင်ဘီဘာရဲ့ နေအိမ်ကို ဇန်နဝါရီလ ၃၁ ရက်က ကောင်မလေးနှစ်ယောက် ခိုးဝင်ခဲ့ကြတယ်လို့ သိရပါတယ်။ ဂျပ်စတင်ဘီဘာကို အရူးအမူးအားပေးတဲ့ ကောင်မလေးတစ်ယောက်ဟာ သူ့ရဲ့ အသက် ၂၀ ပြည့်မွေးနေ့ အမှတ်တရအဖြစ် သူငယ်ချင်းတစ်ယောက်နဲ့ အတူ ဂျပ်စတင်ဘီဘာရဲ့ နေအိမ်ကို ခိုးဝင်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ကောင်မလေးနှစ်ယောက် အိမ်ထဲခိုးဝင်လာတာကို ရေကူးကန်မှာ ပါတီလုပ်နေတဲ့ ဂျပ်စတင်ဘီဘာတစ်ယောက် တွေ့တဲ့အခါမှာတော့ ဘာမှ အရေးယူခြင်း မလုပ်ဘဲ သူတို့ရဲ့ ဖုန်းတွေကို သိမ်းယူခဲ့ပြီး မောင်းထုတ်လိုက်တယ်လို့ သိရပါတယ်။



# မလေးရှားနိုင်ငံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရတဲ့ ဂျက်ကီချန်း

ဖေဖော်ဝါရီလ ၁ ရက်မှာ ကျရောက်ခဲ့တဲ့ မလေးရှားနိုင်ငံရဲ့ ပြည်ထောင်စုနေ့မှာ နာမည်ကျော် အက်ရှင်မင်းသား ဂျက်ကီချန်းဟာ Panglima Mahkota Wilayah ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ခံခဲ့ရပါတယ်။ အဲဒီပွဲကို ဂျက်ကီချန်းတစ်ယောက် မလေးရှားရိုးရာဝတ်စုံနဲ့ တက်ရောက်ခဲ့တဲ့အတွက် ပွဲလာပရိသတ်အားလုံးလည်း အံ့အားသင့်ခဲ့ကြရပါတယ်။ မလေးရှားမှာ ဂျက်ကီချန်းတစ်ယောက် ပရဟိတလုပ်ငန်းတွေ အများအပြားလုပ်ပေးခဲ့တဲ့အတွက်ကြောင့် အခုလို ဂုဏ်ထူးဆောင်ဘွဲ့ ရရှိတာဖြစ်တယ်လို့ သိရပါတယ်။



ကျော်ထက်စိုး ရွေးချယ်တင်ပြသည်။

# ဗြိတိန်လေသံကို ဖျောက်လို့မရဘူး ဆိုတဲ့ ဒန်နီရယ် ရက်ဒ်ကလစ်ဖ်

ဟယ်ရီပေါ်တာမင်းသား ဒန်နီရယ်ရက်ဒ်ကလစ်ဖ်က သူဟာ မိခင်စကားပြောလေသံဖြစ်တဲ့ ဗြိတိန်လေသံကို ဖျောက်ဖျက်ပစ်လို့ မရဘူးလို့ ပြောပါတယ်။ ဒန်နီရယ်က သူ့ရဲ့ လာမယ့် ဇာတ်ကားတစ်ကားမှာ ကနေဒါလေသံနဲ့ သရုပ်ဆောင်ရမှာ ဖြစ်ပြီး ပြောနေကျ ဗြိတိန်လေသံကို ဖျောက်ပြီး သရုပ်ဆောင်တဲ့အခါ အဆင်မပြေတော့ဘူးလို့ ပြောပါတယ်။ ဒန်နီရယ်က လက်ရှိမှာ Now You See Me ဒုတိယဇာတ်ကားအတွက် ရိုက်ကူးနေပြီး လောလောဆယ်မှာတော့ အက်ရှင်ဇာတ်ကား မရိုက်ချင်သေးဘူးလို့ ပြောပါတယ်။






# တစ်ကိုယ်တော်အခွေအတွက် ပြင်နေတဲ့ တေးယွန်

Girls' Generation အဖွဲ့ဝင် အဆိုတော် တေးယွန်ဟာ သူ့ရဲ့ တစ်ကိုယ်တော် အခွေသစ်အတွက် လုပ်စရာရှိတာတွေ လုပ်နေတယ်လို့ သတင်းထွက်နေပါတယ်။ အခု နှစ်လယ်လောက်မှာ အခွေထွက်ဖို့အတွက် ရည်ရွယ်ထားတဲ့အတွက် တေးယွန်တစ်ယောက် လက်ရှိမှာ အယ်လ်ဘမ်မှာ ပါဝင်မယ့် သီချင်းတွေကို စုစည်းနေပါတယ်။ သီချင်းခွေထုတ်ဖြစ်ခဲ့ရင်တော့ တေးယွန်ဟာ Girls' Generation အဖွဲ့ထဲမှာ ပထမဦးဆုံး တစ်ကိုယ်တော်အခွေထုတ်တဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်လာမှာပါ။ သီချင်းဆိုတာ ကောင်းတဲ့အတွက်ကြောင့် တေးယွန်ဟာ ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိထားပြီး အရင်ကလည်း ရုပ်သံဇာတ်လမ်းတွဲ တော်တော်များများရဲ့ ဇာတ်ဝင်သီချင်းတွေကိုလည်း သီဆိုထားပါတယ်။



# လူကြိုက်များခဲ့တဲ့ မင်းသားကြီး လီယန်းနေဆင်ရဲ့ ဂိမ်းကြော်ငြာ

၂၀၁၅ ခုနှစ်အတွက် Super Bowl အားကစားပြိုင်ပွဲရဲ့ ဖွင့်ပွဲမှာ ပြသခဲ့တဲ့ တီဗီကြော်ငြာတွေထဲမှာ မင်းသားကြီး လီယန်းနေဆင်ရဲ့ Clash Of Clans ဂိမ်းကြော်ငြာက လူကြိုက်အများဆုံး ဗီဒီယို ဖြစ်ခဲ့ပါတယ်။ အဲဒီကြော်ငြာ ဇာတ်လမ်းတိုလေးမှာ မင်းသားကြီးက အခုနောက်ပိုင်း လူကြိုက်များလာတဲ့ Clash of Clans မိုဘိုင်းလ်ဂိမ်း ကစားသူအဖြစ် သရုပ်ဆောင်ထားပါတယ်။ ကြော်ငြာရဲ့ အစမှာ မင်းသားကြီးက သူ့ရဲ့ ကိုယ်ပိုင်ရွာကို ရန်သူတစ်ယောက်က တိုက်ခိုက်သွားတဲ့အတွက် အခဲမကြေဖြစ်နေပြီး Taken ဇာတ်ကားတွေထဲကအတိုင်း ဒေါသကြီးစွာနဲ့ ကလဲ့စားချေဖို့ ကြိမ်းဝါးနေပုံက ပရိသတ်တွေကို သဘောကျစေခဲ့ပါတယ်။





ဓာတ်ပုံ - အေအက်ဖ်ပီ

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် အသစ်ဖွင့်လှစ်လိုက်သည့် အိပ်မက်မြို့တော် ကာစီနိုရုံအား မြင်တွေ့ရစဉ်။

# ဖိလစ်ပိုင်တွင် ဧရာမကာစီနို အပန်းဖြေစခန်းတစ်ခု ဖွင့်လှစ်

အရှေ့တောင်အာရှ၌ လျင်မြန်စွာ တိုးတက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံက ကမ္ဘာ့အဆင့်မီ လောင်းကစားပြုလုပ်ရာနေရာတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းသည့်အနေဖြင့် ကာစီနိုကစားရုံကြီးအသစ်တစ်ခုကို ဖေဖော်ဝါရီလ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

မကာအို၊ လက်စ်ဗီးဂတ်စ်တို့နှင့် လောင်းကစား ဝင်ငွေရရှိမှုတွင် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ထားသော မနီလာမြို့ရှိ အိပ်မက်မြို့တော် (City of Dreams) လောင်းကစားအပန်းဖြေစခန်းသည် လတ်တလောနှစ်များအတွင်း အသစ်ဖွင့်လှစ်ခဲ့သည့် ကာစီနိုရုံများတွင် နောက်ဆုံးဖွင့်လှစ်ခဲ့သော ကာစီနိုရုံဖြစ်သည်။

မနီလာပင်လယ်အော်ရှိ အဆိုပါလောင်းကစားရုံမှာ ကြီးမားသည့်ဘဲဥပုံ လိပ်ခုံးအဆောက်အအုံတစ်ခုကို ရွှေရောင်ဝင်းနေသော တာဝါခြောက်ခုက ဝန်းရံထားသည့် ခန့်ညားလှသော ပုံသဏ္ဍာန်ရှိသည်။ ယင်းအပန်းဖြေ လောင်းကစားရုံသည် အာရှ အခြားနေရာများမှ ချမ်းသာကြွယ်ဝသော ခရီးသွားများကို ဆွဲဆောင်နိုင်လိမ့်မည်ဟု လောင်းကစားလောကနှင့် ဖိလစ်ပိုင်အစိုးရအဖွဲ့မှ ခေါင်းဆောင်များက မျှော်လင့်လျက် ရှိသည်။

၎င်းကာစီနိုရုံသည် ဖိလစ်ပိုင်၏ အချမ်းသာဆုံးပုဂ္ဂိုလ် ဟင်နရီဆိုင်၊ ဩစတြေးလျ ဘီလျံနာသူဌေး ဂျိမ်းစ်ပက်ကာနှင့် မကာအိုမှ အထင်ကရကာစီနိုလုပ်ငန်းရှင် စတန်လေဟို၏ သားလောရင့်စ်ဟိုတို့အကြား အကျိုးတူဖက်စပ်လုပ်ငန်းတစ်ခု ဖြစ်သည်။

''ရည်ရွယ်ချက်ကတော့ အာရှမှာ အကောင်းဆုံး လောင်းကစားအပန်းဖြေစခန်းတစ်ခု ဖြစ်လာရေးပါ။ ဖိလစ်ပိုင်ဟာ ကမ္ဘာပေါ်မှာ လျင်မြန်စွာ တိုးတက်လာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လောင်းကစားဈေးကွက်ကလည်း မြင့်တက်လာတာကို ကျွန်တော်တို့ တွေ့မြင်ခဲ့ရပါတယ်'' ဟု ဟိုက ပြောခဲ့သည်။

အဆိုပါ အပန်းဖြေစခန်းကို ဆောက်လုပ်ရာတွင် ကုန်ကျစရိတ်မှာ အလွန်ကြီးမားကြောင်းလည်း ဟိုက ဝန်ခံခဲ့သည်။ မနီလာပင်လယ်အော်၌ ကာစီနိုရုံအသစ်ဆောက်ရန် အနည်းဆုံး ရင်းနှီးငွေ ဒေါ်လာတစ်ဘီလျံ လိုအပ်သည်ဟု ဖိလစ်ပိုင်အစိုးရက သတ်မှတ်ထားသည်။

ကာစီနိုအပန်းဖြေစခန်း ဆောက်ရန် ဟောလိဝုဒ်ရုပ်ရှင်များဖြစ်သော Casino နှင့် Oceans Eleven တို့မှ စိတ်ကူးရခဲ့ကြောင်း ပက်ကာက အရွှန်းဖောက်၍ ပြောခဲ့သည်။ ရောဘတ်ဒီနီရို၊ မာတင် စကောဆက်နှင့် လီယိုနာဒို ဒီကာပရီယိုတို့က ယင်းအပန်းဖြေစခန်း၏တီဗီကြော်ငြာများနှင့် ကြော်ငြာဆိုင်းဘုတ်ကြီးများတွင် ပါဝင်သရုပ်ဆောင်ထားသည်။

မနီလာပင်လယ်အော်၏ မြေဖို့ထားသည့် အပိုင်းတွင် ဆောက်ရန် ရည်ရွယ်ထားသော ကာစီနိုရုံကြီးလေးခုအနက် ဖြ ဒသမ ၂ ဟက်တာ (၁၅ ဧက)ကျယ်ဝန်းသော ၎င်းကာစီနို အပန်းဖြေစခန်းသည် ဒုတိယမြောက် ဖြစ်သည်။

ယင်း အိပ်မက်မြို့တော် ကာစီနို အပန်းဖြေစခန်း၏ ရွှေရောင်လိပ်ခုံးအဆောက်အအုံထဲတွင် အထူးနိုက်ကလပ်နှစ်ခု ပါဝင်ပြီး မြွေအရေခွံအတုဖြင့် ဖုံးထားသော နံရံ၌ တောရိုင်းတိရစ္ဆာန် ပန်းချီများနှင့်အတူ ပီကာဆိုလက်ရာပုံတူများဖြင့် အလှဆင်ထားသော ကမ္ဘာ့မြေပုံတစ်ခုလည်း ပါဝင်သည်။

အမေရိကန်အဆိုတော် နီယိုနှင့် ကယ်လီရိုလန်းတို့က ဖေဖော်ဝါရီလ ၂ ရက်၌ ၎င်းကာစီနိုဖွင့်ပွဲတွင် ဖျော်ဖြေပေးခဲ့ကြသည်။ **Ref: AFP**

**ကျော်ထက်စိုး ဘာသာပြန်သည်။**

# ဂျပန်နိုင်ငံ မြောက်ပိုင်း၌ နှင်းထုများ ခြောက်ပေအထိ မြင့်မား

သည်းထန်သော နှင်းမုန်တိုင်းတစ်ခု စံချိန်တင် တိုက်ခတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ မြောက်ပိုင်း နေရာများတွင် ဖေဖော်ဝါရီလ ၃ ရက်၌ ဆီးနှင်းများ ကျဆင်းရာ နှင်းထုများမှာ ခြောက်ပေနီးပါး (၁ ဒသမ ၈ မီတာ) မြင့်မားလာခဲ့သည်။

ဂျပန်နိုင်ငံ၊ ဟိုကိုင်းဒိုးကျွန်း၏ အရှေ့ဘက်ပိုင်း ရောဆုမြို့ရှိ ဆီးနှင်းဖုံးလွှမ်းထားသော အိမ်များသို့ သွားလာနိုင်ရေးအတွက် လုပ်သား ၅၀ ဦးခန့်မှာ လမ်းများကို ပြန်ဖော်ရန် ဆောင်ရွက်နေကြရသည်။

ဖေဖော်ဝါရီလ အစပိုင်းတွင် ဂျပန်နိုင်ငံအတွင်းသို့ သည်းထန်သော နှင်းမုန်တိုင်းတစ်ခု ဝင်ရောက် တိုက်ခတ်ခဲ့ရာ၌ ရောဆုမြို့မှာ ဂျပန်နိုင်ငံတွင် မုန်တိုင်းဒဏ်ကို အဆိုးဆုံး ခံခဲ့ရသောနေရာ ဖြစ်သည်။

နှင်းကျလိမ့်မည်ဟု ခန့်မှန်းချက် ထုတ်ပြန်ခဲ့သော မိုးလေဝသဌာနတစ်ခုက ဂျပန်နိုင်ငံ မြောက်ပိုင်းဒေသတွင် လေပြင်းတိုက်ပြီးနောက်ထပ် နှင်းကျဦးမည်ဟု သတိပေးထားသည်။

''မြို့နေ ပြည်သူတွေကို ဖြစ်နိုင်ရင် အိမ်ထဲမှာပဲ နေကြဖို့ ကျွန်တော်တို့ ပြောထားပါတယ်'' ဟု မြို့နယ်အရာရှိတစ်ဦးက AFP သတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။

''ဒီလိုမျိုး နှင်းမုန်တိုင်း ရှိနေတဲ့ အခါမျိုးမှာ အပြင်ထွက်တာ အန္တရာယ် အတော်များပါတယ်'' ဟု မုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာရသည့် သတင်းများ မရှိသေးဟု ဆိုလျက် ယင်းအရာရှိက ပြောသည်။

ဖေဖော်ဝါရီလ ၂ ရက် မုန်တိုင်းကြောင့် ရထားဝန်ဆောင်မှုခရီးစဉ် ၁၀၀ နီးပါးခန့်ကို ရပ်ဆိုင်းခဲ့ရပြီး ခရီးသည်ဦးရေ ၄,၆၆၀ ခန့် သွားလာရေး ထိခိုက်ခဲ့ရကြောင်း ဒေသဆိုင်ရာ မီဒီယာများ၏ ပြောကြားချက်အရ သိရသည်။

ဆိုးရွားသော ရာသီဥတုကြောင့် အမေရိကန်နိုင်ငံ၊ ဘော့စ်တန်မြို့တွင်လည်း ဖေဖော်ဝါရီလ ၂ ရက်၌ ဆီးနှင်းကျဆင်းမှု ၄၀ စင်တီမီတာ (၁ ဒသမ ၃ ပေ)စံချိန်တင် ရှိခဲ့ပြီး Super Bowl အားကစားပွဲတွင် အနိုင်ရခဲ့သည့် New England Patriots အသင်း၏ အောင်ပွဲခံလှည့်လည်ရေး အစီအစဉ်ကို ဖျက်သိမ်းခဲ့ရပြီး သွားလာရေးတွင်လည်း ဒုက္ခများခဲ့ရသည်။ **Ref: AFP**

**ကျော်ထက်စိုး ဘာသာပြန်သည်။**

# ဂျော်ဒန်လေယာဉ်မှူး အသတ်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် ဂျော်ဒန်က စစ်သွေးကြွနှစ်ဦးအား ကွပ်မျက်

ဂျော်ဒန်နိုင်ငံ၏ တိုက်လေယာဉ်မှူးတစ်ဦးအား IS အုပ်စုက အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်ကို ပြန်လည် ကလဲ့စားချေသည့်အနေဖြင့် ဖေဖော်ဝါရီလ ၄ ရက်တွင် ကြိုးတိုက်ထဲရှိ စစ်သွေးကြွနှစ်ဦးအား ဂျော်ဒန်နိုင်ငံက ကွပ်မျက်လိုက်သည်။

အီရတ်အမျိုးသမီး အသေခံပုံးခွဲသူ ဖြစ်လာမည့် ဆာဂျီဒါ အယ်လ်ရီရှာဝီနှင့် အီရတ်အယ်လ်ကေဒါအဖွဲ့ဝင် ဇီးအက်အယ်လ်ကာဘိုလီတို့အား ဒေသစံတော်ချိန် ၄ နာရီတွင် ကြိုးပေး ကွပ်မျက်လိုက်ကြောင်း ဂျော်ဒန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆီးရီးယား၌ လေယာဉ်ပျက်ကျပြီး IS တို့ ဖမ်းဆီးခြင်းကို ခံခဲ့ရသော



ဓာတ်ပုံ - အေအက်ဖ်ပီ

**ဂျော်ဒန်တိုက်လေယာဉ်မှူး မီးရှို့သတ်ဖြတ်ခံရစဉ်။**

မာအက်ဇ်အယ်လ်ကက်ဆက်ဘီကို သတ်ဖြတ်မှုကို တုံ့ပြန်သည့် အနေဖြင့် ကြိုးတိုက်တွင်းရှိ မှတ်စလင်စစ်သွေးကြွများကို စတင် ကွပ်မျက်မည်ဟု ဂျော်ဒန်က ဆုံးဖြတ်လိုက်သည်။

အသက် ၄၄ နှစ်ရှိ ရီရှာဝီမှာ ၂၀၀၅ ခုနှစ်တွင် အမ္မန်မြို့၌ ဖြစ်ပွားသော တိုက်ခိုက်မှုများတွင်ပါဝင်သည့်အတွက် သေဒဏ်ပေးခံထားရခြင်းဖြစ်ပြီး ၎င်းအား လွှတ်ပေးပါက ကက်ဆက်ဘီကို အသက်ချမ်းသာခွင့်ပေးမည်ဖြစ်ကာ ဂျပန်ဓားစာခံတစ်ဦးကို လွှတ်ပေးမည်ဟု IS က ကမ်းလှမ်းခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါ ဂျပန်ဓားစာခံကို ခေါင်းဖြတ်သတ်လိုက်သည်။ ကာဘိုလီမှာမူ အီရတ်တွင် ဂျော်ဒန်နိုင်ငံသားတစ်ဦးအား သတ်ဖြတ်မှု အပါအဝင် အကြမ်းဖက်မှု စွဲချက်များဖြင့် ၂၀၀၈ ခုနှစ်၌ သေဒဏ်ချမှတ်ခံခဲ့ရသူ ဖြစ်သည်။

အသက် ၂၆ နှစ်ရှိ F-16 တိုက်လေယာဉ်မှူး ကက်ဆက်ဘီကို လှောင်အိမ်ထဲ၌ မီးရှို့သတ်ဖြတ်သည့် ဗီဒီယို အွန်လိုင်းတွင် ထွက်ပေါ်လာပြီးနောက် ၎င်းအတွက် ကလဲ့စားချေမည်ဟု ဂျော်ဒန်က သန္နိဋ္ဌာန်ချလိုက်သည်။

ဓားစာခံများကို IS ၏ စက်ဆုပ်ဖွယ် သတ်ဖြတ်မှု မှတ်တမ်းများထဲ၌ အရက်စက်ဆုံးဖြစ်သော အဆိုပါ ဗီဒီယိုခွေအား တစ်ကမ္ဘာလုံးက စက်ဆုပ်ရွံရှာကြပြီး ဆန်နီမွတ်စလင် အစွန်းရောက်အုပ်စုဖြစ်သော IS အုပ်စုအား တိုက်ခိုက်ချေမှုန်းရန် နိုင်ငံတကာက ဆက်လက် ကြိုးပမ်းသွားမည်ဟူသော သန္နိဋ္ဌာန်များ ထွက်ပေါ်လာသည်။

အမေရိကန်အတွက် အရှေ့အလယ်ပိုင်းတွင် အရေးပါသော မဟာမိတ်ဖြစ်သည့် ဂျော်ဒန်မှာ ဆီးရီးယားနှင့် အီရတ်တွင် IS ကို လေကြောင်းဖြင့် တိုက်ခိုက်နေသည့် အမေရိကန်ဦးဆောင်သည့် မဟာမိတ်နိုင်ငံများအဖွဲ့ဝင် အာရပ်နိုင်ငံငါးနိုင်ငံထဲတွင် ပါဝင်သည်။

**Ref: AFP**

**အိအိမာ ဘာသာပြန်သည်။**



တရုတ်တိုင်ပေ မြစ်အတွင်းသို့ ပျက်ကျသွားသော TransAsia ခရီးစဉ်အမှတ် GE235 လေယာဉ်အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

# TransAsia လေယာဉ် တရုတ်တိုင်ပေ မြစ်အတွင်းသို့ ပျက်ကျ

TransAsia လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီလ ၄ ရက်၌တရုတ်တိုင်ပေမြို့ရှိ ကီးလန်မြစ်ထဲသို့ ပျက်ကျကာ အပိုင်းပိုင်း ပျက်စီးသွားခဲ့သောကြောင့် လူ ၁၀ ဦးကျော် ဒဏ်ရာရရှိပြီး ကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။

၁၆ ဦးကို ကယ်ဆယ်ပြီး ဆေးရုံသို့ တင်ပို့ခဲ့သော်လည်း နှစ်ဦးမှာ ဆေးရုံအရောက်တွင်ပင် သေဆုံးသွားခဲ့ကြောင်း ထိုင်ဝမ်လေကြောင်းကြီးကြပ်ရေးအဖွဲ့က ပြောသည်။ အယောက် ၃၀ ခန့်မှာ လေယာဉ်ထဲတွင် ပိတ်မိနေကြောင်း သို့မဟုတ် ပျောက်ဆုံးနေကြောင်း သိရသည်။ လက်ရှိအချိန်တွင် ကယ်ဆယ်ရေးသမား ၁၀၀ ကျော်က ပါဝင်ကူညီဆောင်ရွက်နေကြသည်။

TransAsia ခရီးစဉ်အမှတ် GE235 သည် ပျက်ကျချိန် ဖေဖော်ဝါရီလ ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၆ မိနစ်တွင် လူ ၅၈ ဦးကို တင်ဆောင်ထားပြီး ၅၁ ဦးမှာ အရွယ်ရောက်ပြီးသူများ ဖြစ်ကာ ကလေးနှစ်ဦးပါဝင်ပြီး လေယာဉ်အမှုထမ်း ငါးဦး ပါဝင်သည်။

တရုတ်ပြည်မကြီးမှ ခရီးသွား ၃၁ ဦးမှာလည်း လေယာဉ်ပေါ်တွင် လိုက်ပါခဲ့ကြောင်း ထိုင်ဝမ်ခရီးသွားလာရေးဌာနမှ ပြောကြားခဲ့သည်။

TVBS သတင်းဌာနက ရိုက်ကူးထားသော ဗီဒီယိုမှတ်တမ်းတစ်ခုတည်းတွင် ယင်းလေယာဉ်မှာ အဝေးပြေးကားလမ်းမကြီးပေါ်မှ နီးကပ်စွာ ပျံသန်းသွားပြီး ကားတစ်စီးကိုလည်း ဝင်တိုက်ခဲ့ကြောင်း တွေ့ရသည်။

တရုတ်တိုင်ပေမှ တွစ်တာအသုံးပြုသူတစ်ဦး၏ အတည်မပြုရသေးသော ဓာတ်ပုံများထဲတွင် လေယာဉ်မှာ အဝေးပြေးလမ်းမထက်မှ အလွန်နီးကပ်စွာ ပျံသန်းသွားပြီး မြစ်ထဲသို့ မကျမီ တစ်ခြမ်းစောင်းသွားမတတ် ရှိခဲ့ကြောင်း တွေ့ရသည်။

Ref: AFP

ကျော်ထက်စိုး ဘာသာပြန်သည်။

# ပါကစ္စတန် အကောက်ခွန်အရာရှိ ငါးဦး ပစ်သတ်ခံရ

ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ဘက်ရှိ မတည်ငြိမ်သေးသော ခိုင်ဘားပက်ထွန်ခွာပြည်နယ်တွင် ညဘက် ကင်းလှည့်သည့် အကောက်ခွန်အရာရှိ ငါးဦးကို သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီလ ၄ ရက်တွင် ပြောကြားခဲ့သည်။

ခိုင်ဘားပက်ထွန်ခွာပြည်နယ်၏ မြို့တော်ဖြစ်သော ကိုဟတ်မြို့၌ တာဝန်ကျ အရာရှိများကို ညသန်းခေါင်ယံအချိန်တွင် သေနတ်သမားများက တိုက်ခိုက်ခဲ့ကြသည်။

''အကောက်ခွန်အဖွဲ့ကို သေနတ်သမား သုံးဦးက ရမ်းကားပြီး ပစ်သွားတာပါ။ အရာရှိလေးဦးက နေရာမှာတင် ဆုံးသွားပြီး ကျန်အရာရှိတစ်ဦးကတော့ ရရှိခဲ့တဲ့ ဒဏ်ရာနဲ့ပဲ ဆေးရုံမှာ ဆုံးသွားပါတယ်''ဟု ကိုဟတ်မြို့ ရဲမှူးကြီး ဆိုဟာအစ်ဘ်အက်ရှ်ရာ့ဖ်က ပြောသည်။

''တိုက်ခိုက်သူတွေက ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ မသိလိုက်ပေမယ့် ဒါဟာ အကြမ်းဖက်မှုတစ်မျိုးပါပဲ''ဟု ၎င်းက ပြောသည်။

တိုက်ခိုက်သူများသည် မှောင်ရိပ်ခိုပြီး ခြေကျင်ထွက်ပြေးသွားကြခြင်း ဖြစ်ကြောင်း ဒေသရဲအရာရှိ အစ်ဘယ်မိုဟာမက်က ပြောသည်။

''ဒါဟာ ကျွန်တော်တို့အဖွဲ့အပေါ် အကြမ်းဖက်တိုက်ခိုက်မှု တစ်ခုပါပဲ''ဟု ၎င်းအရာရှိက ပြောသည်။

Ref: AFP

ကျော်ထက်စိုး ဘာသာပြန်သည်။

# ဩစတြေးလျ ရှော့ပင်းစင်တာ တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပြီး လူနှစ်ဦး သေဆုံး

ဩစတြေးလျ၏ အနောက်ပိုင်းမြို့တော် ပါ့သ်မြို့ရှိ ရှော့ပင်းစင်တာတစ်ခုတွင် လျှပ်စစ် ထရန်စဖော်မာတစ်လုံး ပေါက်ကွဲမှုဖြစ်ပြီး လူနှစ်ဦးသေဆုံးကာ နှစ်ဦးမှာ မီးလောင်ဒဏ်ရာ ဆိုးဆိုးရွားရွား ရရှိခဲ့ကြောင်း ဖေဖော်ဝါရီလ ၃ ရက်၌ အာဏာပိုင်များက ပြောသည်။

အသက် ၃၀ ရှိ အမျိုးသားတစ်ဦးမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး အမျိုးသား သုံးဦး ဒဏ်ရာအပြင်းအထန် ရသဖြင့် တော်ဝင်ပါ့သ်ဆေးရုံသို့ ပို့ခဲ့ကြောင်း အနောက်ဩစတြေးလျ ရဲတပ်ဖွဲ့က ပြောသည်။

''ဝမ်းနည်းစရာပါပဲ။ ဆေးရုံခေါ်သွားတဲ့ လူသုံးဦးထဲက တစ်ဦးက ဆုံးသွားပါပြီ''ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ လျှပ်စစ်ထရန်စဖော်မာ အနီးအနားတွင် အလုပ်လုပ်သည်ဟု ထင်ရသော ထိုလူများမှာ ပေါက်ကွဲမှုဖြစ်ပြီး ပြေးထွက်လာပုံကို မြင်ကြရသူများက အလွန်ထိတ်လန့်ဖွယ် ဖြစ်ကြောင်း ပြောကြသည်။

''ကျွန်တော် ကားမောင်းပြီး ဝင်လာတော့ မီးစွဲနေတဲ့ လူသုံးယောက် ပြေးထွက်လာတာကို မြင်လိုက်ရတယ်''ဟု ဂျွန်နသန်မက် ဒိုနက်က ပြောသည်။

၎င်းမှာ ဝတ်ထားသော ရှပ်အင်္ကျီကို ချွတ်ပြီး ၎င်းအင်္ကျီနှင့် မီးများကို ငြိမ်းသတ်ပေးလျက် ဒဏ်ရာရရှိသူများကို ကူညီရန် ကြိုးပမ်းခဲ့ကြောင်း ပြောသည်။

''သူတို့တစ်တွေက ဒီ Galleria ရှောပင်းစင်တာရဲ့ ထရန်စဖော်မာ အနီးတစ်ဝိုက်မှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေ ဖြစ်နိုင်ပါတယ်'' ဟု ရဲအုပ်ရော့ဘ်ဟာရီဆန်က ပြောသည်။

Ref: AFP

အိအိမာ ဘာသာပြန်သည်။

# တရုတ်ကို ရင်ဆိုင်ရန်အတွက် ဖိလစ်ပိုင်နှင့် ဗီယက်နမ် မဟာမိတ်ဖွဲ့ရန် စဉ်းစား

တောင်တရုတ်ပင်လယ်တစ်ခုလုံး နီးပါးကို ပိုင်ဆိုင်ရန် ကြိုးစားနေသော တရုတ်အား အများဆုံး ဝေဖန်ပြစ်တင်သည့် ဖိလစ်ပိုင်နှင့် ဗီယက်နမ်က မဟာဗျူဟာကျသော မိတ်ဖက်ပြုလုပ်ရန် ဆွေးနွေးခဲ့ကြကြောင်း ဖေဖော်ဝါရီလ ၃ ရက်တွင် ဖိလစ်ပိုင်အရာရှိတစ်ဦးက ပြောသည်။

တရုတ်ဟု တိုက်ရိုက်ပြောဆိုခြင်း မရှိသော်လည်း အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများမှာ နှစ်ဦးနှစ်ဖက် စိုးရိမ်မှုများနှင့် တောင်တရုတ်ပင်လယ် ပြဿနာတစ်ခုတည်းကို အာရုံစိုက်သွားမည်ဟု ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချားစ်ဂျို့စ်က ပြောသည်။ ဆွေးနွေးညှိနှိုင်းမှုများကို ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး အဲလ်ဘတ်ဒယ်လ် ရိုဆာရီယိုနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဖမ်ဘင်မင်တို့ ပါဝင်ဆွေးနွေးခဲ့သည်ဟု ၎င်းက ပြောသည်။

''ဒီဒေသမှာ ကျွန်တော်တို့ရဲ့ ပူပင်မှုက တူညီနေတယ်။ အထူးသဖြင့် တောင်တရုတ်ပင်လယ်ပြဿနာအကြောင်း ပြောတဲ့အချိန်ပဲ။ အဲဒါကြောင့် ဒီဆွေးနွေးမှုက အရေးကြီးပါတယ်''ဟု ၎င်းက ပြောသည်။



ဓာတ်ပုံ-အေအက်ဖ်ပီ

**ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး(ညာ)နှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး။**

တောင်တရုတ်ပင်လယ် တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ရန်အတွက် တရုတ်၏ ကြိုးပမ်းမှုများကို ဝေဖန်ကြရာတွင် ဒေသတွင်း၌ ဖိလစ်ပိုင်နှင့် ဗီယက်နမ်က အပွင့်လင်းဆုံးဖြစ်သည်။ အဓိက ပင်လယ်လမ်းကြောင်းများနှင့် ငါးဖမ်းလုပ်ကွက်များ ရှိပြီး တွင်းထွက်သယံဇာတ ပေါ်များသည်ဟု ယုံကြည်ထားသော အဆိုပါ ရေပိုင်နက်ကို ဘရူနိုင်း၊ မလေးရှားနှင့် တရုတ်တိုင်ပေတို့ကလည်း ၎င်းတို့ ပိုင်နက်နယ်မြေအဖြစ် ပြောကြားလျက် အငြင်းပွားနေကြသည်။

ဒေသတွင်း၌ တရုတ်၏ စစ်ဘက်ဆိုင်ရာ ခြေကုပ်ယူမှု တိုးမြှင့်လာသည်ဟု ဖိလစ်ပိုင်နှင့် ဗီယက်နမ်က စွပ်စွဲလျက်ရှိသည်။

''ဆွေးနွေးမှုတွေ လုပ်ဆောင်နေဆဲပါ။ ဒါပေမယ့် ဆက်ဆံရေးကို ပိုမိုမြင့်မားအောင် မြှင့်တင်ဖို့ နှစ်ဖက်စလုံးက သဘောတူထားကြပါတယ်''ဟု ဂျို့စ်က ပြောသည်။ တွဲဖက်လုပ်ဆောင်မှုထဲတွင် 'လုံခြုံရေးနှင့် ကာကွယ်ရေး' အပြင် စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စများလည်း ပါဝင်မည်ဟု ၎င်းက ဆိုသည်။

ဒေသတွင်း၌ တရုတ်၏ကြိုးပမ်းမှုများမှာ အရှေ့တောင်အာရှနိုင်ငံ အားလုံးအတွက် ခြိမ်းခြောက်မှု ဖြစ်ကြောင်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများအားလုံးကို ဒယ်လ်ရိုဆာရီယိုက ပြီးခဲ့သည့်လ၌ သတိပေးခဲ့သည်။ Ref: AFP

အိအိမာ ဘာသာပြန်သည်။

# ပြုံးပန်းဝေတဲ့ မြေရဲ့ အယူသီးမှုများ

ဖော်ရွေပျူငှာတဲ့ နိုင်ငံသားတွေကြောင့် Land of smiles (ပြုံးပန်းတွေဝေတဲ့ မြေ) လို့ တင်စားခေါ်ဝေါ်ခံရတဲ့ ထိုင်းနိုင်ငံဟာ မကောင်းဆိုးဝါးနှင်ထုတ်တဲ့ အခမ်းအနားတွေနဲ့ ကျည်ပြီးတဲ့ အဆောင်တွေ စတဲ့အယူသီးလှတဲ့ ဓလေ့ထုံးစံတွေထဲမှာ နစ်မြုပ်နေဆဲပဲ ဖြစ်ပါတယ်။



ဘန်ကောက်မြို့ရှိ နာ့ခ်၏ နတ်နန်းတွင် အမျိုးသမီးငယ်တစ်ဦး ပူဇော်ပသနေသည်ကို တွေ့ရစဉ်။

အဲဒီလို အယူသီးမှုနဲ့ နိုင်ငံကို ခေတ်နောက်ပြန်ဆွဲနေတယ်လို့ ဝေဖန်သူများက ပြောပါတယ်။

ထိုင်းနိုင်ငံရဲ့ တီဗီအစီအစဉ်တစ်ခု ဖြစ်တဲ့ ‘တစ္ဆေကို စိန်ခေါ်သူများ’ (Humans defy ghosts) ထဲမှာ သဘာဝလွန်ဖြစ်ရပ်တွေကို ထဲထဲဝင်ဝင် ရှာဖွေတင်ဆက်ထားပါတယ်။

အဲဒီအစီအစဉ်ရဲ့ အပိုင်းတစ်ပိုင်းမှာဆိုရင် မိခင်ဖြစ်သူရဲ့ အလောင်းနံဘေးမှာ တစ်ယောက်တည်း သုံးရက်တိတိနေခဲ့ရတဲ့ အသက် နှစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်ကို ရုပ်/သံဆွေးနွေးပွဲ တင်ဆက်သူ ကပူးလ်တွန်ပလပ်က မေးခွန်းတွေ အများကြီး မေးထားပါတယ်။

‘‘သမီးအတွက် နွားနို့ ဘယ်သူပြင်ပေးလဲ။ သမီးနဲ့ ဘယ်သူကစားလဲ။ တံခါးကို ဘယ်သူဖွင့်ပေးလဲ’’ စသဖြင့် ကပူးလ်က မေးပါတယ်။

‘‘မာမီ’’ လို့ မိန်းကလေးက ပြန်ဖြေပါတယ်။ ဆိုးရွားလှတဲ့ အဲဒီနေ့ရက်တွေမှာ ကလေးငယ်လေး အသက်ရှင်နိုင်ဖို့အတွက် မိခင်ရဲ့ ဝိညာဉ်က စောင့်ရှောက်ပေးနေတယ်လို့ ပါဝင်ဆွေးနွေးသူအားလုံးက ယုံကြည်လိုက်ကြပါတယ်။

ထိုင်းနိုင်ငံမှာ အဲဒီလိုဇာတ်လမ်းမျိုးတွေက ဖျော်ဖြေရေးအစီအစဉ်ဆိုတာထက် ပိုပါတယ်။

‘‘နိုင်ငံအားလုံးက လူတွေက တမလွန်ဘဝကိုယုံကြည်ကြပါတယ်’’ လို့ ထိုင်းနိုင်ငံရဲ့ နာမည်အကြီးဆုံး တစ္ဆေသရဲဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်တဲ့ ကပူးလ်က ပြောပါတယ်။

‘‘အနောက်နိုင်ငံသားတွေက စေတန်ကို ယုံကြည်ကောင်းယုံကြည်လိမ့်မယ်။ အရှေ့တောင်အာရှမှာတော့ တစ္ဆေသရဲကို ယုံကြည်ကြပါတယ်။ အဲဒီယုံကြည်မှုကြောင့် လူတွေက မကောင်းမှုကို ရှောင်ကြဉ်တတ်ကြတယ်။ ‘ငါသူ့ကိုသတ်လိုက်ရင် သူကသရဲဖြစ်ပြီးငါ့ကိုပြန်ခြောက်နိုင်တယ်’ လို့ တွေးမိကြလိမ့်မယ်’’ လို့ ကပူးလ်က ပြောပါတယ်။

သက်မဲ့ပစ္စည်းတွေကို စောင့်ရှောက်တဲ့ တစ္ဆေသရဲနတ်တွေ ရှိတယ်ဆိုတဲ့ အယူအဆနဲ့ ရိုးရာယုံကြည်မှုတွေရှိတဲ့ ထိုင်းနိုင်ငံမှာ တစ္ဆေသရဲက နေရာတိုင်းမှာ ရှိနေပါတယ်။

အဆောက်အအုံ အများစုရဲ့ မင်္ဂလာရှိတဲ့နေရာမှာ ‘နတ်ကွန်း’ တစ်ခု ဆောက်ပြီး တစ္ဆေသရဲနတ်တွေရဲ့ အငြိုးအာဃာတမခံရအောင် နှစ်သိမ့်တဲ့အနေနဲ့ ပူဇော်ပသကြပါတယ်။

နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ ထိုင်းနိုင်ငံရဲ့ ရန်လိုတဲ့ နိုင်ငံရေးအရှုပ်တော်ပုံထဲမှာလည်း ဂမ္ဘီရပညာတွေက အမြဲတမ်းပါဝင်နေပါသေးတယ်။



ဗေဒင်ဆရာမတစ်ဦးထံတွင် ဗေဒင်မေးရန်လာရောက်သည့် မိန်းကလေးတစ်ဦးက တဲရော့ကတ်များကို ကိုင်၍ ဆုတောင်းနေစဉ်။

အပြိုင်အဖွဲ့တွေကြားမှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ခိုက်ဖို့ အောက်လမ်းပညာကို ပြောင်ပြောင်တင်းတင်း အသုံးပြုတတ်ကြပြီး ဆန္ဒပြသူတွေက အဆောင်လက်ဖွဲ့တွေရှိရင် ကျည်မထိနိုင်ဘူး၊ ထိခိုက်ဒဏ်ရာ မရနိုင်ဘူးလို့ ယုံကြည်ထားကြပါတယ်။

ထိုင်းနိုင်ငံရဲ့ အကြားအမြင်ဆရာတွေ၊ နက္ခတ်ဗေဒင်ဆရာတွေနဲ့ ကျယ်ပြန့်လှတဲ့ သာသနာ့ကွန်ရက်အတွက် အဲဒီလို အယူသီးမှုတွေက အကျိုးအမြတ် ရှိနေပြန်ပါသေးတယ်။

မကောင်းဆိုးဝါးနှင်ခြင်း၊ အဆင်သင့်ဝယ်ယူလို့ရတဲ့ အကာအကွယ်ပေးတဲ့ဂါထာနဲ့ အဆောင်တွေရှိသလို သရဲတစ္ဆေ စာအုပ်တွေနဲ့ ရုပ်ရှင်ကားတွေကလည်း အရမ်းကို လူကြိုက်များလှပါတယ်။ နောက်ပြီး မကောင်းဆိုးဝါးကို နှင်ထုတ်ဖို့အတွက် ရဟန်းသံဃာတွေကို နှစ်စဉ်ဖိတ်ကြားပြီး ဝတ္ထုငွေတွေ လှူဒါန်းကြပါသေးတယ်။

ဥပစ္ဆေဒကကံကြောင့် သေဆုံးရင် တစ္ဆေသရဲဖြစ်နိုင်တယ်လို့ ထိုင်းနိုင်ငံသားတွေကယုံကြည်ကြတယ်။

၁၉ ရာစုနှစ်အတွင်းဘန်ကောက်မှာနေတဲ့ ခင်ပွန်းဖြစ်သူ စစ်ထွက်နေစဉ် ကလေးမွေးဖွားရင်း သေဆုံးခဲ့ရာမှ သရဲဖြစ်သွားတယ်ဆိုတဲ့ နာ့ခ်လို့ခေါ်တဲ့ အမျိုးသမီးက ထိုင်းနိုင်ငံမှာ အလွန်နာမည်ကြီးပါတယ်။

ခင်ပွန်းဖြစ်သူ ပြန်လာတဲ့အခါ သူ့ဇနီးကို အသက်ရှင်လျက်တွေ့ရှိရပြီး အတူနေထိုင်ခဲ့ကြတယ်။

နာ့ခ်က ခင်ပွန်းသည်ကို ချစ်လွန်းတဲ့အတွက် သရဲဖြစ်သွားခဲ့ပေမယ့် ခင်ပွန်းက သူ့ကို သရဲမှန်းသိလို့ ထွက်ပြေးတဲ့အခါ ယုတ်မာဆိုးသွမ်းတဲ့ သရဲအသွင် ပြောင်းသွားခဲ့တယ်လို့ ဆိုပါတယ်။

ဘန်ကောက်မှာ နာ့ခ်အတွက် ဆောက်ထားတဲ့ နတ်နန်းရှေ့မှာ ‘ထီမဖွင့်ခင် တစ်ရက်၌ ဒီနတ်နန်းကို တစ်ညလုံးဖွင့်သည်’ ဟု ရေးထားပါတယ်။ ရောဂါ ပျောက်ကင်းဖို့၊ ကံကောင်းစေဖို့နဲ့ စစ်မှုထမ်းခြင်းကနေ လွတ်ငြိမ်းခွင့်ရဖို့ ဘန်ကောက်မြို့သူ၊ မြို့သားတွေ လာရောက်ဆုတောင်းကြပါတယ်။

အဲဒီ နတ်နန်းရဲ့ရှေ့မှာ ဗေဒင်ဆရာတွေက စီးပွားရှာနေကြပြီး ယုံကြည်သူများက ငါး၊ လိပ်နဲ့ ဖားတွေကို အနီးအနားက ရေမြောင်းထဲမှာ လွှတ်ခါ ကောင်းမှုကုသိုလ်ယူကြပါတယ်။

အဲဒီလို တိရစ္ဆာန်တွေကို ရောင်းချသူတစ်ဦးရဲ့ အပြောအရ ငါးရှဉ့်လွှတ်ရင် လုပ်ငန်းအောင်မြင်မယ်၊ ဖားလွှတ်ရင် အကုသိုလ်လျော့နည်းမယ်လို့ ယူဆကြောင်း သိရပါတယ်။

အဲဒီ နတ်နန်းရဲ့ အကြီးအကဲက မေးမြန်းတာကို မဖြေကြားပေမယ့် လာရောက်ကြသူများကတော့ နာ့ခ်ကို ပူဇော်ဆည်းကပ်ခြင်းအားဖြင့် အကျိုးခံစားခွင့်ရမယ်လို့ ယုံကြည်ထားကြပါတယ်။

‘‘ကျွန်မ သူ့ကို ယုံကြည်တယ်။ တစ္ဆေသရဲနတ်တွေကို ယုံကြည် ကိုးကွယ်ပါတယ်။ ကျွန်မရဲ့ သူငယ်ချင်းတွေလည်း တစ္ဆေသရဲနတ်တွေကို ယုံကြည်ကြပါတယ်’’ ဟု နက်နာ ရန်ဂျန်ဘန်နူဆိုတဲ့ အမျိုးသမီးငယ်တစ်ဦးက ပြောပါတယ်။ Ref: AFP

အိအိမာ ဘာသာပြန်သည်။

# အိန္ဒိယအကျဉ်းထောင်တစ်ခုတွင် ထောင်သားများက အိပ်ရာခင်းများ အသုံးပြု၍ ထွက်ပြေး

အိန္ဒိယနိုင်ငံ၌ လူငယ်ထိန်းသိမ်းရေးစခန်းတစ်ခုတွင် ဖေဖော်ဝါရီလ ၂ ရက်၌ ထောင်သားအများအပြားသည် အိပ်ရာခင်းများကို ဆက်ပြီး သုံးထပ်အဆောက်အအုံ၏ နံရံမှ တွယ်ဆင်းကာ ထောင်ဖောက်ပြေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

လူသတ်မှု ကျူးလွန်ထားသူ အများအပြားအပါအဝင် ထောင်သား ၁၃၅ ဦးအနက် ၉၁ ဦးမှာ မီရတ်မြို့ရှိ လူငယ်ထိန်းသိမ်းရေးစခန်းမှ ထွက်ပြေးရန် ကြိုးပမ်းနိုင်ခဲ့သော်လည်း ၄၅ ဦးကို ပြန်လည်ဖမ်းဆီးမိခဲ့ကြောင်း မြို့နယ်ရဲဌာနမှူး အွမ်ပရာကက်ရှ်က ပြောသည်။

‘‘ရဲတပ်ဖွဲ့ဝင်တွေက အဆောက်အအုံရဲ့ အရှေ့ဘက်ကို ကင်းစောင့်နေတုန်းမှာ အနောက်ဘက် ပြတင်းပေါက်က သံဆန်ခါတွေကို ဖြုတ်ပြီး ထွက်ပြေးခဲ့ကြတာပါ။ လုပ်သွားတာ အရမ်းပိရိတော့ အရိပ်အယောင်တောင် မတွေ့လိုက်ရပါဘူး’’ ဟု ပရာကက်ရှ်က ပြောသည်။

ထွက်ပြေး လွတ်မြောက်သွားသော ထောင်သားများထဲတွင် လူသတ်မှု၊ မုဒိမ်းမှု၊ ခိုးမှုနှင့် ဓားပြမှု စသည်တို့ကို ကျူးလွန်ထားသော ထောင်သားများပါဝင်ပြီး အားလုံးမှာ အသက် ၁၈ နှစ်အောက် ဖြစ်ကြကြောင်းလည်း ၎င်းက ပြောသည်။

ထောင်ဖောက်မှုမှာ ည ၁ နာရီနှင့် ၂ နာရီအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆောက်အအုံအနီး၌ လူအချို့ မယောင်မလည်ဖြင့် ကားကြိုစီးရန် ကြိုးစားနေသည်ကို လှည့်ကင်းရဲက တွေ့သည့်အခါမှသာ သတိပေးနှိုးဆော်မှု ထွက်ပေါ်လာကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

လွတ်မြောက်သွားသူများကို ဖမ်းမိနိုင်မည်ဟု ဒေသခံအာဏာပိုင်များက ယုံကြည်ကြောင်းလည်း ပရာကက်ရှ်က ပြောသည်။

‘‘ထောင်သားတွေက စခန်းကနေ ထွက်ပြေးဖို့အကြိမ်ကြိမ်ကြိုးပမ်းခဲ့ဖူးတယ်။ အရင်တစ်ကြိမ်မှာတော့ ၄၀ လောက် ထွက်ပြေးခဲ့တယ်’’ ဟု ပရာကက်ရှ်က ပြောသည်။

၎င်းထိန်းသိမ်းရေးစခန်း၌ တရားရုံးကြားနာမှုတစ်ခုတွင် အမျိုးသမီးတစ်ဦးကို ထောင်သားများက မဖွယ်မရာ ရိုင်းပျစ်စွာပြုမူခဲ့သည့်အပေါ် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကန့်ကွက်သဖြင့် ၎င်းအား ထောင်သားများက အသေရိုက်နှက်ခြင်း ဖြစ်ခဲ့ဖူးသည်။

နောက်ဆုံးရ တရားဝင်အချက်အလက်များအရ အိန္ဒိယနိုင်ငံရှိ လူငယ်ထိန်းသိမ်းရေးစခန်းများတွင် ပြစ်မှုကျူးလွန်သူ လူငယ်ဦးရေ ၃၁,၀၀၀ ကျော်ရှိပြီး လူသတ်မှု၊ မုဒိမ်းမှုနှင့် ခိုးမှု စသောရာဇဝတ်မှုကြီးများဖြင့် အရေးယူခံရသူများကို မည်သို့ အရေးယူရမည်ကို ဆွေးနွေးဆဲဖြစ်သည်။

အချို့က ၎င်းတို့အား အရွယ်ရောက်ပြီး ရာဇဝတ်ကောင်များနှင့် တန်းတူသတ်မှတ်ကာ လုံခြုံရေးပိုမိုတင်းကျပ်သော လူကြီးထောင်များကိုပို့သင့်ကြောင်း ပြောသည်။ လူငယ်ထိန်းသိမ်းရေးစခန်းများမှ ထောင်သားများသည် အကျဉ်းခန်းတစ်ခန်းစီတွင် နေရခြင်းမဟုတ်ဘဲ အဆောင်များတွင် စုပြုံအိပ်ရလေ့ရှိသည်။

Ref: AFP ကျော်ထက်စိုး ဘာသာပြန်သည်။

# ဂျပန်အမျိုးသမီး ၁၀၀ ကျော် မေ့ဆေးပေး အဓမ္မကျင့်ခံရ

ဆေးပညာလေ့လာမှုဟု လိမ်ညာကာ အမျိုးသမီး ၁၀၀ ကျော်ကို မေ့ဆေးပေးပြီး အဓမ္မကျင့်ခဲ့သော လူတစ်ဦးအား ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ဖေဖော်ဝါရီလ ၃ ရက်တွင် စုံထောက်များနှင့် ပြည်တွင်းမီဒီယာများက ပြောသည်။

လွန်ခဲ့သော နှစ်နှစ်ကျော် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ‘အိပ်ပျော်နေစဉ် သွေးဖိအားတိုင်းတာသည့် လက်တွေ့သုတေသန’ အတွက် ကူညီပေးမည့်သူများ ရှာနေသည့် ကြော်ငြာမှုများကြောင့် အမျိုးသမီးအမြောက်အမြား ဆက်သွယ်ခဲ့ကြသည်ဟု စုံထောက်များက ပြောသည်။

အသက် ၅၄ နှစ်ရှိ ဟိုင်ဒီယူကီနီဂူချိက ယင်းအမျိုးသမီးများကို ဟိုတယ်များနှင့် ရေပူစမ်းအပန်းဖြေစခန်းများသို့ သွေးဆောင်ခေါ်သွားပြီးနောက် မေ့ဆေးပေးကာ အမျိုးသမီးများ သတိမေ့နေစဉ် အဓမ္မကျင့်ပြီး အားလုံးကို ဗီဒီယိုရိုက်ကူးထားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ယင်းဗီဒီယိုများကို အင်တာနက်ပေါ်တင်ခြင်း သို့မဟုတ် အပြာကားထုတ်လုပ်သူများသို့ ရောင်းချခဲ့ရာ နီဂူချိမှာ ယန်းငွေ ၁၀ သန်း (ဒေါ်လာ ၈၅,၀၀၀) ရရှိခဲ့သည်။ ၎င်းမှာ ဆေးပညာသင်ယူခဲ့ခြင်းမရှိဟု သိရသည်။

နီဂူချိ အဓမ္မကျင့်ခဲ့သည့် အမျိုးသမီးများထဲမှ ၃၉ ဦးကို အတည်ပြုနိုင်ခဲ့ပြီဖြစ်သော်လည်း စုစုပေါင်းအရေအတွက်မှာ ၁၀၀ ကျော်မည်ဟု စုံထောက်များက ယုံကြည်ထားကြောင်း သတင်းများတွင် ပါရှိသည်။

Ref: AFP အိအိမာ ဘာသာပြန်သည်။

# ယူကရိန်းပြည်သူများ ငြိမ်းချမ်းရေးနှင့် အလှမ်းကွာဝေးနေဆဲ

နိုင်ငံတကာမှ စိတ်ဝင်စားစွာ စောင့်ကြည့်နေခဲ့ကြသော ယူကရိန်းနိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဇန်နဝါရီလ ၃၁ ရက်တွင် မအောင်မမြင်ဖြစ်ခဲ့ရပြီးနောက် ယူကရိန်းအရှေ့ပိုင်းတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယူကရိန်းအစိုးရညှိနှိုင်းဆွေးနွေးရေးမှူးက ရုရှားလိုလားသော ခွဲထွက်ရေးသမား သူပုန်များသည် အပစ်အခတ်များ အရေးပေါ် ရပ်ဆိုင်းရေးဆွေးနွေးရန် ငြင်းပယ်ခဲ့ခြင်းဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက် ရည်မှန်းချက်ကို ပျက်ပြားစေခဲ့ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတဟောင်း လီယိုနစ်ကုချ်မာက သူပုန်ခေါင်းဆောင်များသည် လက်နက်ကြီးများ ပြန်လည်ရုပ်သိမ်းရန် တစ်စုံတစ်ရာ မပြောကြားဘဲ ၎င်းတို့၏ ညှိနှိုင်းဆွေးနွေးရေးမှူးများကလည်း ထိုအချက်ကို ဆွေးနွေးရန် ငြင်းဆိုခဲ့ကြပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားခဲ့ရကြောင်း ပြောခဲ့သည်။

သို့ရာတွင် ဘီလာရုစ်နိုင်ငံ မြို့တော် မင့်စ်မြို့၌ ပြုလုပ်ခဲ့သော အဆိုပါ ဆွေးနွေးပွဲတွင် သူပုန်တို့၏ ဒုန်တက်စ်ခ်ပြည်သူ့သမ္မတနိုင်ငံကို ကိုယ်စားပြုသည့် ညှိနှိုင်းဆွေးနွေးရေးမှူး ဒင်းနစ်ပူရှီလင်က ဆွေးနွေးပွဲ ပျက်ပြားရခြင်းမှာ ယူကရိန်းအစိုးရကြောင့်ဟု ပြောကြားခဲ့သည်။ ၎င်းက သူပုန်တပ်ဖွဲ့ခေါင်းဆောင်များက အကယ်၍ ယူကရိန်းအစိုးရတပ်များအနေနှင့် ပထမဦးဆုံးအပစ်အခတ်ရပ်စဲခဲ့လျှင် ငြိမ်းချမ်းရေးသဘောတူညီချက်ကို သဘောတူလက်ခံမည်ဟု ပြောခဲ့ကြောင်း ပြောကြားသွားသည်။

ယူကရိန်းတွင် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေး မျှော်လင့်လျက်ရှိကြသော ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) မှ တာဝန်ရှိသူများအနေနှင့်လည်း ကိုးလကြာခဲ့ပြီဖြစ်သော ယူကရိန်း ပဋိပက္ခကို ရပ်ဆိုင်းရန် ယူကရိန်းအစိုးရအနေနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ရယူရန် လိုလားမည်ဟု ယူဆခဲ့ကြသည်။ ဆွေးနွေးညှိနှိုင်းပွဲသို့ OSCE မှ တာဝန်ရှိသူများနှင့် ရုရှားအရာရှိများပါ တက်ရောက်ခဲ့ကြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ပြင်သစ်သမ္မတ ဖရန်ကွိုက်စ်ဟော်လန်ဒီနှင့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်လ်တို့သည် ဇန်နဝါရီလ ၃၁ ရက်၌ ၎င်းတို့အချင်းချင်း ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ကြသည်။ ၎င်းတို့က လူ ၁,၅၀၀ သေကျေခဲ့ရပြီဖြစ်သော စစ်ပွဲကို ရပ်တန့်စေရေးအတွက် အပစ်အခတ်ရပ်စဲမှုသဘောတူညီနိုင်ရန် အုပ်စုအားလုံးက လိုက်နာသဘောတူကြရန် တိုက်တွန်းခဲ့ကြသည်။

သူပုန်တပ်ဖွဲ့များက ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပြီးနောက် ယူကရိန်းအရှေ့တောင်ပိုင်း စက်မှုနယ်မြေအတွင်း ၎င်းတို့ ထိန်းချုပ်နိုင်သော နယ်မြေ ပိုမိုကျယ်ပြန့်စေရေး ထိုးစစ်တစ်ရပ် စတင်သွားမည်ဟု ကြေညာခဲ့သည်။ ၎င်းတို့က ဒုန်တက်စ်ခ်နှင့် လူဂန့်စ်ခ်ပြည်နယ်များကို ယူကရိန်းလက်အောက်မှ လုံးဝ လွတ်လပ်သည်အထိ တိုက်ပွဲဝင်မည်ဟု ဆိုခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားအပြီးတွင်မူ ခွဲထွက်ရေးသမား သူပုန်တို့၏ အဓိကဌာနချုပ်ဖြစ်သော ဒုန်တက်စ်ခ်မြို့၏ အရှေ့မြောက်ဘက် ၅၀ ကီလိုမီတာ (၃၅ မိုင်) ခန့်အကွာရှိ ဒီဘဲ့လ်ဆီဗီမြို့တစ်ဝိုက်တွင် ဖေဖော်ဝါရီလ ၁ ရက်၌ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုမြို့မှာ ယူကရိန်းတပ်ဖွဲ့များ ထိန်းချုပ်ထားရာ မဟာဗျူဟာကျသော ပို့ဆောင်ဆက်သွယ်ရေးအချက်အချာမြို့ဖြစ်သည်။ လူဦးရေ ၂၅,၀၀၀ ခန့်ရှိသော ဒီဘဲ့လ်ဆီဗီမြို့က အရှေ့တောင်ဘက်ရှိ ရုရှားစကားပြောခွဲထွက်ရေးသူပုန်များ၏ စခန်းမြို့များနှင့် ရထားလမ်းဖြင့် ဆက်သွယ်ထားသည်။

ယူကရိန်းကာကွယ်ရေးဝန်ကြီး စတီဖန်ပိုလ်တိုရက်က ခွဲထွက်ရေးသူပုန်များသည် ဒီဘဲ့လ်ဆီဗီမြို့ကို တစ်စိတ်တစ်ပိုင်း သိမ်းပိုက်ထားကြောင်း အစပိုင်းတွင် ဝန်ခံပြောကြားခဲ့သည်။ သူပုန်တို့ကလည်း မြို့တွင်းရှိ ယူကရိန်းတပ်ဖွဲ့ဝင် ၈,၀၀၀ ခန့်ကို ဝန်းရံထားကြောင်း ပြောခဲ့သည်။ ဒီဘဲ့လ်ဆီဗီမြို့မှ ၁၀ ကီလိုမီတာသာ ဝေးသော ဗူဂလီဂတ်စ်မြို့ကိုမူ သူပုန်တို့က ဇန်နဝါရီလ ၃၀ ရက်၌ပင် သိမ်းပိုက်ထားကြောင်း ကြေညာခဲ့သည်။ ထိုနှစ်မြို့စလုံးမှာ ရေ၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်နေကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲက ပြောခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်တွင်မူ ဒီဘဲ့လ်ဆီဗီမြို့ရှိ ယူကရိန်းတပ်ဖွဲ့များနှင့် ၎င်းတို့ကို ဝန်းရံပိတ်ဆို့ရန် ကြိုးစားနေသော ခွဲထွက်ရေးသူပုန်များအကြား တိုက်ပွဲများ ပိုမိုပြင်းထန်ကာ လက်နက်ကြီးများဖြင့် ပစ်ခတ်လာခဲ့သည်။ အစိုးရအရာရှိများကလည်း မြို့တွင်းရှိ အရပ်သားများ ကယ်ဆယ်ခဲ့ကြောင်းနှင့် မြို့တွင်း ပိတ်ဆို့ကျန်ခဲ့သူများ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ကောင်းကြောင်း ပြောကြားခဲ့သည်။ ယူကရိန်းစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလိုဒီမာပိုလ်ယိုဗီက ဒီဘဲ့လ်ဆီဗီမြို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်း၊ သို့သော် ယူကရိန်းတပ်ဖွဲ့များအနေနှင့်မြို့တွင်းသို့ နောက်ဆုံးဝင်ရောက်နိုင်သည့် လမ်းကို ထိန်းချုပ်နိုင်ရေး အလျှော့ပေးသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားကာ အဆက်မပြတ်ထပ်မံဖြစ်ပွားလာသော တိုက်ပွဲများက ယူကရိန်းအစိုးရ၏ အနောက်အုပ်စု မဟာမိတ်များအတွက် သတိပေးနှိုးဆော်မှုပြုသကဲ့သို့လည်း ရှိခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအနေဖြင့် ဖေဖော်ဝါရီလ ၅ ရက်တွင် ကီးအက်ဗ်မြို့၌ ယူကရိန်းသမ္မတ ပိုရိုရှန်ကိုနှင့် ဝန်ကြီးချုပ် အာဆီနီရတ်ဆင်ညူတို့နှင့် တွေ့ဆုံဆွေးနွေးသည့်အခါ ယူကရိန်းအား အမေရိကန်က အထောက်အပံ့များ ပေးရန် ကတိပြုမည်ဟု မျှော်လင့်ရသည်။

နေတိုးစစ်ဘက်တပ်မှူးများနှင့် အမေရိကန်အစိုးရအရာရှိများအနေဖြင့် နိုင်ငံအရှေ့ပိုင်းတွင် ခွဲထွက်ရေးသမားများကို ရင်ဆိုင်နေရသော ယူကရိန်းအစိုးရအတွက် လက်နက်များကိုပင် ပေးပို့ထောက်ပံ့ဖွယ်ရှိကြောင်းလည်း ဖေဖော်ဝါရီလ ၁ ရက်ထုတ် နူးယော့ခ်တိုင်းမ်သတင်းစာ၌ ဖော်ပြခဲ့သည်။ သမ္မတအိုဘားမားအနေဖြင့် ယူကရိန်းအား လက်နက်များပေးပို့ရန် မဆုံးဖြတ်ရသေးသော်ငြားလည်း ၎င်း၏ အစိုးရအဖွဲ့အနေနှင့် ယူကရိန်းတွင် နှစ်ဖက်ပြင်းထန်သော စစ်ပွဲများကြောင့် ထိုကိစ္စအပေါ် ပြန်လည်သုံးသပ်လျက်ရှိကြောင်း သိရသည်။

နေတိုးတပ်မှူး ဗိုလ်ချုပ်ကြီး ဖိလစ်ဘရီလပ်က ယခုအခါ ယူကရိန်းတပ်ဖွဲ့များအတွက် လက်နက်များပေးပို့လျက်ရှိကြောင်း သိရသည်။ အမေရိကန်အစိုးရအနေဖြင့်လည်း ရုရှားအပေါ် ယူကရိန်းနိုင်ငံအတွင်း စစ်ပွဲဖြစ်ပွားစေရန် ဖန်တီးနေကြောင်း စွပ်စွဲပြောကြားလျက်ရှိသည်။ သို့သော် အမေရိကန်အနေဖြင့် ယူကရိန်းတပ်ဖွဲ့များအား လက်နက်ထောက်ပံ့ရန်မှာ အတိအကျ မဆုံးဖြတ်သေးပေ။

ရုရှားနိုင်ငံအနေဖြင့်မူ ခွဲထွက်ရေးလှုပ်ရှားမှုတွင် သူပုန်များဘက်မှ စစ်ရေးထောက်ပံ့မှုပေးနေသည်ဟု စွပ်စွဲခံနေရသည်။ ထို့ပြင် သူပုန်တို့အား အကူအညီပေးရန် ရုရှားက တပ်ဖွဲ့များကိုလည်း စေလွှတ်လျက်ရှိကြောင်း ယူကရိန်းအစိုးရနှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားကြပြန်သည်။

၂၀၁၄ ခုနှစ်၊ ဧပြီလမှ စတင်ဖြစ်ပွားခဲ့သော ယူကရိန်းပြည်တွင်းစစ်ပွဲမှာ ယခုအခါ ကိုးလကြာမြင့်ခဲ့ပြီဖြစ်သည်။ ယူကရိန်းအရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း သေဆုံးသူဦးရေ တိုးလာသကဲ့သို့ စစ်ဒဏ်ကြောင့် ယူကရိန်းနိုင်ငံမှာ စီးပွားရေးတွင်လည်း ချွတ်ခြုံကျလျက်ရှိသည်။ ယခုတစ်ဖန် တိုက်ခိုက်မှုများ ရပ်စဲနိုင်ရေးလမ်းစဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲကလည်း ပျက်ပြားခဲ့ရုံမက ရက်ပိုင်းအတွင်း၌ပင် ပြင်းထန်လာသော နှစ်ဖက်တိုက်ခိုက်မှုများကြောင့် ယူကရိန်းပြည်သူတို့အဖို့မူ ပြည်တွင်းငြိမ်းချမ်းရေးအလှမ်းဝေးနေဆဲဟု ဆိုရပေမည်။

Ref: AFP ထွေးကိုထွန်း ဘာသာပြန်သည်။



ဓာတ်ပုံ-အေအက်ဖ်ပီ

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားအပြီး ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် ဒီဘဲ့လ်ဆီဗီမြို့နေ ပြည်သူများ မြို့ကို စွန့်ခွာထွက်ပြေးရန် ပြင်ဆင်နေကြစဉ်။



ဓာတ်ပုံ-အေအက်ဖ်ပီ

ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်မည့် ယူကရိန်းသမ္မတဟောင်း လီယိုနစ်ကုချ်မာနှင့်အဖွဲ့အား တွေ့ရစဉ်။

world

# အီဂျစ်ရဲတပ်ဖွဲ့ဝင်က ဆေးရုံတင်ထားသော အစ္စလာမ္မစ်ဝါဒီကို သေနတ်နှင့်ပစ်သတ်

ဖေဖော်ဝါရီလ ၁ ရက်၌ ကိုင်ရိုမြို့ရှိ ဆေးရုံတစ်ရုံတွင် ဖမ်းဆီးထိန်းသိမ်းထားသော ဒဏ်ရာရ အစ္စလာမ္မစ်ဝါဒီတစ်ဦးအား သေနတ်နှင့် ပစ်သတ်ခဲ့သည့် အီဂျစ်ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ဖော်ပြချက်အရ ရဲတပ်ဖွဲ့ဝင်၏ သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရသူမှာ အယ်လ်ဝါရတ်ခရိုင်တွင် ပုံးထောင်ရန် ကြိုးပမ်းမှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားသည့် မွတ်စလင်ညီနောင်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊ တရားခံအား ဆေးရုံတွင် ထိန်းသိမ်းထားစဉ် ၎င်းက ဆေးရုံတွင် စောင့်ကြပ်နေသည့် ရဲတပ်ဖွဲ့ဝင်ကို စော်ကားမော်ကား ပြောဆိုကာ ရန်စခဲ့ကြောင်း၊ ၎င်းရန်စခြိမ်းခြောက်ပြောဆိုမှုအပေါ် ဒေါသထွက်လာသော ရဲတပ်ဖွဲ့ဝင်က သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ -အေအက်ဖ်ပီ

**အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့တွင် မွတ်စလင်ညီနောင်ပါတီမှ သမ္မတမော်စီ ရာထူးမှ ဖြုတ်ချခံရပြီးနောက် ၎င်းပါတီအဖွဲ့ဝင်များက အကြမ်းဖက် ဆန္ဒပြလာကြသည်။**

ယခုအခါ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်ကို ဖမ်းဆီး၍ စုံစမ်းစစ်ဆေးမှုပြုလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အီဂျစ်နိုင်ငံတွင် ၂၀၁၃ ခုနှစ် သမ္မတမိုဟာမက်မော်စီကို စစ်တပ်က ရာထူးမှ ဖြုတ်ချပြီးကတည်းက မွတ်စလင်ညီနောင်အဖွဲ့သည် သေစေလောက်သော တိုက်ခိုက်မှုများကို စတင်ပြုလုပ်လျက်ရှိကြောင်း အီဂျစ်အာဏာပိုင်တို့က မကြာခဏ စွပ်စွဲခဲ့သည်။ ထိုသို့ စွပ်စွဲမှုကို အစ္စလာမ္မစ်ဝါဒီတို့က ငြင်းဆန်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်၌ အီဂျစ်သမ္မတ အိုစနီမူဘာရတ်ကို ရာထူးမှ ပြုတ်ကျစေခဲ့သည်။ ပုန်ကန်ထကြွမှု နှစ်ပတ်လည်အထိမ်းအမှတ်နေ့ကျင်းပသည့် ဇန်နဝါရီလ ၂၅ ရက်တွင် ကန့်ကွက်ဆန္ဒပြသူတို့နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်တို့ အကြား ပြင်းထန်သည့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး နှစ်ဖက် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်တို့က မွတ်စလင်ညီနောင်အဖွဲ့အား ထောက်ခံအားပေးသည့် ဆန္ဒပြသူ ၅၁၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

Ref: AFP မိုးလွင်အောင် ဘာသာပြန်သည်။

# လုပ်ငန်းခွင် လမ်းလျှောက်သွားရသူအတွက် ကားဝယ်ရန် လှူဒါန်းငွေများပြား

အမေရိကန်ပြည်ထောင်စု၊ ဒက်ထရွိုက်မြို့နေ လူတစ်ဦးမှာ ၎င်း၏ အလုပ်ခွင်သို့ နေ့စဉ် ၃၃ ကီလိုမီတာ ၂၁ မိုင်ရှိ အကွာအဝေးကို လမ်းလျှောက်သွားနေရရာ ၎င်းအတွက် ကားတစ်စီးဝယ်နိုင်ရန် အွန်လိုင်းမှ အလှူငွေကောက်ခံခဲ့ရာတွင် အများအပြားဝင်ရောက်လှူဒါန်းကြ၍ ဒေါ်လာ ၂၀၀,၀၀၀ ကျော်အထိ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

အသက် ၅၆ နှစ်ရှိ အဆိုပါ ဂျိမ်းစ်ရောဘတ်ဆန်အတွက် ကားတစ်စီးဝယ်ရန် လူ ၈,၀၀၀ ကျော်က အလှူငွေများထည့်ခဲ့ကြသည်။ အဆိုပါ အလှူငွေကောက်ခံမှုကို Go Fund Me ဝက်ဘ်ဆိုက်တွင် စတင်စည်းရုံးလှုံ့ဆော်ပေးခဲ့သော အီဗန်လီဒီက "အစပထမဆုံး ကျွန်တော် ရည်မှန်းတာက ကားတစ်စီးဝယ်နိုင်လောက်တဲ့ ဒေါ်လာ ၅,၀၀၀ ပမာဏပါပဲ။ ကျွန်တော်က သူ့ကို အလုပ်အသွားအပြန် ကားနဲ့သွားစေချင်တယ်။ ဒါပေမယ့် မထင်မှတ်ဘဲ ရက်ရက်ရောရောလှူဒါန်းမှုတွေ ပြုခဲ့ကြတာကြောင့် ကားတစ်စီးတန်ဖိုးထက် များစွာကျော်သွားခဲ့တယ်။ လှူဒါန်းမှုပြုသူတိုင်းကို ကူညီမှုအတွက် ကျေးဇူးတင်ပါတယ်။ ရရှိတဲ့ ငွေတွေအားလုံးကိုလည်း တစ်ပြားမကျန် ဂျိမ်းစ်အတွက် တစ်နည်းမဟုတ် တစ်နည်း လိုအပ်ချက်တွေကို ကူညီသွားမှာပါ"ဟု ပြောခဲ့သည်။

ဂျိမ်းစ်အနေနှင့် ၁၉၈၈ ခုနှစ်တွင် ၎င်း၏ ဟွန်ဒါကားပျက်စီးသွားသည်မှ စ၍ နေ့စဉ်လို လုပ်ငန်းခွင်သို့ ခရီးရှည်ကြီးအား ပင်ပန်းစွာ အသွားအပြန် ပြုခဲ့ရသည်။ ၎င်း၏ တစ်နာရီလျှင် ၁၀ ဒသမ ၅၅ သာရှိသော လုပ်ခငွေဖြင့် နောက်ထပ်ကားတစ်စီးကို မည်သို့မျှ မဝယ်ယူနိုင်ခဲ့ပေ။

အဆိုပါ ကောက်ခံရရှိငွေကို ကားတစ်စီး ဝယ်ရန်အတွက်သာမက အာမခံ၊ လောင်စာဆီနှင့် အခြားအသုံးစရိတ်များအတွက်ပါ ရည်မှန်းကြောင်း သိရသည်။ အလှူငွေထည့်ဝင်ရန် နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားသော ဖေဖော်ဝါရီလ ၃ ရက် ညနေပိုင်းတွင် ကောက်ခံရရှိငွေ ဒေါ်လာ ၂၂၆,၀၀၀ ခန့်ရှိခဲ့ပြီးဖြစ်သော်လည်း အချို့ပုဂ္ဂိုလ်များက ဆက်လက်၍ လှူဒါန်းလိုစိတ်ရှိနေဆဲဖြစ်ကာ စုံစမ်းမေးမြန်းလျက်ရှိနေကြဆဲဖြစ်ကြောင်း သိရသည်။

Ref: AFP

ထွေးကိုထွန်း ဘာသာပြန်သည်။

# ဘရာဇီးသားတို့က လိင်တူဆက်ဆံမှု ဆန့်ကျင်ရေးအဖြစ် အနမ်းများဖြင့် ကန့်ကွက်ဆန္ဒပြ

ဘရာဇီးနိုင်ငံတွင် ဖေဖော်ဝါရီလ ၁ ရက်၌ လူဦးရေ ၅၀ ခန့်ပါဝင်သော ကန့်ကွက်ဆန္ဒပြသူတို့က အရက်ဘားခန်းအတွင်းရှိ အများလူပုံအလယ်တွင် ပွေ့ဖက်နေသော ယောကျ်ားလျာနှစ်ဦးအား အနမ်းများဖြင့် တုံ့ပြန်ကာ မောင်းထုတ်ခဲ့ကြသည်ဟု သိရသည်။ ရီဘိုင်ရိုပရီတိုမြို့ရှိ အရက်ဆိုင်မှ ကြေညာချက်တစ်ခုအရ အသက် ၂၂ နှစ်နှင့် ၂၃ နှစ်အရွယ်ရှိ အမျိုးသမီးနှစ်ဦးသည် လွန်ခဲ့သည့်ရက်သတ္တပတ်ကလည်း အရက်ဆိုင်ရှိ လူမြင်ကွင်းတွင် မသင့်လျော်သည့် ပြုမူမှုများကို ပြုခဲ့ကြသည်ဟု ဆိုသည်။ ချက်ချင်းလိုပင် ထိုအမျိုးသမီးနှစ်ဦးအား ရဲတပ်ဖွဲ့နှင့် လိင်တူဆက်ဆံသူများကို မုန်းတီးဆန့်ကျင်သည့် ဘရာဇီးရှေ့နေများအသင်း ကော်မရှင်ထံ တိုင်တန်းတရားစွဲဆိုခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီလ ၁ ရက်၌ ဆန္ဒထုတ်ဖော်ပွဲတွင် လိင်တူဆက်ဆံမှုကို ပြစ်တင်ရှုတ်ချသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားသည့် လူငယ်များသည် စုပေါင်းအနမ်းဖလှယ်မှုပြုခဲ့ကြသည်။ ထို့နောက် လိင်တူဆက်ဆံသူစုံတွဲ လေးတွဲအား အရက်ဘားအတွင်းသို့ ဝင်ရောက်ခွင့်ပြုပြီး အချိန်ကြာကြာပွေ့ဖက်ထားခဲ့သည်ဟု သိရသည်။ ၂၀၁၃ ခုနှစ်၌ ဘရာဇီးနိုင်ငံတွင် လိင်တူစပ်ယှက်သူနှင့် မိန်းမလျာ ၃၁၂ ဦး အသတ်ခံခဲ့ရရာ ၂၀၁၂ ခုနှစ်ကထက် ၇ ဒသမ ၇ ရာခိုင်နှုန်းလျော့ကျသွားသော်လည်း ဘရာဇီးနိုင်ငံမှာ မိန်းမလျာ မုန်းတီးဆန့်ကျင်၍ ရာဇဝတ်မှုကျူးလွန်ရာတွင် ကမ္ဘာ့ချန်ပီယံဘွဲ့နှင့် ထိုက်တန်သည်ဟု ဆိုသည်။ လက်တင်အမေရိကတိုက်တွင် မိန်းမလျာ မုန်းတီးဆန့်ကျင်ပြီး ရာဇဝတ်မှုကျူးလွန်မှုအားလုံး၏ ၄၀ ရာခိုင်နှုန်းမှာ ဒေသအတွင်း အင်အားအကြီးဆုံးနိုင်ငံကြီးဖြစ်သော ဘရာဇီးနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းဟု မှတ်တမ်းများအရ သိရှိရသည်။

Ref: AFP

မိုးလွင်အောင် ဘာသာပြန်သည်။

# ဘရာဇီးအလှမယ်ရွေးပွဲ အကျည်းတန်စွာ အဆုံးသတ်

ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သော Miss Amazon ၂၀၁၅ အလှမယ်ပြိုင်ပွဲတွင် ဒုတိယရရှိသည့် အလှမယ်က ပထမအနိုင်ရရှိသွားသော အလှမယ်ထံမှ စလွယ်နှင့် သရဖူတို့ကို ဆွဲဖြုတ်လုယူခဲ့အပြီးတွင်မူ အဆိုပါ အလှမယ်ရွေးပွဲမှာ စွပ်စွဲမှု၊ လိမ်ညာလှည့်ဖြားမှုများဖြင့်အကျည်းတန်စွာ ပြီးဆုံးသွားခဲ့သည်။



ဓာတ်ပုံ -အေအက်ဖ်ပီ

**Miss Amazon အလှမယ်ပြိုင်ပွဲတွင် ဒုတိယရရှိသော အလှမယ် ရှီးဆလိန်း ဟာရာလာက ပထမဆုရ အလှမယ် ကာရိုလိုင်းနားတိုလီဒို၏ သရဖူကို ဆွဲယူလွှင့်ပစ်နေစဉ်။**

ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်သို့ ရောက်ရှိလာသော အလှမယ်နှစ်ဦးသည် ဇန်နဝါရီလ ၃၀ ရက်ညက လက်ချင်းချိတ်ကာ အပြုံးကိုယ်စီဖြင့် ပြိုင်ပွဲဗိုလ်စွဲမည့်သူရလဒ်ကြေညာချက်ကို စောင့်မျှော်ခဲ့ကြသည်။ ထိုပြိုင်ပွဲကို ဘရာဇီးမြောက်ပိုင်းရှိ အမေဇုံနားပြည်နယ်တွင် ကျင်းပခြင်းဖြစ်သည်။ သို့ရာတွင် ကာရိုလိုင်းနားတိုလီဒိုကို အလှမယ်အဖြစ် ကြေညာခဲ့အပြီးတွင် ၎င်းမှာ ဒုတိယရရှိသွားသော မကျေမနပ်ဒေါသထွက်နေသည့်ပြိုင်ဘက် အလှမယ် ရှီးဆလိန်းဟာရာလာ၏ နောက်မှ ဆောင့်တွန်းခြင်းကို ခံခဲ့ရကာ ၎င်းသရဖူနှင့် စလွယ်တို့ကိုလည်း လုယူခြင်းခံခဲ့ရသည်။

အလှမယ်ဟာရာလာ၏ ရိုင်းပျသော အပြုအမူကြောင့်စိတ်အနှောင့်အယှက်ဖြစ်သွားရသော ပရိသတ်ထံမှ လက်ခုပ်သံများရောအော်ဟစ်သံများပါ ထွက်ပေါ်လာခဲ့သည်။

ဟာရာလာက တိုလီဒိုသည် ပြိုင်ပွဲတွင် အခြားပြိုင်ပွဲဝင်အလှမယ်များမရရှိခဲ့သည့် အခွင့်အရေးများကို ရရှိခဲ့ကြောင်း၊ ပြိုင်ပွဲမတိုင်မီကပင် ၎င်းအနေဖြင့် တိုလီဒိုကို အသာရ၍ အလှမယ်သရဖူ မရနိုင်ဟု သဘောပေါက်ခဲ့ကြောင်း ပြောခဲ့သည်။

ထို့ပြင် ဟာရာလာက တိုလီဒိုထက် ကြိုတင်ပြင်ဆင်မှု ပိုလုပ်လာခဲ့သည့် ပြိုင်ပွဲဝင်အလှမယ်များရှိကြောင်း၊ ၎င်းတို့အနေဖြင့်လည်း ယခုလုပ်ရပ်ကြောင့် ဝမ်းနည်းကြလိမ့်မည်မဟုတ်ကြောင်း ပြောခဲ့သည်။

ဒေါသထွက်နေသော အလှမယ်ဆုရှင် တိုလီဒိုကမူ ဟာရာလာအနေဖြင့် ဤစွပ်စွဲပြောကြားမှုများကြောင့် တရားဥပဒေနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ဤသရဖူကို ကိုယ်ပိုင်အားထုတ်မှုဖြင့် ရခဲ့ခြင်းသာဖြစ်ကြောင်း ပြောခဲ့သည်။

Miss Amazon ပြိုင်ပွဲ၌ အနိုင်ရသူ အလှမယ်သည် စက်တင်ဘာလတွင် ကျင်းပမည့် Miss Brazil ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

Ref: AFP ထွေးကိုထွန်း ဘာသာပြန်သည်။




ဓာတ်ပုံ – အေအက်ဖ်ပီ

**ဟန်ဂေရီဝန်ကြီးချုပ်၏ ရုရှားဘက်ယိမ်းသော မူဝါဒကို ဟန်ဂေရီပြည်သူများက ဖေဖော်ဝါရီလ ၁ ရက်တွင် ဆန္ဒပြနေကြစဉ်။**

# ဟန်ဂေရီသို့ ဂျာမန်ဝန်ကြီးချုပ် မလာရောက်မီ ဟန်ဂေရီဝန်ကြီးချုပ်ကို ကန့်ကွက်ဆန္ဒပြ

ဟန်ဂေရီလူမျိုးထောင်ပေါင်းများစွာတို့သည် ဖေဖော်ဝါရီလ ၁ ရက်၌ ဘူဒါပက်မြို့တော်လမ်းများပေါ်သို့ ထွက်ကာ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်ထံမှ ထောက်ခံအားပေးမှုရရှိရန် ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ ၎င်းတို့က ဟန်ဂေရီသို့ မစ္စစ်အိန်ဂျလာမာကယ် လာရောက်ခြင်းမပြုမီ တစ်ရက်အလိုတွင် ယခုကဲ့သို့ လမ်းပေါ်ထွက်ကာ ဆန္ဒထုတ်ဖော်ကြခြင်းလည်း ဖြစ်သည်။ ခန့်မှန်းခြေအင်အား ၄,၀၀၀ ခန့်ရှိသော ကန့်ကွက်ဆန္ဒပြသူတို့က ပါလီမန်အဆောက်အအုံအပြင်ဘက်တွင် စုဝေးခဲ့ကြသည်။ ၎င်းတို့က ကွန်မြူနစ် အရှေ့အုပ်စုနိုင်ငံဟောင်းဖြစ်သော ဟန်ဂေရီ၏ ဝန်ကြီးချုပ် မစ္စတာအော်ဘန်၏ လက်ယာယိမ်း မူဝါဒများနှင့် အီးယူကို ရှောင်ခွာ၍ ရုရှားဘက်ယိမ်းနေမှုတို့ကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ကန့်ကွက်ဆန္ဒပြသူတစ်ဦးဖြစ်သည့် အသက် ၅၄ နှစ်အရွယ်ရှိ အိမ်သုံးဆေးဝါးရောင်းချသူ မာရီယာမီကလိုဆီက မစ္စစ်မာကယ်အနေနှင့် မစ္စတာအော်ဘန်အား ရုရှားနိုင်ငံနှင့် နွေးနွေးထွေးထွေး ရှိလွန်းသော ဆက်ဆံမှုမပြုရေး သတိပေးရန်လိုလားကြောင်း ပြောကြားခဲ့သည်။ ဘူဒါပက်မြို့တွင် ပြုလုပ်သည့် ကန့်ကွက်ဆန္ဒပြမှုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းလိုမှာပင် ဟန်ဂေရီနိုင်ငံတစ်လွှားရှိ မြို့ပေါင်း ၁၁ မြို့တွင် ကန့်ကွက်ဆန္ဒပြပွဲများအား ပြုလုပ်ခဲ့ကြသည်။ အလားတူပင် လန်ဒန်နှင့် အမ်စတာဒမ်အပါအဝင် ဥရောပရှိ မြို့ပေါင်းခြောက်မြို့တွင်လည်း ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်၌ မစ္စတာအော်ဘန် အာဏာရရှိပြီးကတည်းက မစ္စစ်မာကယ်သည် ဟန်ဂေရီနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ဟန်ဂေရီနိုင်ငံ၏ ဂျာမန်ဘာသာသင် အန်ဒရတ်ဆီတက္ကသိုလ်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ယူကရိန်းနိုင်ငံအရေးတွင် ရုရှားနိုင်ငံ၏ ပါဝင်ပတ်သက်မှုအတွက် အီးယူက ရုရှားနိုင်ငံကို အရေးယူပိတ်ဆို့မှုအား မစ္စတာအော်ဘန်က ထောက်ခံအားပေးခဲ့သော်လည်း ရုရှားနိုင်ငံနှင့် ကုန်သွယ်မှု ဆက်ဆံရေးကို ပျက်စီးစေခြင်းက အီးယူအနေနှင့် အခက်တွေ့စေမည် ဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်၌ ပြောကြားခဲ့သည့် မစ္စတာအော်ဘန်၏ မိန့်ခွန်းထဲတွင် ရုရှားနိုင်ငံသည် ဟန်ဂေရီနိုင်ငံအတွက် ၎င်းမျှော်မှန်းထားသည့် အမြင်ကျဉ်းမြောင်းသော ဒီမိုကရေစီအတွက် စံပြဖြစ်ကြောင်း ရည်ညွှန်းပြောကြားခဲ့သည်။ နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ ဂျာမန်ကောင်စီမှ လေ့လာသုံးသပ်မှု ဒန်နီယယ်ဟက်ဒပ်စ်က မစ္စစ်မာကယ်အနေနှင့် ဟန်ဂေရီကို အီးယူမှ လမ်းခွဲထွက်ခွင့်ပြုမည်မဟုတ်သော နည်းလမ်းအားလုံးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂျာမန်ဝန်ကြီးချုပ်အနေနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မစ္စတာအော်ဘန်တို့ ဘူဒါပက်တွင် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ ရက်သတ္တပတ် တစ်ပတ်၊ နှစ်ပတ်ခန့်တွင် ဘူဒါပက်သို့ လာရောက်လည်ပတ်ခြင်းလည်းဖြစ်သည်။

**Ref: AFP မိုးလွင်အောင် ဘာသာပြန်သည်။**

# အမေရိကန်ပြည်ထောင်စုက IS တိုက်ခိုက်ချေမှုန်းရေး ရန်ပုံငွေအဖြစ် ဒေါ်လာ ၈ ဒသမ ၈ ဘီလျံ တောင်းခံ



ဓာတ်ပုံ – အေအက်ဖ်ပီ

**IS အကြမ်းဖက် လက်နက်ကိုင်စစ်သွေးကြွများအား တွေ့ရစဉ်။**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အစ္စလာမ့်စ်နိုင်ငံတော်အုပ်စု (IS) ချေမှုန်းရေးရန်ပုံငွေအတွက် ဒေါ်လာ ၈ ဒသမ ၈ ဘီလျံ အဆိုပြုတောင်းခံခဲ့ကြောင်း သိရသည်။ ယင်း IS ချေမှုန်းရေး ရန်ပုံငွေသည် ၎င်း၏ ၂၀၁၆ ခုနှစ် အသုံးစရိတ်အတွင်း ထည့်သွင်းတောင်းဆိုခြင်းလည်း ဖြစ်သည်။ ရန်ပုံငွေအားလုံးထဲမှ ဒေါ်လာ ၅ ဒသမ ၃ ဘီလျံမှာ ဩဂုတ်လအတွင်း၌ စတင်ခဲ့သည့် အီရတ်နှင့် ဆီးရီးယားတို့ရှိ စစ်သွေးကြွများအား လေကြောင်းတိုက်ခိုက် ချေမှုန်းမှုပြုသည့် စစ်ဆင်ရေးအတွက် ပင်တဂွန်၏ မတည်ငွေများဖြစ်လာမည်ဟု ဆိုသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က ကာကွယ်ရေးအရာရှိတို့၏ ပြောကြားချက်အရ အမေရိကန်ပြည်ထောင်စုနှင့် ညွန့်ပေါင်း မဟာမိတ်တပ်ဖွဲ့မှ လေယာဉ်တို့သည် ဆီးရီးယားနိုင်ငံ၊ ကိုဘိန်းမြို့တွင် ဗုံးအလုံးပေါင်း ၇၀၅ လုံးခန့်ဖြင့် တိုက်ခိုက်ခဲ့သည်။ ယင်းသည် ဂျီဟတ်ဝါဒီတို့အား ဖမ်းဆီးရမိပြီးနောက် စက်တင်ဘာလ ၂၃ ရက်ကတည်းက ဗုံးကြဲတိုက်ခိုက်မှုပြုခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် IS အုပ်စုကို ဆန့်ကျင်တိုက်ခိုက်ရန် နိုင်ငံပေါင်းစုံပါဝင်သော ညွန့်ပေါင်းတပ်ဖွဲ့အား ဖွဲ့စည်းတည်ထောင်ရန် ဦးဆောင်ကြိုးပမ်းနေပြီး ယင်းအတွက် အသုံးပြုရန် နောက်ထပ် ဒေါ်လာ ၃ ဒသမ ၅ ဘီလျံ တောင်းဆိုထားကြောင်း သိရသည်။ ရရှိသော ရန်ပုံငွေမှာ ဒေသဆိုင်ရာ တွဲဖက်လုပ်နေသူများကို အင်အားဖြည့်တင်းပေးခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့် ဆီးရီးယားနိုင်ငံ၏ အစွန်းမရောက် အတိုက်အခံများအား အင်အားတောင့်တင်းစေရေးတို့အတွက် ဖြစ်ကြောင်း စီမံခန့်ခွဲမှုဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဟက်သာဟစ်ဂင်ဘော့တွန်က ပြောသည်။

အလားတူပင် ရန်ပုံငွေမှာ တွဲဖက်လုပ်နေသော ညွန့်ပေါင်းတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် အဆုံးသတ်တွင် ISIL တို့ကို ပျက်စီးစေရန်အတွက်ဖြစ်ကြောင်း၊ ISILသည် အရှေ့အလယ်ပိုင်းဒေသတစ်လွှားရှိ အမေရိကန်ပြည်ထောင်စု၏ မဟာမိတ်များနှင့် မိတ်ဖက်နိုင်ငံများကို တိုက်ခိုက်ခြိမ်းခြောက်မှု ပြုလျက်ရှိကြောင်း၊ လက်ရှိတောင်းခံထားသော အသုံးစရိတ်က စစ်တပ်စစ်ဆင်ရေး၊ သံတမန်ဆက်ဆံရေး၊ ထိန်းချုပ်ရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေးနှင့် လုံခြုံရေး အထောက်အကူပြု အစီအစဉ်များအတွက် ငွေကြေးထောက်ပံ့သွားရန်ဖြစ်ကြောင်း ဟက်သာဟစ်ဂင်ဘော့တွန်က ပြောကြားခဲ့သည်။

**Ref: AFP**

**မိုးလွင်အောင် ဘာသာပြန်သည်။**

# ယူကရိန်းသို့ လက်နက်ထောက်ပံ့မှု ပြုကြမည်လော

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ရုရှားက ထောက်ခံကူညီထားသော ခွဲထွက်ရေးသူပုန်များကို တိုက်ခိုက်ရာ၌ ယူကရိန်းအစိုးရအား ဂျာမနီအနေဖြင့် စစ်ဘက်လက်နက်များ ထောက်ပံ့သွားမည်မဟုတ်ကြောင်း ဂျာမနီဝန်ကြီးချုပ် မစ္စစ်အိန်ဂျလာမာကယ်လ်က ဖေဖော်ဝါရီလ ၂ ရက်တွင် ပြောကြားခဲ့သည်။ ၎င်းက ထိုပြဿနာကို သံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန်အတွက် အလေးအနက်ထား ပြောခဲ့သည်။

မစ္စစ်မာကယ်လ်က ဘူဒါပက်မြို့၌ ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်နှင့် တွေ့ဆုံဆွေးနွေးအပြီး သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဤသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ မစ္စစ်မာကယ်လ်က ယူကရိန်းပဋိပက္ခကို စစ်ရေးနည်းဖြင့် ဖြေရှင်း၍ရနိုင်မည်မဟုတ်ဟု အခိုင်အမာ ယုံကြည်ကြောင်းလည်း ပြောသည်။

ဇန်နဝါရီလ ၃၁ ရက်၌ ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားခဲ့ပြီးနောက် ယူကရိန်းအရှေ့ပိုင်းတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။ ထို့ကြောင့် အမေရိကန်အစိုးရနှင့် နေတိုးအဖွဲ့တို့က ယူကရိန်းတပ်ဖွဲ့များအား လက်နက်ခဲယမ်းများ ပေးပို့ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

ရုရှားထောက်ခံသော ခွဲထွက်ရေးသူပုန်များက ထိုးစစ်များမြှင့်တင်မှုကြောင့် အမေရိကန်က ယူကရိန်းအား လက်နက်ထောက်ပံ့ရန် စဉ်းစားလာမှုအပေါ် အကဲဖြတ်လေ့လာသူများက စိုးရိမ်ကြောင်း ပြောခဲ့ကြသည်။ ၎င်းတို့က လက်နက်ထောက်ပံ့မှုကြောင့် ရုရှားအား စစ်ပွဲအတွင်း ပိုမိုပါဝင်လာစေပြီး အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့အကြား တိုက်ခိုက်မှုအသွင် ရောက်ရှိလာမည်ကို စိုးရိမ်ကြသည်။

အကဲဖြတ်လေ့လာသူတစ်ဦးဖြစ်သည့် အန်ဒရူးဝိလ်ဆင်က အမေရိကန်က ထောက်ပံ့သည့် လက်နက်များ ရောက်ရှိမလာမီ သူပုန်များအနေနှင့် တိုက်ခိုက်မှု ပို၍ တိုးမြှင့်လာဖွယ်ရှိကြောင်းလည်း ပြောခဲ့သည်။ ၎င်းက အမေရိကန်အနေနှင့် ယူကရိန်းသို့ လက်နက်မထောက်ပံ့ပါက ပဋိပက္ခ အခြေအနေမှာ ဆိုးဝါးလာနိုင်ကြောင်း၊ သို့သော် ထောက်ပံ့မှုပြုပါကလည်း အန္တရာယ်များစွာနှင့် တွေ့ကြုံရနိုင်ကြောင်း ပြောခဲ့သည်။



ဓာတ်ပုံ – အေအက်ဖ်ပီ

**သူပုန်များနှင့် တိုက်ပွဲဝင်နေသော ယူကရိန်းတပ်ဖွဲ့များကို တွေ့ရစဉ်။**

အမေရိကန် သမ္မတ အိမ်ဖြူတော်ကမူ ထိုကိစ္စကို တစ်စုံတစ်ရာ ဝေဖန်မှုမပြုသော်လည်း စဉ်းစားသုံးသပ်နေကြောင်း ပြောခဲ့သည်။

**Ref: AFP ထွေးကိုထွန်း ဘာသာပြန်သည်။**

# အမေရိကန်ပြည်ထောင်စု နူးယောက်မြို့တွင် အိမ်ခြေရာခြေမဲ့ ၆၀,၀၀၀ အထိ ရှိလာ



ဓာတ်ပုံ - အေအက်ဖ်ပီ

**ကမ္ဘာ့အကြီးမားဆုံး မြို့ကြီးတစ်မြို့ဖြစ်သော နူးယောက်မြို့တွင် အိမ်ခြေရာခြေမဲ့တစ်ဦးအား တွေ့ရှိရစဉ်။**

နူးယောက်မြို့သည် ခမ်းနားထည်ဝါသော မြို့တစ်မြို့အဖြစ် နိုင်ငံရပ်ခြားတွင် ကျော်ကြားကောင်းကျော်ကြားနေမည်ဖြစ်သော်လည်း အမေရိကန်၏ အကြီးမားဆုံးမြို့တော်ကြီးတွင် ယခုအခါ အိမ်ခြေရာခြေမဲ့ပေါင်း ၆၀,၀၀၀ ခန့်အထိ စံချိန်တင် မြင့်တက်လာခဲ့သည်ဟု သိရသည်။ နိုဝင်ဘာလအတွင်း နူးယောက်မြို့ရှိ အိမ်ခြေရာခြေမဲ့ လူဦးရေ ၆၀,၃၅၂ ဦး ရှိခဲ့ရာ ကလေး ၂၅,၀၀၀ အပါအဝင်ဖြစ်ကြောင်း သိရသည်။ ယင်းသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ ရှိခဲ့သည့် အိမ်ခြေရာခြေမဲ့ ၅၃,၆၁၅ ဦးထက် ၁၀ ရာခိုင်နှုန်းကျော် ပိုမိုတိုးပွားလာခြင်းဖြစ်ကြောင်း သိရသည်။

နူးယောက်ရှိ သမိုင်းတင်လောက်သော အိမ်ခြေရာခြေမဲ့ အကျပ်အတည်းသည် ၂၀၁၄ ခုနှစ်အတွင်း မြို့တော်ဝန် ဘီလ်ဒီဘလာစီယို ရာထူးရရှိပြီးကတည်းက ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်ကြောင်း အိမ်ခြေရာခြေမဲ့ဆိုင်ရာ ထောက်ခံအားပေးသူများအဖွဲ့၏ လက်ထောက်အလုပ်အမှုဆောင်ညွှန်မှူး ပက်ထရစ်မာကီက ပြောကြားခဲ့သည်။ မစ္စတာပက်ထရစ်က ယခင်မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘတ်၏အိမ်ခြေရာခြေမဲ့ မိသားစုနှင့် ကလေးများအတွက် အိမ်ရာအဆောက်အအုံ ကူညီထောက်ပံ့မှုနှင့် ပတ်သက်၍မအောင်မမြင်ဖြစ်ခဲ့သည့် မူဝါဒများအပေါ် အပြစ်တင်ခဲ့သည်။ ထို့ပြင် မစ္စတာဒီဘလာစီယိုက အိုးအိမ်မဲ့များအတွက် သင့်တင့်မျှတသော အိမ်ရာအဆောက်အအုံများ ထောက်ပံ့နိုင်ရေးသည် ၂၀၁၅ ခုနှစ်အတွင်း ၎င်းတို့အဖွဲ့၏ အချက်အချာကျသော ကတိကဝတ်ပင်ဖြစ်သည်ဟု ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref: AFP

မိုးလှိုင်အောင် ဘာသာပြန်သည်။

# အေးခဲနေသော ကားထဲတွင် ကလေးငယ်များကို ထားရစ်ခဲ့သည့် ဇနီးမောင်နှံ အရေးယူခံရ

အမေရိကန် ပြည်ထောင်စု၌ ဇနီးမောင်နှံနှစ်ဦးသည် ၎င်းတို့၏ နို့စို့အရွယ် ရင်သွေးငယ်လေး နှစ်ဦးအား ရေခဲမှတ်နီးပါးအေးစိမ့်နေသော မော်တော်ကားထဲတွင် ထားရစ်ခဲ့ကြောင်း စွပ်စွဲခံကြရသည်။ ထိုဇနီးမောင်နှံသည် ဝါရှင်တန်ရှိ အဆင့်မြင့် စားသောက်ဆိုင် တစ်ဆိုင်တွင် ဝိုင်အရသာ စမ်းသပ်မြည်းစမ်းနေသည့်အပေါ် အာရုံရောက်နေစဉ် ယခုကဲ့သို့ အအေးဓာတ်ပေးထားသော ကားထဲတွင် ကလေးငယ်များကို ထားရစ်ခဲ့ခြင်းဖြစ်သည်။ ဇနီးမောင်နှံနှစ်ဦးမှာ အသက် ၄၆ နှစ်အရွယ်ရှိ ဂျင်နီချန်းနှင့် အသက် ၄၁ နှစ်အရွယ်ရှိ ခရစ္စတိုဖာလူးကပ်စ်ဆိုသူတို့ဖြစ်သည်။ ဂျင်နီချန်းသည် အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးစီမံကွပ်ကဲရေးဌာန၌ အလုပ်လုပ်နေသူဖြစ်သည်။

မော်တော်ကားထဲတွင် ကလေးငယ်များချည်း ရှိနေသည်ကို တစ်စုံတစ်ယောက်က တွေ့ရှိခဲ့ပြီးနောက် ရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က ချန်နှင့် လူးကပ်စ်ဇနီးမောင်နှံတို့ကို လွန်ခဲ့သည့် ဖေဖော်ဝါရီလ ၁ ရက်၌ ဖမ်းဆီးထိန်းသိမ်းပြီး ကလေးငယ်များအား ရက်ရက်စက်စက်ပြုမူဖြင့် စွဲချက်တင်ခဲ့သည်။ အခင်းဖြစ်ပွားစဉ်က ရဲတပ်ဖွဲ့ဝင်များ ရောက်လာချိန်တွင် အသက် ၂၂ လနှင့် အသက်နှစ်နှစ်ခွဲအရွယ် ကလေးငယ်နှစ်ဦးကို ၎င်းတို့၏ထိုင်ခုံများတွင် ခါးပတ်နှင့် တုပ်နှောင်ထားလျက် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကလေးငယ်နှစ်ဦးကို အနွေးထည်များ ဝတ်ပေးထားသော်လည်း ဦးထုပ်နှင့် လက်အိတ်များ ဝတ်ဆင်ပေးထားခြင်း မရှိကြောင်း၊ ကလေးငယ်နှစ်ဦးအနက် မိန်းကလေးဖြစ်သော ကလေးငယ်မှာ ကြောက်အားလန့်အားနှင့် ငိုကြွေးလျက်ရှိကြောင်း၊ ထိုအချိန်က ကားထဲတွင် ၃၅ ဒီဂရီဖာရင်ဟိုက်အထိရှိနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်တို့က ကားတံခါးကို မည်ကဲ့သို့ဖွင့်ရမည်ကို တွက်ဆနေစဉ် စားသောက်ဆိုင်ထဲမှ လူးကပ်စ်ထွက် လာခဲ့ကြောင်း၊ ၎င်းက iPhone မှ နေ၍ ကလေးငယ်တို့၏ အခြေအနေကို စောင့်ကြည့်နေကြောင်း ပြောကြားခဲ့သည်။ ကလေးငယ်များမှာ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု မရှိသော်လည်း အကာအကွယ်ပေးသည့် ပြုစုစောင့်ရှောက်ရေးဌာနသို့ ရဲတပ်ဖွဲ့က ပြောင်းရွှေ့ပေးခဲ့သည်။ ၎င်းတို့၏ မိဘနှစ်ဦးကိုမူ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ရုံးချိန်းအထိ ကလေးငယ်များကို စောင့်ရှောက်ခွင့်မှ တားမြစ်ပိတ်ပင်ထားခဲ့ကြောင်း သိရသည်။

Ref: AFP မိုးလှိုင်အောင် ဘာသာပြန်သည်။

# ဂရိအစိုးရ တောင်းဆိုမှု ဥရောပ ဗဟိုဘဏ်က မလိုက်လျော

ဂရိအစိုးရက ၎င်းနိုင်ငံ၏ ကြွေးမြီပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် စီမံချက်တစ်ရပ်အဖြစ် အလုံးအရင်း ချေးငွေရရှိရန် တောင်းဆိုတင်ပြလာမှုအား ဥရောပဗဟိုဘဏ် (ECB) က သဘောမတူခဲ့ကြောင်း ဖေဖော်ဝါရီလ ၃ ရက် သတင်းများအရ သိရသည်။

ဂရိဘဏ္ဍာရေးဝန်ကြီး ရာနီးစ်ဗေရိုဖာကီစ်က ဂရိနိုင်ငံ၏ ကြွေးမြီဝန်ထုပ်ဝန်ပိုး လျော့ကျစေရန် ဆောင်ရွက်သည့်အနေဖြင့် ယူရို ၁၀ ဘီလျံဖိုးရှိ ရင်းနှီးမြှုပ်နှံမှုငွေ တိုက်စာချုပ်များ အကူအညီပေးရန် အဆိုပြုခဲ့သည်။

သို့သော် ဥရောပဗဟိုဘဏ်ကမူ ထိုကဲ့သို့ ယူရို ၁၀ ဘီလျံဖိုး ကြွေးမြီရောင်းချမှု ချေးငွေကို ခွင့်ပြုလိုက်လျောမည်မဟုတ်ဟု ပြောခဲ့သည်။ ဗေရိုဖာကီးစ်သည် ဥရောပဗဟိုဘဏ်နှင့် ဖေဖော်ဝါရီလ ၄ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲများတွင် ဥရောပ ဗဟိုဘဏ်အနေနှင့် ဂရိဘဏ်များအတွက် အရေးပေါ်ရန်ပုံငွေ ကူညီပံ့ပိုးမှု ဆက်လက်ပြုလုပ်ရေးကိုမူ စဉ်းစားသွားမည်ဟု သိရသည်။

ဂရိအစိုးရသစ်၏ ထိုကဲ့သို့ တောင်းဆိုမှုများကြောင့် ဖေဖော်ဝါရီလ ၃ ရက်တွင် ဥရောပတစ်ဝန်းရှိ အစုရှယ်ယာဈေးကွက်များ တန်ဖိုးမြင့်တက်လာခဲ့သည်။ ဝန်ကြီးချုပ် ဘလက်ဆစ်ဆီပရာ့စ် ဦးဆောင်သော ဂရိအစိုးရသစ်က ၂၀၁၂ ခုနှစ် ဂရိနိုင်ငံသို့ ငွေလုံးငွေရင်း ချေးငွေသဘောတူညီချက်များအရ ပြဋ္ဌာန်းထားသော နိုင်ငံသားများက ဆန့်ကျင်နေသည့် ခြိုးခြံချွေတာရေးဆောင်ရွက်မှုများကို ဖြေလျှော့သွားနိုင်ရန် ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချထားသည်။

Ref: AFP ထွေးကိုထွန်း ဘာသာပြန်သည်။

# တောင်အာဖရိကနိုင်ငံ ဈာပနအခမ်းအနားတစ်ခု၌ ကျင်းအတွင်းသို့ လိုက်ပို့သူများ ပြုတ်ကျမှု ဖြစ်ပွား

တောင်အာဖရိကနိုင်ငံ အလယ်ပိုင်းရှိ ဘီတယ်လ်ဟမ်းမြို့တွင် လူငယ်တစ်ဦး၏ ဈာပနအခမ်းအနား၌ ဘုရားရှိခိုးကျောင်း ဘုန်းတော်ကြီးတစ်ဦး၊ ဈာပနအခမ်းအနား သုဘရာဇာနှင့် သေဆုံးသူ၏ အခေါင်းကို ထမ်း၍ လိုက်လံပို့ဆောင်ကြသူအချို့မှာ အခေါင်းထည့်ရန် တူးထားသည့် ကျင်းအတွင်း ပြုတ်ကျခဲ့မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ဖေဖော်ဝါရီလ ၃ ရက် သတင်းများအရ သိရသည်။

မျက်မြင်တွေ့ရှိရသူတစ်ဦး၏ ပြောကြားချက်အရ အခေါင်းကို ကျင်းအတွင်းသို့ ချအပြီးတွင် အခေါင်းထည့်ရန် ကျင်း၏ အစပ်ရှိ သစ်သားပြားတစ်ခုကွဲကာ မြေကြီးများ ရုတ်တရက် ပြိုကွဲနိမ့်ဆင်းသွားရာ အသုဘအခမ်းအနားဆောင်ရွက်နေသူ သုဘရာဇာမှာ ကျင်းအတွင်း ရုတ်တရက် ထိုးကျသွားခဲ့ကြောင်း



ဓာတ်ပုံ - အေအက်ဖ်ပီ

**တောင်အာဖရိကနိုင်ငံတွင် ဈာပနအခမ်းအနားတစ်ခု၌ သုဘရာဇာနှင့် ခရစ်ယာန်ဘုန်းတော်ကြီးတို့ ကျင်းအတွင်း မတော်တဆ ပြုတ်ကျ။**

သိရသည်။

ထို့နောက်တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီးမှာလည်း ခြေချော်၍ ကျင်းအတွင်း ကျသွားခဲ့ပြီး ၎င်းနောက်မှ အခေါင်းကိုထမ်း၍ လိုက်ပို့ကြသူ လေးဦးသို့မဟုတ် ငါးဦးမှာလည်း ဆက်တိုက်ပင် ကျင်းအတွင်း ကျဆင်းသွားခဲ့ကြကြောင်း သိရသည်။

သုဘရာဇာမှာ ကျင်းအတွင်း အခေါင်းပေါ်သို့ ကျရောက်သွားခဲ့ရာ ၎င်း၏လက်မောင်းမှာ ထိခိုက်ဒဏ်ရာရသွားခဲ့သည်။ ထို့နောက် ဘုန်းတော်ကြီးက ၎င်း၏ ခေါင်းပေါ်သို့ ထပ်မံ ပြုတ်ကျပြီး ၎င်းတို့အပေါ်သို့ အခေါင်းထမ်းသူများပါ ဆက်တိုက်ပိကျလာခဲ့ကြခြင်းဟု သတင်းများတွင် ဖော်ပြခဲ့သည်။

၎င်းတို့ကို ဈာပနအခမ်းအနား ပို့ဆောင်သူများ၏ အကူအညီဖြင့် မြေပေါ်သို့ ပြန်ဆွဲတင်ခဲ့ရကြောင်း သိရသည်။ သုဘရာဇာဖြစ်သူက အဖြစ်အပျက်မှန်ကန်ကြောင်း အတည်ပြုခဲ့သော်လည်း အသေးစိတ်ပြောကြားရန်ကိုမူ ငြင်းဆိုခဲ့သည်။

Ref: AFP ထွေးကိုထွန်း ဘာသာပြန်သည်။




Subscribe : 01-9010336
Advertise : 09-73137147

the tradetimes
IT'S TIME TO TRADE UP

# ရင်းနှီးမြှုပ်နှံမှု၊ ဆုလာဘ်နှင့် ဆုံးရှုံးနိုင်ခြေများ

ထွန်းသက်ထွန်း




စတော့ဈေးကွက်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းမှ စိတ်လှုပ်ရှားဖွယ်အဖြစ်အပျက်များ၊ သွက်လက်မြူးကြွဖွယ် ဆောင်ရွက်ချက်များ၊ လျင်မြန်စွာ ပြောင်းလဲနေသည့် အယူအဆများစွာကို ဆယ်စုနှစ်များစွာ တွေ့ကြုံခဲ့ရပြီးဖြစ်ပါသည်။ စတော့ဈေးကွက်သည် ငွေကြေးအနည်းငယ်သာတတ်နိုင်သည့်သူများအတွက်ပင် ချမ်းသာကြွယ်ဝနိုင်သည့် အခွင့်အရေးများကို ပေးခဲ့ပါသည်။

စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်းမှ အကျိုးအမြတ် များစွာဖြစ်ထွန်းနိုင်ကြပါသည်။ သို့သော်လည်း ဆုံးရှုံးမှုများနှင့် ကြုံတွေ့နိုင်သည်ကိုလည်း မမေ့သင့်ပါ။ ဆုံးရှုံးနိုင်ခြေ (risk) သည် အကြောင်းရင်းပေါင်းများစွာကြောင့် ဖြစ်ပေါ်နိုင်ပါသည်။ သင်ကိုင်ဆောင်ထားသည့် စတော့တစ်ခု၏ တန်ဖိုးသည် အချိန်တိုအတွင်း သို့မဟုတ် ကာလတစ်ခုအတွင်း မည်သို့ လျင်မြန်စွာပြောင်းလဲသွားနိုင်သည်ကို သိထားရမည့်အပြင် အဆုံး၌ မိမိလက်ထဲတွင် မည်သည့်စတော့များ ပိုက်မိနေနိုင်သည်ကိုလည်း တွက်ချက်တတ်ရမည် ဖြစ်သည်။ ဈေးကွက်ထဲတွင် စတော့ထုတ်ဝေသည့် ကုမ္ပဏီမျိုးစုံကို တွေ့မြင်နိုင်ပြီး ၎င်းတို့ လုပ်ငန်းသဘာဝနှင့် သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေများစွာရှိပါသည်။ အချို့ စတော့ဈေးနှုန်းများသည် အတိုးနှုန်းများ ပြောင်းလဲသည့်အခါတိုင်း လိုက်ပြောင်းလေ့ရှိပြီး အချို့မှာလည်း အမြတ်ရရှိမှုအပေါ် မူတည်၍ ပြောင်းလဲလေ့ ရှိပါသည်။

ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေနှင့် ဆုံးရှုံးနိုင်ခြေ (risk)၏အတိုင်းအတာများကို သိရှိထားပြီးပြီလားဆိုသည့် မေးခွန်းမေးလိုပါသည်။ စတော့တစ်ခု၏ ဆုံးရှုံးနိုင်ခြေမှာ အမြတ်ရရှိမှုအနည်းအများနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည်ဟု ထင်ထားသူများလည်း ရှိပါလိမ့်မည်။ အကယ်၍ မြတ်စွန်းခဲ့လျှင် သင့်အနေနှင့် risk ကို အနိုင်ယူခဲ့သည်ဟု မှတ်ယူကာ ရှုံးခဲ့လျှင် risk က သင့်ကို အနိုင်ယူသွားသည်ဟု ယူဆသူများလည်း ရှိပါလိမ့်မည်။ ဤအယူအဆက ရင်းနှီးမြှုပ်နှံမှုတွင် သိသာထင်ရှားသည့် အချက်ဖြစ်နေသော်လည်း ဤအချက်မှာ ပြည့်စုံသည့် အကြောင်းရင်း မဟုတ်သေးပါ။ ရင်းနှီးမြှုပ်နှံသူအားလုံးသည် မိမိဝယ်ယူထားသည့် အရာတစ်ခုအတွက် အမြတ်အစွန်းရလိုသည်မှာ ဓမ္မတာဖြစ်ပါသည်။ သို့သော်လည်း အတွေ့အကြုံရင့်ကျက်သည့် ရင်းနှီးမြှုပ်နှံသူများကမူ စတော့ဝယ်ယူရောင်းချခြင်းမှာ ရာခိုင်နှုန်းကစားနည်းတစ်ခု (percentage game) သာဖြစ်သည်ဟု မှတ်ယူကြပါသည်။

သင်၏ စတော့ရောင်းဝယ်မှု လမ်းကြောင်းတစ်လျှောက်တွင် ဆုံးရှုံးမှုအချို့ ပေါ်ပေါက်ခဲ့မည်ဖြစ်သော်လည်း အဓိက အောင်မြင်မှုသော့ချက်မှာ ကြုံခဲ့ရသည့်အရှုံးများထက် သာလွန်သည့် အမြတ်အစွန်းပေါ်အောင် ရောင်းဝယ်နိုင်ရေးသာလျှင် အဓိကဖြစ်သည်။ ဤနေရာတွင် ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့် risk များကို အသေးစိတ် ခွဲချမ်းစိတ်ဖြာ တင်ပြမည်ဖြစ်ပါသည်။ စတော့တစ်ခု၏ အမြတ်နှင့်အရှုံးကို တွက်ချက်ရသည်မှာ လွယ်ကူရိုးစင်းသော ကိစ္စတစ်ခု မဟုတ်ပါ။ ဝယ်လိုအား၊ ရောင်းလိုအား၊ အချိန်ကိုက်ဆောင်ရွက်နိုင်မှု၊ ဈေးကွက်သို့ အဝင်/အထွက်နှင့် စီးပွားရေးအခြေအနေအပေါ် တွင် များစွာ မူတည်လျက် ရှိပါသည်။ တစ်နည်းအားဖြင့် ဈေးကွက်ထဲတွင် သင်ဝယ်ယူထားသည့် စတော့ အစုစု (portfolio) သည် အကြောင်းအမျိုးမျိုးကြောင့် risk အနည်းအများကို ကြုံတွေ့နိုင်ပါသည်။

### ဈေးကွက်ဆုံးရှုံးနိုင်ခြေ (market risk)

ပြည်သူအများစု မြင်သာထင်သာရှိသော risk တစ်ခုမှာ ဈေးကွက်ဆုံးရှုံးနိုင်ခြေ တစ်နည်းအားဖြင့် စတော့ဈေးနှုန်းများ ကျဆင်းနိုင်မှုဖြစ်ပါသည်။ ဤဆုံးရှုံးနိုင်ခြေသည် ရင်းနှီးမြှုပ်နှံသူအားလုံး ကြုံတွေ့လေ့ရှိသော ဖြေရှင်းလိုသော ပြဿနာတစ်ခုဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု (risk management) ဆိုသည်မှာ သင်၏ ရင်းနှီးမြှုပ်နှံမှုမှ အမြတ်အများဆုံးရရှိရန် မည်သို့ ဖွဲ့စည်းတည်ဆောက်မည်၊ ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် မည်သို့စီမံဆောင်ရွက်မည်ကို တွက်ချက်ခြင်းဖြစ်ပါသည်။ ဤနေရာတွင် စတော့များကို စဉ်းစားဆင်ခြင်၍ သတိထားဝယ်ယူခြင်း၊ စတော့တစ်ခုတည်းတွင် ငွေပုံအော၍ ဝယ်ယူခြင်းကို ရှောင်ရှားခြင်းနှင့် ဈေးကွက်ကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းတို့ ပါဝင်ပါသည်။ ကုမ္ပဏီတစ်ခု၏ စတော့တစ်ခုကို ဝယ်ယူတော့မည်ဟု စဉ်းစားချိန်တွင် ယင်းကုမ္ပဏီကို မည်သည့်ပုံစံဖြင့် စစ်ဆေးမည်၊ မည်သည့်အညွှန်းကိန်းကို ကောက်ယူခြေရာခံမည် စသည်တို့ကို သိရှိထားရန် လိုအပ်သည်။

စတော့တစ်ခု၏ ဈေးနှုန်း တက်မည်၊ ကျမည်ဆိုသည်ကို မည်သို့ ခန့်မှန်းပါသနည်း။ လက်တွေ့တွင် သိထားရမည့် အချက်မှာ စတော့ဈေးကွက်တွင် ဈေးနှုန်းတစ်ခုသည် ကျဆင်းနိုင်သလို မြင့်တက်နိုင်ခြင်းပင်ဖြစ်သည်။ အချို့သော ရင်းနှီးမြှုပ်နှံသူများ ထင်မြင်နေသည်မှာ ၎င်းတို့သည် စတော့ဈေးကွက်အတွင်းသို့ လက်သင်ဘဝမှ စတင်ကာ အရောင်းအဝယ်ပြုလုပ်ပြီး အချိန်တိုအတွင်း အမြတ်အစွန်း ချက်ချင်းထွက်မည်ဟု ထင်မြင်နေခြင်းပင်။ ယင်းမှာ အမှန်တရားတစ်ခုကို လျစ်လျူရှုထားခြင်းဖြစ်ပြီး ဈေးနှုန်းတစ်ခုသည် အချိန်မရွေး ကျဆင်းနိုင်သည်ကို မေ့လျော့နေဟန် ရှိပါသည်။ ထို့ကြောင့် ဈေးကွက်၏ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲရာတွင် သင့်အနေနှင့် စတော့များကို မည်သို့ မှန်ကန်စွာ ရွေးချယ်ဝယ်ယူနိုင်သည်၊ အချိန်ကိုက် ဆုံးဖြတ်ချက် မည်သို့ ချမှတ်နိုင်သည်ဆိုသည့်အချက်မှာ အရေးကြီးပါသည်။ မည်သည့်အချိန်တွင် မည်သည့်စတော့များကို ဝယ်ယူရမည်ကို သိရှိလေလေ သင့်အနေနှင့် ဈေးကွက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်လေလေ ဖြစ်ပါသည်။ စတော့

> " စတော့ဝယ်ယူရောင်းချခြင်းမှာ ရာခိုင်နှုန်း ကစားနည်းတစ်ခုသာဖြစ် . . .

ဈေးနှုန်းပြောင်းလဲမှုသည် အကြောင်းရင်းအမျိုးမျိုးကြောင့်ဖြစ်လေ့ရှိသော်လည်း ယေဘုယျ စည်းမျဉ်းတစ်ခုတည်းသာရှိပါသည်။ ယင်းမှာ ဝယ်လိုအား၊ ရောင်းလိုအား သဘောတရားအရ ရှယ်ယာတစ်ခု၏ ဈေးနှုန်းပြောင်းလဲခြင်းဖြစ်ပါသည်။

ရှယ်ယာတစ်စောင် ဝယ်ယူပြီးသည့်နောက်တွင် သင့်အနေနှင့် အပြောင်းအလဲမျိုးစုံနှင့် ကြုံတွေ့နိုင်ပါသည်။ ကုမ္ပဏီတစ်ခု၏ ရှယ်ယာဝယ်လိုအား မြင့်တက်နေပါက ဈေးနှုန်းသည် ဆက်တိုက် မြင့်တက်နေမည်ဖြစ်ပြီး ဝယ်လိုအား လျော့ကျနေမည်ဆိုပါက ဈေးနှုန်းသည်လည်း ကျဆင်းမည်ဖြစ်ပါသည်။ အကယ်၍ ရှယ်ယာတစ်စောင်၏ ဝယ်လိုအားနှင့် ရောင်းလိုအားသည် အားမျှခြေအခြေအနေတွင် ရှိနေမည်ဆိုပါက စတော့ဈေးနှုန်းမှာလည်း အတက်အကျ ဘောင်ကျဉ်းမြောင်းကာ တည်ငြိမ်နေမည်ဖြစ်ပါသည်။ ဤကဲ့သို့ဖြစ်နေသည့်အခြေအနေကို "consoli-dation" ဟု ခေါ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တန့်နေသည့် အခြေအနေဖြစ်ပါသည်။ ဤအနေအထားတွင် စတော့ဝယ်ယူလိုသူ၊ ရောင်းချလိုသူများအတွက် ချီတုံချတုံ ဖြစ်စေပါသည်။ ထိုသို့သော အခြေအနေတစ်ခုတွင် စတော့ဈေးနှုန်းတစ်ခု တက်မည်၊ ကျဆင်းမည်ကို ခန့်မှန်းရန် မဖြစ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသည့် အခြေအနေဖြစ်ပါသည်။

စတော့ဈေးကွက်တွင် အရှုံးများများ တွေ့ကြုံခဲ့ပြီးမှ ဈေးကွက်ကို ပိုမိုနားလည် သဘောပေါက်ပါသည်။ လူတိုင်းသည် အချိန်နှောင်းမှသာ စောစောက ဝယ်ထားလိုက်ရကောင်းသား၊ စောစောကတည်းက ရောင်းလိုက်ရ ကောင်းသားဟူသော အသိဝင်လာတတ်ပါသည်။ မည်သူမဆို စတော့မျိုးစုံကို ကာလရှည် ဝယ်ယူကိုင်ဆောင်ထားကာ အမြတ်အစွန်း ရရှိလိုပါက ဈေးကွက် ဆုံးရှုံးနိုင်ခြေကို အကဲဖြတ်နိုင်သည့်အချက် ၁၀ ချက်ကို လေ့လာထားသင့်ပါသည်။

(က) စတော့များ မဝယ်ယူခင် ကုမ္ပဏီကို သုတေသနပြုလုပ်ပါ။

(ခ) ဝယ်ယူပြီးပါက ဈေးနှုန်းပြောင်းလဲမှုကို စနည်းနာပါ။

(ဂ) ကုမ္ပဏီ အဓိကလုပ်ဆောင်သည့် လုပ်ငန်းကဏ္ဍ၏ ဈေးကွက်သံသရာကို လေ့လာပါ။

(ဃ) ကုမ္ပဏီလုပ်ငန်းတွင်းအနေအထားကို လေ့လာပါ၊ ကုမ္ပဏီ၏ ခေါင်းဆောင်အရည်အချင်းသည် အခြားသော ကုမ္ပဏီထက် သာလွန်မှုရှိမရှိ လေ့လာပါ။

(င) ရွေးချယ်ရမည့် အမယ်များ လွန်းခြင်းမရှိစေရန် သင့်ကိုယ်ပိုင် စံချိန်စံညွှန်းများကိုသတ်မှတ်ထားပါ။

(စ) လွန်ခဲ့သည့်ကာလက အခြေအနေများကို သုံးသပ်ကာ အနာဂတ်တွင် မည်သို့ဖြစ်နိုင်သည်ကို ခန့်မှန်းပါ။

(ဆ) ကာလတိုအတွင်း ရရှိမည့် အခွင့်အလမ်းများကို စွန့်လွှတ်ပြီး ရေရှည်အကျိုးကို စဉ်းစားပါ။

(ဇ) အမြော်အမြင်ရှိသော စီမံချက်ကို ထုတ်နုတ်ပြီး ယင်းမှ လုံးဝသွေဖည်မသွားစေရန် ကြိုးစားပါ။

(ဈ) ရေရှည်၊ ရေတို ရည်မှန်းချက်များကို ချမှတ်ကာ ယင်းကို သင့်၏ လမ်းညွှန်အဖြစ် မှတ်ယူပါ။

(ည) အများလုပ်သလို လိုက်မလုပ်သည့် contrarian investor ဖြစ်စေရန် ကြိုးစားပါ။

www.thetradetimesmedia.com
လူကြီးမင်းတို့၏ အိမ် (သို့မဟုတ်) ရုံးခန်းသို့အရောက်
အခမဲ့ ပို့ပေးမည်...
FREE DELIVERY
SUBSCRIBE NOW!
the tradetimes
IT'S TIME TO TRADE UP...

| ကာလ | တစ်စောင်(နှုန်း) | စောင်ရေ | ကျသင့်ငွေ |
|---|---|---|---|
| ☐ ၆လ | ☐ ၆၀၀ | ☐ ၂၆ | ☐ ၁၅၆၀၀ |
| ☐ ၁နှစ် | ☐ ၆၀၀ | ☐ ၅၂ | ☐ ၃၁၂၀၀ |

အောက်ဖော်ပြပါပုံစံကို ဖြည့်စွက်ပြီး မှာယူနိုင်ပါသည်။ ဖုန်းဖြင့်မှာယူလိုပါက Hotline: 9010336 သို့ ဆက်သွယ်လိုက်ပါ။

Name ..........
Township ..........
NRC Number ..........
Division ..........
Address ..........
Telephone ..........
Fax ..........
E-mail ..........

☐ ရုံးခန်းသို့ ငွေလာသွင်းသည်။
☐ အိမ်သို့ငွေလာကောက်ရန်။

**Yangon Office** : No.186, Room 901, Nawarat Centre, Corner of Mahabandoola Road & 52nd Street, Pazundaung Township, Yangon, Myanmar. *Tel:* (951)293226, 9010336~40
*Email:* distribution@thetrade-times.com
**Mandalay Office** : No. 46/2, Yankin Lane, 14th Street, Between of 87th & 88th Street, Mandalay, Myanmar. *Tel:* 09 4217 55625
**Nay Pyi Taw Office:** No. 176, Thiri Yadanar Shopping Complex, Zabu Thiri Township, Nay Pyi Taw, Myanmar. *Tel:* 067 420815
Hotline: 9010336

sports

# ၂၀၁၀ – ၂၀၁၁ ဘောလုံးရာသီမှ လုပ်ပွဲမသင်္ကာမှုဖြင့် ဟာရီရာနှင့် ဂျာဗီးယားအဂူရီတို့ကို စစ်ဆေးတော့မည်

မန်ယူကွင်းလယ်ကစားသမား အန်ဒါဟာရီရာမှာ နယူးကာဆယ်နှင့် မတ်လ ၅ ရက်တွင် ကစားရန်ရှိသည့် ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) အပြီး၌ စပိန်နိုင်ငံသို့ပြန်ကာ တရားရုံးတင် စစ်ဆေးမေးမြန်းခံရတော့မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၀–၂၀၁၁ စပိန်လာလီဂါ ဘောလုံးရာသီ၏ နောက်ဆုံးပွဲစဉ် (၃၈) တွင် လီဗန်တေးအသင်းအား ဇာရာဂိုဇာအသင်းက အဝေးကွင်း၌ ၁–၂ ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲမှာ လုပ်ပွဲကစားခဲ့ခြင်းဟု စပိန်အာဏာပိုင်များက သင်္ကာမကင်းဖြစ်ကာ စစ်ဆေးနေခဲ့သည်မှာ လအတန်ကြာခဲ့ပြီဖြစ်သည်။

ဇာရာဂိုဇာမှာ ထိုပွဲကို မထင်မှတ်ဘဲ အနိုင်ရခဲ့ခြင်းကြောင့် တန်းဆင်းရမည့်ဘေးနှင့် ဝေးခဲ့ရပြီး ထိုပွဲအား လာဘ်စားမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့က ပစ်မှတ်ထား စစ်ဆေးနေခဲ့ပြီး ယခုအခါ မသင်္ကာသူ ၄၁ ဦးအား လာမည့်လေးလအတွင်း အလှည့်ကျ ခေါ်ယူစစ်ဆေးတော့မည်ဖြစ်သည်။ ထိုသူများထဲတွင် ပါဝင်နေသည့် ယခင် ဇာရာဂိုဇာကစားသမားဟောင်း လက်ရှိ မန်ယူကွင်းလယ်ကစားသမား အန်ဒါဟာရီရာမှာလည်း မတ်လ ၅ ရက်၌ နယူးကာဆယ်နှင့် ကစားရမည့် အဝေးကွင်းပွဲစဉ်အပြီး နောက်တစ်နေ့တွင် စပိန်သို့ပြန်ကာ စစ်ဆေးမှုများ ခံယူရမည်ဖြစ်ကြောင်း သိရသည်။



ဇာရာဂိုဇာအသင်းတွင် ကစားခဲ့စဉ်က အန်ဒါဟာရီရာ၏ ထိုးဖောက်တိုက်စစ်ဆင်ဟန်။

အန်ဒါဟာရီရာမှာ ကမ်းဘရစ်ချ်ယူနိုက်တက်အသင်းအား သုံးဂိုးပြတ် အနိုင်ရခဲ့သည့် အက်ဖ်အေဖလား စတုတ္ထအဆင့် ပြန်ကန်ပွဲစဉ်၌ လူစားဝင်အဖြစ် ကစားခဲ့သေးသည်။



လီဗန်တေးနည်းပြဟောင်း ဂျာဗီးယားအဂူရီ

ထိုပွဲတွင် ဇာရာဂိုဇာ ကစားသမားများမှာ အရှုံးပေးရန် ငွေကြေးရယူခဲ့ကြကြောင်း လာဘ်စားမှုတိုက်ဖျက်ရေးတပ်ဖွဲ့က ယုံကြည်ထားပြီး ယင်းနေ့တွင် စစ်ဆေးမည့်သူများထဲ၌ ထိုစဉ်က လီဗန်တေးနည်းပြဟောင်း အဂူရီလည်း ပါဝင်မည်ဖြစ်သည်။ အဂူရီမှာ ဂျပန်လက်ရွေးစင်အသင်းအား နည်းပြချုပ်အဖြစ် တာဝန်ယူနေခဲ့သူဖြစ်ပြီး ယင်းသို့ စွပ်စွဲခံရပြီးနောက် ပြီးခဲ့သည့် အင်္ဂါနေ့က ၎င်းအား ဂျပန်ဘောလုံးအဖွဲ့ချုပ်မှ ရာထူးမှ ထုတ်ပယ်ခဲ့သည်။

Ref: AFP

မျိုးသန့် ဘာသာပြန်သည်။

## ဘရူနိုင်း အပြည်ပြည်ဆိုင်ရာ ဓားခုတ်ပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ရရှိ

ဇန်နဝါရီလ ၂၅ ရက်မှ ၃၁ ရက်အထိ ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ အလွတ်တန်းဓားခုတ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေနှစ်ခု၊ ငွေနှစ်ခုနှင့် ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်ဟု မြန်မာနိုင်ငံ ဓားခုတ်အဖွဲ့မှ သတင်းရရှိသည်။

ရွှေတံဆိပ်ဆုများကို တစ်ဦးချင်း ဓားခုတ်ပြိုင်ပွဲ၌ ဖြူဖြူအောင်နှင့် အမျိုးသမီးအသင်းလိုက် သုံးယောက်တွဲ ဓားခုတ်ပြိုင်ပွဲတွင် ဖြူဖြူအောင်၊ မေသင်ဇာကျော်နှင့် အေးချမ်းထက်နိုင်တို့က ရယူပေးခဲ့ကြသည်။ ငွေဆုများကို အမျိုးသားအသင်းလိုက် သုံးယောက်တွဲပြိုင်ပွဲတွင် စောစိုင်းမာန်ထွဋ်၊ မင်းသီဟနှင့် နိုင်လင်းအောင်တို့က တစ်ခုနှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် မေသင်ဇာကျော်တို့မှ တစ်ခု ရယူပေးခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံ ဓားခုတ်အဖွဲ့ကို ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအပြီး စင်ကာပူဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဘရူနိုင်းပြိုင်ပွဲမှာ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

နေပြည်တော်၌ ဖေဖော်ဝါရီလ ၁၃ ရက်မှ စတင်ကျင်းပမည့် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဓားခုတ်အားကစားနည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဟု အသင်းအုပ်ချုပ်သူ ဦးကျော်ဝင်းနိုင်က ပြောသည်။

ဘိုဘိုမင်း





အန်ဒါဆင်ဆေးလ်ဗား(ဝဲ)နှင့် နစ်ဒီယာ့ဇ်(ယာ)တို့ ထိုးသတ်နေစဉ်။

## UFC တိုက်ခိုက်ရေးသမား နှစ်ဦး တားမြစ်ဆေးကျ

ကမ္ဘာ့အကြမ်းတမ်းဆုံး တိုက်ခိုက်ရေးပြိုင်ပွဲအဖြစ် သတ်မှတ်ခံထားရသော Ultimate Fighting Championship မှ နာမည်ကျော်ကစားသမားနှစ်ဦးဖြစ်သော အန်ဒါဆန်ဆေးလ်ဗား (ဘရာဇီး) နှင့် နစ်ဒီယာ့ဇ်(အမေရိကန်)တို့မှာ ဇန်နဝါရီလ ၉ ရက်၌ ၎င်းတို့နှစ်ဦး ထိုးသတ်ခဲ့ကြသည့် ပွဲအပြီး ရှောင်တခင်ဆေးစစ်မှုအရ တားမြစ်ဆေးဝါး ကိုယ်စီသုံးစွဲထားကြောင်း အဖြေထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ အန်ဒါဆန်ဆေးလ်ဗားမှာ ကြွက်သားများကြီးထွားစေပြီး သန်မာစေသော စတီးရွိုက်ဆေးများ သုံးစွဲခဲ့ခြင်းဖြစ်ပြီး ဒီယာ့ဇ်မှာမူ ဆေးခြောက်များ သုံးစွဲထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် UFC အဖွဲ့ချုပ်နှင့် ပရိသတ်များမှာ လွန်စွာမှပင် အံ့အားသင့်ခဲ့ကြရသည်။

၃၉ နှစ်အရွယ် ဘရာဇီးသားမှာ ခြေထောက်ကျိုးဒဏ်ရာကြောင့် တစ်နှစ်ကျော်ကြာ အနားယူနေခဲ့ပြီး ဒီယာ့ဇ်နှင့် ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ၎င်းတို့နှစ်ဦးအား တားမြစ်ဆေးဥပဒေဖြင့် စွဲချက်တင်သွားမည်ဖြစ်ကာ ကာလရှည် ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်မှုများ ခံရနိုင်ကြောင်း သိရသည်။

Ref: AFP

မျိုးသန့် ဘာသာပြန်သည်။




| | |
|---|---|
| **ပရီးမီးယားလိဂ် ပွဲစဉ်(၂၄)** | |
| **၇–၂–၂၀၁၅ (စနေ)** | |
| ည(၇း၁၅) | တော့တင်ဟမ်–အာဆင်နယ် |
| ည(၉း၃၀) | အက်စတွန်ဗီလာ–ချဲလ်ဆီး |
| ည(၉း၃၀) | လက်စတာစီးတီး–ပဲလေ့စ် |
| ည(၉း၃၀) | မန်စီးတီး–ဟားလ်စီးတီး |
| ည(၉း၃၀) | ကျူပီအာ–ဆောက်သမ်တန် |
| ည(၉း၃၀) | ဆွမ်ဆီး–ဆန်းဒါးလန်း |
| ည(၁၂း၀၀) | အဲဗာတန်–လီဗာပူး |
| **၈–၂–၂၀၁၅ (တနင်္ဂနွေ)** | |
| ညနေ(၆း၃၀) | ဘန်လေ–ဝက်စ်ဘရွန်း |
| ည(၈း၃၅) | နယူးကာဆယ်–စတုတ်စီးတီး |
| ည(၁၀း၄၅) | ဝက်စ်ဟမ်း–မန်ယူ |
| **အီတလီစီးရီးအေ ပွဲစဉ်(၂၂)** | |
| **၇–၂–၂၀၁၅ (စနေ)** | |
| ည(၁၁း၃၀) | ဗီရိုနာ–တိုရီနို |
| **၈–၂–၂၁၀၅ (တနင်္ဂနွေ)** | |
| နံနက်(၂း၁၅) | ဂျူဗင်တပ်စ်–အေစီမီလန် |
| ညနေ(၆း၀၀) | ဗီအိုရင်တီးနား–အတ္တလန်တာ |
| ည(၈း၃၀) | အမ်ပိုလီ–ဆီစီနာ |
| ည(၈း၃၀) | ပါးမား–ချီယေဗို |
| ည(၈း၃၀) | ကက်ဂလီယာရီ–ရိုးမား |
| ည(၈း၃၀) | ဆမ်ဒိုးရီးယား–ဆက်ဆူအိုလို |
| ည(၈း၃၀) | နာပိုလီ–အူဒီးနိစ် |
| **၉–၂–၂၀၁၅ (တနင်္လာ)** | |
| နံနက်(၂း၁၅) | အင်တာမီလန်–ပါလာမို |
| **၁၀–၂–၂၀၁၅ (အင်္ဂါ)** | |
| နံနက်(၂း၁၅) | လာဇီယို–ဂျီနိုအာ |
| **စပိန်လာလီဂါ ပွဲစဉ်(၂၂)** | |
| **၇–၂–၂၀၁၅ (စနေ)** | |
| နံနက်(၂း၁၅) | ဒီပို့တီဗို–အိုက်ဘာ |
| ည(၉း၃၀) | အသလက်တီကို–ရီးရဲလ်မက်ဒရစ် |
| ည(၁၁း၃၀) | ဗီလာရီးရဲလ်–ဂရန်နာဒါ |
| **၈–၂–၂၀၁၅ (တနင်္ဂနွေ)** | |
| နံနက်(၁း၃၀) | လီဗန်တေး–မာလာဂါ |
| နံနက်(၃း၃၀) | ဆိုစီဒက်–ဆဲလ်တာဗီဂို |
| ညနေ(၅း၃၀) | ကော်ဒိုဗာ–အဲလ်မာရီယာ |
| ည(၁၀း၃၀) | ဂီတာဖေး–ဆီဗီးလား |
| **၉–၂–၂၀၁၅ (တနင်္လာ)** | |
| နံနက်(၀း၃၀) | အက်စ်ပန်ညို–ဗလန်စီယာ |
| နံနက်(၂း၃၀) | ဘီလ်ဘာအို–ဘာစီလိုနာ |
| **၁၀–၂–၂၀၁၅ (အင်္ဂါ)** | |
| နံနက်(၂း၁၅) | အဲလ်ချီ–ဗယ်လက်ကာနို |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၀)** | |
| **၇–၂–၂၀၁၅ (စနေ)** | |
| နံနက်(၂း၀၀) | ရှော်လ်ကေး–မွန်ချင်ဂလက်ဘတ် |
| ည(၉း၀၀) | ဝုဖ်ဘတ်–ဟော့ဖန်ဟိမ်း |
| ည(၉း၀၀) | မိန့်ဇ်–ဟာသာဘာလင် |
| ည(၉း၀၀) | ဖရိုင်းဘတ်–ဒေါ့မွန် |
| ည(၉း၀၀) | စတုဂတ်–ဘိုင်ယန်မြူးနစ် |
| ည(၉း၀၀) | ကိုလုံး–ပါဒါဘွန်း |
| ည(၁၂း၀၀) | ဟမ်းဘတ်–ဟန်နိုဗာ |
| **၈–၂–၂၀၁၅ (တနင်္ဂနွေ)** | |
| ည(၉း၀၀) | ဝါဒါဘရီမင်–လေဗာကူဆင် |
| ည(၁၁း၀၀) | အော့စ်ဘတ်–ဖရန့်ဖတ် |




# စင်ကာပူကလပ်ကို ပင်နယ်လ်တီ အဆုံးအဖြတ်တွင် ရတနာပုံ ရှုံးနိမ့်

အာရှချန်ပီယံလိဂ် ပထမအဆင့် ခြေစစ်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရတနာပုံအက်ဖ်စီအသင်းက စင်ကာပူကလပ် ဝါရီးယားအက်ဖ်စီအသင်းကို ပင်နယ်လ်တီ အဆုံးအဖြတ်တွင် ၅-၆ ဂိုးဖြင့် ရှုံးနိမ့်ပြီး ပထမအဆင့်မှာပင် လက်ပြနှုတ်ဆက်လိုက်ရသည်။

ဖေဖော်ဝါရီလ ၄ ရက်၌ မန္တလေးမြို့ မန္တလာသီရိ ဘောလုံးကွင်း၌ ကျင်းပခဲ့သည့် အာရှချန်ပီယံလိဂ် ပထမအဆင့်ခြေစစ်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု ရတနာပုံအက်ဖ်စီအသင်းမှာ ဧည့်သည်အသင်းအပေါ် ခြေစွမ်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှုများကြောင့် ရှုံးနိမ့်ခဲ့ရသည်။

ပထမပိုင်းတွင် ဂိုးသွင်းခွင့် အမြောက်အမြားကို အသုံးမချနိုင်ခဲ့သည့်နည်းတူ ဒုတိယပိုင်းတွင် ပြိုင်ဘက်အသင်းဘက်ကို ကွင်းတစ်ဝက်အသာစီး ရယူကစားနိုင်ခဲ့သော်လည်း ဖိုဒေး၊ သက်နိုင်၊ ရန်ပိုင်အစရှိသည့် တိုက်စစ်ကစားသမားများ အခွင့်အရေးကို ဖြုန်းတီးပစ်ခဲ့သဖြင့် ဂိုးမရှိသရေသာ ဖြစ်နေခဲ့သည်။

ပွဲတွင် မိနစ် ၉၀ အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေကျနေသဖြင့် အချိန်ပို ၁၅ မိနစ်စီ ဆက်လက်ကစားခဲ့ရသည်။ အချိန်ပို ပထမပိုင်း ၁၅ မိနစ်တွင် ဝါရီယာအသင်းအတွက် ဦးဆောင်ဂိုးအား အန်ဒီဘင်အာမက်က သွင်းယူပေးခဲ့သည်။

သို့သော် ပွဲချိန် မိနစ် ၁၀၀ တွင် ရတနာပုံအသင်း ချေပဂိုးရရှိခဲ့ပြီး အသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့သည့် နောက်ခံလူ ရဲဝင်းအောင်မှ ပင်နယ်လ်တီ ဧရိယာထိပ်မှ လှလှပပသွင်းယူခဲ့၍ အချိန်ပို ၃၀ မိနစ် အပြီးတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သဖြင့် ပင်နယ်လ်တီအဆုံးအဖြတ် ခံယူခဲ့ရခြင်းဖြစ်သည်။

ဝါရီးယားအက်ဖ်စီအသင်း နည်းပြ အမေရိကန်လူမျိုး အဲလက်စ်ဝီဗာက ''ခံစစ်ကစားသမားတွေ အကောင်းဆုံးကစားနိုင်ခဲ့လို့ ဂိုးမပေးခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီပွဲအနိုင်ရရှိမှုက စင်ကာပူလိဂ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုတစ်ရပ်လည်းဖြစ်ခဲ့ပါတယ်။ ရတနာပုံအသင်းက အရမ်းကောင်းမွန်တဲ့အသင်းဖြစ်လို့ ကျွန်တော်တို့ ခက်ခက်ခဲခဲ ယှဉ်ပြိုင်အနိုင်ရခဲ့တာဖြစ်ပါတယ်။ လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ ရတနာပုံအသင်းက အနာဂတ်အလားအလာရှိတဲ့အသင်း ဖြစ်ပါတယ်'' ဟု ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

ရတနာပုံအသင်းနည်းပြ ဦးကြည်နိုင်က ''အခွင့်အရေး အကြိမ်ပေါင်းများစွာ ရခဲ့ပေမယ့် ကံမကောင်းစွာနဲ့ပဲ ရှုံးနိမ့်ခဲ့ရတယ်။ အကောင်းဆုံးကစားရင်းနဲ့ ဖိုဒေးက အခွင့်အရေးတွေကို လွဲချော်ခဲ့တာပါ။ အနိုင်ရလဒ်နဲ့ လွဲချော်ခဲ့လို့ ရတနာပုံပရိသတ်ကြီးကို အနူးအညွတ် တောင်းပန်ပါတယ်။ ကျွန်တော်တို့ရဲ့ ကြိုးစားအားထုတ်မှုကို ပရိသတ်တွေလည်း အသိအမှတ်ပြုမယ်လို့ ထင်ပါတယ်'' ဟု ပြောခဲ့သည်။

ဘိုဘိုမင်း



ပင်နယ်လ်တီအဆုံးအဖြတ်တွင် ရတနာပုံအသင်းအား အနိုင်ရရှိပြီးနောက် ဝါရီးယားအက်ဖ်စီအသင်းသားများ အောင်ပွဲခံနေကြသည့် အပျော်ပုံရိပ်။

# ၂၀၀၄ တိုက်ဂါးဖလား ဆီမီးဖိုင်နယ် မြန်မာနှင့် ကစားခဲ့သည့် ပွဲအကြောင်းကို ဘန်းနက် ပြောပြခဲ့

၂၀၀၄ ခုနှစ် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းကို ကံကောင်း၍ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး မိမိတို့အသင်းထက် ပိုမိုကောင်းမွန်ခဲ့ကြောင်း စင်ကာပူလက်ရွေးစင် ကစားသမားဟောင်း ဒန်နီရယ်ဘန်းနက်က ပြောကြားလိုက်သည်။

စင်ကာပူလက်ရွေးစင်ဟောင်းသည် လက်ရှိတွင် စင်ကာပူကလပ် ဝါးရီးယားအက်ဖ်စီအသင်းတွင် ကစားနေသူဖြစ်ပြီး မန္တလေးမြို့သို့ ရတနာပုံအသင်းနှင့် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရာ ရောက်ရှိနေစဉ် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာအသင်း၏ ကွင်းလယ်ဖန်တီးရှင် စိုးမြတ်မင်းနှင့် တိုက်စစ်မှူး ရန်ပိုင်တို့မှာ ၎င်းအကြိုက်ဆုံး ကစားသမားများဖြစ်ပြီး အကြိတ်အနယ်ရှိခဲ့သည့် ထိုပွဲစဉ်ကို မမေ့နိုင်စရာ ပွဲစဉ်တစ်ပွဲအဖြစ် ရှိနေဆဲဟု The Trade Times ကို ပြောခဲ့သည်။

''မြန်မာအသင်းနဲ့ ခြောက်ပွဲလောက် တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးတယ်။ ၂၀၀၄ ခုနှစ်က မြန်မာအသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်က မမေ့နိုင်စရာ ပွဲစဉ်တစ်ပွဲပါပဲ။ မြန်မာအသင်းက အရမ်းကောင်းမွန်ခဲ့ပြီး အရမ်းခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲလည်း ဖြစ်ခဲ့တယ်'' ဟု ၎င်းက ပြောသည်။

ထိုစဉ်က မြန်မာအသင်းကို ဘူဂေးလ်ရီးယားနည်းပြ အိုင်ဗန်ကိုလက်(ဗ်)က တာဝန်ယူခဲ့ပြီး လက်ရှိ မြန်မာအသင်းနည်းပြ အေဗရာမိုဗစ်မှ ထိုစဉ်က ပြိုင်ဘက်နည်းပြတစ်ဦး ဖြစ်ခဲ့သည်။

''စင်ကာပူအသင်းနဲ့ပတ်သက်လို့ မှတ်ချက်မပြုချင်ပါဘူး။ ဒါပေမယ့် မြန်မာအသင်းကတော့ ၂၀၁၄ ဆူဇူကီးဖလားမှာ ပထမကစားပုံ နှေးကွေးပေမယ့် ဒုတိယပိုင်းမှာ ရာဒီ(မိုဗစ်)ရဲ့ ညွှန်ကြားမှုနဲ့ ပိုကောင်းမွန်တာကို သတိထားမိတယ်။ ၂-၃ ဂိုး ဖြစ်နေချိန်မှာ အခွင့်အရေးက မြန်မာဘက်မှာ ရှိနေခဲ့သေးတယ်။ ဒါကို မြန်မာကစားသမားတွေ အသုံးမချနိုင်ခဲ့ဘူး''ဟု ပြီးခဲ့သည့် ဆူဇူကီးဖလားတွင် မြန်မာအသင်း၏ခြေစွမ်းအပေါ် ဘန်းနက်က သုံးသပ်ခဲ့သည်။

ဘိုဘိုမင်း

# မြန်မာ ယူ - ၂၀ ၏ ခြေစွမ်းကို စမ်းသပ်မည့် မန္တလာ ဖိတ်ခေါ်ပြိုင်ပွဲကြီး

အများသိကြသည့်အတိုင်းပင် မြန်မာ ယူ - ၂၀ သည် ကမ္ဘာ့ဖလား ယူ - ၂၀ ပြိုင်ပွဲသို့ ဝင်ခွင့်ရထားသောအသင်း ဖြစ်သည်။ ၎င်းမြန်မာ ယူ - ၂၀ အသင်းသည် တူရကီနိုင်ငံသို့ သွားရောက်ပြီး လေ့ကျင့်ခြေစမ်းပွဲများကစားခဲ့ရာ ရလဒ်ကောင်းများ ရရှိနေသည်ဆိုသော သတင်းများကို အားကစားစာစောင်အသီးသီး၌ ဖတ်နေရသည်။

မောင်ကြည်စိုး

ယခုအခါမြန်မာယူ-၂၀အသင်းသည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိနေပြီး ဖြစ်သည်။ ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၉ ရက်အထိ မန္တလေးမြို့ရှိ 'မန္တလာသီရိ' အားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ယူ-၂၀ ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်မှုများ ပြုလုပ်နေပြီ ဖြစ်ပါသည်။

နောက်ဆုံး ရရှိသော သတင်းများအရ အမ်(မ်)အက်(ဖ်)အက်(ဖ်) ယူ-၂၀ ဖိတ်ခေါ်ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအပါအဝင် သုံးသင်းသာ ယှဉ်ပြိုင်ကစားကြရဖွယ် ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပေါ်တူဂီ ယူ-၂၀၊ ဟန်ဂေရီယူ-၂၀၊ ယူကရိန်း ယူ-၂၀ အသင်းများကို ဖိတ်ကြားထားသော်လည်းဇန်နဝါရီလ ၃၁ ရက်အထိ အကြောင်းမပြန်၍ သုံးသင်းတည်းသာ ယှဉ်ပြိုင်ကစားရခြင်း ဖြစ်သည်။

မြန်မာ ယူ-၂၀ သည် ဘရူနိုင်း ဘုရင့်ဖလား(ဖိတ်ခေါ်)ပြိုင်ပွဲမှစတင်ပြီး မြန်မာဘောလုံးပရိသတ်များ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သော အသင်းတစ်သင်း ဖြစ်ပါသည်။ တစ်ဖန် ယူ-၂၀ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင်လည်း မြန်မာဘောလုံးပရိသတ်များ၏ ရင်ကို စွဲငြိစေခဲ့ပြန်သည်။ နောက်ဆုံး မြန်မာ ယူ-၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ခွင့် ရရှိခဲ့သည်။ သို့ဖြစ်၍ မြန်မာယူ-၂၀အသင်း၏အောင်မြင်မှုအတွက် ပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတော်က အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

မြန်မာ့ဘောလုံးသမိုင်း၌ မော်ကွန်းထိုးခဲ့ကြသော မြန်မာ ယူ-၂၀ အသင်းအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် နှစ်ကြိမ်တိုင်တိုင် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အချစ်တော် မြန်မာ ယူ-၂၀ အသင်းနှင့် ပတ်သက်သော အားနည်းချက်၊ အားသာချက်များကို ဤစာစောင်၌ လွန်ခဲ့သော လအနည်းငယ်က သုံးသပ်ပြခဲ့ဖူးပါသည်။



ဓာတ်ပုံ-MFF

ဥရောပတွင် ငွေကုန်ကြေးကျခံကာ လေ့ကျင့်ခဲ့မှုများမှာ မည်မျှအကျိုးရှိခဲ့သည်ကို ယခုပြိုင်ပွဲကြီးက အကဲဖြတ်ပေးလိမ့်မည်ဖြစ်သည်။



**မြန်မာ ယူ-၂၀ အသင်း၏ ခြေစွမ်းပွဲရလဒ်များ**

| | |
|---|---|
| ၁၉-၁-၂၀၁၅ | မြန်မာ ယူ-၂၀ ၂-၂ Taraz |
| ၂၁-၁-၂၀၁၅ | မြန်မာ ယူ-၂၀ ၂-၀ အဇာဘိုင်ဂျန် ယူ-၂၂ |
| ၂၄-၁-၂၀၁၅ | မြန်မာ ယူ-၂၀ ၁-၃ အီရန် ယူ-၂၂ |
| ၂၇-၁-၂၀၁၅ | မြန်မာ ယူ-၂၀ ၄-၁ BAK Berlin |
| ၂၉-၁-၂၀၁၅ | မြန်မာ ယူ-၂၀ ၄-၁ SV 1879 |
| ၃၀-၁-၂၀၁၅ | မြန်မာ ယူ-၂၀ ၄-၁ ရှက်တာဒိုးနပ်စ် ယူ-၂၁ |

မြန်မာ ယူ-၂၀ အသင်း၏ အားသာချက်မှာ စုစည်းမှုကောင်းခြင်း၊ မြန်နှုန်းမြင့် ကစားနိုင်ခြင်း၊ ကစားကွက်များဖြင့် ထိုးဖောက်ကစားနိုင်ခြင်းစသည်တို့ ဖြစ်ပါသည်။

၎င်းအသင်း၏ အားနည်းချက်များမှာ ရှေ့၊ လယ်၊ နောက်တို့၌ ဖြစ်ပါသည်။ မြန်မာဂိုးသမားသည် အဝင်အထွက်နှင့် ဘောလုံးဖမ်းယူမှုတို့၌ အားနည်းမှုများရှိသည်။ နောက်တန်းကစားသမားများသည် တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်နှင့် နားလည်မှုများ၌ လိုအပ်မှုများရှိခဲ့သည်။ အလယ်တန်းသည်လည်း ဘောလုံးဖြန့်ဝေမှု သိပ်မကောင်းသေးပါ။ ရှေ့တန်းကစားသမားများသည် ပင်ကိုစွမ်းရည်ရှိကာ ကစားကွက်ပုံဖော်ပြီး ဂိုးရရန် ကြိုးပမ်းအားထုတ်နိုင်ကြသော်လည်း အဆုံးသတ်ပိုင်း၌ လွန်စွာ အားနည်းပါသည်။ ကမ္ဘာ့ခြေစစ်ပွဲများကို ပြန်လည်လေ့လာကြည့်လျှင် အထက်ဖော်ပြပါ အချက်များအား တွေ့မြင်ရမည်ဖြစ်ပါသည်။ သို့သော် မြန်မာယူ-၂၀အသင်းသည် ဘရူနိုင်း ဘုရင့်ဖလား (ဖိတ်ခေါ်) ပြိုင်ပွဲများ၏ အားနည်းချက်များအား ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပြုပြင်သွားသည်ကို လေ့လာသုံးသပ်မိသည်။ သို့သော် ပြည့်ပြည့်စုံစုံ ပြုပြင်ပေးနိုင်ခဲ့ခြင်းတော့ မရှိခဲ့။ မည်သို့ပင်ဖြစ်စေ ပြောင်းလဲတိုးတက်မှု ဖြစ်လာခဲ့သည်ဟု သုံးသပ်မိသည်။

ယူ-၂၀ ကမ္ဘာ့ခြေစစ်ပွဲ အောင်မြင်ခဲ့သော မြန်မာ ယူ-၂၀ သည် ခြေစစ်ပွဲ ကစားပြီးနောက် အသင်းအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ မူလအသင်းပေါ် အခြေခံ၍ ကစားသမား အသစ်များ ထည့်သွင်းကာ အသင်းကို တည်ဆောက်ခဲ့သည်။ ထို့ပြင် နည်းပြဆရာများကို ထပ်မံဖြည့်ဆည်းခဲ့ကြသည်။ သို့ဖြစ်၍ အသစ်ထပ်မံဖွဲ့စည်းထားသော မြန်မာ ယူ-၂၀ အသင်း၏ အနေအထားအား လုံးဝသိခွင့်မရသေး။ လာမည့် ဖိတ်ခေါ်ပြိုင်ပွဲမှသာ အသင်းသစ်သည် အသင်းဟောင်းထက် ပို၍ကောင်း၊ မကောင်းကို မျက်မြင်လေ့လာခွင့်ရမည် ဖြစ်သည်။

တူရကီနိုင်ငံ၌ နေထိုင်လေ့ကျင့် ခြေစွမ်းပွဲများအရ ဆိုရလျှင် မြန်မာ ယူ-၂၀အသင်းသစ်၏ခြေစွမ်းသည် တိုးတက်မှုဘက်သို့ ရှေးရှုနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ မြန်မာယူ-၂၀ အသင်းသစ်သည် ပထမဦးဆုံး ခြေစမ်းပွဲအဖြစ် တာဂျစ်ကစ္စတန်ကလပ်အသင်းနှင့် ကစားသည်။ သရေကျသည်။ ဒုတိယခြေစမ်းပွဲအဖြစ် အဇာဘိုင်ဂျန်နှင့် ကစားသည်။ နှစ်ဂိုးပြတ်နိုင်၏။ တတိယခြေစမ်းပွဲအဖြစ် အီရန် ယူ-၂၂ နှင့် ကစားသည်။ ၃-၁ ဖြင့် ရှုံးသည်။ ဂျာမနီမှ စတုတ္ထနှင့် ဆဋ္ဌမတန်းအဆင့်အသင်းများ၌ ခြေစမ်း၏ ၄-၁ ဂိုးဖြင့် နိုင်သည်။ နောက်ဆုံး ယူကရိန်းအသင်းနှင့် ကစားရာ ၄-၁ ဂိုးဖြင့် နိုင်သည်။

အထက်ဖော်ပြပါ ရလဒ်များအရ မြန်မာ ယူ-၂၀ အသင်းသည် တိုးတက်သည်ဟု ယူဆရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပြုလုပ်သော ယူ-၂၀ မန္တလေးဖိတ်ခေါ်ပြိုင်ပွဲ၌ မြန်မာအသင်းသည် ဖီဂျီနှင့် ဥဇဘက်ကစ္စတန်အသင်းများနှင့် ရင်ဆိုင်ကစားရမည် ဖြစ်သည်။ ထိုအသင်းများ၏ ယူ-၂၀ အသင်းများ အနေအထားများကို မသိပါ။ ခြေစွမ်းကိုလည်း မမြင်ဖူးပါ။ သို့သော် ထိုနိုင်ငံများ၏ လူကြီးအသင်းများကိုမူ ရုပ်သံများမှ တစ်ဆင့် ကြည့်ဖူးပါသည်။ ခြေစွမ်းမသေးသည်ကို တွေ့ရသည်။ အကယ်၍ ဖီဂျီ ယူ-၂၀ နှင့် ဥဇဘက်ကစ္စတန် ယူ-၂၀ အသင်းများသည်လည်း ခြေစွမ်းရှိမည်ဆိုလျှင် ပရိသတ်လက်ခံနိုင်မည့် မန္တလေးဖိတ်ခေါ်ပြိုင်ပွဲတစ်ခု ဖြစ်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ မည်သို့ပင်ဖြစ်စေ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာ ယူ-၂၀ အသင်းသစ်၏ ခြေစွမ်းကို အကဲခတ်ခွင့် ရမည်ဖြစ်ပါသည်။

မန္တလေး ဖိတ်ခေါ်ပြိုင်ပွဲ၏ အနေအထားကိုကြည့်ပြီး မြန်မာ ယူ-၂၀ အသင်းသစ်သည် လာမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ မည်မျှဖြစ်မည်ကို ခန့်မှန်းကြည့်၍ရမည် ဖြစ်သည်။ လတ်တလော မြန်မာ ယူ-၂၀ အသင်းသစ် ကစားသမားများ၏ ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်မှုက နယူးဇီလန်တွင် ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဥရောပ၊ အာရှနှင့် အမေရိကတိုက်များမှ အသင်းများရှိ ကစားသမားများ၏ ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်မှုကို ယှဉ်၍မရသည်က သေချာလှပါသည်။

---

# ထိပ်တန်းအသင်းကြီးများ အကြောင်းမပြန်၍ သုံးနိုင်ငံ ဖိတ်ခေါ်ပွဲအဖြစ်သာ ကျင်းပခဲ့ရ

ဘိုဘိုမင်း

မန္တလေးမြို့ မန္တလာသီရိဘောလုံးကွင်း၌ ကျင်းပမည့် မြန်မာ ယူ-၂၀ အသင်း ကမ္ဘာ့ဖလားအကြို ဖိတ်ခေါ်ပြိုင်ပွဲကို သုံးနိုင်ငံ ဖိတ်ခေါ်ဖလားပြိုင်ပွဲအနေဖြင့် ကျင်းပသွားမည်ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဖိတ်ခေါ်ပြိုင်ပွဲကို ဥရောပအင်အားကြီး အသင်းများဖြစ်သော ဆားဘီးယား၊ ဩစတြီးယား၊ ပေါ်တူဂီ၊ ယူကရိန်းနှင့် ဟန်ဂေရီအသင်းများကို ဖိတ်ကြားခဲ့သော်လည်း ဖီဂျီနှင့် ဥဇဘက်ကစ္စအသင်းတို့သာ လာရောက်ယှဉ်ပြိုင်ရန် အကြောင်းပြန်ကြားခဲ့ကြသဖြင့် သုံးနိုင်ငံ ဖိတ်ခေါ်အဖြစ် ကျင်းပခဲ့ရခြင်းဖြစ်သည်။

''သုံးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲအနေနဲ့ပဲ ကျင်းပနိုင်တော့မယ်'' ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စီမံရေးရာညွှန်ကြားရေးမှူး ဦးစိုးမိုးကျော်က The Trade Times သို့ ပြောသည်။

ဖီဂျီအသင်းသည် ဖွန်လအတွင်း နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားကို သမုဒ္ဒရာပိုင်းဇုန်မှ ယှဉ်ပြိုင်ခွင့် ရရှိထားသည့် အသင်းဖြစ်ပြီး ဥဇဘက်ကစ္စတန်အသင်းမှာ အာရှတိုက်မှ ခြေစစ်ပွဲ အောင်မြင်ထားခဲ့သည်။

အဆိုပါ သုံးနိုင်ငံ ဖိတ်ခေါ်ဖလားပြိုင်ပွဲကို ရုပ်သံမှ တိုက်ရိုက်ပြသပေးနိုင်ရန် နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားနှင့် MRTV-4 ပုဂ္ဂလိက ရုပ်သံလိုင်းတို့နှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိသော်လည်း သဘောတူညီမှု မရရှိသေးကြောင်း သိရသည်။

မြန်မာအသင်းသည်တူရကီနိုင်ငံတွင် နှစ်ပတ်ကြာ လေ့ကျင့်ရေး ခရီးစဉ်မှ ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းက ပြန်လည်ရောက်ရှိလာခဲ့ပြီး ကစားသမားများကို နှစ်ရက် အနားပေးခဲ့သည်ဟု သိရသည်။ ခြေစမ်းပွဲခြောက်ပွဲ ကစားခဲ့ရာတွင် ရှက်တာဒိုးနက် ယူ-၂၁ အသင်းကို ၄-၁ ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်အပါအဝင် လေးပွဲနိုင်၊ တစ်ပွဲသရေနှင့် တစ်ပွဲရှုံး ရလဒ် ထွက်ပေါ်ခဲ့သဖြင့် ရလဒ်များ ကောင်းမွန်ခဲ့သည်ဟု ဆိုနိုင်သည်။

သုံးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကွင်းဝင်ကြေးကို အထူးတန်း ကျပ် ၂,၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၁,၀၀၀ သတ်မှတ်ထားသည်။

မန္တလာသီရိကွင်းတွင် ကျင်းပပြုလုပ်သွားမည့် ယူ-၂၀ သုံးနိုင်ငံ ဖိတ်ခေါ်ဖလားပြိုင်ပွဲ၏ ပွဲစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**၁၇-၂-၂၀၁၅**
မြန်မာ-ဖီဂျီ

**၁၉-၂-၂၀၁၅**
ဖီဂျီ-ဥဇဘက်

**၂၁-၂-၂၀၁၅**
ဥဇဘက်-မြန်မာ

news

# တပ်မတော်နှင့် တအာင်း မိုးမိတ်မြို့နယ် ထိတွေ့မှု၌ နှစ်ဖက်စလုံးကျဆုံးမှုများရှိ

ဖင်မိုမိုအေး

ဒေသခံများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဆက်ကြေး ကောက်ခံခြင်း၊ ရိက္ခာစုဆောင်းခြင်းများပြုလုပ်ခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသော တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA)နှင့် အစိုးရတပ်မတော်တို့သည် ဖေဖော်ဝါရီလ ၂ ရက်မှ စတင်၍ မိုးမိတ်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု သိရသည်။

ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ဇန်နဝါရီလ ၃၀ ရက်တွင် အစိုးရတပ်မတော်မှ နယ်မြေရှင်းလင်းရေးကို ဆောင်ရွက်ခဲ့ပြီး ၃၁ ရက် နံနက်၌ မိုးမိတ်မြို့နယ်၊ မန်ပတ်ရွာသို့ ရောက်ရှိခဲ့ရာ ဦးအိုက်ညဲနှင့် ပြောင်းပြန်ရွာမှ ဦးထွန်းကြည်တို့ကို တစ်ဦးလျှင် ကျပ်သိန်း ၇၀ ပေးဆောင်ရန် TNLA က တောင်းဆိုခဲ့ပြီး မပေးဆောင်နိုင်သဖြင့် ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု သိရကြောင်း ၎င်းသတင်းစာများတွင် ဆက်လက်ဖော်ပြထားသည်။

တပ်မတော်နှင့် TNLA နှစ်ဖက်ထိတွေ့ခဲ့ခြင်းမှာ TNLA မှ ရွှေညောင်ပင်ရွာသို့ ဘိန်းခင်းဖျက်ဆီးရန် သွားရောက်ခဲ့သည်ကို ခလရ (၂၂၃) မှ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း TNLA ပြန်ကြားရေးတာဝန်ခံ ဦးမိုင်းအိုက်ကျော်က The Trade Times ကို ပြောသည်။

''ဖမ်းဆီးခေါ်ဆောင်သွားတဲ့ နှစ်ဦးကလည်း ဘိန်းခင်းမှာ တွေ့လို့ ဖမ်းလာတာပါ။ ဘိန်းစိုက်လို့ဖမ်းတာပါ''ဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီလ ၃ ရက် ညနေပိုင်းနှင့် ၄ ရက် နံနက် ၉ နာရီခွဲတွင် အစိုးရစစ်တပ်မှ ဂျက်လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့သည်ဟုလည်း ဦးမိုင်းအိုက်ကျော်က ပြောသည်။

မိုးကုတ်–မိုးမိတ် ကားလမ်းပေါ်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော လွယ်ဆာစခန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့ခြင်းကြောင့် တပ်မတော်မှ စစ်သည်တစ်ဦး ကျဆုံးခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၂ ရက် တိုက်ပွဲစတင်ဖြစ်ပွားချိန်မှ ယနေ့အထိ တပ်မတော်သား ငါးဦးကျဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိကာ TNLA ထံမှ အလောင်း ၁၀ လောင်း၊ လက်နက်မျိုးစုံ ငါးလက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရခဲ့သည်ဟု ၎င်းသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအနက် TNLA သည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မရရှိသေးသည့် အဖွဲ့ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။

နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးရာတွင် စစ်မှန်သော အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ရန်၊ နှစ်ဖက်လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲများ လျှော့ချနိုင်ရန်ဆိုသည့် အချက်များကို ဇူလိုင်လ ဆွေးနွေးပွဲ၌ သဘောတူခဲ့ပြီး ထိုအချိန်မှစ၍ ယခုအချိန်အထိ ထပ်မံတွေ့ဆုံခဲ့ခြင်း မရှိဘဲ နှစ်ဖက်တပ်များ မကြာခဏ ထိတွေ့မှုများ ရှိခဲ့သည်။





